
http://www.cherrythitsar.org



http://www.cherrythitsar.org

မောင်မျိုးစီစဉ်သည်

ကြောင်နှစ်ကောင်
စာအုပ်တိုက်
အမှတ်၁၃၂(မြေညီ) ၃၅လမ်း ရန်ကုန်
ဖုန်း ၀၁-၂၅၃၇၇၂၀၊ ၀၁-၂၈၂၂၅၈

http://www.cherrythitsar.org

# နီကိုရဲ

## လှည့်စား

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာသေားကင်းကွာ
စည်းကမ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.cherrythitsar.org

**စာမူခွင့်ပြုချက်အမှတ်**

၅၀၁၀၅၂၀၅၀၈

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၅၀၁၀၂၀၀၅၀၈

**ထုတ်ဝေသူ**

ဦးမောင်မျိုး

ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**

ဦးမောင်မျိုး

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**

ပထမအကြိမ်၊ ၂၀၀၅ ခုနှစ်

အောက်တိုဘာလ

အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

မောင်မျိုး

စီစဉ်သည်

http://www.cherrythitsar.org



## အခန်း (၁)

နေ့ခင်းအပြန် လူတင်ရန်ပင် မစောင့်တော့ဘဲ သူ ဆိုက်ကားကို အေးအေးလူလူပင် နင်းကာလာသည်။ ဆိုက်ကားအုံနာခအပြင် ကိုယ့်အတွက် အစိတ်လောက် ပိုနေပြီ။ ဘီအီးတစ်ပိုင်းလောက် ကစ်ပြီး အိမ်ပြန် ထမင်းတစ်ဝကြီးစားပြီး အိပ်ပစ်လိုက်မည်။ သူ့ရွှေစိတ်ကူးကို ကူးရင်း လေချွန်ကာ ရှေ့မှာလူမရှိပါဘဲ ဘဲလ်ကို ပျော်ပျော်ကြီး သုံးကြိမ်တီးပစ်လိုက်၏။

ဈေးလမ်းအကွေ့ကို ရောက်တော့ သူ ဘရိတ်ကို ထိတ်လန့်စွာ တအားကြုံးညှစ်ရ၏။ 'လူအုပ်ကြီး'။ သူ ရုတ်တရက် စိတ်တော်တော် ထိတ်လန့်သွားသည်။

ကားတိုက်တာလား···။ ဘာဖြစ်တာလဲ···။

မဖြစ်နိုင်။ ကားတိုက်တာဆိုလျှင် လူတွေ ဒီလို အော်ဟစ်ပျော်ရွှင်

နေကြမှာ မဟုတ်။ ကထိန်လား…၊ ဘုရားကိုးဆူလား…။ မဖြစ်နိုင်။ ကားက B.M ကား တစ်စင်းတည်း။ ဒါနဲ့ သူလည်း ဆိုက်ကားအရှိန် လျှော့ကာ B.M ကားနား ကပ်လာတော့ သူကြည့်ခဲ့ဖူးသည့် ကားထဲက ရုပ်ရှင်သရုပ်ဆောင်တွေ…။

"ကိုရွှေမဲကြီး…ရယ်ရအောင် သရုပ်ဆောင်နော်…။ အရမ်း ရယ်ရတယ်။ သိလား…"

"စိတ်ချ…။ ဒီတစ်ကားမှာ နံရိုးတွေပေါ် ချတပ်ကြီး ချီတက် နေသလိုကို အူတယားယားနဲ့ ရယ်ရမှာ…။ စိတ်ချ"

ဝိုင်းကြည့်နေသော ပရိတ်သတ်က ဝါးခနဲ ရယ်လိုက်ကြသည်။ လေးထောင့်ဆိုတဲ့ သရုပ်ဆောင်က တစ်ခန်းထပြန်သည်။

"သိပ်ရယ်ရအောင် မလုပ်နဲ့ကွ။ ညဘက် ထယောင်ရင်း ရယ် ရယ်နေလို့ ယောက်ျားက မသင်္ကာဖြစ်ပြီး ထရိုက်နေဦးမယ်"

"အောင်မာ…အပျိုကြီးရှင့် အပျိုကြီး။ ရယ်ရတာပဲ စိတ်ဝင်စား တယ်"

ဝိုင်းကြည့်နေသူတွေက ဝါးခနဲ ရယ်ကြပြန်သည်။

"ဒါဆို…အတော်ပဲ။ ထိုးဝါးဆိုတဲ့ ကောင်ကလည်း အပျိုကြီး တွေ လိုက်ရှာနေတာ…။ ဒီကောင်က ရှည်သလား မမေးနဲ့"

ဝိုင်းကြည့်နေသူတွေက အပျိုကြီးဆိုသူကို ကြည့်ကာ ရယ်ကြ သည်။ အပျိုကြီး ရှက်ကာသွား၏။ မျက်နှာကြီးနီကာ သူကိုယ်တိုင်လည်း ရယ်သည်။

"ရှည်ရင် နင့်နှမနဲ့ ပေးစားလိုက်"

"သြော်…အပျိုကြီးကလည်း ဘာတွေတွေးနေတာလဲ။ အပျို ကြီးများ တွေးလိုက်ရင် တလွဲချည်းပဲ။ စကားကြောရှည်တာကို ပြောတာ။ ဒီကောင်က ရယ်စရာတွေပြောရင် အရှည်ကြီးပြောတတ်တာ။ အပျိုကြီးနဲ့ ဆို OK ပဲ။ ဟေ့ကောင်…ငါ့ အောင်သွယ်ခ အရက်တိုက်"

ဝါးခနဲ ရယ်ကြသည်။ ထိုးဝါးက ရွှေမဲခေါင်ကို သူ့ပေါင်ပုတ်

ပြီး အသံထွက်ကာ မနာအောင် ရိုက်သည်။ အောက်က ပရိတ်သတ်က ရယ်ကြ၏။

"အဲ့ဒါဆို…ကျွန်တော့် မယူနဲ့၊ ကပ်ဖဲ့ကိုယူ အပိုကြီး။ ဒီကောင်က ကပ်ပြီးမှ ဖဲ့တာ…"

"ဟ…ဘာ ကပ်ဖဲ့တာလဲကွ"

"အပိုကြီးခေါင်းကို သူ့ရင်ဘတ်ထဲ ဆွဲကပ်ပြီး ဟော့ဒီလို ဆံပင်တွေကိုရှာ…သန်းတွေ့ရင်တော့ ဖဲ့ပြီသာမှတ်"

"သန်းမတွေ့ရင်ကော…"

"သန်းမတွေ့ရင်ကော ဖဲ့တာပဲ"

တဝါးဝါးနှင့် ပွဲကျနေကြသည်။ သူတို့က မငြိမ့်စင်ကနေ ဖလင်ပေါ်ကို ကူးတဲ့ ဇာတ်ပို့တွေဆိုတော့ အတိုင်အဖောက်ကလေး ညီသည်။ အပေးအယူက ရသည်။ ကားအောက်က ပရိတ်သတ်အတွက် အရပ်ပြဇာတ်ကလေးတစ်ခုလို ဖြစ်နေသည်။

ထိုအချိန်မှာ **B-600** လေးဘီးကားကလေးနှင့် ဘူးသီးနှင့် ကြာစေ့ ရောက်လာကြပြန်သဖြင့် ပရိတ်သတ်က ထိုဘက် အာရုံပြောင်းသွားကြပြန်၏။ အော်ကြ၊ နောက်ကြနှင့် ပျော်စရာကြီးကို ဖြစ်နေသည်။

"ကိုကြာစေ့…။ ဘယ်မှာသွားရိုက်ကြမှာတုန်း"

"လကမ္ဘာမှာ"

"ကားနာမည်က ဘာလဲ"

"လမုကိုလမ့် မလုပ်နဲ့တဲ့"

"မင်းသား၊ မင်းသမီးကရော…"

"မယ်လေညှင်းနဲ့ မောင်လေအိုး…တဲ့"

တစ်ယောက်လာ တစ်ခါပြော၊ တစ်ခါရယ်နှင့် ဒီကားကြီးကို ထွက်တောင် မထွက်စေချင်တော့။ ကားပြတင်းပေါက်မှာ ပျော်စရာကောင်းသလောက်၊ ကားနောက်ပိုင်းမှာ တိတ်ဆိတ်စွာ ထိုင်နေသူငါးယောက်ရှိပါသည်။ သူတို့ကိုတော့ ဘယ်သူမှ မနှုတ်ဆက်ကြ။ သူတို့

http://www.cherrythitsar.org



က မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေ၊ ပါးသိုင်းမွေးတွေနှင့် မျက်နှာကြီးတွေက ခပ်တည်တည်နှင့် တစ်စုံတစ်ခုကို မကျေမနပ်ဖြစ်နေပုံ ရသည်။

"ဟဲ့…ဟဲ့…။ ဟိုနောက်မှာ ထိုင်နေတဲ့လူကြီး 'ကမ်းပါးမဲ့မေတ္တာ' ကားမှာ မင်းသားကို သတ်တဲ့ လူကြီးမဟုတ်လား"

"ဟုတ်တယ်…။ ကြောက်စရာကြီးနော်"

နင်တို့ကလည်း ရုပ်ရှင်ပဲ တကယ်သတ်တာမှ မဟုတ်တာ။ အိုက်တင်ပေါ့ဟ…"

"အို…တင်တင် မတင်တင် ဒီပုံစံကြီးတွေကို ကြည့်လို့ကို မရတာ…။ ကြောက်စရာကြီးတွေ…"

သြော်…သူတို့ ဒီလို အိုက်တင်ပီပြင်အောင် လုပ်ပြပြန်တော့လည်း သူတို့ကို လူယုတ်မာ၊ လူ့ကြောက်စရာကြီးတွေလို ထင်ကြ၊ မုန်းကြပြန်သည်။ အိုက်တင်လျော့တော့လည်း ဒါရိုက်တာက ဆူသည်။ ဝါသနာကြောင့်ရယ်သာ…။ လူကြမ်းကို မင်းသားတင်ရိုက်မယ့် ကားလေးတစ်ကားလောက်ကို ယက္ခကြီး မျှော်နေမိသည်။

ယက္ခကြီးလိုပဲ မျှော်နေသူ နှစ်ဦးရှိပါသည်။

သူတို့က ရင်တထိတ်ထိတ်နဲ့ မျှော်နေရခြင်း ဖြစ်၏။ စက်အဖွဲ့က ကင်မရာနှင့် ကရိန်းပစ္စည်းတွေကို နောက်ကကားပေါ် တင်နေကြသည်။ မင်းသား၊ မင်းသမီးက အခုထိ မလာသေး။ ကားပေါ်မှာ ကျန်အဖွဲ့တွေ တော်တော်စုံနေကြပြီ။

"ဟေ့ကောင် မုတ်ကြီး…။ အောင်ဝင်းကို သွားခေါ်စမ်းကွာ"

အောင်ဝင်းက ကင်မရာမင်း ဖြစ်သည်။ ဒီကာရိုက်ဖို့ စစီစဉ်ကတည်းက ပြဿနာရှိနိုင်မှန်း ဒါရိုက်တာကြီး ဦးတင်ကို သိပါသည်။ မင်းသားက အခု ၁၉၈၀ မှာ တရိန်ထိုး နာမည်တက်လာသော မင်းသားသူ့ကားမှန်းသမျှ လူငယ်ပရိတ်သတ် အသည်းစွဲ။ မင်းသမီးက ၁၉၇၉ ခုနှစ်မှာ လျှမ်းလျှမ်းတောက်ခဲ့ပြီး အကယ်ဒမီပင် ရခဲ့သည်။ သူနှင့်မင်းသားသစ်တွဲလျှင် သူအပို့ကောင်းသည့်အတွက် မင်းသားတစ်နေရာ

http://www.cherrythitsar.org



တော့ ရသွားတာ များသည်။

ခက်တာက နှစ်ဦးစလုံး အောင်မြင်မှု၏ အထွဋ်အထိပ်မှာဆိုတော့ နှစ်ယောက်တွဲပြီး ရိုက်တဲ့ကား မရှိ။ ညှိ၍လည်း မရ။ ဒါကို ဒါရိုက်တာ ဦးတင်ကိုက ရအောင်ညှိခဲ့သည်။ ဇာတ်လမ်းကို စီးနိုင်သည်။ သူရိုက်လို့ အကယ်ဒမီရသွားတဲ့ကား လေးကားရှိပြီ။ သူအလှည့်ကတော့ မရောက်သေး။ သူ စီးကရက်တစ်လိပ်ကို ထုတ်ကာဖွာသည်။ အောင်ဝင်း ရောက်လာ၏။

“လိုက်တင် **(Lighting)**ရဦးမလား အောင်ဝင်း”

“နောက်ထပ် လေးဆယ့်ငါးမိနစ်လောက်တော့ ရဦးမယ် ထင်တယ် ဆရာ။ တိမ်တော့ ကင်းတယ်။ ဒါပေမယ့် နေက ကျတော့မှာ”

“မှတ်ကြီး…မှတ်ကြီး…။ လာစမ်း”

“ဟုတ်ကဲ့ ဆရာ”

“ဆိုက်ကားတစ်စင်းနဲ့ **Phone** ဆက်လို့ ရတဲ့အိမ်ကိုသွား။ နှစ်ယောက်စလုံးဆီ **Phone** ဆက်။ အချိန်မရှိတော့ဘူး၊ အမြန်လာပါလို့။ ငါမှာတယ်လို့ပြော…”

ရှုတင်မန်နေဂျာ မှတ်ကြီး လွယ်အိတ်ကြီးလွယ်၍ ပြေးထွက်သွား၏။

“ခက်တယ်ကွာ…”

“ဟုတ်တယ်ဆရာ…။ သူတို့နှစ်ယောက် ဘာပဲဖြစ်ဖြစ် လုကြမှာပဲ။ ကျွန်တော့်ကို လာပြောရင် သိပ်ခွကျတယ်။ နှစ်ယောက်စလုံးကလည်း ရင်းနှီးနေတော့…”

“အောင်ဝင်…ဒီကိစ္စကို ငါစီစဉ်တာ။ မင်းကို ဘာလာပြောပြော ငါ့ဆီပဲ ပို့ပေးလိုက်။ ငါ ဒါ အလုပ်လုပ်နေတာ။ အလုပ်နဲ့မဆိုင်တဲ့ ကိစ္စဆို ငါနဲ့လည်း မဆိုင်ဘူးပေါ့ကွာ…”

ထိုလမ်းက လမ်းတိုကလေးမျှသာဖြစ်သည်။ တစ်ဘက်တစ်ချက် ခြံဝန်းကြီးတွေနှင့် အိမ်ကြီးအိမ်ကောင်းငါးလုံးစီ၊ ပြီးလျှင် ရှေ့မှာ အကြီးဆုံး

# ၁၀ နီကိုရဲ

တိုက်အိမ်ကြီးက ပိတ်ဆောက်ထားသည်။ ထိုအိမ်ဆယ့်တစ်လုံးအတွက် ကိုယ်ပိုင်လမ်းအလေးလို ဖြစ်နေသည်။ ထိုလမ်းကလေးထဲမှာ ဗီယက်ကား ကလေးတစ်စင်း နံဘေးချရပ်ထား၏။

ကားပေါ်တွင် နာမည်ကြီးမင်းသား ဇော်လတ်…။ ဇာတ်ညွှန်း ကို အသေအချာဖတ်နေသည်။ ဇာတ်ညွှန်းက ဒါရိုက်တာကိုယ်တိုင် ရေးတာဆိုတော့ ပြောစရာမရှိအောင် ပြည့်စုံပါသည်။ သူ တော်တော် စွန့်စားရမည့်အခန်းတွေလည်း ပါသည်။ အပင်ပန်းခံရမည့်အခန်းတွေ လည်း ပါသည်။ ပထမပိုင်းမှာ သူ ပရိတ်သတ်ဆီက ယုံကြည်မှုရအောင် ယူရမည်။ ဒုတိယပိုင်းမှာ ပရိတ်သတ်ဆီက အားကိုးမှု ရအောင်ယူရမည် နောက်ဆုံးအပိုင်းမှာ ပရိတ်သတ်ဆီက ကရုဏာကို ရအောင်ယူရမည်ဟု သူ ခွဲကာ မှတ်ထားလိုက်သည်။

ခက်တာက ဟိုမင်းသမီး။ သူနှင့်လည်း တစ်ခါမှ တွဲမရိုက်ဖူးခဲ့၊ အိုက်တင်ကောင်းတာကိုတော့ ဒီမင်းသမီးရဲ့ကားတွေ သူ သွားကြည့် ကြည့်ထားလို့ သိပါသည်။ သရုပ်ဆောင် ပါးနပ်သည်။ တစ်ခါတစ်ရံ တစ်ခြား ဒုတိယဇာတ်ပို့က ဦးဆောင်ရမည့်အခန်းမျိုးကို သူက အိုက်တင် နှင့် လေနှင့် ယူသွားတတ်သည်။ ဝင်လုတာပေမဲ့ ပရိတ်သတ်ကလည်း သတိမထားမိ။ ထိုမင်းသမီးလည်း မသိလိုက်။

ခက်တာက အခုကားက အက်ရှင်နှင့် စွန့်စားခန်း ရောနေသော ကားဖြစ်၏။ သူက ကြိုးစားသလောက် သူမ ပါမလာလျှင် သေပြီ။ ထိုစဉ်…

“အစ်ကို…အစ်ကို…။ သူ့ကား ဖြတ်သွားပြီ အစ်ကို”

“သေချာလို့လား အေးမင်း”

“ဟာ…အစ်ကိုကလည်း သူ့ ဘောက်စဝွန်ကားလေးကို ကျွန်တော် သိနေတာပဲ။ သူ ခေါင်းခန်းက ပါသွားတယ်။ အစိမ်းရောင် အင်္ကျီနဲ့။ သူ့မာမီက နောက်က…”

ဇော်လတ် အပျင်းကြော တစ်ချက်ဆွဲကာ ငါးသုံးလုံးစီးကရက်

http://www.cherrythitsar.org



တစ်လိပ်ကို မီးညှိသည်။

"ဒီ စီးကရက်ကုန်ရင် မောင်းမယ်..."

ကားရှေ့က ဒရိုက်ဘာ အာကာက ခေါင်းကို ညိတ်သည်။ ဖော်လတ် စနိုးနည်းနည်းလူးကာ ခေါင်းကို သပ်ရပ်စွာဖြီးသည်။ ပြီးတော့ စီးကရက်ကို ဖွာကာ နာရီကို ကြည့်နေသည်။

မေစိုးမိုးကား ရောက်လာပြီး ကားပေါ်က ဆင်းကတည်းက လူရှင်တော်တွေဘက် အုံနေသော ပရိတ်သတ်ကြီး ဝုန်းခနဲ မင်းသမီးဆီ ပြေးကြသည်။ မင်းသမီးနာမည်ကို အော်ဟစ်ခေါ်ကာ နှုတ်ဆက်ကြသည်။ တစ်ချို့ ရဲသူများက မင်းသမီးလက်မောင်းတို့၊ လက်တို့ကို ကိုင်ကြည့်ကြ၏။ မင်းသမီးနောက်က မာမီက စိတ်ဆိုးကာ မာမီသံနှင့် အော်သည်။

"ဘယ်လိုဖြစ်နေကြတာလဲ...။မပြောချင်ဘူး...သိလား၊ ဟဲ့... ဟဲ့...အရမ်းမတို့နဲ့လေ။ ကျွန်မ စိတ်တိုလာပြီနော်...။ သြော်...မကိုင်ပါနဲ့ ဆိုမှ..."

စက်အဖွဲ့က ကောင်းလေးတွေ အတင်းဝင်ထိန်းကာ လမ်းရှင်း ပေးကြရ၏။ မေစိုးမိုးကတော့ ပြုံးကာ အားလုံးသော ပရိတ်သတ်ကြီးကို လက်ပြရင်း တိုးဝင်၍ ဒါရိုက်တာ ဦးတင်ကိုဆီ သွားသည်။ စက်အဖွဲ့က ပရိတ်သတ်ကို မတိုးရအောင် ဝိုင်းတာပေးရ၏။

"ရေနွေးဘွိုင်က ပျက်နေလို့ ရေနွေးအိုးတည်ပြီး ရေချိုးနေရလို့ နောက်ကျသွားတယ်ဆရာ...။ ခွင့်လွှတ်ပါ"

မင်းသမီးက လက်အုပ်ကလေးချီးကာ အပြုံးဖြင့် ပြောသည်။ ဒါရိုက်တာ ကောင်းကင်ကို လှမ်းကာကြည့်သည်။ နေမင်းကို လက်အုပ်ဖြင့် မချီထား၍ မရ။

"မမ...**Auto** လေး ထိုးပေးပါနော်...။ အမှတ်တရပါ"

"သမီးကိုလည်း ထိုးပေးနော်"

"ဟဲ့...ငါ့လည်း ထိုးဖို့ပြောဦး။ ဒေါ်ကုလားမလို့"

"ထိုးပေးပါ့မယ်။ ကားပေါ်ရောက်တော့ အားလုံးကို ထိုးပေး

http://www.cherrythitsar.org



မယ်။ အခု စကားပြောနေလို့နော်…။ ခဏလေး…”

မေစိုးမိုးက ပရိတ်သတ်ကို အပြုံးနှင့်ချော့ရင်…

“ကားအထွက် ရိုက်မယ်ဆို…။ ရိုက်မယ်လေ ဆရာ”

ဒါရိုက်တာ ဦးတင်ကို စိတ်ညစ်ကာ သွားသည်။ ပြဿနာကို အခုကတည်းက မစစေချင်…။

“မှတ်ကြီး…မှတ်ကြီး…လာစမ်း။ ဇော်လတ်အိမ်က ဘာပြောလဲ”

“ထွက်သွားတာ ကြာပြီတဲ့ ဆရာ။ လမ်းမှာ ကားတွေဘာတွေ များ…ပျက်”

“ဟော့ကောင် တော်တော့။ လမ်းက ထွက်စောင့်စမ်း။ သမီးက ကားပေါ်က စောင့်။ ဟုတ်လား…”

“ဟင်း…ဟင်း…။ သူ ဘာလုပ်တယ်ဆိုတာ သမီးသိပါတယ် ဆရာရဲ့။ ဒီအထာတွေ ရိုးနေပါပြီ”

“အနုပညာလုပ်မယ်ဆို ဒီစိတ်တွေ မထားနဲ့သမီး။ အောင်မြင်မှုဆိုတာက ဧည့်သည်ပါ။ သူတစ်ယောက်တည်းတော့ မလာဘူး။ သူ့အဖော် ဒုက္ခနဲ့ အခက်အခဲကိုလည်း ခေါ်လာတာပဲ။ အောင်မြင်မှုကို လက်ခံရင် သူတို့ကိုလည်း လက်ခံရမယ်…”

“ဟုတ်ကဲ့…ဆရာ”

မေစိုးမိုး မာနမျက်နှာ နည်းနည်းလျှော့ကာ ကားပေါ်သွားထိုင်သည်။ အောက်မှာ **Auto** လက်မှတ်ထိုးသူတွေက တရုန်းရုန်း ဓါတ်ပုံနဲ့လိပ်စာတောင်းသူတွေ တရုန်းရုန်းနှင့်။

“အောင်ဝင်း စက်အသင့်ပြင်ထား။ မှတ်ကြီး လူရှင်းထား မှန်တစ်ပတ် ပတ်ကြည့်စမ်းဟော့ မေစိုးကို…”

မေစိုးမျက်နှာသို့ မှန်တစ်ချက် လာထောက်သည်။

“ရသေးတယ် ဆရာ…”

“အေး…ရရင် အားလုံးအသင့်ပြင်ထား။ ဇော်လတ် လာတာနဲ့

http://www.cherrythitsar.org



ရိုက်မယ်”

ခဏကြာတော့ ရှုတင်မန်နေဂျာ မှတ်ကြီး၏ အောင်မြင်ခန့်ညား သောအသံကြီးကို ကြားရလေသည်။

မေစိုးမိုးဆီမှ Auto ထိုးနေသူတွေ ဝုန်းခနဲ ပြေးထွက်သွားကြသည်။ တစ်ချို့ Auto စာရွက်တွေ၊ စာအုပ်တွေ ကျန်ခဲ့၏။ နေစိုးမိုး ဒေါသဖြစ်၍ စာအုပ်တွေကို ကားပြတင်းပေါက်မှ လွှင့်ပစ်လိုက်သည်။

ဇော်လတ်အနားမှာ အားလုံး ဝိုင်းအုံနေသည်။ ဇော်လတ်က ပေးသောလက်တိုင်းကို လက်ဆွဲနှုတ်ဆက်သည်။ ပြီးတော့ ရှားမီး သကြားလုံးတွေကို ဖောက်ဝေသည်။ အော်သံ၊ ဟစ်သံ၊ အတင်းလု မေးသံ၊ သကြားလုံးတောင်းသံ၊ ခါတ်ပုံတောင်းသံ...။

မေစိုးမိုးအနားမှာ တစ်ဦးမှ မရှိတော့...။

သူ ဒါကိုလိုချင်လို့ တမင်နောက်ကျပြီးမှ လာတယ်ဆိုတာကို မေစိုး သိပါသည်။ ကိုမှတ်ကြီးက လူအုပ်ကို အတင်းတိုး၍ ဇော်လတ် အနားကပ်ပြီး တိုးတိုးပြောရသည်။

“ကျွန်တော်တို့ကို ချစ်တဲ့ ပရိတ်သတ်ကြီး ခဏပါခင်ဗျာ။ ကျွန်တော်တို့ ဒီနေရာလေးမှာ ဇာတ်ဝင်ခန်းတစ်ခန်း ရိုက်စရာရှိပါတယ်။ ကင်မရာလွှတ်တဲ့နေရာက တိတ်တိတ်ကလေး အားပေးကြပါ။ အချိန် မရှိတော့လို့ပါ။ ပရိတ်သတ်အားလုံးကို ကျွန်တော် ချစ်ပါတယ်”

ပရိတ်သတ်က အော်ဟစ်အားပေးကြသည်။ ရှုတင်မန်နေဂျာနှင့် စက်အဖွဲ့က ရိုက်ကွင်းလွတ်အောင် လူရှင်းသည်။ ရိုက်မည့်ကားက အဝေးပြေးကားဂိတ်ကို နောက်ကျနေသူနှစ်ယောက် အထုပ်အပိုးတွေနှင့် ကားကို မီအောင်လိုက်သည့် အခန်းဖြစ်သည်။

ကားက ဖြည်းဖြည်းသာ မောင်းသည်။ ကင်မရာက ထော်လီဖြင့် လိုက်ရိုက်ခြင်း ဖြစ်၏။

ဇော်လတ်က ‘ခဏလေးစောင့်ပါဦး...လူကျန်ခဲ့လို့ပါ။ ခဏလေး စောင့်ပါ...။ ခဏလေး...။ ဟိုးထား...ဟိုးထား’ ဟု အထုပ်ကို လွယ်၍

အတင်းပြေးလိုက်သည်။ မေစိုးကလည်း အထုပ်နှင့် နောက်မှလိုက်သည်။ ကားပေါ်ကလူတွေက မကြားကြ၊ ကားက စက်အရှိန်မြှင့်ပြီ၊ ဇော်လတ်က မေးစိုးအထုပ်တွေကို ကျုံးလွယ်၍ လက်တစ်ဖက်နှင့် မေးစိုးကို ဆွဲရင်း အတင်းပြေးလိုက်ရသည်။ **B.M** ကား နောက်ပေါက်ကို မီလုမီခင် မီလုမီခင်နှင့် နောက်ဆုံး ဘောင်ကို ကိုင်မိကာ ခြေတစ်ဖက်ချ၊ ပခုံးပေါ်က အထုပ်တွေကို ချပြီး ကားအရှိန်နှင့်အတူ ပြေးလိုက်နေရသော မေစိုးကို ဆွဲတင်ရသည်။ မေစိုး ခြေတက်ခုံပေါ် ပုံလဲကာ ကျသွား၏။ ကံကောင်း၍ ကားမီသွားပုံမှာ အတော်သဘာဝကျသည်။

"**Cut**"

ဒါက ရုပ်ရှင်ထဲမှာ ကားစစပြေပြေချင်း သဲထိတ်ရင်ဖိုနှင့် မီမှမီပါ့မလားဆိုတာကို ခံစားရအောင် ရိုက်ခြင်းဖြစ်သည်။ ဇော်လတ်တို့ကသာ အတင်းအော် အတင်းပြေးနေကြသည်။ ကားက ဖြည်းဖြည်းကလေး မောင်းပေးနေခြင်း ဖြစ်၏။

"လက်ကို ဘာဖြစ်လို့ တအားဆောင့်ဆွဲတာလဲ။ နာလိုက်တာ။ လဲကျတော့ ဒူးလည်း နာသွားတယ်။ ဇာတ်ညွှန်းထဲမှာ ဒီလိုမပာတ်ဘူး"

"ကျွန်တော် တမင်လုပ်တာမဟုတ်ဘူး မမေ…။ သဏ္ဍာန်လုပ် ဟန်ရုပ်နဲ့ တူအောင်ပါ"

"အေး…အဲ့ဒါ မင်းပညာရည် မဝသေးလို့ကွ။ ရုပ်ရှင်ဆိုတာ တစ်ကယ်မဟုတ်ဘူး။ တစ်ကယ်ဟုတ်အောင်၊ ထင်အောင် လုပ်ရတဲ့ အလုပ်ကွ၊ မျက်နှာတစ်ချက်၊ ကိုယ်ဟန်တစ်ကွက်နဲ့ ပရိတ်သတ်အသည်း ယားအောင် လုပ်တတ်ရတယ်"

မေစိုးက သမ္ဘာနှင့် ဟောက်သည်။ ဇော်လတ်က ပြုံးသည်။

"အခု ဒီဘက်ခေတ် အလေးတွေ၊ လူငယ်တွေက အဲ့ဒီ အိုက်တင်ဆိုတာကြီးကို မုန်းနေကြပြီဗျ။ သဘာဝကျကျပဲ ကြည့်ချင် ကြတာ"

ထိုစဉ် ကားပေါ်သို့ ဦးတင်ကို တက်လာသည်။

http://www.cherrythitsar.org



"ကောင်းတယ်ဟေ့။ **One Scence One Cut** ပဲ။ ကဲ…မင်းတို့ အဝတ်အစားတွေ တင်ကြတော့။ ခရီးစတော့မယ်။ ဟေ့…စက်အဖွဲ့ ပစ္စည်းတွေတင်ပြီးရင် ထွက်ကြတော့။ ထမင်းဆိုင်မှာ ဆုံမယ်။ မင်းတို့ အရင်ရောက်လည်း စားပြီး ဆက်သွားနှင့်ကြ။ မန္တလေးမှာ ဆုံမယ်။ ငါတို့က ကားပေါ်မှာ ကောက်သင်းကောက်ကလေးတွေ **Slient Cut** ရိုက်ရဦးမှာ…"

ဇော်လတ်တို့ စကားပွဲ ပျက်သွားပြီး ဇော်လတ်ပစ္စည်းကို အေးမင်းက တင်သည်။ မေစိုးမိုးပစ္စည်းတွေကို မာမီနွေးက တင်သည်။ လူစစ်ပြီးတော့မှ ကားက ဖြည်းဖြည်းမှန်မှန် စထွက်သည်။ ခရီးစထွက်စ ထုံးစံအတိုင်း စကားတွေပြောကြ၊ ရယ်ကြမောကြနှင့်ရှိသည်ကို ရိုက်သည်။ ဇော်လတ်နှင့် မေစိုး အတွေးကိုယ်စီနှင့် စီးနေကြပုံများ၊ တစ်ခါတစ်ရံ မျက်ဝန်းချင်းဆုံပုံများကို ရိုက်သည်။ ပြီးတော့ ပြင်တင်းကတစ်ဆင့် ပြောင်းလဲသွားသော နေရောင်နှင့် ရှုခင်းများကို မင်းသား၊ မင်းသမီးနှင့် **Fore ground** ခံကာ ရိုက်သည်။

ထို့ကြောင့် ကားက ဖြည်းဖြည်းသာ မောင်းပေးရ၏။

ဦးတင်ကိုက တစ်ကားတည်းသွား ခရီးသည်များကိုလည်း ရိုက်သည်။ သူ့စရိုက်ကလေးတွေနဲ့သူ ပီပြင်အောင်၊ ရယ်ရအောင် ရိုက်၏။ ဥပမာ…စကားသိပ်များသော မိန်းမကြီးနှင့် စကားတစ်ခွန်းမှ မပြောသော ခရီးသည် လင်မယားနှစ်ယောက် ကာရိုက်တာ၊ ထိုမိန်းမကြီးက ဆိုင်တာ ရော မဆိုင်တာပါ အကုန်ပြောသည်။ နံဘေးက ယောက်ျားက အိပ်ပျော် နေပြီ။

ပြီးတော့ ကားစထွက်ကတည်းက အိပ်လာတဲ့ လူတစ်ယောက် အကြောင်း၊ အိတ်ထဲက ပိုက်ဆံကို ခဏခဏ ထုတ်ထုတ်ရေတတ်သည့် မိန်းမကြီးအကြောင်း၊ ဘာဖြစ်လာမှန်းမသိဘဲ တရှုံ့ရှုံ့ငိုကာ လက်ကိုင် ပုဝါနှင့် နှပ်ညှစ်လွန်းသဖြင့် နှာခေါင်းနီရဲနေပြီး ထိုမိန်းမနံဘေးက ဘာလုပ်ရမှန်းမသိတဲ့ လူတစ်ယောက်အကြောင်းစသည့် တစ်ဦးချင်းစီ၏

http://www.cherrythitsar.org



Charactor ကို အသေးစိတ် ရိုက်သည်။

ပဲခူးကို ဝင်တော့ (၁၂)နာရီ။ ကားပေါ် ရိုက်ကူးရေးကိစ္စလည်း ပြီးပြီ။ အားလုံး လွတ်လပ်သွားပြီ ဖြစ်၏။ ကားနောက်ပိုင်းမှာ ကြိတ်ပြီး သောက်ဝိုင်းကလေးတစ်ဝိုင်းကို ကျင်းပနေကြသည်။ ဦးတင်ကိုက မသိချင် ယောင် ဆောင်နေလိုက်ပါသည်။ အားတုန်း ပျော်ရတာ ပျော်ပါစေပေါ့ လေ…။

"ဟဲ့…မာမီနွေး။ နင် ကသောကမြောနဲ့ အထုပ်တွေ တင်လာ တာ အစုံရော ပါရဲ့လား…။ သေသေချာချာကြည့်စမ်း။ ကျန်ခဲ့ရင် မြို့ဝင်တုန်း ဝယ်လို့ရအောင်…"

စကားဆုံးသည်နှင့် မာမီနွေးက ခေါင်းကိုခါကာ ရှေ့မှာ ထပ်တင် ထားသော ပလပ်စတစ်ခြင်း တစ်ခုစီကို ပေါင်ပေါ်တင်ကာ B.Mစက်သံ ကို ကျော်သွားအောင် သူ့မာမီသံကြီးနှင့် အော်သည်။

"ပါတာပေါ့…။ အကုန်ပေါတကာတယ်…။ ဟော့ဒီမှာ ချိစ်က နှစ်ဘူး၊ မာလ်တိုဗာက ဘူးကြီး၊ မလောက်လည်း မန္တလေးရောက်တော့ ဝယ်တာပေါ့။ ဆီသွပ်ဘူးက ကြက်သားရယ်…သိုးသားရယ် နှစ်မျိုးပေါင်း တစ်ဒါဇင်။ နို့ဆီ သုံးဘူး၊ မိသားစုဘီစကစ် နှစ်ဘူး။ မမ ဘီစကစ်နဲ့ ကော်ဖီ သောက်တော့မလား…။ ကော်ဖီက အန်တီဖျော်ပေးလိုက်တာ ဓါတ်ဘူးနဲ့ အပြည့်မှ အပျော်တကော့…"

"မသောက်ချင်သေးပါဘူးဟာ…။ အိမ်က ထည့်ပေးလိုက်တာ တွေ စုံရင် ပြီးတာပဲ။ သြော်…မျက်မှန်တွေရော မျက်မှန်…"

"ပေါတကာတယ် မမ။ ကွဲမှာ ခြစ်ရာဖြစ်မှာစိုးလို့ လယ်သာ အိတ်နဲ့ ထော်တကဲ့ကို လာတာ…။ ပုဝါတွေလည်း ပေါတကာတယ်…"

သူ့ညီ အေးမင်း မာမီတွေကို အမြင်ကပ်တတ်မှန်း ဇော်လတ် သိပါသည်။ မင်းသမီးမေသမျှ ပစ္စည်းတစ်ခုချင်း ထုတ်ပြကာ ခြေခါ လက်ခါနှင့် အမြင်ကပ်စရာပြောနေတာကို အေးမင်း ကြည့်ကာ စိတ်တို နေပုံရသည်။ ဇော်လတ်က အေးမင်းပခုံးကို လှမ်းပုတ်ရင်း ခေါင်းကို

http://www.cherrythitsar.org



ခါပြလိုက်သည်။

နောက်မှာ စီးနေသည့် သရုပ်ဆောင်တွေထဲက အိပ်မပျော်သူတွေလည်း မျက်စောင်းထိုးသူထိုး၊ နှုတ်ခမ်းဆွဲဆန့်ပြီး မဲ့သူကမဲ့၊ ပခုံးတွန့်သူကတွန့် ရှိ၏။

မေစိုးမိုး လှတာတော့ အပြစ်ပြောစရာမရှိအောင် လှမှန်းဇော်လတ် သိပါသည်။ သူ့ထက် တစ်နှစ်ကျော်လောက်တော့ ကြီးလိမ့်မည်။ သူက (၂၃)ဆိုတော့ (၂၄)နှစ်လောက်တော့ ရှိမည်။ အသက် (၂၀)လောက်မှာ အောင်မြင်မှု စရသည်။ ရတာမှ တစ်နိုင်ငံလုံးက မေစိုးမိုး ဖြစ်သွားသည်အထိကို နာမည်က ကြီးသည်။

သူပါသည့် ကားမှန်သမျှ ဝင်ငွေသောက်သောက်လဲ မြတ်သည်။ သူက ဝတ်တတ်စားတတ်သည်။ **Style** ရှိသည်။ သူ တစ်ချက်ကြည့်လျှင် ရုပ်ရှင်ရုံထဲက ပုရိသယောက်ျားမှန်သမျှ အနည်းဆုံး ပါးစပ်တော့ ဟသွားရတတ်သည်။

ပြက္ခဒိန်တွေမှန်သမျှ မေစိုးမိုးပုံတွေချည်း ဖြစ်ကုန်သည်။ **Company** တွေက ငွေထုပ်ပိုက်ကာ လိုက်ကြ၏။ အသက်ငယ်ငယ်နှင့် အမြင့်ဆုံးအောင်မြင်မှုကို ရသူအတွက် မာနဆိုသောအရာသည် အလိုလို မပြန်သောဧည့်သည်အဖြစ် ရောက်လာတာ သိပ်တော့မဆန်းပါ။ သူပြောသလို **Producer** တွေက ဖြစ်စေရသည်။ ဒါရိုက်တာတွေက စီစဉ်ပေးရသည်။ ပြီးတော့ အဲ့ဒီကားတွေကလည်း အောင်မြင်သည်ဆိုတော့ ဘာမှ ပြောစရာအကြောင်း မရှိတော့။

သူကတော့ မေစိုးမိုးနာမည်ကြီးမှတက်လာသော တက်သစ်စမင်းသားဖြစ်သည်။ မေစိုးမိုးလို ပထမကားကတည်းက ပေါက်သူ မဟုတ်။ ဒုတိယကားမှာမှ လူသိများပြီး တတိယကားမှာ အအောင်မြင်ဆုံး ဖြစ်သွားခဲ့ခြင်းဖြစ်သည်။ ဖြည်းဖြည်းနဲ့မှန်မှန် တက်သူဆိုလျှင် ပိုမှန်မည် ထင်သည်။ သူ အခု ရုပ်ရှင်ရိုက်တာ (၁၀)ကားကျော်ခဲ့ပြီ။ ကားတိုင်း အောင်မြင်၏။ ပရိတ်သတ်က ချစ်ပြီသား။ သူတို့နှစ်ယောက် အတူတွဲ ကားရိုက်လျှင်

http://www.cherrythitsar.org



တိုးမပေါက်အောင် အောင်မြင်မည်ဆိုတာကို သိပြီး မေစိုးကိုလည်း ချဉ်းကပ်သည်။ သူ့ထံသို့လည်း လာသည်။

ပထမဇာတ်လမ်းက မင်းသမီးဦးစားပေးလွန်းသဖြင့် သူက ပယ်လိုက်သည်။ နောက်တစ်ဇာတ်။ မေစိုးမိုးကို သွားပြတော့ သူက ပညာရည် မဝသေးဘူး၊ ကျွန်မ သူနဲ့ မရိုက်ချင်သေးဘူးဟုဆိုကာ ဇာတ်ကို မပြောဘဲ လူကို ငြင်းသည်။ ထိုဇာတ်ကိုပင် တခြားမင်းသား တစ်ယောက်နှင့် ရိုက်သည်။ အောင်မြင်ပါသည်။

**Producer** ဆိုသည့် လူမျိုးကလည်း ခက်သည်။

သူတို့ရိုက်သည့်ကားက တခြားလူထက် လူပိုစိတ်ဝင်စားချင်ကြသည်။ သူတို့အချင်းချင်းကြားမှာ ငွေထက် ဂုဏ်သိက္ခာကို ပိုလိုချင်တတ်ကြသည်။ သူတို့ ညှိမရတော့ ဒါရိုက်တာတွေဘက်ကို လှည့်သည်။

ဒီမှာတင် ဦးတင်ကိုနှင့် တွေ့သည်။ ဦးတင်ကိုက 'မင်းသား၊ မင်းသမီးဆိုတာ ပရိတ်သတ်ရင်ထဲ ရောက်အောင် အဓိကပို့ပေးရတဲ့သူ၊ နာမည်ကြီးလို့ ဇာတ်နဲ့မလိုက်ဘဲ အတင်းတည့်ရင် ပိုက်ဆံရကောင်း ရလိမ့်မယ်။ ဒါပေမဲ့ ဂုဏ်သိက္ခာမရဘူး။ အဲ့ဒီကားမျိုးက နောက်ကျရင် ပြန်ကြည့်တဲ့အခါ သိပ်ရှက်ဖို့ ကောင်းတယ်' ဆိုသော ဝါဒကို လက်ကိုင်ထားသူ...။

ဇာတ်လမ်းက လွဲပြီး ဘယ်သူ့ကိုမှ ဦးစားမပေးသူ...။

သို့နှင့် သူတို့နှစ်ယောက်နှင့် ဦးတင်ကို ခြောက်လခန့် ညှိကာ ဒီကားကို ရိုက်ရန် ထွက်လာခဲ့ခြင်းဖြစ်သည်။ သူကတော့ ဒါရိုက်တာ ခိုင်းသည့်အတိုင်းသာ လုပ်မည်ဟု ယတိပြတ် ဆုံးဖြတ်ပြီးသား ဖြစ်ပါသည်။ မေစိုးကတော့ သူ့ကို ပညာနည်းနည်းပြချင်ကြောင်း သူသိပါသည်။ ဒါပေမဲ့ ဘယ်လောက်ပဲ သူစိမ်းဆန်ဆန် ရိုက်ကွင်းမှာ ရက် ၂၀၊ ၃၀ နေပြီးရင် ရင်းနှီးသွားကြတာ ထုံးစံပင်ဖြစ်သောကြောင့် ဇော်လတ် သိပ်မတုန်လှုပ်ပါ။

"အေးမင်းရေ...။ တို့ပစ္စည်းတွေရော စုံရဲ့လားကွာ"

“အိတ်တွေတော့ အကုန်စုံတယ်အစ်ကို။ နောက်မှာ ကျွန်တော် သေသေချာချာကို စီပြီး ထည့်ခဲ့တာပါ။ စားစရာတွေက အောက်မှာဆို မှောက်မှာစိုးလို့ အကုန်ယူလာတယ်”

“မမှောက်ပါဘူးကွာ”

“အမေရော၊ ဒေါ်လေးရောက ထည့်ပေးလိုက်တာ နည်းတာမှ မဟုတ်တာ။ ဒီမှာ အစ်ကိုကြိုက်တဲ့ ငါးရူးငပိကောင်နဲ့ ပုစွန်ခြောက်ကြော်၊ ချဉ်ပေါင်ကြော်၊ ပဲပုတ်ကို ဂျုံးမြစ်နဲ့ ကြော်ထားတာလည်း ပါတယ်အစ်ကို။ ပြီးတော့…မြေပဲကြော်၊ ဆိတ်သားကို ပြုတ်ပြီ ပါးပါးလှီးပြီး ငရုပ်သီး စပ်စပ်နဲ့ ကြော်ထားတာက တစ်ချိုင့်။ ပြီးတော့…လက်ဖက်အသား ဆီစိမ်က ဒေါ်လေးနဲ့ အမေ အကြံတူသွားလို့ နှစ်ချိုင်း။ အစ်ကိုမြည်းဖို့ ငရုံခြောက်ဖုတ်က တစ်ချိုင့်။ အောက်က အိတ်ထဲမှာက ငါးပြားပါသေး တယ်။ အစ်ကို…လက်ဖက်ဆီစိမ် စားမလား”

အေးမင်းက စားစရာတစ်ခုပြောတိုင်း နောက်က အိပ်မပျော် သည့်အဖွဲ့က တံတွေးတစ်ချက်မြိုကာချသည်။ ကြာစေ့က ထပြောသည်။

“မင်းသားနဲ့လူရှင်တော်များ တယ်ကွာပါလား။ ငါက ရိုက်ကွင်း နယ်ထွက်တော့မယ်ဆိုတော့ အိမ်ကမိန်းမက တုတ်တုတ်တောင် မလှုပ် ဘူး”

“ဟာ…သေသွားပြီလား”

“မင်းကြီးတော်ပဲသေ…။ အိပ်နေတာကွ၊ အိပ်နေတာ၊ အေးပေါ့ လေ…အိပ်မှာပေါ့။ ငါ ကားပေါ်မှာ မညောင်းရအောင်ဆိုပြီး…”

“သူ့အပေါ် မင်းက လမ်းတက်လျှောက်ပေးရတယ် မဟုတ် လား”

ဝါးခနဲ ရယ်လိုက်ကြသံက M.B ကားဟောင်း အင်ဂျင်သံကို လွှမ်းကာသွားသည်။

“ကျွန်တော့်ကို ထည့်ပေးလိုက်တာက နှစ်ချိုင့်တောင်မှပါ။ အခု အိပ်ချင်ပြေ စားကြတာပေါ့။ ဟင်းတွေကလည်း အများကြီးပါ။

http://www.cherrythitsar.org



စားတော့ အတူတူဝေစားကြတာပေါ့''

''အစ်ကို တစ်ချိုင့်က စောင်းကားသီးနဲ့ ထောင်းထားတဲ့ ချဉ်စပ်၊ တစ်ချိုင့်က ရိုးရိုးဆီစိမ်။ ဘာစားမှာလဲ...''

နောက်ကအဖွဲ့က 'ချဉ်စပ်...ချဉ်စပ်'ဟု အော်ကြသည်။ အေးမင်းက 'ရမယ်...ရမယ်'ဆိုကာ ချိုင့်ကို ဖြုတ်နေသည်။

ဒါ...တမင်တကာ သူ့ကို ရှိမှန်း မေစိုးမိုး သိသဖြင့် နောက်ကို ဒေါသဖြင့် လှမ်းကာကြည့်ပြီး ပြန်အလှည့်မှာ...သူ့လိုပင် နောက်က လူတွေကို မျက်စောင်းလှမ်းထိုးသော မာမီနွေးနှင့် နဖူးချင်း တိုက်မိကြလေသည်။

''အား...အမလေး နာလိုက်တာ...။ မိနွေး...နင် ဘယ်လိုဖြစ်နေတာလဲ''

''ကန်တော့ပါရဲ့ မမရယ်...။ ကျွန်မလည်း ကျော်ကတိမိတာပါ။ နာသွားလားဟင်...။ ကြပ်ထုပ် ထိုးပေးရမလား''

ဇော်လတ် ပြုံးကာနေလိုက်သည်။ ပဲခူးကျော်တော့ နေလုံးက အရောင်လျော့သွားပြီ၊ လက်ဖက်ချဉ်စပ်နှင့် နောက်ကအဖွဲ့လည်း ပုလင်းပြောင်ကာ အားလုံး ငိုက်ကာစ ပြုနေပြီ။

မငိုက်သူဆိုလို့ ကားဆရာ မိုးကျော် ဒါရိုက်တာ ဦးတင်ကိုနှင့် ဇော်လတ်တို့သာ ရှိသည်။ မေစိုးမိုးကိုယ်တိုင် ပုဝါကလေး မျက်နှာကို အုပ်ကာ မှိန်းနေပြီး လိုက်လာသည်။ မာမီကတော့ ဟောက်တောင်နေပြီ။

**M.B** ကားဟောင်းကြီးကတော့ တစ်စင်းတည်း ထီးထီး ကြီးစား ပြေးနေလေသည်။

●

http://www.cherrythitsar.org



ညနေလေးနာရီလုံးသည် ရန်ကုန်မှာ ပုံမှန်သာ မြင်ရသော်လည်း လယ်ကွင်းထဲက စပါးပင်တွေကလွဲလို့ ကောင်းကင်ကို ဟိုးမျက်စိတစ်ဆုံး မြင်နေရသော နယ်ကောင်းကင်ကြီးပေါ်မှာတော့ ညနေလေးနာရီ နေလုံးကို လွတ်လွတ်ကျွတ်ကျွတ်ကြီးကို မြင်နေရသည့်အတွက် ဇော်လတ် ကြည်ကြည်နူးနူး ငေးနေမိသည်။

နေလုံးကြီးက လယ်ကွင်းထဲမှာဆိုရင်တော့ ငြိမ်ငြိမ်ကြီး သူတို့ကားနောက်ကို လိုက်နေပြီး လယ်ကွင်းတွေအဆုံး သစ်ပင်အုပ်ထဲကျလျှင်တော့ သစ်ပင်တွေကို တရိပ်ရိပ်ဖြတ်ကာ အပြေးလိုက်တတ်သည်။ မလွတ်မှန်းသိသော်လည်း **B.M** ဟီးနိုးကားလေးက နေမင်းကို အံတုကာ စက်ကုန်ပြေးနေသည်။ ဇော်လတ် အကြံရသည်နှင့် ရှေ့ဆုံးခန်းတစ်ခုံတည်းမှာ ထိုင်နေသော ဒါရိုက်တာ ဦးတင်ကိုထံ သွားကာ ပြောရသည်။

"ဆရာ…။ နေလုံးက အရမ်းလှနေတယ်ဆရာ။ နည်းနည်းလောက် ဆွဲထားလိုက်ရင် ကောင်းမလား ဆရာ"

"အေးကွ…။ ငါလည်း စဉ်းစားနေတာ။ အောင်ဝင်း… အောင်ဝင်း။ လာစမ်းဟေ့…။ နေလုံးနဲ့ စပါးပင်တွေကို ဇော်လတ်ခုံကနေ တစ်မိနစ်လောက် ဆွဲထားလိုက်စမ်း"

"ဟုတ်ကဲ့ ဆရာ"

အောင်ဝင်းက **Silent cut** မို့ ကင်မရာချည်းယူ၍ စိတ်တိုင်းကျ ချိန်ပြီး တစ်မိနစ်လောက် ရိုက်သည်။ ပြီးတော့ ဦးတင်ကိုက…

http://www.cherrythitsar.org



"ကားဆရာ..ခဏလေးရပ်ပြီး ဘက်ပြန်ဆုတ်ပေးပါဦး။ အောင်ဝင်း...မင်း ဒီနေရာမှာ ဆင်းခဲ့။ နေလုံး လယ်ကွင်းကနေမှ ငါတို့ကားကို Plan ရွေ့။ ကား မင်းရှေ့က ဖြတ်သွားရင် ကားနောက်လိုက်။ မြင်ကွင်းဆုံးတဲ့အထိ လိုက်ကွာ...။ မင်း ပြီးရင် အဲဒီနေရာပဲစောင့်။ ငါတို့ ဘက်ဆုတ်ပြီး ပြန်ခေါ်မယ်"

"ဟုတ်ကဲ့ ဆရာ..."

တွဲနေကျ ကင်မရာမင်းမို့ ဦးတင်ကိုအကြိုက်ကို သိပြီးသား။ သူ့အဖွဲ့ကို ခေါ်ကာ လယ်ကွင်းအစပ်အထိ ကင်မရာကို စိတ်ကြိုက် Location ရအောင် ရွေးကာ ထောင်သည်။ ကား ဘက်ပြန်ဆုတ်တော့ အိပ်နေသူတွေ ခေါင်းထောင်သူတွေ ထောင်လာသည်။ ပြီးတော့မှ ဘာလုပ်တယ်ဆိုတာ သိသွားကြသဖြင့် ပြန်အိပ်သူက အိပ်ကြသည်။ တစ်ချို့က တစ်ခွက်စီလောက် သတိရကာ ထပ်ချကြသည်။

ဇော်လတ်က သူ့နေရာသူ ပြန်ကာထိုင်၏။ မေးစိုးမိုး အိပ်နေရာက ထကာ ဇက်ကလေး ဘာကလေး ချိုးသည်။ ကားကို အကွေ့လေးနားအထိ ဘက်ဆုတ်ကာ မောင်းရသည်။ အကွေ့နားရောက်တော့ ကင်မရာမင်း အောင်ဝင်းက နေလုံးကို ရိုက်နေရာမှ လမ်းအကွေ့ကလေးမှ ထွက်လာသော ကားဆီသို့ Plan ကို ဆွဲသည်။ ပြီးတော့ ကားက သူ့ကင်မရာရှေ့မှ ဖြတ်မောင်းကာ သွားသည်။ ကားပျောက်သွားသည့်အထိ ရိုက်သည်။

ပိတ်ကားကြီးပေါ်မှာတော့ အဝေးပြေးလမ်းမပေါ်မှာ နေလုံးနီကြီးနောက်ခံနှင့် B.M ဟီနိုးကားတစ်စင်း ဖြတ်မောင်းသွားတာကို နောက်ခံတီးလုံးနှင့် တွေ့ရဖို့ သူတို့ တော်တော်အပင်ပန်းခံလိုက်ရ၏။

ကားပေါ် ပစ္စည်းတွေပြန်တင်ပြီးတော့ အောင်ဝင်းက ဦးတင်ကိုထိုင်သည့်ခုံမှာ ဝင်ထိုင်ကာ ကားမှန်ရှေ့က ပြေးနေသော အဝေးပြေးကားလမ်းမကြီးကို ခဏရိုက်သည်။ ဒါဆိုလျှင် သူတို့ကားကြီး ခရီးသွားနေကြောင်း လုံလောက်ပြီဖြစ်သည်။

http://www.cherrythitsar.org



ကားနံဘေးမြင်ကွင်းက လယ်ကွင်း၊ သစ်ပင်တန်း၊ ရွာတန်းရှည်ကလေးတွေအစား တောင်ပူစာ၊ တောအုပ်သို့ အသွင်းပြောင်းကာ လာသည်။ ကားက ရထားလို ဘူတာဖြတ်စဉ် မရှိသည့်အတွက် ဘယ်နားရောက်နေသည် မသိနိုင်…။ ပဲခူးကျော်လာပြီဆိုတာပဲ ပြောနိုင်သည်။ ကားက ဂငယ်ကွေ့တစ်ခုကို ကွေ့ပြီး ငါးမိနစ်လောက် ဆက်အမောင်းတွင် လက်နက်ကိုင် သုံးယောက်က သူတို့ကားကို တားနေတာ တွေ့ရ၏။ အလယ်မှတစ်ဦးက တားကာ ဘေးနှစ်ယောက် သူတို့ကားကို ချိန်ကာ ထားသည်။

"ဆ…ဆရာ…။ ဓားပြ…ဓား…ပြတွေ ထင်တယ် ဆရာ…"

"ဖြစ်နိုင်တယ်…ချိန်ထားတာ။ ရပ်ပေးလိုက်…။ ငါကြည့်ရှင်းမယ်"

ကားရပ်သည်နှင့် သူတို့သုံးဦး ကားပေါ်သို့ စွေ့ခနဲ တက်လာသည်။ နှစ်ယောက်က ကားထဲက လူတွေကို ချိန်ကာ တစ်ယောက်က ကားသမားမိုးကျော်ကို ချိန်ရင်…

"ရှေ့က လမ်းချိုးထဲကို မောင်း…။ မောင်းလေကွာ"

"မိုးကျော် မောင်းပေးလိုက်"

ဦးတင်ကိုက ပုံမှန်အသံဖြင့်သာ ပြောသည်။ ကားက ကတ္တရာလမ်းမှ မြေလမ်းထဲသို့ ချိုးကွေ့ ဝင်လိုက်ရသည်။ ကားဆောင့်သော်လည်း အိပ်နေသူများ အကုန်မနိုးကြ။ ဓားပြတိုက်ကြောင်း သိသူဆို၍ ကားဆရာ၊ ဒါရိုက်တာ မေစိုးနှင့် မအိပ်သူ သုံးလေးယောက်သာ သိသည်။ သို့သော် ပြောင်းဝရှေ့မှာ ဘာအသံမှ မထွက်ရဲကြ။ မျက်နှာ ဆီးရွက်လောက်သာ ရှိကြတော့သည်။

ဆယ်မိနစ်လောက် မောင်းပြီးမှ ရပ်ဆိုသောအသံ ထွက်လာသည်။

ကားရပ်သွားသည်အထိ အိပ်ပျော်နေသူများ မသိကြ။ သုံးယောက်ထဲက တစ်ယောက်က ဆင်းကာ လက်ခေါက်သုံးကြိမ် မှုတ်တော့

မှ တောင်ပူစာလေးရှိသော တောစပ်မှ လူဆယ်ငါးယောက်ခန့် ထွက်လာကြသည်။

မေစိုးက အိပ်ပျော်နေသော မာမီနွေးကို ကြိတ်ကာ နိုးသည်။

"ဟဲ့…မိနွေး…မိနွေး…။ ထစမ်း…။ ထ‥ဟဲ့…ထစမ်းဆို"

မိနွေးက ဒီတော့မှ အိပ်ချင်မူးတူးနှင့် ထပြီး မျက်လုံးကို ပွတ်ကာ…

"ပေါ်တကောက် တော်တကောလား မမ…။ မမ ဆင်းမလို့လား"

"အရူးမရဲ့…တိတ်တိတ်နေစမ်း"

မာမီက သူ့ကို ဟောက်သဖြင့် ကြောင်ကာကြည့်တော့ သူကို သေနတ်နှင့် ချိန်ထားသူတစ်ဦးကို တွေ့ရသည်။ မာမီနွေးက ဘာမသိညာမသိဖြင့်…

"ရှေ့ စက်အဖွဲ့ကလား။ ဒီမှာ နေရာမရှိတော့ဘူး။ နောက်အလယ်ခုံမှာ သွား ထော်ကထိုင်တော့…"

ဓားပြက ဘာမှပြောဘဲ မာမီနွေးကို နားရင်းတစ်ချက် အုပ်သည်။ မာမီနွေး မေစိုးအပေါ် ပုံလဲကာ ကျသွားပြီး အော်သည်။ မေစိုးက ပါးစပ်ကို အတင်းပိတ်ထားရင်းက လေသံသဲ့သဲ့ဖြင့်…

"ငါတို့ကားကို ဓားပြတိုက်နေပြီ…။ ငါ့ပစ္စည်းတွေ ကူချွတ်ပြီးနင့်ရှူးဖိနပ်ထဲ ထည့်။ ငါ့ကို ကားရိုက်ရင်ဝတ်တဲ့ အတုတွေပေး"

ဓားပြတစ်ယောက်က နောက်ဘက်သို့သွားကာ နိုးလာသူ အရက်မူးပြီး အိပ်ပျော်နေသူများကို ချိန်ထားသည်။ တစ်ယောက်က ရှေ့မှာ ချိန်သည်။ တစ်ယောက်က ဒါရိုက်တာနှင့် ကားဆရာကို ချိန်ထားသည်။ တောအစပ်မှ ထွက်လာသူထဲမှာ ခေါင်းဆောင်ဖြစ်ဟန်ရှိသောသူက ကားကို တစ်ပါတ် ပတ်ကာ အေးအေးဆေးဆေးကြည့်သည်။

ထိုအချိန်တွင် မေစိုးက အတုနှင့်အစစ်ကို လဲသည်။ စိန်နားကပ်

http://www.cherrythitsar.org



နှင့် ဆွဲကြိုးကို သူ့ရင်ဘတ်ထဲ ထည့်လိုက်တာလည်း တွေ့ရသည်။ ပြီးတော့ မာမီနွေးပေးသော အတုတွေကို ခပ်မြန်မြန်ဝတ်သည်။ ဓားပြများက ကားနောက်ပိုင်းက ယောက်ျားတွေကိုသာ သတိထားနေသဖြင့် ထိုကိစ္စကို မသိလိုက်။

ဖော်လတ်ကတော့ အခြေအနေကိုသာ ကြည့်ပြီး တွက်ချက်နေသည်။

ထိုစဉ် ဓားပြခေါင်းဆောင် ကားပေါ်သို့ အေးအေးဆေးဆေးပင် တက်လာသည်။ ဓားပြခေါင်းဆောင်က အရပ်ထောင်ထောင်မောင်း၊ ကိုယ်လုံးက ပြည့်တင်းကျစ်လစ်သည်။ သေနတ်ကို ဂျင်းဘောင်းဘီရှေ့မှာ ထိုးထားပြီး ကောင်းဘွိုင်တွေ ဆောင်းသော သက္ကလပ်ဦးထုပ်ကို ဆောင်းကာ ထားသည်။ သူ့ပုံစံက မင်းသား ဖော်လတ်ထက်ပင် ကြည့်ကောင်းနေသေး၏။

တစ်ကားလုံးက လူတွေကို တစ်ယောက်ချင်းကြည့်ပြီးမှ လက်ညှိုးကို နှုတ်ခမ်းရှေ့သို့ ကပ်ကာ ခေါင်းခါးရင်း စီးကရက်ငွေ့တွေကို မှုတ်ထုတ်သည်။ သဘောက အသံမထွက်နဲ့ ဆိုသည့်သဘော။

ထိုစဉ် လူရှင်တော်ထိုးဝါးက အိပ်ရာမှ အပျင်းကြောဆန့် နိုးလာပြီး မျက်စေ့ဖွင့်တော့ သူ့ရှေ့မှာ သေနတ်နှင့် ချိန်းထားသူကို တွေ့တော့၊ ပထမ ကြောင်ကာသွား၏။ ပတ်ဝန်းကျင်ကို ကြည့်တော့ သဘောပေါက်သွားကာ နံဘေးက ကပ်ဖဲ့ကို တံတောင်နှင့်တွတ်ရင်···

"ဟေ့ကောင်···ထ···ထ···ထစမ်း။ ဓားပြတိုက်ကုန်ပြီ။ ဓားပြတိုက်နေပြီ"

ကပ်ဖဲ့က အိပ်ချင်မူးတူးဖြင့် မျက်လုံးမပွင့်ဘဲ ပြန်အော်၏။

"ဓားပြတိုက်ပြီလား···။ တိုက်ပါစေပေါ့ကွ။ ငါက ဓားပြမှ မဟုတ်တာ···ရဲပဲ။ တိုက်ပေ့စေ···။ တိုက်စရာရှိတာ တိုက်ပေါ့"

ကပ်ဖဲ့စကားဆုံးသည်နှင့် ထိုဓားပြက ထိုးဝါးနှင့်ကပ်ဖဲ့ကို ဆွဲချကာ နားရင်း သုံးလေးချက်အုပ်သဖြင့် ဝရုန်းသုန်းကားဖြစ်ကာ ဆူည

http://www.cherrythitsar.org



ကုန်ကြသည်။

''ဓားပြတိုက်နေပြီတော့...ဓားပြ...ဓားပြ''

ဟု သရုပ်ဆောင် ဒေါ်စုဟန်က ကြောက်ကြောက်နှင့် ကြုံးကာ အော်သည်။ ထိုအော်သံကြောင့် ပုလင်းအပြောင်းရှင်းကာ အိပ်ပျော်နေသော လူကြမ်းအဖွဲ့မှ မာဃက...

''ဓားပြတိုက်ပြီလား။ ဟော့ကောင်တွေ ထစမ်း။ သေနတ်တွေ ထုတ်ဟေ့''

''မြွေပွေး၊ ယက္ခ...ထကြစမ်း။ ဓားပြတိုက်ပြီတဲ့...''

မြွေပွေးနှင့် ယက္ခလည်း အူတူတူဖြင့် ထရပ်ရာ အနီးရှိ ဓားပြက သေနတ်ဒင်စာကျွေးတာ ခံရပြီး ဗိုက်နှိပ်ကာ ပြန်လဲကျသွားကြသည်။ တစ်ကားလုံး ခုမှ နိုးကာ ရုတ်ရုတ်သဲသဲတွေ ဖြစ်ကုန်၏။

ခေါင်းဆောင်လုပ်သူက မျက်မှောင်တစ်ချက်ကြုတ်ကာ ဘာမှ မပြောဘဲ သူ့ခါးမှာ ထိုးထားသည့်သေနတ်ကို ထုတ်သည်။

''သေနတ်တဲ့ဟေ့...။ ရှာကြစမ်း၊ ရှာစမ်း''

ဒီတော့ ဒါရိုက်တာ မဝင်၍ မရတော့...။

''ဒီလိုပါ...ဒီလိုပါ။ ကျွန်တော်တို့က နယ်ထွက်ပြီး ရုပ်ရှင်ရိုက်တဲ့ အဖွဲ့ပါ။ ကျွန်တော်တို့ ဇာတ်လမ်းမှာလည်း ဓားပြတိုက်တဲ့ အခန်းက တစ်ခန်းပါတော့...''

ဓားပြခေါင်းဆောင်က ဦးတင်ကိုကို စောင်းကြည့်ကာ နှုတ်ခမ်းကို လက်ညှိုးနှင့် ကန့်လန့်ဖြတ် ကာပြ၏။ ဒီတော့ ဇော်လတ်က ဝင်ရပြန်သည်။

''သေနတ်ဆိုတာ အတုတွေပါဗျာ။ ကားရိုက်ရာမှာ သုံးတဲ့ အတု...''

ဓားပြခေါင်းဆောင်ဘေးနားမှာ ရပ်နေသော ဗလကောင်းကောင်း လူတစ်ယောက်က ဇော်လတ်ရင်ဘတ်ကို ပစ်တွန်းလိုက်သဖြင့် ဇော်လတ် ထိုင်ခုံမှာ ပြန်လဲကျသွားသည်။ ထိုလူက လဲကျသွားသော

http://www.cherrythitsar.org



ဖော်လတ်ရင်ဘတ်ကို ပြန်ဆွဲစောင့်ရင်း 'မင်းကို ဘယ်သူက မေးလို့လဲ' ဟု အံကြိတ်ကာ ပြောပြီး ထပ်တွန်းပစ်လိုက်ပြန်သည်။ ဘေးနားက အေးမင်း လက်တွေဘာတွေ တုန်နေပြီး မျက်နှာက ဖြူဖွေးကာ နေ၏။ အတော်ကြောက်ရွံ့နေဟန် တူသည်။

"တွေ့ပြီဆရာ…။ သေနတ်တွေက အတုတွေချည်းပဲ"

"ရှုပ်တယ်ကွာ…။ ချောင်းဘေးနားအထိ မောင်းခိုင်းလိုက်"

ဖော်လတ်ကို ရင်ဘတ်တွန်းသည့် ငနဲက ဒရိုက်တာကို တစ်ချက်နာရင်းအုပ်ကာ 'ဟော့ကောင် ရှေ့တည့်တည့်ကိုမောင်း။ ပြီးရင် ညာချိုး' ဟု ဆိုသည်။ အောက်က လူများလည်း ကားပေါ် တက်လာကြသည်။ ထိုအချိန်မှာ မေးစိုးနဲ့မာမီ ပစ္စည်းလဲသည့်ကိစ္စ ပြီးသွားပြီဖြစ်သည်။ ရှုတင်ကားတစ်ကားလုံး ကြိတ်ငိုသူငို၊ ဖက်ငိုသူငို၊ ကြောက်သူကြောက်တွေ ဖြစ်ကုန်ကြသည်။ အသံတော့ မထွက်ရဲကြတော့။

နောက် ဆယ့်ငါးမိနစ်လောက် မောင်းပြီးတော့ ချောင်းကလေး တစ်ခုကို တွေ့ရသည်။ ချောင်းနံဘေးမှာ သစ်ပင်၊ ဝါးပင်တွေ အုံ့ဆိုင်းနေပြီး အဝေးပြေးလမ်းက ကြည့်မည်ဆိုလျှင် ဘာကိုမှ မမြင်ရနိုင်တော့။ နေက ဝင်တော့မည်။

ဓားပြခေါင်းဆောင်က ကားပေါ်မှ အရင်ဆင်းသည်။ ပြီးတော့ သူတပည့်တွေ ဆင်းကာ ကားကို ဝိုင်းချိန်ထားကြ၏။ ဒုတိယမင်းသမီး လေး ရူပါက သူ့အမေကို ဖက်ကာ ရင်ခွင်ထဲခေါင်းထည့်ပြီး အရမ်းကြောက်၍ ငိုနေသည်။

"ကဲ…ကားပေါ်က တစ်ယောက်ချင်းဆင်း။ အောက်ရောက်ရင် ခေါင်းပေါ် လက်တင်ထား။ ဒရိုက်ဘာ အရင်စဆင်း…"

အားလုံး ကားပေါ်က ဆင်းကာ သူတို့ပြောသလို တန်းစီရပ်ပြီး နေကြရ၏။ သေနတ်ပြောင်းတွေက သူတို့ဆီမှာ…။ ဓားပြသုံးလေးဦးက ကားပေါ်တက်၊ ပစ္စည်းတွေကို ဆွဲချပြီး ပုံထားကြသည်။ ဓားပြခေါင်းဆောင်က ပုံထားသောပစ္စည်းတွေကို ခြေထောက်နှင့် ထိုးမွှေ

http://www.cherrythitsar.org



ကြည့်သည်။ သေတ္တာတွေကို ဖွင့်ခိုင်းသည်။ ပိုက်ဆံအိတ်တွေ တွေ့လျှင် ယူခိုင်းသည်။

ထိုအချိန်တွင် ဇော်လတ် အရဲစွန့်ကာ ဓားပြခေါင်းဆောင် အနားသို့ ကပ်ပြီး အသံကို တတ်နိုင်သမျှ တည်ငြိမ်အောင်ကြိုးစားကာ ညှိရန် စကားစကြည့်သည်။

"အစ်ကို့နာမည် ဘယ်လိုခေါ်သလဲ အစ်ကို"

"ဟော့ကောင်...။ ဓားပြက ဘယ်တုန်းက သူ့နာမည်ကို ပြောဖူးလို့လဲ"

"မဟုတ်ဘူး...။ စကားပြောရတာ အဆင်ပြေအောင်လို့ပါ"

"ဟင်...ဟင်...။ ငါက မင်းကို ကြောက်စရာ မရှိပါဘူး။ ငါ့နာမည် ထက်ခေါင်း"

ဇော်လတ်က ကြိုးစားပြုံးကာ...

"ဒီလိုလုပ်ပါလား ကိုထက်ခေါင်ရယ်...။ ကျွန်တော်တို့ပစ္စည်းတွေကို အကုန်ယူပါ။ အဝတ်တစ်ထည်ကိုယ်တစ်ခုပဲ ထားခဲ့ပါ။ ကျွန်တော်တို့ ကျေနပ်ပါတယ်"

ထက်ခေါင်က အားရပါးရ အော်ကာရယ်သည်။ ပြီးတော့ ခေါင်းကို တဆတ်ဆတ်ညိတ်ကာ စီးကရက်တစ်လိပ်ကို မီးညှိသည်။

"မင်းတို့ မြို့ရောက်သွားတော့ မင်းတို့...မင်းတို့...မင်းတို့ရဲ့ ပါးစပ်တွေက ငြိမ်ငြိမ်ကလေး နေကြမှာလား။ ဓားပြတိုက်ခံရတာကို ကျေနပ်တဲ့လူ ဒီဘဒ္ဒကမ္ဘာမှာ မရှိဘူး။ ကိုယ့်ကိုကိုက်ဖို့ လာတဲ့ကျားကို ဒီနားပဲ ကိုက်ပါ၊ ဟိုနားပဲ ကိုက်ပါ ပြောရိုးထုံးစံ ရှိလို့လား"

"ကိုထက်ခေါင်းက ကျားမှ မဟုတ်ဘဲ...။ လူမို့လို့ ညှိကြည့်တာ"

ဇော်လတ်စကား မဆုံးလိုက်၊ သူ့မျက်နှာကို လက်ပြန်ရိုက်ချတာ ခံလိုက်ရ၏။ ဇော်လတ်လည်း မွန်ထူကာ ခေါင်းပေါ်မှာ တင်ထားသောလက်ဖြင့် ထက်ခေါင်းပခုံးကို ကိုင်ကာ ပစ်တွန်းလိုက်သဖြင့် နှစ်

http://www.cherrythitsar.org



ယောက် လုံးထွေးကာ သူထကိုယ်ထိုး၊ ကိုယ်ထိုးသူထ ဖြစ်ကုန်ကြသည်။

စားပြတွေလည်း မပစ်ရဲ။ နှစ်ဦး လုံးထွေးနေသဖြင့် ပစ်ခွင့် မသာ။

ထိုအချိန်တွင် အကြောက်လွန်နေသော မာမီနွေးက လာရာ လမ်းဘက်ကို ထွက်ကာပြေးသည်။ အေးမင်းလည်း ယောင်ကာ လိုက်ပြေးသည်။ မေစိုး ထိတ်လန့်တကြား အော်သည်။

'မာမီနွေး…။ မပြေးနဲ့၊ မပြေးနဲ့''

''ဟော့ကောင်တွေ ပြေးပြီ…ပစ်…ပစ်''

ဒေဝ အော်သံဆုံးတော့ သေနတ်သံနှစ်ချက် ရှေ့ဆင့်နောက်ဆင့် ထွက်သည်။ ပထမ မာမီနွေး လွင့်ခနဲကျသည်။ ပြီးတော့ အေးမင်း လွင့်စဉ်ကာ ထွက်သွား၏။ သေနတ်ပစ်သော စားပြနှစ်ယောက်က အချင်းချင်း ကြည့်သည်။

''တွေ့လား…။ တစ်ချက် တစ်ယောက်ပဲ''

''ကိုယ့်ကိုလည်း ကြည့်ဦးလေး။ ဟဲ…ဟဲ…သမင်ပစ်လာတဲ့ကောင်ပါကွ''

ထိုအချိန်မှာ ဇော်လတ်နှင့်ထက်ခေါင် နပန်းပွဲကလည်း ပြီးသွားပြီ။ ဇော်လတ် ထရပ်ကာကြည့်တော့ အေးမင်း မရှိတော့။ ဟိုးခပ်လှမ်းလှမ်းမှာ ခွေခွေကလေး လဲကာနေ၏။

''ညီလေး…အေးမင်း''

အော်ရင်း ပြေးထွက်ရန်ပြင်သော ဇော်လတ်ကို အနားက စားပြတစ်ယောက်က ပြောင်းရှည်ဒင်နှင့် အရိုက်ကို ရိုက်ချပစ်လိုက်သဖြင့် ခွေကျသွား၏။ ထက်ခေါင်က သေနတ်ဖြင့်ပစ်သော သူ့တပည့်နှစ်ယောက်နားကို သွားပြီး သူ့ကိုယ်က ဖုန်ကို ခါသည်။ ပြီးတော့ ပါးတစ်ချက်စီ ရိုက်သည်။

ခါတ်တိုင်းသုံးတိုင်းလောက်မှာ ခွေခွေကလေး လဲနေကြသော အေးမင်းနှင့် မာမီကို ကြည့်ရင်း အော်ငိုသူတွေငိုကြ၊ လန့်ပြီး အော်သူတွေ

http://www.cherrythitsar.org



အော်ကြ ဖြစ်ကုန်ကြသည်။

"တစ်ယောက်မှ အသံမထွက်နဲ့။ ငါ့စကား နားမထောင်ရင် အဲ့ဒါ နမူနာပဲ။ ငါ အားလုံးကို မှာထားမယ်။ ငါ့စကားနားမထောင်တာ တွေ့ရင် ချက်ချင်းပစ်။ အဲ့ဒါ ငါ့ဆုံးဖြတ်ချက်ပဲ"

အားလုံး ကြိတ်ငိုသံမှတစ်ပါး ဘာသံမှ မထွက်ရဲကြတော့။ ထက်ခေါင်က ဒေဝကို ခေါ်ကာ ခပ်လှမ်းလှမ်းမှာ ညှိသည်။

အမှန်တော့ အေးမင်းရော။ မာမီနွေးရော မသေပါ။ သေနတ်နှင့် လှမ်းအပစ်တွင် မာမီနွေးက သစ်ငုတ်ကို ခလုတ်တိုက်ကာလဲခြင်း ဖြစ်ပြီး အေးမင်းက မာမီနွေး ခြေထောက်ကို ထပ်ဝင်တိုက်ကာ လဲခြင်း ဖြစ်၏။ မာမီနွေးက ထမည်လုပ်တော့ အေးမင်းက လေသံသဲ့သဲ့ဖြင့် အတင်းတားရသည်။

"ဟော့ကောင်…မထနဲ့ သူတို့က ငါတို့ကို ထိသွားပြီ ထင်တာ။ ထရင် ထပ်ပစ်လိမ့်မယ်။ အဲ့ဒီတော့မှ သေမှာ။ မထနဲ့ မလှုပ်နဲ့"

"မင်းအကြံ မဆိုးဘူး ဒေဝ။ သေနတ်သံလည်း ကြားသွားပြီဆိုတော့… ချက်ချင်းသာ စီစဉ်လိုက်တော့။ အခု ဒီနေရာက ခွါမှကို ဖြစ်မယ်"

ဒေဝက **M.B** ကားဆီသွားကာ အိတ်တွေကို ကန်ချသည်။ ပြီးတော့ ကားအဖုံးကို ဖွင့်ပြီး ပလပ်ကြိုးတွေကို ကြည့်သည်။ ကားရှေ့ ခန်းထဲမှာရှိသည့် စာရွက်စာတမ်းတွေကို ရှာသည်။

"ကဲ…နားထောင်။ ကားဘေးမှာ ပုံးထားတဲ့ ပစ္စည်းပုံထဲက ကိုယ်ပစ္စည်းကိုယ်သယ်။ ပြီးတော့ ကျုပ်တို့ခေါ်တဲ့ လမ်းအတိုင်း လိုက်ခဲ့။ ပစ္စည်းရွေးချိန်၊ ယူချိန် သုံးမိနစ်ပဲ ပေးမယ်။ ဒေဝ ကားကို ပင်စင်ပေး လိုက်"

ဒေဝက **M.B** စက်ဖုံးကို ဖွင့်ကာ တွေ့သမျှဝါယာကြိုးတွေ အကုန်ဖြတ်ပစ်သည်။ ပြီးတော့ ဓားပြတစ်ယောက်ကို ဝါးသွားခုတ်ခိုင်းကာ အင်္ကျီပုံထဲက တွေ့ရာအင်္ကျီကို ကောက်ပြီး ဝါးလုံးထိပ်မှာ ချည်ကာ

http://www.cherrythitsar.org



မီးဒုတ်လုပ်သည်။ ပြီးတော့ ကားအတွက် အပိုတင်လာသော ဓာတ်ဆီပုံးကို ဓားပြတစ်ယောက်ကို သယ်ခိုင်းသည်။ ကားထဲက ဓာတ်ဆီကို ပိုက်နှင့် စုပ်ထုတ်ကာ အင်္ကျီ၊ လုံချည် ချည်ထားသော မီးဒုတ်နှင့် စိမ်သည်။

ကားမှာ ပလပ်ကြိုးတွေလည်း မရှိတော့ ဓာတ်ဆီလည်း မရှိတော့။

နေလုံးက ဝင်လုပြီ။

"ကဲ…ချောင်းကို ဖြတ်ကူးပြီး ချောင်းဘေးနားအတိုင်း လျှောက်မယ်"

"ဆ…ဆရာ။ ကျွန်မပစ္စည်းတွေက များတော့ တစ်ယောက်တည်းမနိုင်ဘူး ဆရာ"

"နိုင်သလောက်ပဲ ယူလေ။ မနိုင်တာ ထားခဲ့ပေါ့။ နေပါဦး… မင်းက ဘာလဲ"

"ကျွန်မက ခေါင်းဆောင်မင်းသမီး မေစိုးပါ ဆရာ"

ထက်ခေါင်က ယဲ့ယဲ့ကလေးပြုံးကာ ခေါင်းကို ခါသည်။ သူမသိဘူးဆိုသည့် သဘော။

"ဆရာ ကျွန်မကို ကူပေးပါလား"

"ဟော့ကောင်…။ ငါက ခေါင်းဆောင်ကွ။ မင်း အခု ဓားပြတိုက်ခံနေရတာ ရုပ်ရှင်ရိုက်ထွက်လာတာ မဟုတ်ဘူး။ လှဖို့ မလိုဘူး။ မသေဖို့ပဲ လိုတယ်။ ခရီးကြမ်းတယ်။ အရမ်းအေးတယ်။ အနွေးထည်နဲ့ စောင်တော့ ယူလာခဲ့။ အင်္ကျီက တစ်ထည်ဆို တော်ရောပေါ့။ နှစ်စုံထည့်ချင်လည်း ထည့်ပေါ့။ ဒါလောက်ပဲ"

"စားစရာတွေရော…ဆရာ"

"စားစရာ…"

ထက်ခေါင်က မေစိုးမိုးပြသည့်ခြင်းကို တွေ့တော့ ဝမ်းသာသွားပုံရသည်။

"ဟော့ကောင် တောက်တဲ့…လာစမ်း။ ဒီ…စားစရာခြင်း သယ်လာခဲ့။ ဟိုအဝတ်ပုံထဲမှာရော စားစရာတွေ့ရင် အကုန်သယ်ပြီးရင် မီးရှို့လိုက်တော့"

သူတို့ တစ်ကယ်ဓားပြတိုက်ခံရပါသည်။

သို့သော် သူတို့ ဖတ်ပြီး သဘောကျခဲ့သော ဇာတ်ညွှန်းထဲကလိုတော့ မဟုတ်။

●●●

http://www.cherrythitsar.org



## အခန်း ၂

"မင်းတို့ အခုသွားမယ့်ခရီးက ရုပ်ရှင်ရိုက်ဖို့ခရီး မဟုတ်တော့ဘူး။ ခရီးက ကြမ်းတယ်။ အခုဝတ်တဲ့ အဝတ်နဲ့ နောက်နှစ်စုံပဲ ထပ်ယူပါ။ ဘောင်းဘီရှိရင် ယူခဲ့ပါ။ ထဘီနဲ့ဆို ခရီးမတွင်ဘူး။ လက်နက်ဆိုလို့ ဘရိတ်ဓားတောင် မယူနဲ့။ တွေ့ရင် သတ်ပစ်မယ်...။ ဒါပဲ"

တစ်ဖွဲ့လုံး အဝတ်အစားတွေ၊ သေတ္တာတွေပုံထားရာသို့ ကမန်းကတမ်းပြေးကာ ကိုယ့်သေတ္တာအထုပ်ကို လှန်ကြ၊ ဖြည်ကြ၊ ရွေးကြသည်။ ဇော်လတ်ကတော့ အေးအေးဆေးဆေးပင်။ သူ့သေတ္တာကို ဖွင့်ကာ လယ်သာဂျာကင်နှင့် T ရှပ် နှစ်ထည်ကို ယူသည်။ ဘောင်းဘီနှစ်ထည်ကို ထည့်သည်။ ပြီးတော့ လှန်ကြည့်တော့ အေးမင်းသေတ္တာကို တွေ့ရသည်။ ရင်ထဲ နင့်ခနဲ ဖြစ်ကာသွား၏။ အခုတော့ အေးမင်း သေပြီ။ စိတ်ကို ဖြတ်ပစ်ရသည်။ ပြီးတော့မှ ဒါရိုက်တာဘက်လှည့်ကာ

http://www.cherrythitsar.org



မေးရသည်။

"ဆရာ့မှာ အနွေးထည်ပါလား ဆရာ"

"မပါဘူးကွ။ သိပ်ကောင်းကောင်း မပါဘူးပေါ့ကွာ"

"ဒါဆို…ရော့ ဆရာ။ ကျွန်တော် ဇာတ်အတွက် ဝယ်လာတာ။ ရာသီဥတုက ဆောင်းတောထဲဆိုတော့ အရမ်းအေးမှာ ဆရာရဲ့"

ဇော်လတ်က သူ့ဂျာကင်တစ်ထည့်နဲ့ ခေါင်းစွပ်တစ်ထည်ကို ပေးသည်။ ဦးတင်ကိုက ကျေးဇူးပဲဟူသော သဘောနှင့် ပြုံးပြသည်။ ဇော်လတ်က သူ့ရှူးဖိနပ်ကို ချွတ်ပြီး တောနင်း Bock လည်ရှည်ဖိနပ်ကို ဝတ်သည်။ ကျောပိုးအိတ်ထဲကို T ရှပ်နှစ်ထည်နှင့် အနွေးထည် အင်္ကျီတစ်ထည်၊ ဂျင်းဘောင်းဘီနှစ်ထည် ထည့်သည်။ ပြီးပြီ။

ဟိုဘက်အဖွဲ့ကတော့ ဘေထုပ်သည်ကို အုံရွေးသလို ရွေး နေကြ၏။ ကိုယ့်ပစ္စည်းဆိုတော့ ဟိုပစ္စည်းကိုလည်း မထားရက်၊ ဒီဟာ လည်း မယူမဖြစ် ဖြစ်နေကြသည်။ အဆိုးဆုံးက လူကြမ်းအဖွဲ့ဖြစ်၏။ သူတို့မှာ အဝတ်အစားကောင်းကောင်းမပါ။ လူဆိုးဗိုလ်လုပ်မည့် ယက္ခ ကြီးတစ်ယောက်သာ ကားတိုင်းမှာ သူဝတ်လေ့ရှိသည့် ကုတ်အင်္ကျီကြီး ပါသည်။ ဒါနဲ့ ဇော်လတ်က ကျန်အဖွဲ့ကို အေးမင်းထည့်လာသော အနွေးအင်္ကျီတွေ ဝေပေးလိုက်ရသည်။

ပြဿနာအတက်ဆုံးက မေစိုးသာ ဖြစ်၏။ ရုပ်ရှင်ရိုက်ဖို့အတွက် သူဝယ်ထားသည့် အင်္ကျီတွေက အသစ်တွေ…။ တစ်ထည်မှပင် မဝတ် ရသေး။ အနွေးထည်ကလည်း ပါးပါးလှလှတွေပဲ ပါသည်။ ဂျင်းဘောင်းဘီ တစ်ထည်ပါသဖြင့် တော်သေးသည်။ ပြီးတော့…မိတ်ကပ်ဘူးတွေ။ ဒါတွေ ကိုလည်း မထားခဲ့နိုင်။ ပြီးတော့ ဘီး၊ မှန်၊ ကလစ်တွေ…။ တစ်ချက် ခိုးကြည့်တော့ အဝတ်အစားရွေးနေသူတွေကို ဓားပြတွေက သေနတ်နှင့် ချိန်ထားကာ ကြည့်နေကြသည်။ အလစ် မပေးကြ။

သူကတော့ ဒီဘက် ကမ္ဘကလေးနာမှာဆိုတော့ ကြည့်မည့်သူ သိပ်မရှိ။ မထူးတော့တာမို့ အလှပြင်ပစ္စည်းအားလုံးနှင့် အင်္ကျီတော်တော်

http://www.cherrythitsar.org



များများကို သေတ္တာထဲထည့်ကာဂျင်းဘောင်းဘီကိုတော့ ပခုံးပေါ် တင်ထားလိုက်သည်။ မာမီနွေးလည်း သေးပြီ။ ဓားပြလည်း အတိုက်ခံနေရသဖြင့် အားငယ်စိတ်ကြောင့် မျက်ရည်အလိုလိုကျလာသည်။ မလုံမလဲစိတ်နှင့် လှည့်ကြည့်တော့ သူကို ပြုံးကာကြည့်နေသော ထက်ခေါင်ကို တွေ့ရသည်။ သူ သေတ္တာကို ကမန်းကတမ်းပိတ်၊ မျက်ရည်ကို သုတ်ရသည်။ ထက်ခေါင်က ပြုံးပဲနေသည်။ ဘာမှတော့ မပြော။ ထက်ခေါင်က မေစိုးကို ပြုံးကြည့်နေတာကို တွေ့သူတစ်ဦး ရှိသေးသည်။

ဇော်လတ်…။

မေစိုးမိုး မျက်စောင်းထိုးကာ တစ်ဘက်သို့ လှည့်သည်။ အင်္ကျီရွေးချိန်ပြီးတော့ အားလုံး ကိုယ့်အထုပ်နှင့်ကိုယ် မတ်တပ်ရပ်ရသည်။ ဓားပြတစ်ယောက်က လိုက်စစ်သည်။ လေးငါးထည် ထည့်လာသူကို ကြုံရာအင်္ကျီတွေ လွှင့်ကာပစ်၏။ နှစ်စုံပဲလို့ ပြောထားတာ မဟုတ်လား…ဟု အော်သည်။ မေစိုးအလှည့်ကျတော့ ဒေဝက ထက်ခေါင်ကို လှမ်းကာကြည့်သည်။ ထက်ခေါင်က လက်ညှိုးဖြင့် ကျော်ရန် အမိန့်ပေးသည်။

အားလုံးကိစ္စပြီးတော့ နံဘေးက ချောင်းအတိုင်း မြောက်ဘက်ကို လျှောက်ရသည်။ တစ်နာရီလောက် လျှောက်ပြီးတော့ ချောင်းရေက ချေကျင်းဝတ်လောက်ပဲ ရှိတော့သည်။ သူတို့ ချောင်းဖျားကို ဆန်တက်လာတာဟု ဇော်လတ်စိတ်ထဲက မှတ်ထားလိုက်၏။

‘‘ချောင်းကို ဖြတ်မယ်’’

ဒေဝအသံကြောင့် သူတို့ ချောင်းထဲ ဆင်းကြရသည်။ ဇော်လတ်က တောနင်းဖိနပ်စီးထားသဖြင့် မသိသာသော်လည်း ကျန်တဲ့သူတွေ ချောင်းထဲဆင်းတာနှင့် တွန့်ခနဲ၊ တွန့်ခနဲ ဖြစ်သွားကြ၏။ ချောင်းရေက တော်တော်အေးဟန်တူပါသည်။ မှောင်စပြုလာပြီ။

အေးမင်းနှင့် မာမီ (၁၅)မိနစ်လောက် ငြိမ်နေပြီး အသံတွေ လုံးဝတိတ်သွားတော့မှ မာမီနွေးက ထကာထိုင်သည်။ အေးမင်းကတော့ လှဲနေဆဲ။ ‘မတော် အစောင့်တစ်ယောက်လောက် ထားခဲ့လို့ ထပစ်မှ

http://www.cherrythitsar.org



ဖြင့်··’ ဆိုသည့်အတွေးနှင့် ဖြစ်သည်။ ခဏကြာသည့်အထိ ဘာသံမှ မကြားတော့မှ မာမီနွေးက ရှုပ်ပွနေသော အဝတ်ပုံဆီ ပြေးငိုသည်။ ဒီတော့ အေးမင်း နောက်က လိုက်လာခဲ့သည်။

“မမ ပါသွားပြီ···။ မမကို သူတို့ ဖော်တကမ်းသွားပြီ။ ဘယ်လို လောတကုတ်မလဲ···အေးမင်းရဲ့။ မမကို ဖော်တကမ်းသွားကြပြီ···။ ဟီး···ဟီး”

အေးမင်းက မာမီဖက်ငိုတာကို အရင်ခွါသည်။ မာမီနွေးက ဖက်ကာ ရှိုက်ကြီးတငင် ငိုသည်။

“သေချင်းဆိုတွေ···အဟီး···ဟီး···။ မမကို ဖော်တကမ်းသွား တယ်”

“နေစမ်းပါဟာ···။ နင်က တစ်မျိုး”

အေးမင်းက မာမီ့လက်ကို အတင်းဆွဲဖြုတ်ပစ်ရသည်။ မာမီက ဒူးထောက်လျက်ကျကာ ငိုသည်။ အေးမင်းက သူ့သေတ္တာထဲက အင်္ကျီလက်ရှည်တစ်ထည်နှင့် ကျန်ခဲ့သော အနွေးထည်တစ်ထည်ကို ယူသည်။ ပြီးတော့ တောလိုက်ဓါးမြှောင်တစ်ချောင်းကို ယူသည်။ ကားရိုက်သည့် အထဲတွင် ပါသောကြောင့် သူ့အစ်ကိုနှင့် သူကိုယ်တိုင် စိတ်ကြိုက်ရွေး ထားသော ဓါးမြှောင်ဖြစ်၏။

ကားပေါ်တက်ကြည့်တော့ ကားက ဘာမှ ရစရာမရှိတော့။ အေးမင်း ဘာလုပ်မလဲ စဉ်းစားသည်။ ရိက္ခာအတွက် တင်လာသော ဆန်အိတ်တွေကိုလည်း မသွားကြပြီ။ အလင်းရောင်က သိပ်မရှိချင်တော့။ ဒီကို ကားလမ်းမကနေ နာရီဝက်လောက် မောင်းခဲ့ရသည်။ ယောက်ကျ်ား ခြေနှင့်ဆိုလျှင် တစ်နာရီလောက် ကြာမည်။

“ဟေ့ကောင် ငိုမနေနဲ့။ ဒီကနေ လမ်းလျှောက်ရင် ကားလမ်း ကို တစ်နာရီလောက်ပဲ ကြာမယ်။ မမှောင်ခင် ငါတို့ ကားလမ်းကို ရောက်နိုင်တယ်။ လာ···ငိုမနေနဲ့။ ပြီးတော့ မင်းစကတ်ကိုလဲ၊ ဘောင်းဘီ ဝတ်”

http://www.cherrythitsar.org



“အံမာ…ဘာဖြစ်လို့ လောတကဲရမှာလဲ”

မာမီဆိုလျှင် အရမ်းမုန်းသော သူ့ကျမှ ဒီမာမီနဲ့ ကျန်ရစ်ခဲ့သည်။

“မလဲရင် ခရီးမတွင်ဘူးကွ။ မမှောင်ခင် ကားလမ်းကို ရောက်မှ ဖြစ်မှာ။ သူတို့က ငါတို့ကို သေပြီလို့ ထင်နေတာ…။ အချိန်ရှိတုန်း လမ်းကို မှန်းလို့ရတုန်း ထွက်ပြေးမှရမှာ”

မာမီနွေးက စကားဆုံးတော့ ဝုန်းခနဲ ထကာရပ်သည်။

“ဘာ…ထွက်ပြေးမယ်…ဟုတ်လား။ နင် တော်တော် တော်သကစ် စော်တကာ မရှိတဲ့ကောင်ဘဲ။ ကိုယ့်ကျေးဇူးရှင်တွေကို ဖော်တကမ်း ထော်တကားတာတောင် ထော်တကွတ် ပျော်တကေးချင်းသေးတယ်”

“မင်း ငါ့ကို စကားပြောရင် လူလိုပြောစမ်း။ ခြောက်လို မပြောနဲ့”

“ဟဲ့…အချော်ကကောက်လဲ လောတကူပဲဟဲ့။ ကိုယ်ကျေးဇူးရှင်နဲ့ ကိုယ့်အစ်ကို ဒုက္ခရောက်နေချိန်မှာ ပျော်တကစ် ပျော်တကေးတာ နင်။ နင်သော်တကစ် စော်တကာ မရှိတာဘဲ။ နင် မရှော်တကတ်ဘူးလား”

အေးမင်း တော်တော်စိတ်တိုကာ သွားသည်။

“ငါ ထွက်ပြေးတာ မဟုတ်ဘူး။ ကားလမ်းမကို ရောက်မှ ကားကြုံတစ်စင်းနဲ့ နီးရာမြို့ကို လိုက်ပြီး ရဲစခန်းမှာ သတင်းပေးပြီး လိုက်မှရမှာ…။ သူတို့မှာ သေနတ်တွေနဲ့”

“ရော်တကဲတွေလာတော့ ဟိုကောင်တွေက မမတို့ကို ဓားစာခံလုပ်ပြီး သတ်ရင် ဘယ်လို လော်တကုတ်မလဲ”

“ဟ…ဒီလို မဖြစ်အောင်တော့ ပြည်သူ့ရဲတွေက တာဝန်ယူပါတယ်ဟာ”

“ဒီမှာ…။ နင် ရှော်တကတ်မရှိ၊ သော်တကပ်သော်တကိ မရှော်တကိရင် နေခဲ့။ ငါကတော့ လော်တကိုက်မှာပဲ”

http://www.cherrythitsar.org



"အောင်မာ…။ ငါက ယောကျ်ား။ ယောကျ်ားစစ်စစ်…။ သတ္တိရှိတယ်။ နင်က ဘာလဲ"

အေးမင်းက ဒေါသတကြီးနဲ့အော်တော့ မာမီ ကြောက်ကာသွားသည်။ သူက ဘာ…။

"အေး…ငါ့ဘာသာ ဘော်တကာဖြစ်ဖြစ်၊ မမတို့ကိုတော့ သွားကယ်မှ ဖြစ်မယ်။ နင် သော်တကပ် တော်ကတိ မရှော်တကိရင်နေခဲ့"

ပြောရင်းဆိုရင်း မာမီက စကတ်ကို စွန်တောင်စွဲကာ ကော့ကော့ကော့ကော့နှင့် ထွက်ကာသွားသည်။

"ဟား…တောက်"

အေးမင်း ဘာလုပ်ရမှန်းမသိ။ သူ့အစ်ကိုအတွက် စိတ်မချတာလည်း အမှန်ပင် ဖြစ်သည်။ တာဝန်ရှိသူတွေခေါ်ပြီး လိုက်တော့လည်း လမ်းကို သူက သိသူမဟုတ်။ နောက်ဆုံး စိတ်ကို ဆုံးဖြတ်ကာ မာမီနောက်သို့ လိုက်ခဲ့သည်။ မာမီက မျက်စောင်းထိုး၏ ယောကျ်ား အချင်းချင်း မျက်စောင်းထိုးခံရတာ တော်တော်စိတ်ပျက်ဖို့၊ ရှက်ဖို့ ကောင်းသည်။ ပြေးပြီး ဆွဲထိုးချင်းစိတ်ကို မနည်းထိန်းထားလိုက်ရ၏။

စမ်းချောင်းကို ဖြတ်ပြီးတော့ နာရီဝက်ခန့် တောနက်ကလေးထဲကို ရောက်ကာသွားသည်။ အလင်းရောင်က လုံးဝမရှိတော့။ ဒီတော့မှ အင်္ကျီတွေနှင့် ဓါတ်ဆီဆွတ်ထားသော မီးဒုတ်တွေကို ဓားပြအဖွဲ့က ထွန်းသည်။ ထိုအလင်းရောင်နှင့်ပင် သူတို့ ကွေ့သည့်ဘက်ကွေ့၊ သူတို့ သွားသည့်ဘက်ကို လိုက်ကြရသည်။ ဘယ်နေရာရောက်လို့ ရောက်ကုန်မှန်း ဖော်လတ်လည်း မမှတ်တတ်တော့။

နောက်ဆုံး တောင်ပူစာတစ်လုံးကို ဘွားခနဲတွေ့ပြီး လူတက်သည့် လမ်းကလေးရှိတာကိုလည်း တွေ့ရသည်။ သူတို့က အလွယ်တကူ တက်နိုင်ကြသော်လည်း ရှုတင်အဖွဲ့ကလူတွေ မတက်နိုင်ကြ၊ အသက်ကြီးသူတွေဆို လေးဘက်ထောက် တက်ကြရ၏။ ယောကျ်ားလေးတွေက

http://www.cherrythitsar.org



တော့ တစ်ယောက်နှင့်တစ်ယောက် ဖေးမရင်း မိန်းမသားတွေကို ကူရသည်။

အပေါ်ရောက်တော့ ပေ(၈၀) မြေပြန့်ကို တွေ့ရသည်။ စောင်၊ ပန်းကန်ခွက်ယောက်နှင့် မီးအိမ် အစရှိသည့် အသုံးဆောင်တွေကို လည်း တွေ့ရသည်။ ဒါ…သူတို့စခန်း ဖြစ်ပုံရသည်။ ဒေဝက မီးတိုင်ကို စိုက်ကာ အောက်လင်းမီးခွက်ကို ခါတ်ဆီထည့်ပြီး ထွန်းသည်။ ပြီးတော့ သူတို့ကို လက်တွေ ခေါင်းပေါ်တင်ကာ ထိုင်ခိုင်းသည်။

ထိုင်ချလိုက်တော့မှ မြေကြီးမဟုတ်ဘဲ ကျောက်သားမှန်း သိရ၏။ ကျောက်သားပြင်က တစ်နေ့လုံး နေပူထားသဖြင့် နွေးကာနေသည်။ လေကတော့ တောင်ပူစာလည်းဖြစ်၊ ဆောင်ကုန်ခါနီးလည်း ဖြစ်သဖြင့် အေးစိမ့်ကာနေ၏။

ထက်ခေါင်က ကျော်တုံးတစ်တုံးပေါ် ထိုင်ကာ စီးကရက် တစ်လိပ်ကို မီးညှိကာ ရှိုက်ဖွာသည်။ ပြီးတော့ ဒေဝကို ကြည့်ကာ မေးဆတ်ပြသည်နှင့် ဒေဝအသံက ဟိန်းခနဲ ထွက်သည်။

"အားလုံး မတ်တပ်ရပ်"

ချောင်းအတိုင်း ခြေရာခံလိုက်လာကြရင်း ချောင်းဆုံးခါနီး လောက်မှာ ခြေရာတွေ ပျောက်ကာသွား၏။ သူတို့အတွက် အားကိုး စရာဆို၍ ကားပေါ်မှာ ကျန်ရစ်ခဲ့သော နှစ်ထောင့်ထိုး ဓါတ်မီးကလေး တစ်ခုသာ ရှိသည်။ ဟိုဒီထိုးကြည့်သော်လည်း ခြေရာက ပျောက်ကာ သွားသည်။

"ချောင်းကို ဖြတ်သွားတာပဲ ဖြစ်ရမယ်။ လာ…"

သူတို့ ချောင်းကိုဖြတ်တော့ ခြေရာကို ပြန်တွေ့ကြရ၏။ နောက်ဆုံး ခြေရာက တောနက်ထဲ ရောက်ကာသွားသည်။ အောက်ခံက မြက်ပင်တွေဆိုတော့ ခြေရာခံရတာ မလွယ်။ သို့သော် လူအယောက် (၃၀)နီးပါး လျှောက်သွားသည့်လမ်းဆိုတော့ အနင်းခံထားရသော မြက်ပင် ကလေးတွေကို ကြည့်ကာ လိုက်ရ၏။

http://www.cherrythitsar.org



မြက်ပင်တွေဆုံးတော့ ကျောက်တုံးကျောက်ခဲပြင်ကို တွေ့ရသည်။ ခြေရာခံရတာ ပိုခက်သွား၏။ ခါတ်မီးကို မာမီက တစ်လှည့်ကိုင်ကာ ရှာသည်။

“ဟာ…တော်တကွေ့ပြီးဟော့။ ဒီမှာ ချော်တကီးတစ်ပုံ တွေ့ပြီ အေးမင်း”

“ချီးပုံတွေ့တော့ ငါက ဘာလုပ်ရမှာလဲ။ နင်ဆာရင် နင့်ဘာသာ စား”

“မိုက်ရိုင်းလှချည်းလား ငတုံးကောင်ရဲ့။ ဒါကိုတွေ့တော့ သူတို့ ဒီအပေါ်တက်တယ်ဆိုတာ သေချာတာပေါ့ဟဲ့…ကော်တကောင်ရဲ့”

“အေး…ဒါဆိုလည်း တက်ဟာ…”

“နေဦး…။ ချော်တကီးပေါ်တကာတယ်ဆိုတာ လူကွယ်ရာမှာ လောတကုတ်ရတာ…။ ဒီကျောက်တုံးကို ကွယ်တာဆိုတော့ ဟိုဘက် သွားတာ ဖြစ်ရမယ်။ လာ…ခြေရာကြည့်မယ်”

မာမီပြောတဲ့အတိုင်း မှန်နေသဖြင့် ထိုလမ်းအတိုင်း တက်ကြ သည်။ မာမီက စကတ်နဲ့ဆိုတော့ နှစ်ခါသုံးခါ ပြုတ်ကျသည်။ အေးမင်း မဆွဲဘဲ မသိချင်ယောင် ဆောင်နေလိုက်သည်။ မှောင်ကြီးမဲကြီးထဲ တက်ရသဖြင့် တော်တော်ခက်သည်။ ခါတ်မီးရောင်ကိုလည်း သိပ်မထွန်း ရဲ၊ နောက်ဆုံး မာမီသွားသလိုပင် အေးမင်းလည်း လေးဘက်ထောက်ကာ သွားတော့မှ အဆင်ပြေသည်။

တောင်ပူစာကလေးထိပ်ကို ရောက်တော့ မီးရောင်ကို တွေ့ရ သဖြင့် သူတို့ အသာဝပ်ကာ တက်ရသည်။ ကျောက်တုံးစွယ်တစ်ခု နံဘေးက လှမ်းကြည့်တော့ မြင်ရသည့်မြင်းကွင်းက မကောင်း…။

ဓားပြတစ်ယောက်က အစွန်ဆုံးမှာ တန်းစီရပ်နေကြသော ရှုပါ၊ အိလေးနှင့် ဒေါ်ခင်မြ၊ ဒေါ်စုဟန်၊ ဒေါ်မေခင်တို့ရှေ့မှာ ရပ်သည်။ ပြီးတော့ စပ်ဖြဲဖြဲတစ်ချက်ရယ်ကာ ရှုပ့်ပါးကို လှမ်းကာ ကိုင်သည်။ ရှုပါက လက်ကိုပုတ်ထုတ်ရင်း…

http://www.cherrythitsar.org



"အသားကို လာမထိနဲ့နော်"

ဟု ခပ်ထန်ထန်အော်သည်။

ခါးကြားက ဓါးမြှောင်ကို ထုတ်ကာ မြေကြီးကိုပစ်ပေါက်ကာ ကစားနေသော ထက်ခေါင်က…

"ဟော့ကောင် ဖြူသီး။ အပိုတွေ မလုပ်စမ်းနဲ့ကွာ။ ကိုယ့်အလုပ်ကိုယ်လုပ်စမ်း"

"ဟုတ်ကဲ့ ဆရာ။ ကဲ…ဝတ်ထားတဲ့ပစ္စည်းတွေ အကုန်ချွတ်စမ်း"

ရူပါက ဆွဲကြိုး၊ နားကပ်၊ **Hand Chane** လက်စွပ် အကုန်ချွတ်ကာ ထည့်ပေးလိုက်သည်။ အိလေးအလှည့်ရောက်တော့ ဘာမှ မလုပ်ရသေးခင်ကတည်းက အိလေးက အကြောက်လွန်ကာ အိခနဲ တစ်ချက်ငိုသည်။

"ကဲ…ချွတ်…ချွတ်စမ်းဟာ…"

အိလေး အကြောက်လွန်ကာ ခြေတွေလက်တွေ တုန်နေသဖြင့် တော်တော်နှင့် ဟမ်းချိမ်းက ချွတ်၍မရ။ ဓားပြက စိတ်မရှည်တော့။ အိလေးလက်ကို ကိုင်ကာ ဟမ်းချိမ်းကို စောင့်ကာ ဆွဲပစ်လိုက်သည်။

"အား…အမေရေ…"

"အမလေးတော် အမလေး…"

အိလေးအော်သံနှင့်အတူ ချောင်းကြည့်နေသော မာမီကပါ လန့်ပြီး အော်သဖြင့် အသံလာရာဆီသို့ ဓားပြတွေ ချက်ချင်းရောက်ကာ ချိန်ထားပြီးပြီ။

"ဟော့ကောင်တွေ၊ ထွက်ခဲ့"

"ဟာ…ညီလေး အေးမင်း"

"ဟယ်…မာမီ…"

ဇော်လတ်နှင့် မေစိုး ဝမ်းသာအားရဖြစ်ကာ ကိုယ့်လူ ကိုယ်ပြေးဆွဲကြသည်။ ထက်ခေါင်က ဘာမှမပြော။ ဒေဝက ဖြူသီးနှင့် မိုးလုံးကို

http://www.cherrythitsar.org



ကြည့်သည်။ ဖြူသီးက···

"ဟော့ကောင်···။ သမင်၊ ဒရယ် ပစ်လာတဲ့ ကောင်ပါဆိုကွ။ အခု ကြည့်ပါဦး။ ရုပ်တောင် မထိဘူး"

"မင်းအရော ဝမ်းတောင့်၊ ဝမ်းဒိုင်း၊ ဝမ်းတစ်သက်ဆိုကွ"

ထက်ခေါင်က ဓါးကို သိမ်းကာ သူ့လူနှစ်ယောက်ရှေ့သို့ လာကာရပ်သည်။

"မင်းတို့က လက်ဖြောင့်ပါတယ်။ ဇက်ကလေး နည်းနည်း စောင်းနေလို့ပါ"

စကားဆုံးသည်နှင့် ဖြူသီးနှင့်မိုးလုံးကို နားရင်းတစ်ယောက် နှစ်ချက်စီ အုပ်သည်။ ဟိုကောင်တွေ တစ်ခွန်းမှ ပြန်မပြောရဲ။ ခေါင်းပင် မဖော်ရဲ။

"သွား···။ ပစ္စည်းယူတဲ့ကိစ္စ ဆက်လုပ်ကြ"

ပြောရင်း ထက်ခေါင်က မတ်တပ်ရပ်နေကြသော ဓော်လတ်တို့ကို တစ်ယောက်ချင်း ကြည့်သည်။ မေစိုးမိုးရှေ့မှာ ခဏလေး ကြာကြာရပ်ကာ စီးကရက်ငွေ့နှင့် ဖွဖွကလေးမှုတ်သည်။ ပြီးတော့ ပြုံးကာ ထွက်သွားသည်။

ဒါကို ဖြူသီးနှင့် မိုးလုံးက တွေ့ကာ မေစိုးဆီကပစ္စည်းကို အရင်ယူရမည်ဟု သဘောပေါက်ကာ မာမီနွေးကို အရင်တောင်းသည်။

"ရှိတာ အကုန်ချွတ်"

"ဘာ···။ ရှင် ဘာစကားပြောတာလဲ။ ဘာလို့ အကုန်ချွတ်ရမှာလဲ။ သော်တကေတောင် မချွတ်ဘူး။ သိလား···"

ဖြူသီးလဲ အူကြောင်ကြောင် ဖြစ်ကာသွား၏ ဒီတော့မှ မိုးလုံးက···

"ဟော့ မင်းဝတ်ထားတဲ့ ပစ္စည်းတွေကို ပြောတာ···"

"အဲ့ဒီလို ပြောတကောပါလား"

မာမီနွေးက ပစ္စည်းတွေ ချွတ်ကာ ထည့်ပေးစဉ် ဖြူသီးက

http://www.cherrythitsar.org



မိုးလုံးကို ကပ်ကာ မေးသည်။

"သူပြောတာ ဘာစကားလဲကွ"

"မသိဘူး။ ပစ္စည်းရ ပြီးတာပဲကွာ"

မေစိုးအလှည့်ရောက်တော့ မေစိုးက ဆွဲထားသော ဆွဲကြိုး၊ လက်ကောက်နှစ်ရံ၊ လက်စွပ်သုံးကွင်းကို ချွတ်ကာပေးသည်။

"နားကပ်"

မေစိုး စိတ်ညစ်ကာ သွား၏။ ဒီနားကပ်က အတုတွေမဟုတ်။ အစစ်။ ဒီတော့ အိုက်တင်ကို သုံးရသည်။ မျက်နှာပျက်ကာ မျက်ရည် ချက်ချင်းဝဲကာ တက်လာ၏။ အသံက တုန်ယင်ကာ နှာခေါင်းနီကာ လာသည်။

"အစ်ကိုရယ်...။ ဒီနားကပ်ကိုတော့ မလုပ်ပါနဲ့။ ကျွန်မအဘွား မဆုံးခင်က...ပေး ပေး...ပေးခဲ့တဲ့ အမှတ်...တ...ရ ပစ္စည်းလေးမို့ ပါနော်"

ဖြူသီး ငိုင်ကာသွား၏။ သို့သော်...မိုးလုံးက မရ။

"မင်းအဘွားက ငါ့အဘွားမှ မဟုတ်တာ။ ချွတ်...။ အခု ချွတ်...။ ပြီးတော့ မင်းသမီးလည်းဆိုသေး နောက်ကလိုက်တဲ့ တပည့်မ လောက်တောင် ပစ္စည်းက မရှိဘူး။ ချွတ်...အခုချွတ်။ ဘာမင်းသမီး နာမည်ကြီးလဲ"

မိုးလုံးစကားကြောင့် မေစိုး ဒေါကန်သွား၏။

"အံမာ နင့်လို တေလေကြမ်းပိုး၊ သူခိုး၊ ဓားပြကများ ငါ့ကို...။ ဟေ့ မာမီနွေး...ငါ့ဆွဲကြိုး၊ ပေးလိုက်စမ်း။ ပေးလိုက်..."

မေးစိုးစကားကြောင့် မာမီနွေးက သူ့ဖိနပ်ထဲ ထည့်ထားသော ဆွဲကြိုးကို ဖိနပ်ချွတ်ကာ ပေးသည်။

"မမ...ဟမ်းချိန်းရော..."

"ပေးလိုက် ပေးလိုက်"

"ဟို...ဟို...စိန်လည်တုံရော မမ"

http://www.cherrythitsar.org



"ပေးလိုက်ဟေ့…။ အကုန်သာ ပေးလိုက်"

မေစိုးက ဒေါသဖြင့် အော်သည်။ မာမီနွေးက ထုတ်ကာ ပေးသည်။

"မမရင်ဘတ်ထဲက ရွှေဘီးကိုတော့ မပေးနဲ့ မမ"

"ကဲ…မရွှေမာမီရိုးရေ…။ ရှိတာလည်း ကုန်ပြီ။ ရော့…ရွှေဘီး။ မကျေနပ်လဲ ကြိုက်သလိုရှာတော့။ အဲ့ဒါ ရှိတာအကုန်ပဲ"

မေစိုး၏ ဒေါသသံကိုကြားတော့ ထက်ခေါင်က ပြုံးကာ ခေါင်းကိုမော့ရင်း စီကရက်ငွေ့တွေကို မှုတ်ကာထုတ်သည်ကို ဇော်လတ်တွေ့သည်။ မေစိုးပြီးတော့ အေးမင်းအလှည့်။ အေးမင်းမှာက ရွှေဆွဲကြိုးတစ်ကုံးသာ ပါသည်။ လက်မှာ ငွေလက်စွပ်ကလေး တစ်ကွင်းတော့ ရှိ၏။

"ဟေ့ကောင်…။ မင်းလက်က လက်စွပ် ချွတ်"

"ဟာ…ဒါတော့ မလုပ်ပါနဲ့ဗျာ။ တန်ဖိုးလည်း ခင်ဗျားတို့အတွက် ဘာမှမရှိပါဘူး။ ကျွန်တော့်ချစ်သူက ပေးထားတဲ့ အမှတ်တရပစ္စည်းမို့ပါ"

"ဟေ့ကောင်။ ဒါ…ဓားပြတိုက်နေတာ။ အပိုတွေ ပြောမနေနဲ့။ ချွန်ဆို ချွတ်လိုက်"

"တန်းဖိုးရှိတာ ပေးပြီးပြီပဲဗျာ…တော်ရောပေါ့။ မပေးနိုင်ဘူးဗျာ"

"ဟာ…ဒီကောင်…။ ကဲကွာ…"

မိုးလုံးက သေနတ်ဒင်ဖြင့် အေးမင်းခေါင်းကို လွှဲကာ ရိုက်သည်။ သွေး ဖြန်းခနဲထွက်ကာ နံဘေးက မေစိုးမျက်နှာကိုပါ စင်သည်။ သွေးသံရဲရဲကို တွေ့ရသဖြင့် မေစိုး လန့်ကာ မူးလဲသွားမလိုဖြစ်သည်ကို ထက်ခေါင် လှမ်းဆွဲသော်လည်း ဇော်လတ်နှင့်နီးသဖြင့် ဇော်လတ်က လက်မောင်းကို အရင်ကိုင်မိသည်။

ဒါပေမဲ့ မေစိုးက ဇော်လတ်လက်ကို ပုတ်ထုတ်ကာ ထက်ခေါင်လက်မောင်းကိုသာ လှမ်းကိုင်ပြီး ဖေးကာထားသည်။ ဇော်လတ်နှင့်

http://www.cherrythitsar.org



ထက်ခေါင်တို့ မျက်ဝန်းချင်း ဆုံကြသည်။ ဇော်လတ်က မျက်နှာလွှဲပြီး အေးမင်းဒါဏ်ရာကို ကြည့်သည်။ ချိုစောင်း ပေါက်သွားရုံသာဖြစ်သည်။ ကိစ္စမရှိ။

ဇော်လတ်က သူ့မှာရှိသော ပစ္စည်းများအကုန် အေးအေးပင် ချွတ်ပေးလိုက်သည်။ ထက်ခေါင်က မေစိုးမိုးကိုတွဲကာ အနီးရှိ ကျောက်တုံးတစ်တုံးပေါ်တွင် မှေးကာ ထိုင်စေသည်။ ဇော်လတ် တစ်ချက်လှမ်းကြည့်သည်။ ဇော်လတ်နှင့် မေစိုးတို့ မျက်ဝန်းချင်း တစ်မိနစ်လောက် ဆုံကြသည်။

ဒေါ်စုဟန်ဆိုသော ဇာတ်ပို့မင်းသမီးကြီးရှေ့ကို ရောက်တော့ ဖြူသီးက မေးဆတ်ကာ ပြသည်။

"သားတို့ရယ်…အမေက အသက်ကြီးပါပြီ။ ဒါတွေ မလိုတော့ပါဘူး။ လူပဲလိုတာပါ"

"ဟာ…ဒီအဘွားကြီး ဘာတွေပြောနေတာလဲ။ ကျုပ်တို့က လူတောင်းနေတာ မဟုတ်ဘူး"

"ဟုတ်ပါတယ်ကွယ်…ဟုတ်ပါတယ်။ အမေကလည်း လူဆိုတာ အသက်ကို ပြောတာပါ သားရယ်။ ဟော…ဒါက ဘတ်ကြိုး။ ဟောဒါက မောင်နှံခုနစ်ဖော်လက်ကောက်။ ဒီလက်က လက်စွပ်ကလေးတော့ မလုပ်ပါနဲ့။ သွားလေသူကြီးရဲ့ ပစ္စည်းကလေးမို့ပါ"

"သွားလေးသူတို့၊ အမှတ်တရတို့ တော်တော်လုပ်ကြတဲ့ လူတွေပါလား။ ရှည်တယ်ဗျာ…ခေါင်းက ရွှေဘီးကြီး ချွတ်"

ဖြူသီးက စိတ်မရှည်သလို အော်သည်။

ဒေါ်စုဟန်က ရွှေဘီးကို ကမန်းမတမ်းချွတ်ရင်း ဖြူသီးနားကပ်ပြော၏။

"အဲ့ဒါ…အတုကြီး သားရဲ့။ ဘယ်သူမှ မသိစေနဲ့နော်"

ရှုပ်ပါ့မိခင်၊ ဒေါ်မေခင် စသည်တို့က ရှေ့လူများလို ပစ္စည်းကို တွယ်တာမနေကြတော့။ တောင်းသည်နှင့် အသာတကြည် ချွတ်ပေး

http://www.cherrythitsar.org



လိုက်ကြသည်။ ထို့နောက် ဒါရိုက်တာ ဦးတင်ကိုအိတ်ကို ယူရှာတော့ ငွေလေးသိန်း တွေ့သဖြင့် ဓားပြတွေ အရမ်းအူမြူးကာသွားသည်။ သူတို့ဆရာ ထက်ခေါင်ကိုလည်း သတင်းပို့ကြ၏။ ထက်ခေါင်က ခေါင်းကို ညိတ်ကာ သိမ်းထားလိုက်ဟု ထည်ထည်ငြိမ်ငြိမ်ပင် ဆိုသည်။

လူကြမ်းအဖွဲ့ရှေ့ကို ရောက်တော့ မိုးလုံးနှင့်ဖြူသီး နှုတ်ခမ်းမွေးကားကား၊ ဗလတောင့်တောင့်နှင့် လူမိုက်ဂိုက်မျက်နှာရှိသော လူကြမ်းများကို ကြည့်ကာ နည်းနည်းဖြုံပုံရသည်။ နောက်ထက် လူနှစ်ယောက် ထပ်ခေါ်ကာ···

“ဟေ့ကောင်···။ ဒီကောင်တွေကိုယ်မှာ ရှာစမ်း”

ဖြူသီးတို့က သေနတ်နှင့်ချိန်ကာ ထိုနှစ်ယောက်က ရှာသည်။ ငွေအစိတ်သာ ဘောင်းဘီအိတ်ထဲက ထွက်လာသည်။ ဘာဆွဲကြိုး ဘာလက်စွပ်မှ မရှိ။

“ဟေ့ကောင်···။ မင်းနာမည် ဘယ်သူလဲ”

“ယက္ခ”

ဒေဝက ရှေ့ကို ထွက်လာကာ ‘မင်းအင်္ကျီ ချွတ်စမ်း’ဟု ဆိုသည်။ ယက္ခ အင်္ကျီချွတ်လိုက်တော့ ရင်ဘတ်မှာ ဘီ လူးခေါင်းရုပ်ဆေးမှင်ကြောင်ကြီးကို တွေ့ရ၏။

“မင်းက ဘာလုပ်တာလဲ”

“လူကြမ်း···”

“လူကြမ်း···။ အင်း···ငွေကျတော့ နလှချည်လား···။ အစိတ်····တဲ့။ အေး···ငါ့နာမည်လည်း မှတ်ထား။ ဒေဝတဲ့···”

“ထားပါတော့···။ ခင်ဗျား ကျုပ်တို့အဖွဲ့ကို ရှာမနေနဲ့။ ကျုပ်တို့က ရုပ်ရှင်စရိုက်မှ စရံရတာ···။ ကျုပ်တို့ရမယ့် စရံတွေ ခုနက ဒါရိုက်တာဆီက ရတဲ့ငွေထဲ ပါသွားပြီ”

ထိုစကားကြောင့် ဒေဝက···

“ကဲ···ဒါဆိုကြာတယ်ကွာ။ ဒီငမွဲတွေကို ထားလိုက်

http://www.cherrythitsar.org



တော့။ ဟိုဘက်ကကောင်…''

ကဖဲ့က လည်းပင်မှာ ဆွဲထားသော နှစ်ကျပ်သားဆွဲကြိုးကို ချွတ်ပြီးနေပြီ။

''ရော့…ဆွဲကြိုး။ နှစ်ကျပ်သား ရှိတယ်''

''အေး…အဲ့ဒီလိုမှပေါ့ကွ။ လွယ်ရင် အသားမနာတော့ဘူးပေါ့''

''ယူသာ ယူစမ်းပါဗျာ။ ဒါ…မနေ့က ရှုတင်မှာ ဒီကောင် ဖဲရှုံးထားတာ ပြန်မရွေးခင် ယူသာယူ။ နိုမို့ ရှုပ်နေဦးမှာ''

ကပ်ဖဲ့စကာဆုံးသော ထိုးဝါးက…

''ဟော့ကောင် ကပ်ဖဲ့။ မင်းဆီက ငါယူထားတာ ခုနစ်ထောင် ထဲ။ ငါ့ကြိုးက နှစ်ကျပ်သားကွ။ ငါပြန်ရွေးမှာ…''

''အေး…ရွေးချင်ရင် မင်းအဘဆီက မင်းပြန်ရွေးလေ''

ထိုးဝါး တော်တော်စိတ်ဆိုးကာ သွားသည်။ ရပ်နေရာမှ ရှေ့ ထွက်ရပ်ကာ ဒေဝကို ပြောသည်။

''ဆရာ…ဒီကောင် ပါးစောင်းထဲမှာ သူ့ နီလာလက်စွပ်ကို ငုံထားတယ်ဆရာ''

ဖြူသီးက နားရင်းအုပ်မည် ဟန်ပြင်တော့မှ ကပ်ဖဲ့က…

''ဟိုး…ဆရာ ဟိုး…။ ရော့…။ ဆရာတော်ဘုရားက အဲ့ဒါ လက်ဖွဲ့ပေးထားတာ။ အန္တရယ်ရောက်ရင် ငုံထားလို့ မှာလိုက်လို့ပါ''

ဒီတော့မှ ဒါရိုက်တာ ဦးတင်ကိုက ဝင်ရတော့သည်။

''ကဲ…ကျန်တဲ့လူတွေ မပေးရမှာလည်း မဟုတ်ဘူး။ အားလုံး အသာတကြည် ပေးလိုက်ကြတော့။ အချိန်ကြာတယ်''

ဦးတင်ကို စကားဆုံးသည်နှင့် ကျန်လူများ သူတို့ပစ္စည်းများကို အသာတကြည် ချွတ်ကာပေးကြသည်။ မှတ်ကြီးရှေ့ရောက်တော့ မှတ် ကြီးက သူ့ဘောလ်ပင်ကို ထုတ်ကာပေးသည်။

''ဟော့ကောင်…ဒါ ဘာလုပ်တာလဲ။ ဒီကောင်က ဘာလဲ''

''ကျွန်…ကျွန်တော့်အတွက်ကတော့…ငွေဆိုလည်း ဒါပါပဲ။

ရွှေဆိုလဲ ဒါပါပဲ ဆရာ…။ ဒါကြောင့်မို့ ဒါပဲပေးတာပါ…”

“မင်းက ဒီအဖွဲ့မှာ ဘာလုပ်တာလဲ”

“ရှူ…ရှူတင်မန်နေဂျာပါ ခင်ဗျာ…”

သူတို့ကို ပစ္စည်းများ သိမ်းနေချိန်တွင်ပင် ကျန်ဓားပြအဖွဲ့မှ လူများက သူတို့ကားပေါ်မှာ ပါလာသော ဆန်အိတ်နှစ်အိတ်ထဲက ဆန်တွေကို ချက်နေကြပြီ ဖြစ်သည်။ သူတို့ဆီက ပစ္စည်းတွေ ယူပြီးတော့ ဓားပြအဖွဲ့က သူတို့ကို အရင်လိုပင် လက်ပေါ်ခေါင်းတင်ကာ ထိုင်ခိုင်းထားသည်။ တစ်ယောက်မှ မလှုပ်ရ။ စကားမပြောရ။

ထမင်းကို မိုးပြဲဒယ်နှင့် ထည့်ခြင်းဖြစ်၏။ ပစ္စည်းပစ္စယတော့ စုံစုံလင်လင် မရှိ။ နေစရာအမိုးအကာ မရှိသဖြင့် သူတို့ယာယီတည်းသော စခန်းဖြစ်ရမည်ဟု ဇော်လတ်က တွက်သည်။

ခဏကြာတော့ သူတို့ရှေ့ကို ငှက်ပျောဖတ်တွေ တစ်ယောက်က လာချပေးသည်။ စမ်းချောင်းကလေးကို ဖြတ်တုန်းက ထက်ခေါင်က ငှက်ပျော်ရွက်တွေ ခုတ်ကာ လူကြမ်း သိန်းငှက်ကို ထပ်ခိုင်းတာ အခုမှ သဘောပေါက်သည်။ ထက်ခေါင်သည် ဓားပြဆိုသော်လည်း အရာရာကို တွက်ချက်တတ်သူဖြစ်ကြောင်း၊ ထက်ခေါင်မှာ လူမိုက်သက် သက် ဓားပြမဟုတ်ကြောင်း ဇော်လတ် မှတ်ထားရသည်။

ကျန် ဓားပြတွေကတော့ လက်ကလေးတွေ ခေါင်းပေါ်တင်ကာ မျက်ရည်ကျပြီး ငိုနေကြသော ရှုပါနှင့် အိလေးတို့ရှေ့မှာ ထိုင်ကာ အဆီပြန်နေသော မျက်နှာကြီးတွေနှင့် တဟီးဟီး တဟားဟား ရယ်မောကာ ရှုစားနေကြသည်။

ခဏကြာတော့ ဒေဝက ထက်ခေါင်ထံသို့ မေစိုး အသားဘူးတွေကို မကာ ရောက်သွားသည်။

“ဆရာ…။ ဒါ ဘာတွေလဲ ဆရာ”

ဒေဝပေးသော ဘူးတစ်ဘူးကို ထက်ခေါင်က မီးရောင်မှာ ထောင်ကြည့်ကာ စာကိုဖတ်သည်။ ပြီးတော့ ကျေနပ်စွာ ပြုံး၏။

http://www.cherrythitsar.org



"ဒါ အသားဘူးတွေကွ။ ဒါက သိုးသားဘူး၊ ဒါက ကြက်သားဘူး။ အဲ့ဒါတွေ အရင်လုပ်ကွာ…။ မစားရတာ ကြာပြီ။ ကြာကြာခံတာတွေကို ထား…။ ဟိုဘက်ကပုလင်း ပြစမ်း။ ဟာ…မာလ်တိုဗာကွ။ နို့ဆီတစ်ဘူးဖောက်ပြီး ဖျော်စမ်းကွာ…။ ထမင်းနဲ့ ဟင်း ကျက်ရင် ရေးနွေးတစ်အိုး တည်းထား"

ထက်ခေါင်သည် Englishg စာ ကောင်းကောင်းတတ်ကြောင်းလည်း ဇော်လတ် မှတ်ထားရသည်။ ဒီလိုလူမျိုးဆီက လွတ်ဖို့ ခပ်ညံ့ညံ့နည်းတွေနဲ့ ကြိုးစားမရနိုင်ကြောင်း ဇော်လတ် နားလည်းထားလိုက်သည်။

ထမင်းကျက်တော့ ဆီသွပ်ဘူးတွေ ဖေါက်ကာ ထည့်သည်။ ခဏနွေးရုံပင်။ ဘာမှ ထည့်စရာမလိုသဖြင့် ဟင်းက ခဏလေးနှင့် ကျက်သွားသည်။

"ကဲ…ကိုယ့်ရှေ့က ငှက်ပျော်ဖက် ကိုယ်ယူပြီး တစ်ယောက်ဆီ လာကြ။ ဘယ်ဘက်က စမယ်"

တစ်ယောက်ကို ထမင်းတစ်ကော်နှင့် ဟင်းတစ်ဇွန်းစီ ရသည်။ ပင်ပန်းနေလို့လားတော့ မသိ၊ စားလို့ကောင်းလိုက်သည့် ဖြစ်ခြင်း။ အေးမင်းဒါဏ်ရာကို ရူပါက သူ့ပုဝါနှင့် လာစည်းကာ ပေးသည်။ ဇော်လတ်က…

"ဟဲ့ကောင်မလေး…။ နင် ထမင်းမစားဘူးလား"

"စားလို့မဝင်ပါဘူး ဆရာရယ်"

"ဝင်ဝင် မဝင်ဝင် ရအောင် စားထား။ မနက်ဖြန်ကျရင် ငါတို့ ဒီကနေ ထပ်သွားဖို့ များတယ်"

"ဟင်…သမီးတို့ကို လွှတ်မပေးသေးဘူးလား ဆရာ"

●

http://www.cherrythitsar.org



"ဒေဝ…ဒေဝ…။ မင်းက ငွေလေးသိန်းနဲ့ ရွှေ (၈)ကျပ်သား လောက်ရတာကို အဟုတ်ကြီး ထင်နေလား။ အဲ့ဒီလူတွေ အားလုံးက ရုပ်ရှင်လောကက နာမည်ကြီး လူတွေချည်းပဲ။ အထူးသဖြင့် မင်းသားနဲ့ မင်းသမီးကွာ…။ ဒါရိုက်တာရော ကျန်တဲ့ မင်းသမီးလေးတွေရော စခန်းခေါ်သွားပြီး ပြန်ပေးဆွဲထားရင် ငွေသိန်းနှစ်ဆယ်၊ သုံးဆယ်ကတော့ ပြေးကို မလွတ်ဘူးကွာ"

"ဟာ…ဟုတ်တယ် ဆရာ။ ဒါပေမဲ့ ပိုက်ဆံက ဘယ်သူ သွားယူမှာလဲ"

"ငါးကြင်းဆီနဲ့ ငါးကြင်းကြော်တယ်ဆိုတာ မင်း ကြားဖူးတယ် မဟုတ်လား"

"ဟုတ်ကဲ့…ဆရာ"

"အေး…အဲ့ဒီလောက်ဆို မင်းသိထားသင့်တာက တော်လောက် ပြီ။ သွား…ငါ့အတွက် မာလ်တိုဗာတစ်ခွက်နဲ့ ဘီစကစ်ဘူး ယူလာခဲ့"

ဒေဝ ခေါင်းကုတ်ကာ ထထွက်သွားသည်။ ဒေဝဆိုတဲ့ကောင် က ထိုးဖို့၊ နှက်ဖို့၊ သတ်ဖို့၊ ဖြတ်ဖို့ကတော့ စိတ်ချရသည်။ သို့သော် ဦးနှောက်ကတော့ လုံးဝမရှိ။ အတန်းပညာက သုံးတန်းသာသာသာ ရှိသည်။ သူ့ဆီကို လာထိုးသည့်ဓားကို ရင်ဘတ် ဝင်ခံပေးရဲလောက် အောင် ဆရာ့အပေါ် သစ္စာရှိသော်လည်း သူ့ကို ဉာဏ်သုံးပြီ ကယ်ဖို့ ဆိုတာတော့ လုံးဝမစဉ်းစားလေနှင့်။ သူ့အတွက်ကလည်း သူ့ကို ကြောက်ပြီး သူ့အပေါ်

http://www.cherrythitsar.org



သစ္စာရှိလျှင် လုံလောက်ပြီဖြစ်သည်။

ဒေဝ ပြန်လာကာ သူ့အတွက် မာလ်တိုဗာနှင့် ဘီစကစ်ကို ပေးသည်။ ထက်ခေါင် မာလ်တိုဗာသောက်ရင်း ကြယ်တွေ ပွတ်သိပ်နေသော ကောင်းကင်ကြီးကို ငေးကာနေသည်။ ဒီကောင်းကင်ကြီးကို တဲအိမ်ကလေးထဲကလည်း မြင်နိုင်သည်။ တိုက်အိမ်တစ်အိမ်ရဲ့ ပြတင်းပေါက်ကလည်း မြင်နိုင်သည်။ ခရီးသွား ကားပေါ်ကလည်း မြင်နိုင်သည်။ ခုလို အမိုးအကာမရှိသော တောင်ပူစာကလေးပေါ်ကလည်း မြင်နိုင်သည်။

ကောင်းကင်ကြီးကတော့ ဒီကောင်းကင်ကြီးပါပဲ။ ဒါပေမဲ့ မြင်ရတဲ့နေရာ ကွဲရင် ခံစားချက်တွေပါ ကွဲသွားနိုင်သည်။ အခု သူနှင့် သူဖမ်းထားသူတွေပင် ဒီကောင်းကင်ကြီးကို တစ်နေရာတည်းက ကြည့်ပေမဲ့ ခံစားချက်က မတူနိုင်။ ကောင်းကင်ကြီးအောက်မှာ ဒီလိုပဲ ဖြစ်ကြ၊ ပျက်ကြစမြဲပဲလား။ ထက်ခေါင် အတွေးနယ် နက်နေတုန်း 'ဒီမှာ…' ဟူသော ခေါ်သံကြောင့် ကြည့်တော့ မေစိုးကိုလက်ပိုက်လျက် တွေ့လိုက်ရသည်။ ဘာလဲ…ဆိုသည့်သဘောနှင့် ထက်ခေါင်က မေးကို ဆတ်ပြသည်။

"မေစိုးတို့က ဒီလိုပဲ ကျောက်သားပြင်ကြီးပေါ်မှာ အိပ်ရမှာလား

"ဒါပေါ့…။ ကျောက်က နွေးနေတာပဲဟာ…"

"ကျောက်က နွေးပေမဲ့ တဖြည်းဖြည်းအေးတယ်။ ဒါ…ဆောင်းကုန်ခါနီးရှင့်။ ပြီးတော့…တောင်ပေါ်မှာ လေက အေး၊ အောက်ကနွေးနဲ့ အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်"

"ဒါတော့ ကိုယ်လည်း မတတ်နိုင်ဘူး"

မေစိုးက တစ်ချက်ပြုံးသည်။ လက်ကို တင်းတင်ပိုက်ကာ ကိုယ်ကို အအေးဒါဏ်ကာကွယ်လို့ရအောင် ကျုံ့ရင်း…

"ရှင်တို့ကျတော့ အခင်းနဲ့ စောင်နဲ့။ မတရားဘူး"

"အခင်းနဲ့စောင်နဲ့ အိပ်ချင်ရင် ဓားပြလုပပေါ့"

မေစိုးက နှုတ်ခမ်းကို မဲ့ကာ ခေါင်းကို ခါသည်။

"ရှင့် ကြည့်ရတာ ပညာတတ်တစ်ယောက်ပါ။ ဘာဖြစ်လို့ ဒီအလုပ်ကို လုပ်နေရတာလဲ"

"ဘာလဲ…။ မင်းက ငါ့ကို အင်တာဗျူးနေတာလား။ မင်းကို ငါ ဖမ်းထားတယ်ဆိုတာလည်း မမေ့နဲ့ဦး"

မေစိုးက ပြုံးသည်။ ထိုအပြုံးက တော်တော်လှပါသည်။ ပိတ်ကားပေါ်မှာ ပရိတ်သတ် သန်းပေါင်းများစွာကို ရင်ခုန်သွားအောင်ပြုံးသည့် အပြုံးဖြစ်သည်။ ထိုအပြုံးက ထက်ခေါင်ရင်ထဲသို့လည်း ရောက်ကာသွား၏။

"လောကမှာ ဘယ်သူကမှ ဘယ်သူ့ကို ဖမ်းလို့မရဘူး။ ကိုယ့်ကိုကိုယ်တောင်မှ ဖမ်းလို့မရတဲ့ဥစ္စာ…။ ရှင်လည်း ပညာတတ်ပဲ။ သိမှာပေါ့"

"ကိုယ်က ပညာတတ်…ဟုတ်လား…။ မင်းက ဘာကြည့် ပြောတာလဲ"

မေစိုးက ထပ်ကာပြုံးသည်။ ပြီးတော့ ထက်ခေါင်နှင့် ခပ်လှမ်းလှမ်းက ကျောက်တုံးတစ်တုံးပေါ် ဝင်ထိုင်ရင်း သက်ပြင်းကို ချကာ အဝေးကို ငေးပြီး ပြောသည်။

"ရှင်က ကြက်သားနဲ့ သိုးသား စည်သွပ်ဘူးကို ခွဲတတ်တာရယ်၊ သွားလာ နေထိုင်ပုံရယ်ကို ကြည့်ရင် သိသာပါတယ်"

ထက်ခေါင်က ခေါင်းကိုညိတ်ရင်း 'မင်း မဆိုးဘူး'ဟု မှတ်ချက်ချကာ မာလ်တိုဗာကို မော့ပြီး စီးကရက်ကို မီးညှိသည်။ အားရပါးရ ရှိုက်ပြီးမှ အဝေးကို ငေးသည်။ သူငေးသော အဝေးမှာ အမှောင်ပဲ ရှိပါသည်။ လရောင်သည် ထိန်နေသော်လည်း တောအုပ်ကို တိုးမပေါက်နိုင်ပါ။

"ဟုတ်တယ်…။ ကျုပ် တတိယနှစ်အထိ ကျောင်းနေခဲ့ဖူးတယ်"

"ဩော်…ဘာဖြစ်လို့ ကျောင်းဆက်မတတ်တာလဲ"

http://www.cherrythitsar.org



“ဒါတွေကို ကျုပ် မဖြေချင်ဘူးဗျာ။ မင်းလိုချင်တာ ဘာလဲ။ စောင်လား…”

“ဟုတ်တယ်…။ ကျွန်မတို့မှာ မိန်းမသားတွေ ပါတယ်။ ဒီအတိုင်း အကာမရှိ အခြုံမရှိဘဲနဲ့ အိပ်လို့ မသင့်တော်ဘူး…”

ထက်ခေါင် ထမင်းစားပြီး လှဲနေကြသူတွေကို တစ်ချက်ကြည့်သည်။ ပြီးတော့ ကျွတ်ခနဲ စုတ်တစ်ချက် သပ်သည်။

“မင်း…ကျုပ်စောင် ယူသွား။ ဟုတ်ပြီလား…”

“မေစိုးတစ်ယောက်တည်းအတွက် ပြောနေတာ မဟုတ်ဘူး။ မိန်းကလေးတွေ အားလုံးအတွက် ပြောနေတာ”

ထက်ခေါင် ခေါင်းကို တစ်ချက်ရမ်းသည်။ ပြီးတော့ စီးကရက်ကို ရှိုက်ကာ ဖွာသည်။ မေစိုးကို တစ်ချက်ငေးသည်။ ပြီတော့ ခဏစဉ်းစားကာ လက်ကျန် မာလ်တိုဗာကို မော့ပစ်လိုက်သည်။

“ဟေ့ကောင် ဒေဝ…လာစမ်း”

“ဟုတ်ကဲ့ ဆရာ”

“တို့ စုထားတဲ့ ထင်းတွေနဲ့ မီးသုံးဖို ဖိုပေးလိုက်။ ရှေ့ရယ်၊ အလယ်ရယ်၊ နောက်ရယ်။ ပြီးတော့…မိုးတွင်းတုန်းက တဲထိုးတဲ့ တာလပတ်စကြီး မိန်းကလေးတွေအတွက် ပေးလိုက်။ ကင်းနှစ်ယောက် နှစ်နာရီခြားစီချ။ မောင်းဖြုတ်ထား။ ထွက်ပြေးရင် ဘယ်သူဖြစ်ဖြစ် ပစ်သာပစ်။ ကြားလား…”

“ဟုတ်ကဲ့ ဆရာ”

မကြာခင် မီးဖိုသုံးဖိုနှင့် တောင်ပူစားကလေး လင်းကာ အနွေးဓါတ် ရကာလာသည်။ မေစိုးက အားရပါးရပြုံးကာ…

“ရှင့် ကိုယ်ချင်းစာစိတ်ကလေးကို ကျေးဇူးတင်ပါတယ်”

“မင်းလိုချင်တာ ရပြီမဟုတ်လား…။ သွားအိပ်တော့”

မေစိုး ထွက်လာခဲ့သည်။ မီးဖိုသုံးဖိုနှင့် တာလပတ်ကြောင့် အအေးဓါတ်က တော်တော်သက်သာကာ သွား၏။ တာလပတ်က မေစိုး

မိုး၊ ဒေါ်ခင်မြ၊ ဒေါ်စုဟန်၊ ဒေါ်မေခင်နှင့် အိလေး၊ ရူပါ၊ မာမီနွေးတို့ အတွက်သာ ရသည်။ ပါလာသမျှအင်္ကျီတွေကို အကုန်ထပ်ဝတ်ထားရ၏။

တစ်နေကုန် ပင်ပန်းလာတာတစ်ကြောင်း၊ ထမင်းစားလိုက်ရတာ တစ်ကြောင်းကြောင့် အကုန်နီးပါး ပူးကပ်ကာ ကွေးနေအောင် အိပ်နေကြသော်လည်း ဇော်လတ်က မအိပ်။ တာလပတ်ကို ခြုံကာ ပူးကပ်အိပ်နေသော မေစိုးမိုး၏ အောင်မြင်မှုကို ပြုံးကာနေသည်။ သို့သော် ခဏကြာတော့ သူလည်း ဘယ်လိုအိပ်ပျော်သွားမှန်း မသိ။

အေးစိမ့်နေသော တော၏ တိတ်ဆိတ်မှုသည်။ ဇေစာကျင့်သူ ရဟန်းနှင့် ပုဂ္ဂိုလ်တို့အတွက် ပျော်မွေ့ဖွယ်၊ နှစ်ခြိုက်မှု ဖြစ်သော်လည်း အဖမ်းခံထားရသူတွေအတွက်တော့ ကြောက်စရာကောင်းနေသည်။

ကင်းတစ်ခါ လဲသည်။ ကင်းက လဲမည့်သာ လဲရသည်။ ဒီလောက်မှောင်ကြီးမဲကြီးထဲမှာ ထွက်ပြေးမည့်သူ တစ်ယောက်မှ မရှိ။

ထိုစဥ်မှာပင် တာလပတ်ထဲမှ လှုပ်ရှားမှုတစ်ခု ဖြစ်သည်။ မီးဖိုတွေ ထင်း ထပ်မထည့်သဖြင့် မီးသွေးခဲရဲရဲသာ ကျန်တော့သည်။ အရာရာက ပိုးတဝါး ဖြစ်ကာနေ၏။ အခုမှ ကင်းလဲထားသော ဓားပြနှစ်ယောက်က ရေနွေးကြမ်းသောက်ရင်း ငိုက်ကာနေကြသည်။

"မေစိုး။ မ…မ…စိုး"

သူက အသံတိုးတိုးနှင့် ခေါ်သည်။ သို့သော် တစ်ခါမှ ဒီလောက် မပင်ပန်းခဲ့ဘူးသော မေစိုးက မနိုးတော့။ သူက အစွန်မှာ အိပ်ရသူ ဖြစ်သဖြင့် အိလေးကို ကျော်၍ ခေါ်မရ။

ပြဿနာက ရာသီဥတုအေးသဖြင့် ဆီးသွားချင်ခြင်း ဖြစ်သည်။ တလပတ်ထဲက အသာချောင်းကြည့်တော့ ကင်းသမားနှစ်ယောက်က ငိုက်နေကြ၏။ သူ့အန္တရာယ်က လွယ်ထား၍ ဘယ်လိုမှ မရနိုင်တော့။ တာလပတ်ကို အသာမကာ ဖြည်းဖြည်းချင်း ထွက်ရသည်။ သူတို့ တန်းစီကာ ကပ်အိပ်နေသော ဟိုဘက်မှာ (၁၀)ပေလောက်ရှိသော

http://www.cherrythitsar.org



တောင်ကမူကလေး ရှိသည်။ မှောင်လဲ မှောင်သည်။ ဒီလောက်ဆို လုံလောက်ပြီဟု သူ သေသေချာချာ တွက်သည်။

တာလပတ်ထဲက အသံမပြည်အောင် ထွက်ကာ စကတ်ကို မပြီး ထိုတောင်ကမူကလေးရှိရာကို ဖြည်းဖြည်းသွား၏။ စိတ်ချရတော့မှ အသာထိုင်ကာ စကတ်ကို လှန်ပြီး အန္တရာယ်ဆီးကို သွားရသည်။

ကင်းသမားနှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် ကြည့်ကာ သေနတ်တွေကို ထောင်ထားခဲ့ပြီး ထိုတောင်ကမူကလေးနောက်သို့ လိုက်ဝင်သွားကြ၏။ ခဏအကြာတွင်…

"လွှတ်…လွှတ်…လွှတ်နော်။ ကျွန်မကို လွှတ်"

မာမီနွေးက နောက်မှ လာဖက်ကာ သူ့လည်ဂုတ်ကို နမ်းသူကို တံတောင်နှင့် တအားရိုက်ပစ်လိုက်၏။ နှစ်ယောက်စလုံး နောက်ပြန်လဲ ကျသည်။ တစ်ယောက်က သူ့ကို အပေါ်စီးမှ ခုန်အုပ်ကာ ပါးစပ်ကို ပိတ်ကာ လည်ပင်းကို အငမ်းမရနမ်းသည်။ အောက်ကလူက အတင်း ကြုံးကာထ၏။ လွှတ်နေသော လက်နှစ်ဖက်နှင့် ဂူးဂူးဝါးဝါး အော်ရင်း လျှောက်စမ်းတော့ ကျောက်ခဲတစ်လုံးကို ကိုင်မိသည်နှင့် သူ့လည်ပင်းကို နမ်းနေသူနဖူးကို အားနှင့် ထုချလိုက်သည်။

"အား…"ခနဲ အော်သံကြီးက တိတ်ဆိတ်နေသော ပတ်ဝန်း ကျင်မှာ ပဲ့တင်ထပ်ကာသွား၏။ နောက် ဝင်လုံးရန် ပြေးလာသူကို မထနိုင်သေးသော မာမီနွေးက ညိုသကြီးကို မှန်းကာ ထိုကျောက်တုံးနှင့် ထပ်ကာ ထုပစ်လိုက်သည်။

ဒုတိယ "အား…"ခနဲ ဝမ်းခေါင်းသံကြီးကြောင့် အားလုံး နိုးကာ ရုပ်ရှင်တွေ ဖြစ်ကုန်ကြသည်။ ဒေဝက 'တစ်ယောက်မှ မထကြနဲ့' ဆိုကာ သူ့လူတွေကို သေနတ်ဖြင့် ချိန်ခိုင်းထားပြီး မီးဒုတ်ကို ဆွဲကာ တောင်ကမူကလေးရှိရာသို့ ပြေးဝင်ကာ သွား၏။

"ဟင်…ယုတ်မာလှချည်လား။ ပက်စက်လှ၊ မိုက်ရိုင်းလှချည် လားဟဲ့"

ဒေဝ တွေ့ရသည်က စကတ်စွန်တောင်ဆွဲကာ ကျောက်တုံးနှင့် လိုက်ထုနေသော မာမီနွေး…။ ပြီးတော့ ခေါင်းက သွေးတွေ ထွက်နေသော မြင့်သောင်းနှင့် ခြေထော့နဲ့ထော့နဲ့ဖြစ်နေသော လှဘူး။

"လာ…။ မင်းတို့ လိုက်ခဲ့ကြ"

"ကျွန်မကို မတရားကျင့်တာ"

"တိတ်…။ ဟိုကျမှ ပြော"

ထက်ခေါင်လည်း နိုးနေပြီ။ ဇော်လတ်တို့အဖွဲ့လည်း နိုးကုန်ကြသည်။

"ဘာဖြစ်တာလဲ ပြောစမ်း"

"ကျွန်မက စောတကီး သော်တကွားချင်လို့ သွားတာကို သူက နောက်က ချုပ်ဖက်ပြီး လည်ဂုတ်ကို နမ်းတယ်။ ဒီလူကြီးက ခုန်အုပ်ပြီး လည်ပင်းကို နမ်းတာနဲ့ ကျောက်ခဲနဲ့ ထုတာပါရှင်"

အဖမ်းခံထားရသူတွေ ပြုံးစေ့စေ့ ဖြစ်ကုန်ကြ၏။ မာမီနွေးက မေစိုးကို ဖက်ကာ 'ရှက်တယ်…ရှက်တယ်။ နွေး…သိပ်ရှက်တာပဲ' ဆိုကာ ငိုသည်။ ထက်ခေါင် ရယ်ချင်နေသည်။ သို့သော် ရယ်လို့မရ။ ထက်ခေါင်က သူ့ငယ်သားတွေနှင့် ဘယ်တော့မှ ရယ်ရယ်မောမောမနေခဲ့။

"မင်းတို့က ယောကျ်ားမှန်း မိန်းကလေးမှန်းတောင် မသိဘူးလား"

ဒေဝက စိတ်ပျက်လက်ပျက်ဖြင့် မေးသည်။ လှဘူးက ဖြေ၏။

"သူက စကတ်လေးနဲ့ ဆရာ။ ပြီးတော့…မိန်းကလေးလို ထိုင်ပြီး အဟာပြု"

လှဘူး စကားမဆုံးလိုက်။ ထက်ခေါင်လက်က ဖျောင်းခနဲ ဖျောင်းခနဲ ဘယ်ပြန်ညာပြန် ကျသွားသည်။ ပြီးတော့ မျက်နှာကို လက်သီးတစ်ချက် ဝင်ကာသွားသည်။

လှဘူး အသံပင် မထွက်နိုင်၊ ခွေကျသွားသည်။

မြင့်သောင်းမျက်နှာက ဆီးရွက်လောက်သာ ရှိတော့သည်။

http://www.cherrythitsar.org



“ဆရာ…။ ကျွန်တော်က ဒီကောင်ခေါ်လို့…” စကား မဆုံးလိုက်။ မြင့်သောင်းမျက်နှာကို လက်ဝါးနှင့်အုပ်ကာ ခွေကျသွား၏။ ပြန်ခေါင်းထောင်လာသောမျက်နှာက တောစီးဖိနပ်ဖြင့် ကြုံးအကန်ခံရဖြင့် လွင့်ခနဲလန်ကျသွားသည်။

“ငါ ခဏခဏ ဒီကိစ္စကို ပြောတယ်။ ငါတို့က ဓားပြကွ။ မုဒိန်းကောင် မဟုတ်ဘူး။ ဓားပြဖြစ်ပေမဲ့ စည်းတော့ရှိရတယ်။ ငါ အစက်ဆုပ်ဆုံးနဲ့ အမုန်းဆုံးက အဲ့ဒီကိစ္စပဲ။ ဟေ့ကောင် ဒေဝ။ ထင်းထပ်ထည့်စမ်း။ ကိုယ့်ကို ခုခံရင် သူ့အသက် ကိုယ့်အသက် လုကြရင် ပစ်သတ်ပစ်လိုက်လို့ ရတယ်။ ဒီလို မတရားတာမျိုး ငါမကြိုက်ဘူး”

ဒေဝနှင့်ဓားပြတစ်ချို့ ထင်းထပ်ထည့်ကြသဖြင့် မီးတောက်အလင်းရောင် ရလာသည်။ ထိုအလင်းရောင်အောက်မှာ ထက်ခေါင်မျက်နှာက ကြောက်စရာကောင်းနေသည်။

“အေး…။ အခု မိန်းကလေးမဟုတ်လို့ပါကွာ…။ မိန်းကလေးသာဆိုရင် မင်းတို့ကို ငါ လက်သီးနဲ့ မထိုးဘူး။ လက်ညှိုးပဲ ကွေးမှာ…။ အားလုံး ကြားလား”

“ဟုတ်ကဲ့ပါ ဆရာ”

အားလုံး ပြိုင်တူဖြေကြ၏။

“အေး…။ ဒီနှစ်ကောင်ကို ဆေးထည့်ပေးပြီး ကြိုးနဲ့ တုပ်ထားလိုက်။ မနက်မှ ဆက်ရှင်းမယ်။ ပြီးတော့ ဟိုကောင်”

မေစိုးရင်ခွင်ထဲမှာ ငိုနေသော မာမီနွေးကို ထက်ခေါင်က ဂုတ်မှဆွဲကာ မသည်။ မေစိုးပါ ထရပ်၏။ မာမီနွေးရှေ့မှာ ဝင်ရပ်ရင်းက…

“ကျွန်မလူကို ရှင် ထိစရာ မလိုဘူး”

“မထိပါဘူး။ သတိပေးချင်တာပါ…။ မင်းလည်း နောက်အပေါ့သွားရင် ယောကျ်ားလေးလိုပဲ သွား”

ထက်ခေါင်စကားဆုံးတော့ မာမီနွေးက မေစိုးရှေ့သို့ ထပ်ကာထွက်ရပ်သည်။ ပြီးတော့ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ…

http://www.cherrythitsar.org



"ဒီမှာ…။ ရှင် ပစ်သတ်ချင် ပစ်သတ်လိုက်…။ အရှက်နဲ့ အသက်ကိုသာ လဲသွားမယ်၊ ယောကျ်ားလေးလို ဘယ်တော့မှ ဆီးမသွားဘူးမှတ်"

ထက်ခေါင်လည်း ကြောင်ကာသွားသည်။ ဘာလုပ်ရမှန်း၊ ဘာပြောရမှန်းလဲ မသိတော့။ ခေါင်းကို ခါကာ လှည့်ထွက်သည်။

"ဟော့ကောင် ဒေဝ၊ မင်းကိုယ်တိုင် စောင့်တော့။ ကဲ…အိပ်ကြတော့။ အိပ်ရေးဝအောင် အိပ်ထား။ မနက် သွားရမယ့်ခရီးက အခုလာခဲ့တဲ့ခရီးထက် ဆယ်ဆလောက် ကြမ်းတယ်။ ဒါပဲ…"

ဇော်လတ်နှင့် မေစိုး မျက်ဝန်းချင်း ဆုံကြသည်။ ဇော်လတ်က အရင်မျက်နှာလွှဲသည်။ ထက်ခေါင် စောင်ခေါင်းမြီးခြုံကာ အိပ်သည်။ သို့သော် တခွီးခွီး တဟီးဟီး ကြိတ်ရယ်သံတွေကို ကြားနေရလေသည်။

●●●

http://www.cherrythitsar.org



## အခန်း (၃)

“ဒါ...တောင်ခိုးဝေတယ်လို့ ခေါ်တယ်ကွ။ တစ်နေ့ခင်းလုံး ပူတဲ့အပူကို ကျောက်တောင်တွေပေါ် ကျပြီး ကျောက်တောင်တွေထဲ ဝင်နေတယ်။ ကျောက်တောင်တွေက ဒါ့ကြောင့်ပူနေတာပေါ့။ မနက်ခင်း နှင်းကြောင့်အေးတော့ အပူနဲ့အအေး တွေ့ပြီး မြူဝေတာပဲ”

ဦးတင်ကိုစကားကို မီးခဲသာကျန်တော့သော မီးဖိုနံဘေးမှာ ဝိုင်းထိုင်ကာ မီးလှုံကြရင်း နားထောင်ရသည်။ အနီးရှိ ကျောက်တောင် တိုင်းက မြူခိုးဝေနေသဖြင့် တစ်ဦးနှင့်တစ်ဦး (၁၀)ပေလောက်ကဆိုလျှင် မသဲကွဲ၊ အရိပ်သဲ့သဲ့သာ ရှိသည်။

သူတို့အဖွဲ့ကို ဘယ်သူကမျှ မနိုးရပါ။ အေးလွန်းသဖြင့် အားလုံး နိုးနေကြသည်။

“တောင်ခိုးက တစ်ခါတစ်လေ ညနေစောင်းဘက်မှာလဲ ဝေ

တတ်တယ်။ တောက်…စက်သာပါလာရင်ကွာ၊ နှစ်ယောက် ခိုးတွေ့တဲ့ အခန်းကလေးကို တစ်ကယ့်မြူထဲမှာ ရိုက်တယ်”

ဦးတင်ကိုက ရခဲ့သော **Location** ကို နှမြောကာ ငေးရင်း ပြောနေသည်။ မြူခိုးက တောင်ကြားတွေထဲက တငွေ့ငွေ့တက်ကာ လာနေသည်။ ကပ်ပြီး စကားပြောနေသူတွေပင် တစ်ယောက်မျက်နှာ တစ်ယောက် မသဲကွဲချင်တော့။ ထိုသို့ဖြစ်ခြင်းကို ဒေသခံလူတွေက တော့ တောင်ငိုသည်ဟု ပြောကြသည်။ နောက် နာရီဝက်ကျော်ကျော် လောက်ကြာမှ တောင်ခိုးဝေတာ ကြဲသွားသည်။

ဖော်လတ် စီးကရက် သောက်ချင်နေသည်။ ထိုအချိန်တွင် နောက်ဆုံးလက်ကျန် မာလ်တိုဗာပုလင်းကို ဖောက်ကာ ဖျော်ပြီး အားလုံး ကို နှစ်ယောက်တစ်ခွက် လိုက်ဝေသည်။ ခွက်ကတော့ မျိုးစုံသည်။ အသားဘူးခွက်၊ ဝါးဆစ်ခွက်၊ ငါးသေတ္တာခွက်တွေ ဖြစ်၏။ ဘာပဲဖြစ်ဖြစ် အဟာရအတွက် စားထားရမည်ဟု ယူဆကာ အကုန်သောက်ပစ်လိုက် သည်။

ရူပါက သူ့ခွက်ကို ကြည့်ကာ နှာခေါင်းရှုံ့ပြီး မျက်စေ့ပျက်၊ မျက်နှာပျက်နေသည်။

“ဟဲ့…ကောင်မလေး ဘာဖြစ်နေတာလဲ။ သောက်လေ…”

“သမီးခွက်က သိုးသားဘူးခွက်ကြီး။ ဆေးမှ မဆေးတော့ အနံ့တွေက ညှီစို့စို့နဲ့။ မာလ်တိုဗာအနံ့ကိုက အန်ချင်စရာကြီး ဖြစ်နေတယ် ဆရာ”

“ကဲ…ငါပြောမယ်။ ခွက်ကိုကိုင်…”

ရူပါက နှာခေါင်းကိုရှုံ့ကာ မရဲတရဲ ကောက်ကာကိုင်သည်။ ဖော်လတ်က ရူပါ့နောက်စေ့ကို ဘယ်လက်နှင့်ကိုင်ကာ ညာလက်နှင့် နှာခေါင်းကို ပိတ်ရင်း…

“မော့…မော့ အကုန်မော့ချပစ်”ဟု ကြုံးအော်သည်။

နှာခေါင်းညှစ်ထားသဖြင့် ဟလာသော ပါးစပ်ထဲသို့ ရူပါ တဂွတ်

http://www.cherrythitsar.org



ဂွတ် မော့ချရသည်။ ကုန်သွားတော့မှ ဇော်လတ်က လွှတ်ပေးသည်။ ရူပါ တစ်ချက်ပျို့၏။

"နာလိုက်တာ ဆရာရယ်"

"နာမှ နင်နံ့နေတဲ့စိတ် ပျောက်မှာပေ့ါ။ အဲ့ဒီအနံ့ကြီးကို ခေါင်းထဲက ဖျောက်ထားလိုက်"

ထိုမြင်ကွင်းကို မေစိုးရော ထက်ခေါင်ပါ အဝေးမှ မြင်နေကြရသည်။

"သူတို့နှစ်ယောက်က ပါတနာလား"

"မသိဘူး...။ကျွန်မတို့ လောကမှာတော့ ဒုတိယမင်းသမီးဆိုတာ လွယ်ပါတယ်။ သူတွဲချင်တဲ့သူကို ဒါရိုက်တာနဲ့ ညှိလိုက်တာပဲ"

"ဩော်...ဒါဆို သဘောပေါက်ပြီ။ ကောင်မလေးအတွက်ကတော့ သူက ကျေးဇူးရှင်ပေ့ါလေ"

အမှန်တော့ ဒီလိုမဟုတ်ပါ၊ ဦးတင်ကိုဆိုသည့် ဒါရိုက်တာမျိုးက ဇာတ်နှင့်မလိုက်လျှင် သူ့တူမတောင် သူထည့်သည့် ဒါရိုက်တာမဟုတ်။ အခု ရူပါနှင့်အိလေးကိုလည်း သူကိုယ်တိုင် ရွေးခြင်းဖြစ်သည်။ ရူပါ့ပုံစံက စွာသည်။ မဟုတ်မခံပုံစံမျိုး မျက်နှာရှိ၏။ အိလေးက တွေဝေသည်။ ကြောက်တတ်သည်။ ဒီမျက်နှာအနေအထားတွေကို ကြိုက်၍ ရွေးထားခြင်း ဖြစ်သည်။

မာလ်တီဗာသောက်ပြီးတော့ ဇော်လတ် ခံတွင်းချဉ်လာသည်။ ဒါနဲ့ ဂျာကင်ထဲစမ်းတော့ စီးကရက်ဘူးကို တွေ့၍ ထုတ်ကြည့်တော့ သုံးလိပ် ကျန်သေးသည်။ တစ်လိပ်ထုတ်ကာ မီးညှိသည်။ ဇစ်ပိုမီးခြစ်သံနှင့် ဖြောင်းခနဲပိတ်သံကြောင့် ထက်ခေါင် အသံလာရာဆီသို့ ချက်ချင်းလှည့်ကြည့်သည်။ ပြီးတော့ ဇော်လတ်ထံ အပြုံးနှင့်လျှောက်လာရင်း အိတ်ထဲ မထည့်ရသေးသော **Zippo** မီးခြစ်ကို ဆွဲယူကာ အဖွင့်အပိတ်လေးခါလုပ်ကြည့်ကာ စီးကရက်တစ်လိပ်ထုတ်ပြီး မီးညှိသည်။ ပြီးတော့ အဝေးကို ကြည့်ကာ စီးကရက်ငွေ့ကို ရှိုက်ဖွာရင်းက ဇော်လတ်ကို

http://www.cherrythitsar.org



ကြည့်သည်။

“မင်းကို ငါ ဘာလက်နက်မှ မယူရဘူးလို့ ပြောထားတယ် မဟုတ်လား”

“ဒါ…မီးခြစ်လေ”

ထက်ခေါင်က ခပ်ဟဟ တစ်ချက်ရယ်သည်။ အားလုံးကလည်း ထက်ခေါင်နှင့် ဇော်လတ် ဘာဖြစ်ကြဦးမှာလဲဟု တိတ်တဆိတ် စောင့်ကာ ငေးကြည့်နေကြသည်။ ထက်ခေါင်က **Zippo** မီးခြစ်ကို လက်ထဲမှာ ဆဆကြည့်ရင်းက တောင်ပူစာကလေးပေါ်မှ အားနှင့်လွှဲကာ လွှင့်ပစ်လိုက်သည်။ အားလုံး ဟာခနဲ ဖြစ်သွားကြ၏။

ထက်ခေါင်က ကျေနပ်ရဲ့လား ဆိုသည့်အပြုံးနှင့် ဇော်လတ်ကို လှည့်အကြည်တွင် ဇော်လတ်လက်သီးက ထက်ခေါင်မျက်နှာပေါ် တည့်တည့်ကြီး ကျသွား၏။ ထက်ခေါင် လဲကျမသွားအောင် အတော်ထိန်းလိုက်ရ၏။ နှာခေါင်းမှ သွေးကျလာသော်လည်း ထက်ခေါင် မသုတ်။ အပြုံးမပျက်။ ထက်ခေါင်က ဖျက်ခနဲ လက်ပြန် ဇော်လတ်ကို ရိုက်သည်။ ဇော်လတ် လှမ်းအကာမှာ ဘယ်ဘက်နံကြားသို့ ပြင်းထန်သော ကန်ချက် တစ်ချက်ထိကာ မြေပေါ်သို့ လဲသည်။ ဇော်လတ် ချက်ချင်းလူးလဲထကာ ရင်ဆိုင်သည်။ ထက်ခေါင်က ညာဘက်လက်သီးကို ပြကာ သူကန် ထားသော ဘယ်ဘက်ကိုပင် ထိုးသည်။ ဇော်လတ်က ညာဘက်နံ စောင်းကို ထိုးသည်။ နှစ်ယောက် ပူးပြီးခွါအထွက်တွင် ထက်ခေါင်က ညာပတ်တံတောင်ဖြင့် ခပ်ရာ ဇော်လတ် ဒူးထောက်လျက် လဲကာကျ သည်။ နှာခေါင်းကို ထိသဖြင့် သွေးထွက်ကျလာသည်။

ဒီတော့မှ လူတွေ အော်ဟစ်ကာ အပြေးအလွှား ဆွဲကြ၏။ ဆွဲကြသည့်အခါ ထက်ခေါင်ဘက်မှာ မေစိုး…။

“ရှင်ကလည်း မီးခြစ်ကလေး တွေ့တာနဲ့ ဒီလောက်ဖြစ်ရ သလား”

“မင်း မသိဘူး။ ကျုပ်အလုပ် ကျုပ်သိတယ်။ မီးခြစ်ဟာ

http://www.cherrythitsar.org



အကောင်းဆုံးလက်နက်ပဲ။ ဒေဝ သူ့ဆီမှာ Zippo ဆီဘူး ရှာစမ်း''

မေစိုးက လက်ကိုင်ပုဝါကို လှမ်းကာပေးသည်။ ထက်ခေါင်က လှမ်းယူကာ သုတ်ရင်း...

''ဒေဝ သေသေချာချာ ရှာစမ်း။ ကိုယ်မှာ မတွေ့ရင် အိတ်ထဲမှာ ရှာ...''

''မရှာနဲ့...။ မီးခြစ်ကို လက်နက်လို သတ်မှတ်တယ်ဆိုရင် ငါကိုယ်တိုင် ပေးမယ်''

ဇော်လတ် ကြုံးထကာ သူ့ကျောပိုးအိတ်ထဲက ဆီဘူးကို ထုတ်ကာပေးသည်။ ထက်ခေါင်က ဆီဘူးကို လှုပ်ကြည့်ကာ သူ့မီးခြစ်ထဲ ဆီထည့်ပြီး မီးခြစ်နှင့် ဆန့်ကျင်ဘက်သို့ အားနှင့် လွှင့်ပစ်လိုက်သည်။ ပြီးတော့ သွေးပေသွားသော ကုတ်အင်္ကျီနှင့် အတွင်းအင်္ကျီကို ချွတ်ကာ ဒေဝကို ပစ်ပေးသည်။

ထက်ခေါင် ကိုယ်လုံးကိုယ်ပေါက်က အတော်ကြည့်ကောင်းသည်။ မြင်သည်နှင့် အလေးကစားထားမှန်း သိသာသည်။ ရင်အုပ်၊ လက်မောင်း၊ လည်ကုတ်၊ နောက်ကျောသားတွေက သူ့နေရာနှင့်သူ ကြည့်၍ ကောင်းနေသည်။

ဇော်လတ်လည်း အင်္ကျီလဲရသည်။ ဇော်လတ် အင်္ကျီကိုတော့ ရူပါက ယူလာပေး၏။ ဇော်လတ်ကလည်း မင်းသားလုပ်မည်ဆိုကတည်းက ကိုယ့်ဘက်က ပြည့်စုံရအောင် ရေကူး၊ အလေးမ၊ မြင်းစီး၊ ဆိုင်ကယ်စီး၊ စတာတွေကို ဆရာနှင့် ခေါ်သင်ထားသူဖြစ်သည်။ ရင်အုပ်၊ လက်မောင်း၊ ဝမ်းသားရှိ ကြွက်သားများ သိပ်မကွာလှ။ သို့သော် ထက်ခေါင်က အရပ်ပိုမြင့်သဖြင့် ပိုကြည့်ကောင်းသည်ဟု ထင်ရသည်။

ဒေဝက ရေခွက်နှင့်အင်္ကျီ ယူလာပေးသည်။ ထက်ခေါင်က မေစိုးလက်ကိုင်ပဝါကို ရေစွတ်ကာ သွေးကို သုတ်သည်။ ပြီးတော့ ရေရှူသည်။ အကြောနည်းနည်း လျော့သည်။ ပြီးတော့ T ရှပ်တစ်ထည်ကို ဝတ်သည်။

http://www.cherrythitsar.org



ဇော်လတ်ကို ရူပါက ကြပ်ပူထိုးပေးသည်။ မှတ်ကြီးက အင်္ကျီယူလာပေး၏။ တိုက်ခိုက်ရေးနည်းပြအဖြစ် ခေါ်လာသော ဦးသီဟက အနားကပ်ကာ နံကြားကို အကြောထောက်ပေးသည်။ ဦးသီဟက **Action** ကားများတွင် **Fighting** ခန်းများ၌ နည်းပြလုပ်ပေးသည်။ သူကိုယ်တိုင်လည်း ဗန်တိုနှင့် ကရာတေးကို ကျွမ်းကျင်သည်။

"ဒီကောင် သင်ထားတာ ဇော်လတ်။ ကစားလည်း ကစားထားတယ်။ မင်း သူ့ကို သတိထား။ မင်းကို ကျန်တဲ့နေရာတွေ ပေးထိုးပြီး သူက မင်း ပထမဦးဆုံး နာထားတဲ့ ဘယ်ဘက်နံကိုပဲ ဖိထိုးတော့မှာ။ ပတ်တံတောင်ကြောင့် ကွာသွားတာ ကံကောင်းတယ်။ မင်းကို ငါသင်ထားပေးပြီးပြီပဲ။ စစထိုးထိုးချင်း မျက်နှာကို မထိုးနဲ့လို့။ မျက်နှာက နောက်တစ်ကြိမ်ပြန်ထိုးဖို့ မလွယ်ဘူး။ မျက်နှာက စချင်ရင် သူ့မျက်လုံးနှစ်လုံးကြားကိုသာ လက်ဝါးနဲ့ ထိအောင်သာရိုက်။ ဟိုဘက်က ဘာမှ မမြင်ရတော့ဘူး"

"ဟုတ်ကဲ့ ဆရာ"

ထက်ခေါင်က ထရပ်ကာ ဘာမှမဖြစ်သလိုပင် သူ့ **Zippo** မီးခြစ်ကို ထုတ်ကာ စီးကရက်ကို မီးညှိသည်။ ပြီးတော့ နောက်ထပ် စီးကရက်တစ်လိပ်ကို မီးညှိပြီး ဇော်လတ်ဆီ လာသည်။

"မင်းလက်သီးလဲ ဘယ်ဆိုးလို့တုန်းကွ။ ရော့…မင်းစီးကရက်အစား…။ နောက် စီးကရက်သောက်ချင်ရင် ငါ့ကိုပြောပေါ့ကွာ"

ဇော်လတ် စီးကရက်ကို လှမ်းယူတော့ ထက်ခေါင်က ဇော်လတ်ခေါင်းကို ပုတ်သည်။ မင်း ငယ်ပါသေးတယ် ဆိုသည့်သဘော။

"ဒေဝ…လူစစ်စမ်း"

"အားလုံး တန်းစီ။ ခေါင်းပေါ် လက်တင်ထား"

ဒေဝအသံကြားမှ ထက်ခေါင်အနားမှ ခွါကာ တန်းစီရန် ဝင်ရပ်သော မေစိုးမိုးနှင့် ဇော်လတ် မျက်ဝန်းချင်း ဆုံကြပြန်သည်။

"လူစုံတယ် ဆရာ"

“အခုသွားရမယ့်ခရီးက ဒီကိုလာရတဲ့ ခရီးထက် ပိုပြီးကြမ်းတယ်။ ရှေ့ကသွားတဲ့ ကျုပ်တို့နောက်ကပဲ လိုက်ပါ။ သဘာဝအန္တရာယ်များသလို မိုင်းထောင်ထားတာတွေလည်း ရှိတယ်”

ဒါကတော့ ထက်ခေါင် တမင်လှန့်ကာ ပြောခြင်းဖြစ်၏။ ထွက်ပြေးရန် ကြိုးစားသူ ရှိမရှိက မသိနိုင်သဖြင့် ကြိုလှန့်ထားရသည်။

“သဘာဝအန္တရာယ်တွေလည်း ရှိတယ်။ ဥပမာ…မြွေ၊ ပြီးတော့ တောကောင်တွေ…။ နောက်ပြီး နွံအိုင်။ ဒီတော့ ရှေ့က ဒီလမ်းကို ကျွမ်းကျင်ပြီးသာဖြစ်တဲ့ အဖွဲ့ကို မျက်ခြေမပြတ်စေနဲ့။ သူတို့သွားတဲ့ အတိုင်းသာ သွားပါ။ တစ်ခုခု ထူးခြားတာနဲ့ ချက်ခြင်းပြောပါ။ ကိုယ့်သဘောနဲ့ကိုယ် ဘာမှ လုပ်ခွင့်မရှိဘူး”

ထက်ခေါင်က သူတို့ရှေ့မှာ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်ရင်း ပြောနေခြင်း ဖြစ်သည်။

“ဒေဝ…။ ရှေ့ပြေးအဖွဲ့ကို မင်းတာဝန်ယူ။ အေးမောင်နဲ့ ချစ်သိန်း နောက်ချန်။ ပြီးတော့ ဆန်အိတ်ထဲက ဆန်တွေကို ခြောက်ပုံခွဲ။ ဟို လူကြမ်းအဖွဲ့ကို တစ်အိတ်ဆီ ထမ်းခိုင်း။ ကျန်တဲ့ ပစ္စည်းကရိယာတွေကို ဟာသဆိုတဲ့အဖွဲ့က လူတွေထမ်း။ မိန်းကလေးအဖွဲ့က တွေ့တဲ့ ထင်းခြောက်တွေကို ကောက်ခဲ့ရမယ်။ သွားနေတဲ့ လမ်းဘေးက ထင်းခြောက်တွေကို မကောက်ပါနဲ့။ ထောင်ချောက်တို့ ဘာတို့နဲ့ မိရင် ထားခဲ့ရမှာပဲ။ ကဲ…ခရီးစမယ်”

တောင်ပူစာကလေးက ဆင်းပြီး ဆယ့်ငါးမိနစ်လောက် လျှောက်တော့ တောထဲကို စဝင်သည်။ ဒေဝက သူတို့သွားနေကြလမ်းကို ရှာသည်။ အမှတ်အသားကို တွေ့တော့မှ တောထဲ စဝင်ကြသည်။ ဆယ့်ငါးမိနစ်လောက် ဝင်မိတော့ တောက နက်သည်ထက် နက်ကာလာသည်။ လမ်းဟောင်းကလေး ရှိသော်လည်း မသွားတာကြာပြီဖြစ်သည့်အတွက် တော်တော်ရှာနေရသည်။

“ဒေဝ…မြက်ပင်နုကလေးတွေ ပေါက်နေတဲ့လမ်းကိုသွား…။

အဲ့ဒါ လမ်းဟောင်းပဲ”

တောထဲက ငှက်မျိုးစုံအသံက တော်တော်နားထောင်လို့ကောင်းသော်လည်း လေတိုက်သည့်အခါ သစ်ရွက်တွေ တညီတညာတည်း ထခုန်လှုပ်ရမ်းသံကတော့ ထိတ်လန့်ဖို့ ကောင်းသည်။ သစ်ရွက်ခုန်သံ၊ သစ်ကိုင်းချင်း ကြိတ်သံ။ ပြီးတော့ သူတို့မသိနိုင်သည့် သတ္တဝါမျိုးစုံ မြူးတူးသံ၊ ဟောက်သံ။ တဖြည်းဖြည်း နေရောင်ပင် ပျောက်လာကာ တောစိမ့်သည့် အအေးဒဏ်ကို စတင်ခံစားရသည်။

“ဟော့ကောင် ရွှေမဲ။ ငါ့စိတ်ထင်တော့ ဒါ…တစ်ကယ်မဖြစ်နိုင်ဘူးကွ။ ဒါရိုက်တာက ငါတို့ရိုက်မယ့်ကားအတွက် **Training** ပေးတာပဲ ဖြစ်ရမယ်။ **Rehearsal** ပေါ့ကွာ”

မိုးပြဲဒယ်ကြီးကို ရှေ့ကထမ်းလာသော လေးထောင့်က ဆိုသည်။

“ခွီး…ရီဟာဇယ်ပါလား။ ဒီမှာ အသက်က ဖနှောင့်နား ရောက်နေပြီ”

“ငယ်ထိပ်နား ပြောစမ်းပါကွာ”

ထိုးဝါးက တာလပတ်ကြီးထမ်းရင်း ဆိုသည်။

“ဟ…ငါ့အသက်က ငယ်ထိပ်နား မနေရဲဘူးတဲ့။ နားရင်းအရိုက်ခံရရင် လွင့်ထွက်သွားမှာ စိုးလို့တဲ့။ ခြေဖနှောင့်ကို ပြောင်းနေတယ်”

“မင်းအသက် မင်း မပိုင်ဘူးလားကွ။ ထားရာ နေရမှာပေ့ါ”

“မင်းကရော မင်းအသက်မင်း ပိုင်လို့လား”

အိုးတွေ ခွက်တွေကို ထမ်းကာ လာရသော ကြာစေ့က ပြန်ပက်သည်။

“မပိုင်လို့ပေါ့ကွ။ ဒီကောင်က စပေါ်မတင် ဘာမတင်နဲ့လည်း ဝင်နေသေးတယ် ငါတို့ကိုလည်း ဟိုဟာခိုင်း ဒီဟာခိုင်းစားနဲ့။ သူ့အိမ်ကို ပြင်သေးတယ်။ ပြီးတော့ ငါတို့ကို ဖျားခိုင်းလိုက်၊ နာခိုင်းလိုက်နဲ့လည်း ပညာပေးသေးတယ်။ သူထွက်သွားမှာကိုလည်း ငါတို့က ကြောက်နေရ

http://www.cherrythitsar.org



သေးတယ်။ ကဲ…ဒီကောင် ဘာကောင်းသလဲ''

''မင်းကို နမအရွယ်ကလေးနဲ့ ရအောင် ယူပေးတယ်လေ။ ပြီးတော့… ခယ်မကို ကြံခွင့်လည်း ပေးသေးတယ်လေ။ အရက်ကလေး မူးပြီး ဖိမ်လည်း ရစ်ခိုင်းသေးတယ်လေ…။ ဒါတွေကျတော့ရော''

အပြန်အလှန်စကားတွေကြောင့် ထိတ်လန့်စွာ လမ်းလျှောက်လာသူတွေ ပြုံးသူပြုံး၊ ရယ်သူရယ်ကြသည်။ ထက်ခေါင် မထားမြစ်ပါ။ သူပင် ပြုံးမိသေးသည်။ ပြီးတော့ စဉ်းစားမိသွားသည်။ ဟုတ်သည်…။ ဒီအသက်ဆိုတဲ့ကောင်က သူ့ကို ဘာဖြစ်လို့ ဓားပြလုပ်ခိုင်းနေရတာလဲ။

**M.B** ကားဆရာ မိုးကျော်နှင့် မိန်းကလေးတွေက လမ်းမှာတွေ့သည့် ထင်းခြောက်တွေကို ကောက်ကြရသည်။ ထင်းခြောက်တွေက ကောက်မဆုံး။ တစ်တောလုံးကောက်မည်ဆိုလျှင် လော်လီကား အစီးတစ်ရာလောက်နှင့် ကောက်မှရမည်။ တဖြည်းဖြည်း ထင်းခြောက်တွေ လည်ပင်းအထိ ရောက်လာ၏။

ထက်ခေါင်က သူ့လက်ထဲက တောရှင်းဓားဖြင့် သစ်ပင်ကြီးကြီးတွေ့လျှင် သုံးလေးချက်ထစ်ကာ ခုတ်သည်။ လမ်းမှတ်ဟန် တူပါသည်။

''ထင်းတွေ မေးစေ့ထိရင် ဆန်အိတ်ထမ်းတဲ့အဖွဲ့ကို သွားပေးပြီး ဆက်ကောက်။ ဒေဝ…သိပ်မြန်မြန်မသွားနဲ့။ ကညင်ပင်ကြီးနားမှာ ခဏနားကြမယ်''

ထင်းအဖွဲ့က ဆန်အိတ်အဖွဲ့ကို ထင်းတွေသွားပေးကာ ဆက်ကောက်ကြသည်။ ဆက်ကောက်ကြရင်း ထက်ခေါင်အနား ရောက်လာသည်။

''ညတုန်းက ကျွန်မမေးတဲ့ မေးခွန်းကို ရှင် ဖြေမသွားဘူးနော်'' ဟု စကားစ၏။ ထက်ခေါင်က သစ်ပင်တစ်ပင်ကို ဓားနှင့် ငါးချက်ခုတ်နေသည်။

''သိပ် ထူးထူးဆန်းဆန်းလည်း မဟုတ်ပါဘူး။ ပြီးတော့ ဖြေ

လည်း မဖြေချင်ဘူး''

''မေစိုးက စိတ်ဝင်စားလို့ပါ''

ထက်ခေါင်က 'ဟက်' ခနဲ တစ်ချက်ရယ်သည်။

''အင်းလေ…။ အပျင်းပြေ နားထောင်ချင်ရင်တော့ ကညင်ပင်ရောက်ရင် ပြောပြမယ်''

ဇော်လတ်က ဒါဏ်ရာရလာသော ညီအေးမင်းကို အသာဖေးတွဲကာ အလယ်လှောက်မှ လျှောက်သည်။ သူ့ရှေ့မှာ ဒါရိုက်တာ ဦးတင်ကိုရှိပြီး သူ့နောက်မှာ တိုက်ခိုက်ရေးနည်းပြ ဦးသီဟ ရှိသည်။

''အခုလောလောဆယ်တော့ သူတို့ခိုင်းတဲ့အတိုင်း ကျေနပ်အောင် နေပေးတာ ကောင်းမယ်တင်တယ် ဆရာ''

ဇော်လတ်က လေသံသဲ့သဲ့နှင့် မေးသည်။

''ဟုတ်တယ် ဇော်လတ်။ ထက်ခေါင်က မိုက်ရုံတင်မိုက်တဲ့ ခေါင်းပြမဟုတ်ဘူး။ သူ့မှာ ဦးနောက်ရှိတယ်။ ဉာဏ်ပြေးတယ်။ စေ့စပ်သေချာတယ်။ ပြီးတော့…တို့ တစ်ယောက်နှစ်ယောက်တည်း ကိုယ်လွတ်ရုန်းလို့ရတာ မဟုတ်ဘူး။ တစ်အုပ်စုလုံး လွတ်မှ ရမှာ…''

နောက်မှ နည်းပြ ဦးသီဟက…

''ထက်ခေါင်ရယ်၊ ဒေဝရယ်၊ ချစ်သိန်းရယ်က တိုက်ရည်ခိုက်ရည် ကောင်းတယ် ဦးတင်ကို။ သူတို့ပုံစံ ကြည့်တာနဲ့ သိတယ်''

''သူတို့ကို တိုက်ဖို့ခိုက်ဖို့တော့ မလွယ်ဘူး။ လူချင်းဆိုတာတောင်မှ တို့ဘက်မှာက မိန်းကလေးတွေနဲ့။ ပြီးတော့ သူတို့မှာက သေနတ်နဲ့''

''အခြေအနေစောင့်ကြည့်တာ အကောင်းဆုံးပဲ မဟုတ်လား။ ဆရာ''

''ဟုတ်တယ်''

ဦးသီဟက…

''မေစိုးမိုးက ထက်ခေါင်ကို ရောလွန်းတယ် ထင်တယ်ဆရာ''

"အေး…။ သူ့မှာက နဂိုကတည်းက တစ်ကိုယ်ကောင်းစိတ် ရှိတယ်ဆိုတာ ငါသိတယ်။ ဒါပေမဲ့ ညကတော့ မဆိုးပါဘူး။ သူ တစ်ယောက်တည်းအတွက် မဟုတ်ဘဲ အားလုံးအတွက် တောင်းတာပါ။ ဘာပဲဖြစ်ဖြစ် သူ့ကိုလည်း သတိထားရမယ်…။ အေးမင်းဒဏ်ရာ ဘယ်လိုနေသေးလဲ"

အေးမင်းက…

"လမ်းလျှောက်ရတော့ နည်းနည်းနာပြီး ခေါင်းအုံနေတယ် ဆရာ"

"ဘာဆေးထည့်ထားလဲ"

"အိလေးပေးတဲ့ ပလာစတာကပ်ပြီး၊ ပါရာတစ်လုံး သောက် ထားတယ်"

"ပေါက်ရုံပေါက်တာပါ ဆရာ။ ယောက်ျားပဲ…။ ရပါတယ်"

ထိုအချိန်မှာပင် အသံတစ်သံ ထွက်လာသည်။

"ဆရာ…။ ကျွန်မ စော်တကီး သွားချင်တယ်"

"အားလုံးရပ်။ ဘာလဲ…စော်တကီးဆိုတာ"

"ညကဟာလေ…"

ထက်ခေါင် စိတ်ညစ်ကာသွား၏။ ခဏစဉ်းစားကာ…

"နောက်က မိန်းကလေးတွေအားလုံး ဟိုဘက်လှည့်။ ကဲ… သွားတော့"

"ကျွန်မ ရှက်တယ် ဆရာရဲ့။ ဟို…ချော်တကုန်းလေးဘေးမှာ သွားပါရစေနော်"

"ဟော့ကောင် စကားမရှည်နဲ့။ ဒီမှာပဲသွား။ မင်းကို ဘယ်သူမှ မကြည့်ချင်ဘူး"

"မကြည့်လည်း ရှိနေတာ၊ သိနေတော့ ရှက်တယ် ဆရာရဲ့"

"ဟော့ကောင် စကားမရှည်နဲ့။ အဲ့ဒီခြုံထဲ သွားလို့ မိုင်းနင်းမိရင် မင်း တစ်စစီ ဖြစ်သွားမယ်။ ဒီမှာပဲလုပ်"

http://www.cherrythitsar.org



မာမီမွေးက လမ်းဘေးဝဲယာ ကြည့်သည်။ ပြီးတော့ မိန်းမထိုင် ထိုင်၏။ လှည့်ကြည့်သော ထက်ခေါင်နှင့်တွေ့ကာ ထက်ခေါင်က တင်ပါး ကို ကြုံးကန်ပစ်လိုက်သည်။ မာမီမွေး ဂျွမ်းထိုးသလို ဖြစ်ကာသွား၏။ ပြီးတော့ ချက်ချင်းထကာ ရန်တွေ့သည်။

"ရှင် မယုတ်မာနဲ့နော်။ လူများကိစ္စကို သူများပြောပြီးသား။ ဒီလိုပဲ သော်တကွားတတ်ပါတယ်လို့။ ရှင် သတ်ချင် သတ်ပစ်လိုက်။ သတ်ပစ်လိုက်"

"ဟော့ကောင်။ ယောက်ကျားတစ်ယောက်ဘဝဆိုတာ ရခဲတယ်။ မင်း ဒီလိုဖြစ်နေတာ မရှက်ဘူးလား"

"ရှင့်လိုပဲပေါ့။ ရှင်လည်း ဓားပြလုပ်နေတာ မရှက်ဘူးလား"

မာမီ့စကားက ထက်ခေါင် အရှိုက်ကို ထိသည်။ ထက်ခေါင် ညာဘက်လက်ကို မြှောက်ပြီး လွဲအချတွင်…

"ကိုထက်ခေါင်…ဒါ သူ့အားနည်းချက်ပါ။ ရှင် ခွင့်လွှတ်ပေး သင့်ပါတယ်။ မလုပ်ပါနဲ့ရှင်…နော်"

မေစိုး၏စကားကြောင့် ထက်ခေါင် လက်ကိုရုတ်ကာ ထွက်သွား သည်။

"ကဲ…မာမီ။ သွားလေ…သွား"

"မသွားချင်တော့ဘူး။ ဟိုဟာလည်း လောတကန့်သွားပြီ"

ဒီလောက်နှင့် ပွဲပြီးသွားသဖြင့် အားလုံး သက်ပြင်းချရသည်။ ထက်ခေါင်က တွေ့သမျှအပင်ကြီးတွေကို ဓားနှင့်ထစ်ကာ အရိုန်ပိုပြင်း လာသဖြင့် အားလုံး လန့်နေကြရ၏။

"မာမီ…ငါပြောတာ နားထောင်စမ်း။ နောက်ကို နင်ဒီလို စကားမျိုး ဘယ်တော့မှမပြောနဲ့၊ ကြားလား…။ ထပ်ပြောရင် နင့်ကို ငါကိုယ်တိုင် ပါးရိုက်ရလိမ့်မယ်။ အသက်က နင့်တစ်သက်တည်း မဟုတ် ဘူး။ ဒါရုပ်ရှင်ရိုက်နေတာလဲ မဟုတ်ဘူး။ နင့်နှုတ်ကို နင်ထိန်းစမ်း"

သူ ချစ်ရသော၊ အားကိုးရသော မမကိုယ်တိုင်က မဆူစဖူး

http://www.cherrythitsar.org



ဆူသဖြင့် မာမီ ဝမ်းနည်းကာ တရှုံ့ရှုံ့ငိုရင်း လိုက်ကာလာသည်။ မေစိုးက ခပ်သုတ်သုတ်သွားနေသော ထက်ခေါင်နောက်ကို လိုက်ကာ ချော့ရသည်။

"ကိုထက်ခေါင် စိတ်ဆိုးသွားလား။ သူ က ဒီလိုပဲ…။ မိန်းကလေးလို နူတ်လှန်ထိုးတတ်တော့ အကျင့်ဖြစ်နေပြီ။ စိတ်မဆိုးပါနဲ့နော်"

"ရပါတယ်…။ ကိစ္စမရှိပါဘူး"

ဖော်လတ်က အခြေအနေကို ကြည့်ကာနေသည်။ ဒီစကားကို ထက်ခေါင်နာသည်ဆိုလျှင် ထက်ခေါင်သည် ဓားပြမဖြစ်ချင်ဘဲ ဖြစ်လာသူသာ ဖြစ်ရမည်။ ထက်ခေါင်က လူသွားလမ်းကလေးနံဘေးမှာ တွေ့ရသော တစုသီးပင်က အခက်ဝိုင်းဝိုင်းကြီးတွေကို သူ့တောလိုက်ဓားနှင့်ခုတ်သည်။ တစ်လက်ကို တစ်ချက်ပါပဲ။ တစ်ပင်ဆိုလျှင် လေးငါးလက်ရ၏။ ထိုတစုသီးပင်တွေကလည်း လမ်းဘေးဝဲယာမှာ တောထအောင်ပင် ပေါက်လျက်ရှိသည်။ လေးငါးပင်လောက် ခုတ်ပြီးတော့ ရပ်ကာ ဖော်လတ်ကို ကြည့်သည်။

"နောက်က မိန်းကလေးတွေ ထင်းကောက်တာ တော်တော့။ အဲဒီ တစုရွက်တွေကောက်။ ဟော့ကောင် ဖော်လတ်။ မင်း ဟိုဘက်ဘေးက တစုရွက်တွေခုတ်။ အသေးတွေ ချန်ခဲ့။ ကြီးပြီး ရင့်တာတွေ ရွေးခုတ်…။ ချစ်သိန်း မင်း သူ့နောက်က လိုက်။ ခလုတ်ဖွင့်ထား"

ဖော်လတ်လက်ထဲ တောလိုက်ဓားရှည်တစ်ချောင်း ရောက်လာသည်။ ထက်ခေါင် ခုတ်သလိုပင် တစ်ချက်ကိုတစ်ကိုင်း ခုတ်ချပစ်လိုက်သည်။ ကောင်းလိုက်သည့် တောလိုက်ဓား။

"ဟော့ကောင်…အထဲထိ လိုက်မခုတ်နဲ့။ လမ်းဘေးက တွေ့တာပဲ ခုတ်"

ဆိုသော ထက်ခေါင်၏ အမိန့်ပေးသံလိုလို စေတနာသံလိုလိုကို ကြားရသည်။

“နောက်က မိန်းကလေးတွေ အလက်ဘေးမှာ ဆူးရှိတယ်။ သတိထားကောက်”

မေစိုးကအစ တစုရှက်တွေကို ကောက်ကြရသည်။ သူပြော သလို ဆူးတွေကို ဖယ်ကာ ကောက်ကြရ၏။ ဇော်လတ်နှင့် ထက်ခေါင် တို့က တစုရှက်တွေကို တစ်ချက်တစ်လက် အပြိုင်ခုတ်နေကြသဖြင့် ကောက်ရသည့်လူတွေ လက်မလည်။ ဆယ့်ငါးမိနစ်လောက်ကြာတော့

“ကညင်ပင်ကို တွေ့ပြီ ဆရာ”

ဟူသော ဒေဝအသံကို ကြားရသည်။

လူသွားလမ်းကလေးကို ကွေ့လိုက်တော့ တော်တော်ကြီးမား သော ကညင်ပင်ကြီးကို တွေ့ရသည်။ အေးမြသော ကညင်ပင်ကြီး အောက်မှာ ညီညာသော မြေကွက်လပ်ကို တွေ့ရသည်။ သယ်လာသော ပစ္စည်းများကို ချကာ အသီးသီး နားကြသည်။

ထက်ခေါင်က ကညင်ပင်ကြီးကို ပတ်ကြည့်ကာ ကြိုးတစ်ချောင်း ကို ဆွဲချတော့ လှေကားတစ်စင်း ကျလ၏။ ဝါးလှေကား ဖြစ်သည်။ ထိုဝါးလှေကားကို ကျွမ်းကျင်စွာ လှမ်းခုန်ပြီး ခပ်သွက်သွက်တတ်သွား သော ထက်ခေါင်ကို ကြည့်တော့မှ ကညင်ပင်ကြီးထိပ် အကိုင်းမှာ လင့်စင်တစ်ခုကို တွေ့ရသည်။ ထိုလင့်စင်ထဲသို့ ထက်ခေါင် ဝင်ကာသွား ၏။ အထမ်းအပိုးနဲ့လူတွေ ပစ္စည်းတွေပစ်ချကာ ချေပစ်လက်ပစ် နားကြ သည်။ မကြာမီ လင့်စင်ပေါ်မှ သေတ္တာတစ်လုံး ကြိုးနှင့် ကျကာလာ၏။ ချစ်သိန်းက အောက်က စောင့်ကာဖမ်းသည်။ ခဏနေတော့ ထက်ခေါင် အဝတ်အစားလဲကာ ပြန်ဆင်းလာသည်။

ပြီးတော့ မောမောနှင့် နားနေကြသူတွေကို တစ်ချက်ကြည့် သည်။ ချစ်သိန်းလာပေးသော သေတ္တာကိုဖွင့်လိုက်တော့ **Sniper** သေနတ်တစ်လက်ကို တွေ့ရသည်။ အမျိုးအစားကိုတော့ ဇော်လတ် လည်း နားမလည်။

ထက်ခေါင်က ထိုသေနတ်ကို ဖုန်သုတ်ခြင်း၊ ဆေးကြောခြင်း

ဆီထည့်ခြင်း စသည်တို့ကို လုပ်ပြီး ကျွမ်းကျင်စွာ တပ်ဆင်သည်။ ပြီးတော့ ထရပ်ကာ ဟိုချိန်ဒီချိန်လုပ်သည်။ သေနတ်ရှေ့ပြောင်းဝမှာ အသံတိတ်ကရိယာကို တပ်သည်။ ကျည်ခါးပတ်ကို ပတ်သည်။ ထက်ခေါင်လုပ်သမျှ အာလုံး ငေးကြည့်နေကြရ၏။ အားလုံးပြီးတော့မှ ထက်ခေါင်က...

"ဟော့ကောင်"

ဟု သူ့ကို လက်ညှိုးထိုးကာ ခေါ်သည်။

"ငါ့နာမည် ဇော်လတ်"

ဇော်လတ်က ခပ် ထန်ထန် ပြန်ဖြေသည်။

"အေး...မင်းရယ်၊ သူရယ်၊ သူရယ်၊ သူရယ်...တစ်ယောက်ကို ဝါးကျည်တောက် လေးခုစီယူသွား။ ဒီတည့်တည့်ကို လျှောက်သွားရင် ကျောက်စရစ်လမ်းကလေး ရှိတယ်။ အဲ့ဒီလမ်းအတိုင်း ဆင်းသွား။ စမ်းချောင်းထဲက ရေခပ်ခဲ့။ နှစ်ခေါက်ခပ်။ ချစ်သိန်း မင်း ငါနဲ့ လိုက်ခဲ့"

ဒေဝက...

"သူတို့ကို လူစောင့် မထည့်တော့ဘူးလား ဆရာ"

"မလိုပါဘူး။ သူတို့ ထွက်ပြေးသွားပြီလို့ မင်းထင်ရင် ကျန်တဲ့လူတွေကို ပစ်သတ်ပစ်လိုက်။ ကျောက်တုံးကောက်ပြီး ဒယ်အိုးတင်ထား။ ရေသယ်ပြီး အဲ့ဒီအထဲထည့်။ ရေဆူလာမှ ခပ်သောက်။ ရေစိမ်း သောက်မိလို့ ငှက်ဖျားဝင်ရင် ဆေးမရှိဘူး။ လာ..."

ထက်ခေါင် ရေခပ်ခိုင်းတဲ့သူက ကျွန်တော်ရယ်၊ ဦးသီဟရယ်၊ ယက္ခရယ်၊ မြွေပွေးရယ်ပါ။ ကျွန်တော်တို့ ဝါးကျည်တောက်တွေ လွယ်ပြီး ရေခပ်ထွက်ခဲ့ရ၏။

"မင်းသား...။ သူ ကျွန်တော်တို့ကို ပြန်လွှတ်ပေးပါ့မလား"

"ငါတို့ရှိလို့ သူ့အတွက် ဘာအကျိုးထူးမှာလဲ။ လွှတ်မှာပေါ့။ ဒါပေမဲ့ ဒီအတိုင်းတော့ မလွှတ်လောက်ဘူး"

http://www.cherrythitsar.org



“ကျွန်တော်တို့ ပြန်ဆော်ရင်ကော…မင်းသား”

ဦးသီဟက…

“မဖြစ်နိုင်ဘူး။ သူတို့မှာ လက်နက်ရှိတယ်။ ပြီးတော့…ထက်ခေါင်က ပါးတယ်၊ လုပ်ရဲကိုင်ရဲ ရှိတယ်”

ကျောက်စရစ်လမ်းကလေး ဆုံးတော့ စမ်းချောင်းကလေးကို တွေ့ရသည်။ စမ်းရေက စိမ့်ကာ အေးနေ၏။ စမ်းချောင်းကို တွေ့သည်နှင့် မြွေပွေးက ဒိုင်ဗင်ထိုးသွားသည်။ ဇော်လတ် တားချိန်ပင် မရလိုက်။

“ဟာ…ဒုက္ခပဲ။ ဒီမှာ ငှက်ရှိတယ်လို့ ဟိုကောင်ပြောထားတယ်”

ဇော်လတ် စိုးရိမ်တကြီးကြည့်နေချိန်တွင်မှ ရေလယ်မှ မြွေပွေးဘွားခနဲ ပေါ်ကာလာသည်။

“ရေက အေးစိမ့်နေတာပဲ။ လန်းသွားတာပဲ။ မင်းသား…လာ”

“မြွေပွေး…ငှက်ရှိတယ်လို့ ဟိုကောင် ပြောသွားတယ်နော်။ လာ…ပြန်တက်ခဲ့”

“ငှက်က သောက်မိမှပါ မင်းသားရ။ ဟား…ပင်ပန်းသမျှတွေ လန်းသွားတာပဲဗျာ”

မြွေပွေးက အားရပါးရ ရေကူး၊ ရေငုပ် လုပ်နေသည်။ သူတို့ ဝါးဆစ်ဘူးတွေထဲကို ရေထည့်ကာ ပြန်တက်သည်အထိ ကူးကောင်းတုန်း။ သူတို့ ဒုတိယအခေါက် လာတော့မှ မြွေပွေး ရေဖြည့်နေတာကို တွေ့ရသည်။ မိုးပြဲဒယ်မဟုတ်ဘဲ အိုးတစ်အိုးနှင့် ရေကို ကျုံခြင်းဖြစ်၏။ ဒေဝက နောက်နှစ်ခေါက် သွားခပ်ဦးဆိုသဖြင့် ဆင်းကြရပြန်သည်။ သူတို့စခန်းနှင့် ဘယ်လောက်ဝေးသေးသလဲဆိုတာ ခန့်မှန်းကြ၏။

ဒေဝကိုတော့ မမေးနဲ့ကွ။ ဟို…အေးအေးနေတတ်တဲ့ ကောင်လေးကွာ…။ မာမီ့ကို နောက်ကကန်လို့ လဲသွားတုန်းက ပြေးထူပေးတဲ့ ကောင်းလေး။ သူ့ကို မေးရင် ရနိုင်တယ်”

ဦးသီဟက အသက်အရွယ်၊ အတွေ့အကြုံနှင့် လူရွေးသည်။

“ဦးသီဟပဲ မေးလေ…။ ကျွန်တော်ကတော့ စခန်းရောက်မှ

http://www.cherrythitsar.org



အခြေအနေအရ အခွင့်အရေးကို စောင့်ချင်တာပဲ။ လွတ်ရင် အားလုံး လွတ်မှကို ရမှာ…။ တစ်ယောက်ကျန်ခဲ့လို့ မရဘူး''

မိုးပြဲဒယ်တစ်ဝက် ရေခပ်ပြီးတော့ ရေနွေးအိုးက ဆူပြီ။ ဒေဝက ရေနွေးအိုးကို အဖုံးဖွင့်ကာ အရွက်ခြောက်တစ်မျိုး ထည့်သည်။ လက်ဖက်ခြောက်တော့ မဟုတ်။

''အေးသွားရင် သောက်လို့ရပြီး''

ဟု ကြေငြာသည်။ ရေငတ်နေသူတွေ ရေနွေးအိုးကိုသာ စိုက်ကြည့်နေကြ၏။

ထိုအချိန်တွင် ဦးသီဟ ဟိုကောင်လေးနား ကပ်ကာ စကားသွားပြောသည်။

''မင်းက တော်တော်အသက်ငယ်သေးတာပဲ''

ကောင်လေးက ခေါင်းညိတ်သည်။

မင်း ဒီကို ဘယ်လိုဖြစ်လို့ ရောက်လာတာလဲကွာ''

''ကျွန်တော်တို့အားလုံးက အမျိုးတွေချည်းပဲဗျ။ ဒေဝက ကျွန်တော့်ဦးလေးလေ…''

''ဪ…ဒါနဲ့ စခန်းကို ဘယ်တော့ရောက်မှာလဲ။ ဘယ်လောက် လျှောက်ရဦးမှာလဲ''

ကောင်လေးက ပြုံးသည်။

''ဒီတောင်ကို တက်ရမှာဗျ။ ပြီးရင်…နောက်ထပ် နေ့ဝက်လောက် လျှောက်ရဦးမှာ။ မိန်းကလေးတွေ ပါတယ်ဆိုတော့ မိုးစုန်းစုန်းချုပ်မှာပဲ''

''ဟာ…မလွယ်ပါလားကွာ''

ထိုစဉ် ထက်ခေါင်နှင့် ချစ်သိန်း ပြန်ရောက်လာ၏။ ချစ်သိန်းက ဒရယ်နှစ်ကောင်ကို ထမ်းကာလာသည်။

ထက်ခေါင်က မောမောနှင့် ထိုင်ကာ ရေနွေးအိုးထဲက ရေနွေးကို ဝါးဆစ်ခွက်ဖြင့် ခပ်ကာ မှုတ်သောက်သည်။ ပြီးတော့ အားလုံးကို

http://www.cherrythitsar.org



တစ်ချက်ကြည့်သည်။ မြွေပွေးကိုတွေ့တော့ မျက်လုံးတစ်ချက်ပြူးကာ ပါးစပ်ဟသွား၏။

"ဟော့ကောင်း..။ မင်း ရေချိုးလာသလား၊ ရေဆင်းကူးလာ သလား"

အရေးတကြီး တုန်လှုပ်စွာမေးသည်။

"ဟုတ်တယ်..။ ရေမချိုးရတာ သုံးရက်ရှိပြီဆိုတော့ ရေဆင်းကူး ပစ်လိုက်တယ်"

"အင်း...ကောင်းတယ်...ကောင်းတယ်"

ထင်ခေါင်က ခေါင်းကို ခါသည်။

"ငါကလည်း ရေမသောက်နဲ့ဘဲ မှာမိတယ်။ အေးပေါ့ကွာ... ဒီတောကို မင်းသင်္ချိုင်းလိုပဲ သဘောထားလိုက်ပေတော့"

မြွေပွေးက ဂရုမစိုက်သလို ပခုံးတွန့်ပြကာ ရယ်နေသည်။ ချစ်သိန်းက ဒရယ်နှစ်ကောင်ကို ခြေနှင့်ထိုးကာ မေးသည်။

"ဒီနှစ်ကောင်ကို ဘယ်လိုလုပ်မလဲ ဆရာ"

"ခေါင်းဖြတ်...အရေခွံဆုတ်။ နှစ်ကောင်စလုံးက ကလီစာ တွေကို ချက်ကွာ။ အသားတွေကို ညှင်းထားလိုက်။ ဒါနဲ့...ကိုမင်းနဲ့ အေးမောင်နဲ့ ကိုင်။ ဒေဝကို ခေါ်လိုက်"

ချစ်သိန်း ထွက်သွားပြီး သိပ်မကြာ၊ ဒေဝ ရောက်လာသည်။

"ရောက်ပြီ ဆရာ"

"အေး...မင်းနဲ့ လူကြမ်းအဖွဲ့ဆိုတဲ့ လူတွေရယ်၊ ဟို...ဇော်လတ် ရယ် ဟာသအဖွဲ့က လူတွေရယ် ဝါးခုတ်ကွာ...။ ဝါးကြီးက အလုံး သုံးဆယ်လောက်၊ ဝါးလက်နှစ်ဆယ်နဲ့၊ တင်းဝါး ငါးဆယ်လောက်ခုတ်။ တစ်လှည့်စီ ခုတ်ခိုင်းကွာ...။ ထမင်းစားချိန်ကျမှ နားမယ်။ ပထမ မင်းက ခုတ်ပြ။ ဟုတ်ပြီလား..."

"ဟုတ်ကဲ့ ဆရာ"

ဇော်လတ်တို့ တောရှင်းဓားကိုယ်စီဖြင့် ဝါးတောထဲ ဝင်ခဲ့ရသည်။

ဝါးတောက သူတို့တတ်ရမည်ဆိုသော တောင်၏ ဘယ်ဘက်တွင် ပေါက်နေခြင်းဖြစ်သည်။ ဝါးတောဆိုသည့်အတိုင်း ဝါးပင်မျိုးစုံက တိုးပင်မပေါက်။

ရှေ့ဆုံးက ဒေဝ ရပ်သဖြင့် အားလုံး ရပ်လိုက်ကြသည်။

"ဒီ…ဝါးလတ်ကို အရင်ခုတ်မယ်။ ခုတ်နည်းကို ငါရှင်းပြမယ်။ ဝါးကို အရင်းကနေ ခုတ်လို့မရဘူး။ ဟောဒီလို ဓားတစ်ကိုင်စာ နေရာကနေ ခုတ်ရတယ်။ ညာဘက်တစ်ချက်ခုတ်မယ်။ ပြီးရင်…ဘယ်ဘက်တစ်ချက်ခုတ်မယ်။ ပြီးတာနဲ့ နောက်ကိုဆုတ်ပြီး ရှောင်ရမယ်။ ကြည့်.."

ဒေဝက သူ့တောလိုက်ဓားနှင့် လွှဲကာ ညာဘက်ကို ခုတ်သည်။ နောက် ဘယ်ဘက်ကို ခုတ်ကာ နောက်သို့ ခုန်ကာရှောင်သည်။ ခုတ်လိုက်သောဝါးက လျှောခနဲ ကျလာ၏။

"သစ်မှာအဖျား…ဝါးမှာအရင်းတဲ့။ အဲ့ဒါ ရှောင်ရမယ့်နေရာကို ပြောတာ။ ဝါးပင်က ခုတ်ပြီးရင် သစ်ပင်လို လဲကျမသွားဘူး။ အပေါ်မှာ အကိုင်းယုက်နေတော့ လဲမကျဘူး။ ထိုးကျတာ။ မရှောင်တတ်ရင်တော့ ရင်ဝတန်းလန်းပဲ"

ဒီလိုနှင့် သူတို့ သတိထားကာ ဝါးပင်တွေ ခုတ်ရသည်။ ကညင်ပင်ကြီးနှင့် ဝါးတောက ကိုက်(၁၀၀)လောက်သာ ဝေးသဖြင့် မွန်းတိမ်းချိန်တွင် ဒရယ်ကလီစာနံ့ကို ရလေသည်။ ခဏနေတော့ လက်ခေါက်မှုတ်သံကို ကြားရ၏။

ဆား၊ ဆန္ဒင်းနှင့်သာ ချက်တာဆိုတော့ ဒရယ်ကလီစာက သဘာဝအတိုင်းဟု ဆို၍ရသည်။ ချိုကာ ဝါးလိုက်တိုင်း တထုတ်ထုတ်နှင့် အရသာရှိသည်။ ရူပါက ညှီ၍ စားမရဆိုသဖြင့် ရအောင်စားရန် ဇော်လတ် အကြံပေးရသည်။ အိလေးကတော့ ဘာကိုမှ ဂရုမထား။ ထမင်းဆာနေပြီဆိုကာ ကြုံးတီးသည်။ အဘွားကြီး သုံးယောက်ကလည်း ပျော်ပွဲစားထွက်နေသည်များ မှတ်နေသလား ထင်ရ၏။ လူကြမ်းအဖွဲ့ကတော့ မပြောနှင့်တော့။ လူရှင်တော်တွေကတော့ နောက်လိုက် စား

http://www.cherrythitsar.org



လိုက်။

ထမင်းစား ခဏနား…။ ပြီးတော့ ဝါးခုတ်သည့်အဖွဲ့က ခုတ်သည်။ ထက်ခေါင်က သူ့လင့်စင်ပေါ် တတ်ကာသွားသည်။ ကျန်လူတွေက အိပ်ကြ၏။

ညနေစောင်းသည်အထိ လိုချင်သော ဝါးအရေအတွက်က မရသဖြင့် ဒီနေရာမှာပင် တစ်ညအိပ်မည်ဟု ထက်ခေါင်က ဆိုသည်။

"ဟော့ကောင်…။ မင်း ဟိုကိစ္စကို အလင်းရောင်ရှိတုန်း ရှင်းထား"

ဟု ထက်ခေါင်က ပြောသဖြင့် အာလုံး ရယ်ကြရသေးသည်။

သြော်…ဒုက္ခရောက်နေသည့် ကြားထဲမှာတောင်မှ ပျော်စရာကလေးတွေ ရှိနေပါသေးလားဟု ဇော်လတ် တွေးနေမိသည်။

●●●

http://www.cherrythitsar.org



## အခန်း [၄]

ဇော်လတ် အိပ်ယာကနိုးတော့ အားလုံးနီးပါး နိုးနေကြပြီဖြစ်ရာ လှုပ်လှုပ်ရွရွနှင့် လုပ်နေကြသည်။ သူ အိပ်ရေး၀၀ အိပ်လိုက်ရသည့်အတွက် ဇော်လတ် ၀မ်းသာသည်။ ဒီနေ့ ဘာတွေပင်ပန်းပြီး ဘာတွေလုပ်ရဦးမည် မသိရ။ ကိုယ့်မှာ အားရှိထားဖို့က အရေးကြီးသည် မဟုတ်လား။ သူ လှျောက်ကြည့်တော့ မိန်းကလေးသုံးယောက်နှင့် အဘွားကြီးသုံးယောက်က နောက်ဆုံးလက်ကျန် မာလ်တိုဗာကို ဖျော်နေကြသည်။ အိလေးမျက်နှာက သိပ်မကောင်းလှ။

သူ ရေနွေးနှင့် မျက်နှာသစ်ပြီး ကောက်ဖီသောက်ရန် သွားတော့ ရူပါက ခပ်ကာပေးသည်။

"ဟဲ့…အိလေး။ နင် ဘာဖြစ်နေတာလဲ"

အိလေးက မေးတော့မှ မျက်ရည်ကျသည်။

http://www.cherrythitsar.org



"ဆရာကလည်း…ဟိုတောင်ကြီးကို အိလေးတို့ တက်ရမှာတဲ့"

အိလေးပြောတဲ့ဘက် ကြည့်လိုက်တော့ တောင်ခြေမှာ လူတွေ ဝိုင်းအုံးနေတာ တွေ့ရသည်။ ဝါးလုံးတွေ သယ်သူတွေကလည်း သယ်နေကြသည်။ သူ မာလ်တိုဗာသောက်ရင်း ငေးနေချိန်မှာ ဒေဝ သူ့ထံရောက်ကာလာသည်။ အနားရောက်တော့ သူ့ဗိုက်ကို သေနတ်ဒင်နှင့် စောင့်ထိုးကာ…

"ဟေ့ကောင် မင်းကို ခေါ်နေတယ်"

ဇော်လတ်စိတ်ထဲ ထောင်းခနဲ ဖြစ်သွားသော်လည်း သည်းခံလိုက်သည်။ မာလ်တိုဗာကို အကုန်မော့ကာ တောင်ခြေသို့ သွားရသည်။ တောင်က ဆင်ခြေလျှောမဟုတ်။ မတ်သည့်နေရာတွေက အုတ်ခဲထောင်ထားသလို မတ်သည်။ ထက်ခေါင်က အပေါ်အင်္ကျီချွတ်ကာ ခါးမှာ တစ်ဖက်ချွန်ထားသော ဝါးနှစ်ဆယ်လောက်ကို စုကာ ချည်ထားသည်။ ကြိုးခွေကြီး လွယ်ကာထားသည်။

ဝါးချွန်တွေရဲ့ အောက်မှာ သံစို့တွေ ချည်ကာ ခါးနှင့် ပတ်လွယ်ထားသည်။ အပေါ်အင်္ကျီချွတ်ပြီး ဘောင်ဘီအတိုကို ဝတ်ထားသည်။ ကြွက်သားတွေ အမြှောင်းမြှောင်း၊ ရင်အုပ်ကားကား၊ လက်မောင်းထွားထွားနှင့် ထက်ခေါင်ပုံစံက တကယ်ကြည့်ကောင်းနေသည်။

"ဟေ့ကောင်း…မင်း အင်္ကျီချွတ်။ အဲ့ဒီပစ္စည်းတွေ လွယ်လိုက်။ ပြီးရင် ဝါးတစ်ရပ်အကွာမှာ ရပ်"

ဇော်လတ် သဘောပေါက်သွားပြီ။ သူတို့နှစ်ယောက်က နောက်ကလူတွေ အလွယ်တကူတက်နိုင်ရန် အရင်တတ်ပြီး စို့တွေ ရိုက်ပေးကြရမည်။ ဇော်လတ် အင်္ကျီချွတ်ကာ အကြောခဏလျှော့သည်။ ပြီးတော့ သူ့အတွက် ပေးထားသော ဓားမြှောင်ကိုယူကာ သူ့ဂျင်ဘောင်းဘီကို ဒူးအပေါ်မှ ဖြတ်ပစ်လိုက်၏။ ထက်ခေါင်က ပြုံးသည်။ ထို့နောက် ကြိုး၊ ဝါးစို့နှင့် သံစို့တွေကို ထက်ခေါင်ချည်သလို ချည်လိုက်၏။

မနက်ခင်းနေရောင်အောက်မှာ အသေအချာလေ့ကျင့်ကစား

http://www.cherrythitsar.org



ထားသည့် ယောက်ျားနှစ်ယောက် သတိ၊ ဉာဏ်၊ ခွန်အား၊ သတ္တိ ပြိုင်ပွဲ…။

“မင်းရင်စို့လောက်ကနေ စပြီး ဝါးစို့ကို အရင်ရိုက်မယ်။ ခြေနှစ်ချောင်း တစ်ချဲစာ မှန်းရိုက်။ အဲ့ဒီပေါ်တတ်ပြီးရင် လက်တစ်ကမ်းမှာ တစ်စို့ရိုက်…။ ဘေးဘက်ကိုလွှဲပြီး ကြားစို့ရိုက်။ ဝါးစို့ရိုက်မရတဲ့နေရာမှာ သံစို့ရိုက်မယ်။ ဝါးစို့ကို ခြေတစ်နင်းစာ ကျန်အောင်အထိ ရိုက်။ မခိုင်ရင် မသာပေါ်ကုန်လိမ့်မယ်။ ကြားလား…”

“သိပြီ”

“ကဲ…ဒေဝ။ ဝါးလုံးကြိုးတွေ ချည်တော့ဟေ့”

ဒေဝက ဇော်လတ်ခါးမှာ ဝါးလုံးငါးလုံးကို စုချည်ထားသော ကြိုးကို ချည်၍ပေးသည်။ ထက်ခေါင်က စို့လည်းရိုက်ရင်း ဝါးလုံးတွေလည်း သယ်ရင်း ပညာပြိုင်ကြရန် စိန်ခေါ်ပုံ ရသည်။ သူ အကြောအသေအချာလျှော့ ရှူးဖိနပ်ကို ချွတ်ကာ အသက်ဝဝ ရှူးသွင်းလိုက်သည်။

“ဆရာ သတိထားနော် ဆရာ”

ရူပ့်အသံဖြစ်သည်။ ဇော်လတ် လှည့်မကြည့်တော့။ သူဒိုက်ထိုးခဲ့သော၊ အလေးမခဲ့သော၊ ရိမ်းဘားကွင်း ခိုခဲ့သော၊ သူ့လက်မောင်းကြွက်သားများကို သူယုံကြည်ပါသည်။

“ကိုထက်ခေါင် သတိထားနော်…။ နှစ်ယောက် ညှိလုပ်ပါ”

မေးစိုးအသံ ဖြစ်သည်။

ဇော်လတ် သူ့ရင်စို့ရှေ့ကို မှန်းကာ ဝါးစို့ကို ရိုက်သွင်းလိုက်သည်။ ထက်ခေါင်ကလည်း စပြီ။ ထိုဝါးစို့ပေါ်ကို တတ်ရပ်ကာ ရင်စို့မှာ တစ်ချက်ရိုက်သည်။ ညာလက်တစ်ဆန့်စာနှင့် ဘယ်လက်တစ်ဆန့်စာ ခပ်ယွန်းယွန်းမှာ တစ်ချက်ရိုက်သည်။ ထိုစို့ကို အားယူကာတတ်ရင်း ဆက်ရိုက်သွားရသည်။ ရိုက်ပြီးသည်နှင့် ထက်ခေါင်က လှမ်းကာကြည့်သည်။ သူကလည်း ကြည့်ရသည်။ ခါးက ဝါးအလေးချိန်က နှစ်ယောက်

အတက်၊ အရပ်ညီမှ ဖြစ်မည်။ တစ်ဖက်စောင်းနင်းဖြစ်သွားလျှင် နှစ်ယောက်စလုံး ကြွမည်။

အောက်က 'သတိထား။ ဒီဘက်က ရိုက်တုန်း သတိထား။ ရပြီ…တက်' စသည်ဖြင့် အော်နေကြသည်။ ဝါးစို့တွေကုန်တော့ ကျောက်သားဖြစ်ကာသွား၏။ ကျောက်သားကို သံစို့ရိုက်ရတာ မလွယ်။ အောက်က ဝါးစို့တွေကို ရိုက်ထားသည့်အရှိန်နှင့် လက်မောင်းတွေက တော်တော်လက်အံသေးနေပြီ။ သို့သော် ဇော်လတ် သူ့ကိုယ်သူ ယုံကြည်ပါသည်။ ဝါးဆွဲအားကြောင့် ခါးက ပူကာ နာလာသည်။ အရည်ခွံတွေတော့ စုတ်ပြတ်ကုန်ပြီဟု ဇော်လတ် တွေးသည်။

နောက်ဆုံးစို့တစ်ချက်ကို ရိုက်ပြီး တောင်ပေါ်ရောက်တော့ နှစ်ယောက်စလုံး ပက်လက်လန်ကာ ကောင်းကင်ကြီးကို ငေးကြည့်နေမိကြသည်။ အသက်ကို အခုမှ ဝဝရှူရသည်။ ထက်ခေါင်က အရင်ထကာ သူ့ခါးက ဝါးချည်ကြိုးကို ဆွဲသဖြင့် ဇော်လတ်လည်း ထဆွဲရသည်။ အောက်က အားပေးသံတွေ ကြားရ၏။

ထက်ခေါင်က သူ့ခါးကြားက ရေနွေးဘူးကို ပစ်ကာ ပေးသည်။ ဇော်လတ် အားရပါးရ သောက်ပစ်လိုက်၏။ သူထင်သည့်အတိုင်းပင် သူ့ခါးမှာ အရည်ပြားတွေ လန်ကာနေသည်။

ထက်ခေါင်က နောက်ဆုံးရိုက်ခဲ့သည့် သံစို့နှင့် တည့်တည့်မှာ နောက်ဆုံးသံစို့ကြီးတစ်ချောင်းကို ရိုက်သည်။ ဇော်လတ်လည်း ရိုက်ရ၏ ပြီးတော့ ထိုသံစို့မှာ ကြိုးကို သေချာအောင်ချည်ကာ အောက်သို့ ပစ်ချပေးလိုက်သည်။ နောက်လူတွေက ကြိုးကိုဆွဲကာ သူတို့ စိုက်ထားသော စို့တွေကို နင်းကာ တက်လာရုံပင်…။

ခဏကြာတော့ ဒေဝနှင့် ချစ်သိန်း တက်လာကြသည်။ ပြီတော့ ဗလကြီးနှင့် ယက္ခ…။ ပြီးတော့ မြွေပွေးနှင့် ဓားပြတစ်ယောက်…။

"မိန်းကလေးတွေ ရပ့်မလား"

"မင်းနဲ့ငါ ပြန်ဆင်းရလိမ့်မယ်။ ဝါးတွေကို သူတို့သုံးဖွဲ့ တစ်ဖွဲ့ဆွဲ

http://www.cherrythitsar.org



နှစ်ဖွဲ့နား လုပ်ရမှာ...''

ထက်ခေါင်က ဝါးဆွဲတင်နည်းကို သူ့လူတွေကို ရှင်းပြနေတုန်း ဇော်လတ် ကြိုးကို ဆွဲကာ ဆင်းလာခဲ့သည်။ အောက်သို့ အေးအေးဆေး ဆေးရောက်လာသော ဇော်လတ်ကို မေစိုးနှင့်ရူပါက ရေခွက်တစ်ခွက် စီ လှမ်းပေးကြသည်။ ဇော်လတ်က တမင် မေစိုး၏ရေခွက်ကို ယူလိုက် သည်။ ရူပါ မျက်နှာပျက်ကာ ထွက်သွား၏။

''မဆိုးဘူး...နင်တော်သားပဲ။ **Action** ကားတွေ ရိုက်လို့ရပြီ''

''ဋ္ဌင်းတလောက်တော့ ၄က်တိုင်း လုပါတယ်ဟ''

ဇော်လတ်နှင့် မေစိုး စကားပြောနေတုန်း ထက်ခေါင် ဆင်းလာ သည်။ ထက်ခေါင်ကို မေစိုးက ရေတိုက်သည်။ ရယ်ရယ်မောမော စကားပြောသည်။ ပြီးတော့ ထက်ခေါင်က ဝါးငါးလုံးကို စုကာ ကြိုးချည် သည်။ ဇော်လတ်လည်း ချည်ရ၏။ ကြိုးဆွဲကာ အချက်ပေးလိုက်တော့ ဝါးလုံးတွေ မြောက်တက်သွားကြသည်။ သူတို့ရိုက်ထားသော ဝါးစို့ တစ်ထစ်မှ ခဏမေးသည်။ ပြီးတော့ တစ်ချက်မြှောက်၊ ဝါးစို့မှ ခဏ မေး...။

ဒီလိုနှင့် ဝါးလုံးတွေအကုန်လုံး တောင်ပေါ်ရောက်ကာ သွား၏။

''ကဲ...မင်းတို့အဖွဲ့ အရင်တတ်ကြ။ မင်းနဲ့ငါက နောက်ဆုံးမှ တက်မယ်''

ဇော်လတ်က ပြုံးလိုက်သည်။ သူတို့အဖွဲ့ချည်သား ကျန်ခဲ့လျှင် ထွက်ပြေးနိုင်သည်ဆိုတာကို ထက်ခေါင်က ကြိုတွက်ထားပြီး ဖြစ်သည်။ ပထမနှစ်ယောက်အဖြစ် ဒါရိုက်တာဦးတင်ကိုနှင့် ချက်ကြီးတို့ တက်ကြ သည်။ နောက် ရွှေမဲနဲ့ ကပ်ဖဲ့ နှစ်ဘက်တက်ရသည်။ တစ်လမ်းလုံး ရန်ဖြစ်သွားကြ၏။ သူတို့အဖွဲ့ ယောကျ်ားလေးတွေ ကုန်တော့ မိန်းကလေးငါးယောက်၊ ကားဆရာနှင့် မာမီနွေးသာ ကျန်တော့သည်။

''အေးမင်းနဲ့ ဟိုကောင်တက်''

အေးမင်းက နှာခေါင်းရှုံ့သည်။ မာမီနွေးက တောင်ကို ကန်

တော့သည်။ ပြီးတော့...

"ဖြစ်...ဖြစ်ပါမလားရှင်။ ကျွန်မက..."

"အေး...နင်မတက်ရဲရင် နင်တစ်ယောက်ပဲ ဒီမှာ ကျန်ခဲ့ရမှာ။ အဲ့ဒီတော့မှ နင့်ဆီကို ကျားစစ်စစ် လားလိမ့်မယ်"

ဒီတော့မှ မာမီနွေး ကြိုးကို ကိုင်ကာ တက်သည်။ ကြောက်သူ အရင်ရောက်သည် ဆိုသောစကားက အလွန်မှန်သည်။ တောင်ပေါ်ကို မာမီနွေးက အေးမင်းအရင် ရောက်ကာသွား၏။ အဘွားကြီးတွေနှင့် ကားဆရာတို့ နှစ်ဖွဲ့ခွဲကာ တက်ကြသည်။

"ဒေါ်စုဟန်...အောက်ကိုလည်း မကြည့်နဲ့၊ အပေါ်ကိုလည်း မကြည့်နဲ့။ ကိုယ့်ရှေ့ကိုပဲ ကြည့်ပြီး အပေါ်ကို လက်နဲ့စမ်း၊ တွေ့ပြီးဆို မြဲအောင်ဆုပ်ထား။ ပြီးမှ အပေါ်တစ်လှမ်းတက်။ ကျွန်တော်ပြောတာကို သေသေချာချာလုပ်နော်...။ တစ်ထစ်ချင်းပဲ တက်၊ ရောက်လို့ရောက်မှန်း တောင် သိမှာမဟုတ်ဘူး။ အောက်ကိုတော့ လုံးဝမကြည့်ပါနဲ့"

နောက် အဘွားကြီးနှစ်ယောက်တက်သည့်မြင်ကွင်းက အသည်းယားဖို့ ကောင်းသည်။ နောက်ဆုံးကျန်တာက ရူပါ၊ အိလေး မေစိုးမိုးနှင့် သူတို့နှစ်ယောက်ဖြစ်သည်။ ပြဿနာက အိလေးဖြစ်သည်။ မျက်စေ့ မျက်နှာပျက်ကာ တစ်ကိုယ်လုံး တုန်နေသည်။ မေစိုးနှင့် ရူပါ့ကို သူတို့ နှစ်ယောက်က ထိန်းတင်ပေးပြီးမှ အိလေးကို လာခေါ်မည်ဆိုတော့လည်း အောက်မှာ အိလေးက တစ်ယောက်တည်း မနေရဲ။ ကြောက်တယ် ကြောက်တယ်ချည်း အော်ကာနေသည်။

"ကဲ...အချိန်ကြာတယ်ကွာ။ ဟော့ကောင်...မင်းရယ် ရူပါရယ်၊ မေစိုးရယ် ဟိုဘက်ကတက်။ ငါ သူ့ကို တာဝန်ယူတယ်။ ဒီမှာ ကောင် မလေး...။ နင့်ထက် အသက်ကြီးတဲ့ အဘွားကြီးတွေတောင် တက်သွား တာ တွေ့လား။ ကြောက်မနေနဲ့။ ကြောက်ရင် သေတတ်တယ်။ လာ..."

အိလေးကို စွေ့ခနဲ မတင်ကာ ကြိုးကို မြဲအောင်ကိုင်ရန်မှာပြီး တက်ခိုင်းသည်။ သူတို့တက်တာကို ကြည့်ပြီး တော်တော်ရောက်မှ

http://www.cherrythitsar.org



ရူပါက စတက်သည်။ ရူပါနောက်က မေစိုး။ နောက်ဆုံးကမှ ဇော်လတ် တက်သည်။

ဇော်လတ်က သတိပေးကာ ဖြည်းဖြည်းချင်း တက်ကြရ၏။ တစ်ဝက်လောက်ရောက်တော့ မေစိုး ကြောက်သံပါလာသည်။

"ရူပါ…။ နင် ရှေ့က သိပ်မြန်မြန်မတက်နဲ့။ ငါ့ကိုစောင့် ဦး…။ ငါ့ကို စောင့်ဦး…။ အမလေး…ဘာလဲ။ အား…အားကျပြီ"

မေစိုး ခြေနင်းစို့လွတ်ကာ တွဲလောင်းဖြစ်နေသည်။ မေစိုးချော် ထွက်သွားသဖြင့် သုံးယောက်စလုံး နာရီချိန်သီးလို လွှဲရမ်းနေကြ၏။ ဇော်လတ် အော်သတိပေးရသည်။

"မေစိုး မကြောက်နဲ့။ ကြိုးကို မြဲအောင်ကိုင်ထား။ ရူပါ မကြောက်နဲ့။ ဒီတစ်ခါပြန်လွှဲရင် စို့ကို မိအောင်ဖမ်း။ ပြိုင်တူဖမ်း"

ရူပါရော၊ မေစိုးရော မမိ။ သူမိထားသော စို့ကို ညာဘက်လက် နှင့် အားရှိသမျှဆွဲကာ အံကြိတ်ထိန်းတော့မှ လွှဲရမ်းခြင်းက ဖြည်းသွား ကာ သုံငုတ်တွေကို ကိုင်မိကြသည်။ တောင်ပေါ်ရောက်တော့ ဇော်လတ် ပက်လက်လန်ကာ သွား၏။

ရူပါ့ကို သူ့အမေက ပြေးကာ ဖက်သည်။

"တော်ပါသေးရဲ့ သမီးရယ်…။ နတ်တွေ သကြားတွေ မပေ လို့"

ရူပါ သိပ်မကြောက်ပါ။ သို့သော် ခြေတွေလက်တွေတော့ တုန်ကာနေသည်။ ဇော်လတ်ကတော့ အသက်ကို မှန်မှန်ရှူကာ နေရ၏။ ထိုအချိန်ကျမှ ပြဿနာက စသည်။

"ဇော်လတ်…။ နင် ယောကျ်ားဖြစ်ပြီး မိန်းမဆန်လှချည်လား။ နင် ငါ့ကို သေအောင်သတ်တာ။ ဆရာ…သူ ကျွန်မကို သေအောင် တမင်လုပ်တာ ဆရာ"

မေစိုးမိုးက ဦးတင်ကိုကို တိုင်သည်။ ပြီးတော့ ငိုလည်းငိုသည်။

"သူက သမီးကို ဘာလုပ်လို့လဲ"

ဦးတင်ကိုက တည်ငြိမ်စွာ မေးသည်။

"သုံးပုံနှစ်ပုံအမြင့်ကို ရောက်တော့မှ သူက သမီးရဲ့ ဒါကို လာပွတ်တယ်ဆရာ။ သမီးလည်း ပထမတော့ မသိဘူး။ နောက် ပိုဆိုး လာလို့ ရူပ့ါကို စောင့်ပါဦး အော်ရင်း ခါးကို ရုန်းတော့မှ စို့လွတ်သွား တာ။ သူ သမီးကို သေအောင်သတ်တာ။ သမီးသေရင် သူတစ်ယောက် တည်း နာမည်းကြီးအောင် သမီးကို ကြံုတုန်း သတ်တာဆရာ"

လူအားလုံးက ပတ်လက်လန်းနေသော ဇော်လတ်ကို ကြည့် သည်။ တစ်ချို့က ခေါင်းခါပြကြ၏။ ဦးတင်ကိုက အသေအချာ စဉ်းစား နေဟန် တူပါသည်။

"ရူပါ...။ သမီး ဘာသိသလဲ"

"မမ အဲ့ဒီ့လိုအော်တာတော့ ကြားတယ်ဆရာ။ သမီးလည်း အောက်ငုံ့မကြည့်ရဲလို့ မသိဘူး"

"မဟုတ်ဘူး...။ သူ သမီးကိုသတ်တာ သေချာတယ်ဆရာ"

"အားလုံး စို့လွတ်သွားတော့ ကြိုးရမ်းနေတဲ့အချိန်မှာ စို့ကို ဘယ်သူပြန်မိသလဲ"

ဦးတင်ကိုအမေးဆုံးသည်နှင့် ရူပါက "ကိုဇော်လတ်"ဟု ဖြေ သည်။

"သမီးကို အောက်ကနေ သူ ခါလည်း ချသေးတယ်ဆရာ"

ဇော်လတ် ပက်လက်လှန်နေရာမှ ထကာထိုင်သည်။ ဘာစကား တစ်ခွန်းမှ မပြော။ ထက်ခေါင်က ရပ်နေရာမှ ဇော်လတ်အနား ရောက် လာကာ ဇော်လတ်ခြေထောက်ကို ကန်ရင်း မေးသည်။

"ဟေ့ကောင်...။ သူပြောတာ ဟုတ်လား"

ဇော်လတ် ထကာရပ်သည်။

"သံစို့ကနေ လွတ်ပြီး ရမ်းနေတုန်းကတော့ ငါ သူပြုတ်မကျ ရအောင် ဖေးကိုင်ပေးထားရတယ်။ သူပြောသလိုတော့ မဟုတ်ဘူး"

ဝိုင်းနားထောင်နေသူတွေထဲက မသဲမကွဲခပ်အုပ်အုပ် ထွက်

http://www.cherrythitsar.org



ကာလာသည်။ ထက်ခေါင်က ပြုံးကာ ခေါင်းကို ရမ်းသည်။

"ကဲ…မေစိုး"

"စတက်ပြီး သုံးလေးလှမ်းလောက်ကတည်းက နောက်ကနေ တစ်ချိန်လုံး ပွတ်လာတာ။ နောက်ဆုံးအခြေအနေဆိုးလာလို့ အတင်း ရမ်းတော့ ငုတ်တွေလွတ်ကုန်တာ။ နင် ယောကျ်ားမဟုတ်ဘူးလား ဇော်လတ်"

"ငါ ယောကျ်ားစစ်စစ် မေစိုး။ နင်နာမည်ကြီးတာကိုလည်း စိတ်မဝင်စားဘူ။ ငါတို့ ဒုက္ခရောက်ရတဲ့အထဲမှာ အခက်အခဲတစ်ခုကို ကျော်ဖို့ပဲ ငါ့စိတ်မှာရှိတာ။ အဲ့ဒီ့အပြင် ဘာမှမရှိဘူး။ ငါ…ငါ…နင့်ကို တော်ပြီ…။ နင်ထင်ချင်လလို ထင်နိုင်တယ် မေစိုး။ ထင်ချင်တာထင်…"

အားလုံး တိတ်ဆိတ်သွားကြသည်။

ထက်ခေါင်က ရှေ့ကိုတိုးကာ သူ့ခါးကြားက တောလိုက်ဓားကို ဇော်လတ်ရှေ့သို့ ပစ်ချပေးလိုက်သည်။ ပြီးတော့ ဒေဝဆီက သူ့သေနတ် အိတ်ကို တောင်သည်။

"မင်း အဲ့ဒီ့ဓားကို ယူပြီး ဝါးနှစ်ချောင်းခုတ်ပြီး ပြန်တက်လာခဲ့။ အဲ့ဒါ မင်းကို ငါပေးတဲ့ အပြစ်ပဲ"

ဇော်လတ် ဓားကိုမကောက်ဘဲ ထက်ခေါင်ကို စေ့စေ့ကြည့် သည်။ ထက်ခေါင်က သူ့သေနတ်ကို ထုတ်ကာ မှန်ပြောင်းတပ်သည်။ ပြီးတော့ ကျည်ဆံတစ်တောင့်ထိုးကာ ထည့်၏။

"မင်း အဲ့ဒီ့ဓားတစ်ချောင်းနဲ့ တစ်ယောက်တည်း ထွက်ပြေး သွားလို့ ရတယ် ဇော်လတ်။ ငါ့လက်ကို မယုံဘူးဆိုရင်ပေါ့။ ငါ နောက် ကျည်ဆံတစ်တောင့် ထပ်မထည့်ဘူး။ မင်းလည်း အဲ့ဒီ့တောအုပ်ထဲ မရောက်စေရဘူး"

အားလုံးငြိမ်သက်ကာသွားကြသည်။ ကွင်းပြင်နှင့် တောအုပ်က ပေ (၈၀)လောက်သာ ကျယ်ပါသည်။ ဇော်လတ်နှင့် ထက်ခေါင် တစ်ဦး နှင့်တစ်ဦး စူးစိုက်ကာ ကြည့်နေကြ၏။ ထက်ခေါင်က သေနတ်ခလုပ်ကို

http://www.cherrythitsar.org



မောင်းတင်လိုက်သည်။ ဇော်လတ်က မြေပေါ်က ဓားကို ကောက်ကာ ခါးကြားထိုးပြီး ချာခနဲလှည့်ကာ ကြိုးကိုကိုင်ပြီး ဆင်းသွားသည်။ တောင်ပေါ်မှာ တိတ်၍ ကျန်ရစ်ခဲ့သည်။

ထက်ခေါင်က တောင်ထိပ်မှရပ်ကာ သေနတ်ပြောင်းကို ချိန်ပြီး မှန်ဘီလူး Foucs ကို ချိန်နေသည်။

ဇော်လတ် ကြိုးကို အသာမေးကိုင်ကာ စို့အားကိုးနှင့်ပင် သူ ဆင်းခဲ့သည်။ သူ့လက်မောင်းကို အနားပေးသည့်သဘောလည်း ဖြစ်သည်။ အောက်ကိုရောက်တော့ ဝါးတောထဲသွားကာ ဝါးနှစ်ချောင်းကို ခုတ်သည်။ ဝါးကို ခုတ်ပြီး အခက်အလက်သပ်ပြီးတော့ ဇော်လတ် စဉ်းစားသည်။ ဒီဝါးနှစ်ချောင်းကို တောင်ပေါ်ရောက်အောင် ဘယ်လို တင်ရမည်နည်း။ ဝါးနှစ်လုံးကို တစ်ဖက်ကကိုင်ပြီး တစ်ဖက်က ဆွဲတက်တာမျိုးလည်း လုံးဝမဖြစ်နိုင်ပါ။ ထက်ခေါင်က သူ့ကို ကာယအားရော ဉာဏအားရာ စမ်းခြင်းသာဖြစ်သည်။ ဝါးရှက်တွေသပ်ရင်း ဇော်လတ် စဉ်းစားသည်။ ကြိုး…ကြိုးဘယ်မှာ ရနိုင်မည်နည်း။

ဝါးတစ်ချောင်းကို ခုတ်ကာ ဝါးကြိုးကျစ်ရစ်မည်လား။

သူ မကျွမ်းကျင်သောအလုပ်သာ ဖြစ်သည်။ ပြီးတော့ ဘယ်ဝါးက ကြိုးကျစ်၍ရမှန်းလဲ သူမသိ။ ကွင်းပြင်ကို ဖြတ်ပြီး တစ်ယောက်တည်း ထွက်ပြေးသွားဖို့ကိုတော့ သူလုံးဝမစဉ်းစားပါ။ ကြိုး…ကြိုး…ကြိုး…။ ကြိုးတစ်ချောင်း ဘယ်ကရနိုင်မည်နည်း။

စဉ်းစားရင်းက သတိရကာ ဇော်လတ် ဝမ်းသာကာ ကညင်ပင်ကြီးရှိရာသို့ ပြေးလာခဲ့သည်။ ကညင်ပင်ကြီးနံဘေးက ခြုံထဲကို ရင်တထိတ်ထိတ်ဖြင့် ဖြဲရှာတော့ သူလိုချင်တာကို တွေ့ရသည်။ ဒရယ်နှစ်ကောင်၏ အရည်ခွံများ…။ ယင်းတလောင်းလောင်းနှင့် အပုပ်နံ့ ထွက်နေသည်ကိုပင် မြတ်မြတ်နိုးနိုးယူကာ ကျောက်တုံးပေါ်တင်ပြီး အသားတွေကို ခြစ်ပစ်ရသည်။ ပြီးတော့ သူ စလွယ်သိုင်း လွယ်လို့ရလောက်သည်အထိ ဓားဖြင့်လှီးကာ ဆက်တန်တာ ဆက်သည်။

http://www.cherrythitsar.org



သပ်ပြီးသား ဝါးလက်တွေကို အရင်းကမဖြတ်ဘဲ လက်တစ်ထွာ ခန့်စီချန်ကာ ဝါးလုံးကို အရင်းက ခေါင်းဘက်ကထားကာ အဖျားကို အောက်ဘက်ထားကာ ဝါးခက်အထစ်နှင့် ဒရယ်သားရေကို ထစ်ချည်ကာ သူ့ပုခုံးနှစ်ဖက်တွင် စလွယ်သိုင်းချီးပြီး တောင်နားကို ပြန်လာတော့ ကြိုးမရှိတော့။ ထက်ခေါင်က သူ့ကို ကြိုးမပါဘဲ တက်စေချင်ပုံ ပေါ်သည်။ အသက်ကို ဝဝရှူကာ စို့တွေကို တစ်ချောင်းချင်းကိုင်ကာ တက်ခဲ့သည်။ ရောက်ခါနီးမှာ သူ့လက်မောင်းရင်းက ပူကျွမ်းကာ တောင့်တင်းနေပြီ။ စို့ကို မိမိရရကိုင်ပြီး သူ့ခန္ဓာကိုယ်ကို မတင်ဖို့ မနည်းကြိုးစားရသည်။ သို့သော် ဇော်လတ် အားမလျော့။ အံကို ကြိတ်ကာ ထားသည်။

တောင်ပေါ်ရောက်တော့ ဝါးလုံးတွေကိုပင် မဖြုတ်နိုင်တော့။ လဲကျကာသွားသည်။ ထက်ခေါင်က ဇော်လတ်ကို တစ်ချက်ကြည့်သည်။

"မင်း ကြံ့ရည်ဖန်ရည်တော့ ကောင်းသားပဲ။ ကဲ…ဒေဝ။ လုပ်တော့"

ဒေဝက ကြိုးကိုပစ်ချကာ အောက်သို့ ဆင်းသွားပြီ။ သူရိုက်ထားသော စို့တွေအားလုံးကို ဖြုတ်ပစ်ပြီး ထက်ခေါင်ရိုက်ထားသော စို့တွေကိုသာ ထားခဲ့သည်။ သူတို့ ထွက်များပြေးခဲ့လျှင် ထိုနေရာတွင် ကျိန်းသေ မိနိုင်သည်။

ထိုနောက် ဝါးလုံတွေကို တစ်ယောက်လေးလုံးစီ ရှေ့နောက် ထမ်းကာ သွားရသည်။ စခန်းနားရောက်ခါနီးတော့ ပါလာသည့် တာလ ပတ်စကို ဓားနှင့်ဖြဲကာ ကျွန်တော်တို့ မျက်စိကို စည်းသည်။ ဝါးလုံးထမ်း ထားသော ရှေ့လူက သူ့ရှေ့က ဝါးလုံးထမ်းသူ၏ ခါးကိုကိုင်ကာ ပုရွက် ဆိတ်တွေ လမ်းသွားသလို သွားကြရ၏။

မိန်းမသားများ ဝါးလုံးမထမ်းရသော်လည်း မျက်နှာတော့ အစည်းခံရသည်။ ဇော်လတ် ပထမတော့ အစည်းခံရကတည်းက ဘယ် ဘက်ကို ခြေလှမ်းဘယ်နှလှမ်းမှာ ကွေ့တယ်၊ ညာဘက်ကို ဘယ်နှလှမ်း မှာ ချိုးတယ်။ ပြီးတော့…ဘယ်ကိုတည့်တည့်၊ ညာတည့်တည့်။ ကြာ

http://www.cherrythitsar.org



တော့ ရှုပ်ထွေးကာလာသည်။ မှတ်မရတော့။ ပုခုံးပေါ်က ဝါးလုံးတွေကလည်း နာလွန်းလှပြီ။

ထို့နောက် ဘယ်ကိုမှ မကွေ့ဘဲ တည့်တည့်ကြီး သွားရပြန်သည်။

အမှန်တော့ ထက်ခေါင်က လေးမိုင်လောက်အတွင်းမှာ သူတို့ကို မျက်စေ့လည်အောင် လုပ်နေခြင်းသာဖြစ်ပါသည်။ ထက်ခေါင်က စခန်းကို ပြန်ရောက်ကာ အနားပင် ယူနေပြီ။ ဒေဝခေါင်းဆောင်သော ဝါးထမ်းအဖွဲ့ ပြန်ဝင်လာမှ သူက မတ်တပ်ရပ်ကာ အတူပါလာသလို နေလိုက်၏။

တာလပတ်တွေဖြည်လိုက်တော့ အတော်ကျယ်ပြန့်သော လွင်ပြင်ကို တွေ့ရသည်။ သစ်သားနှစ်ထပ်အိမ်တစ်လုံးကို ခြံကာ တဲတန်းလျားတွေကို ဂငယ်ပုံစီကာ ဆောက်ထားသည်။ ထန်းလျားတွေက ဆွေးမြေ့ပေါက်ပြဲနေပြီ။

"ကဲ…ဒီနေ့တော့ မင်းတို့ တော်တော်ပင်ပန်းသွားပြီ။ ခဏနားပြီးရင် မိန်းကလေးခြောက်ယောက် ထမင်းချက်ဖို့ လူကြမ်းအဖွဲ့က ကူပါ။ သစ်သားအိမ်ရဲ့ နောက်မှာ ဝါးခြမ်းနဲ့သွယ်ထားတဲ့ ရေကန်ရှိတယ် ရေချိုးရင် ငါးယောက်တစ်တွဲချိုး။ ဒေဝ လုံခြုံရေးပေးထား။ ပြီးရင်… ညှင်းထားတဲ့ ဒရယ်ခြောက်ကို ဖုတ်ပါ"

ဖုန်တထောင်းထောင်းနှင့် စုတ်ပြတ်နေသော၊ ပေါင်ပြဲနေသော တဲအိမ်တွေဖြစ်စေဦးတော့၊ မြေပြင်ပေါ်မှာ အိပ်လာရသူတွေအတွက် တော့ Hotel နှင့် အိပ်ရသလိုကို အဆင်ပြေပါသည်။ ဇော်လတ်တစ်ကိုယ်လုံး မလှုပ်နိုင်တော့ ကြွက်သားရှိသမျှနေရာတွေက ခဏနားလိုက်တော့မှ အကုန်နာကာနေသည်။ ဒီနေ့ သူဘယ်လောက် ပင်ပန်းခဲ့ရသနည်း။ ငြိမ်ငြိမ်ကလေးနေရသည့် အရသာကို သူ အပြည့်ခံစားနေတုန်း သူ့တဲ သိမ့်ခနဲဖြစ်ကာ ရူပါ ဝင်ကာလာသည်။

"ဆရာ…ရေချိုးလိုက်ပါလား။ ပြီးရင်…ဆေးလိမ်းရအောင်။ မေမေက ဆေးပေးလိုက်တယ်"

http://www.cherrythitsar.org



"ငါ...မလှုပ်ချင်ဘူးဟာ"

"ရေတော့ ချိုးလိုက်ပါ ဆရာ။ ရေချိုးလိုက်ရင် လန်းပြီး တော်တော်သက်သာသွားတယ်။ ရှုပါတောင် တော်တော်သက်သာသွား တယ်ဆရာ"

ဟုတ်သည်။ ဇော်လတ် ရေမချိုးရတာ ဘယ်လောက်ကြာပြီလဲ။ ရေသည်လည်း ဆေးတစ်ပါးဆိုတာကို ဇော်လတ် သိပါသည်။ ဇော်လတ် စိတ်ကိုလျှော့ အားတင်းကာ ရေထချိုးသည်။ ရေချိုးလိုက်တော့ တင်းနေ၊ နားနေတာတွေ လျှော့သွားသည်။ သို့သော် ရာသီက ဆောင်းအကုန်၊ ရေက တောင်ကျရေစစ်စစ်ဆိုတော့ အေးလိုက်သည့်ဖြစ်ခြင်း။ ရေနှင့် ခါးကအနာထိ၍ စပ်တာတောင် သတိမထားနိုင်တော့။ ရေချိုးပြီးတော့ ဒရယ်သား မီးဖုတ်တစ်ချောင်းစီနှင့် ထမင်းတစ်ပန်းကန်ကို ဗွတ်ဝင်အောင် စားရသည်။ စားပြီးလျှင်တော့ သူ နားမှဖြစ်တော့မည်။

သူ လှဲချလိုက်တော့ အိလေးနှင့်ရှုပါ တက်ကာလာသည်။ ဟိုဘက်မှာ ဒါရိုက်တာကြီးနှင့် မှတ်ကြီး။ သူ့ဘယ်ဘက်မှာ ဦးသီဟနှင့် မြွေပွေး...။

"မမေက **Action**ကား ရိုက်မှာဆိုတော့ အထိအခိုက် ရှိနိုင် တယ်လို့ စိတ်ပူပြီး ယူလာတာ ဆရာ...။ ဆရာ့ခါးကအနာကို ဆေး ဖယောင်းချက် အရင်လိမ်းမယ် ဆရာ"

"ဟာ...အရေပြားတွေ လန်ကုန်တာဟ"

အိလေးက တအံ့တသြရွတ်သည်။

"ဆရာ...စပ်ချင် စပ်လိမ့်မယ်နော် ဆရာ"

"ရတယ်...။ လိမ်းသာ လိမ်း၊ ကိစ္စမရှိဘူး ရှုပါ"

ရှုပါက ဆေးဖယောင်းချက်ကို သာသာကလေးတို့ကာ လိမ်းပေး သည်။ အိလေးက မျက်နှာကို ရှုံ့မဲ့ကာနေ၏။ အသည်းယားနေဟန် တူပါသည်။ သူ့မျက်စိကို မှိတ်ထားလိုက်၏။

"မမစိုးကလည်း ဘယ်လိုဖြစ်တာလဲ မသိဘူးနော်။ ဆရာ့ကို

http://www.cherrythitsar.org



အတင်းမုန်းနေတာပဲ။ ငါတို့က ဆရာ မလုပ်ဘူးဆိုတာ သိတာပဲ''

''ဒါကြောင့် ကားရိုက်ဖို့ လူရွေးပြီးကတည်းက ဆရာဦးတင်ကို က မှာတာပေါ့။ အနေအထိုင်တတ်အောင် နေလို့။ ဆရာက ဘာဖြစ်လို့ သူ့ကို လုပ်ရမှာလဲ''

''အဲ့ဒါ သိရဲ့သားနဲ့ နင်က ဘာဖြစ်လို့ မပြောတာလဲ''

''စို့လွတ်သွားတော့ ကြိုးက ရမ်းနေတာဟ။ မမမေစိုးက အတင်းရုန်းတာကိုး။ ပြန်လွဲလာတော့ စို့တွေနဲ့ ဗိုက်နဲ့ မတိုက်မိအောင်လဲ ရှောင်းရသေးတယ်။ နောက်ဆုံး ဆရာ စို့ကို အတင်းဖမ်းဆွဲမိတော့မှ ရပ်သွားတာ။ ငါတို့က လက်နှစ်ဖက်စလုံး ကြိုးကိုပဲ ကိုင်ထားကြတာ။ ဆရာ ဒီလိုမလုပ်ဘူးလို့ ငါသိတာ စိတ်ထဲကသိနေတာ။ ဘယ်လိုလုပ် ထုတ်ပြောမလဲ။ ငါမြင်တာမှ မဟုတ်တာ''

ရူပါက ရှင်းပြရင်း သူ့လက်မောင်းကို အရက်နံ့သင်းသော ဆေးလိမ်းကာ ပေးသည်။ အခုနေ ဝီစကီသုံးပတ်လောက် တစ်ရှိန်ထိုး မော့လိုက်ရရင် ကောင်းမှာပဲဟု ဇော်လတ် တောင့်တမိသည်။

ထိုအချိန်တွင် တစ်ဘက်ခန်းမှ ထိုးဝါးနှင့်ကြာစေ့ ပြဿနာ တက်ကြသည်။ ထိုးဝါးက အရပ်ခြောက်ပေကို တစ်လက်မကျော်သည်။ တဲကလေးနှင့် သူ့အရပ်က မဆန့်။ ကွေးကာ အိပ်ရဟန်တူသည်။ သူ့နံဘေးမှာက ကြာစေ့ရှိဟန်တူသည်။ ကြာစေ့က တစ်ကယ့်ကြာစေ့ အတိုင်း ပုပုဝဝတိုတိုဖြစ်သည်။

''ဟေ့ကောင်...။ မင်းဒူးခေါင်းကြီးနဲ့ ငါ့ကို လာမထိန့်နော်...။ ပြောနေတာ ကြာပြီ''

''ဟ...ငါအရပ်နဲ့က ဆန့်မှမဆန့်တာကွ။ ကွေးမအိပ်လို့ ဘယ် လိုအိပ်ရမလဲ''

''ကြိုက်သလိုအိပ်။ ငါ့အသားကို လာမထိနဲ့။ အသားထိရင် ငါမအိပ်တတ်ဘူး''

''ဟင်...ဒါဆို မိန်းမကျ ဘာဖြစ်လို့ ယူထားလဲ''

http://www.cherrythitsar.org



“ဟော့ကောင်…။ စကားမရှည်နဲ့။ ငါက မိန်းမနဲ့ အတူ အိပ်တာမဟုတ်ဘူး။ ခွဲအိပ်တာ…။ ငါ့အသားထိရင် မအိပ်တတ်ဘူး”

“ဟာ…ဒါဆို ကလေးသုံးယောက်က မင်းနဲ့ရတာ မဟုတ်ဘူး ပေါ့”

နားထောင်နေသူများ တခွီးခွီးရယ်ကြသည်။ အိလေးနှင့် ရူပါ လည်း ရယ်ကြသည်။ လူရွှင်တော်ဟာသသမားများ ရန်ဖြစ်လျှင် တော် တော်ပျော်စရာကောင်းသည်။ ဇော်လတ်က လက်မောင်းကို လိမ်းပေး သောဆေးက တရှိန်းရှိန်း ပူကာလာသည်။ ဆက်ရန်ဖြစ်တာကို နား ထောင်ရင်း ဇော်လတ် အိပ်ပျော်ကာ သွားသည်။

●

http://www.cherrythitsar.org



ဇော်လတ်တစ်ကိုယ်လုံး သိမ့်ခနဲ တုန်ကာသွားသည်။

ပထမ အိပ်မက်ဟုသာ ထင်သည်။ နောက်တစ်ချက်၊ နောက်တစ်ချက်ကျမှ မျက်လုံးဖွင့်ကြည့်တော့ ချစ်သိန်းက သူ့ကို ကန်နေခြင်းဖြစ်၏။

"ဟော့ကောင်…။ ဒါ မင်းကြီးတော်အိမ် ရောက်နေတာမဟုတ်ဘူး။ ထ…ထစမ်း"

ပထမဦးဆုံးအသိက တစ်ကိုယ်လုံး နာကျင်နေခြင်းနှင့် ထိုအသိ၏နောက်မှာ ဆက်တိုက်ဝင်လာသည့်အသိက "ငါတို့ အဖမ်းခံနေရပါလား" ဆိုသည့် အသိပင်ဖြစ်သည်။ သူ လူးလဲကာ ထရသည်။ ခဏနေတော့ တန်းစီရသည်။ လူစစ်သည်။

ပြီးတော့မှ ထက်ခေါင် ရောက်ကာလာသည်။ သူတို့တစ်တွေအားလုံးကို ကြည့်သည်။ အဝတ်အစားသစ်သစ်လွင်လွင်နှင့် ပစ္စတိုကို မိုက်ရှေ့မှာ ထိုးထားသော ထက်ခေါင်သည် ဓားပြခေါင်းဆောင်တစ်ယောက်ထက် **Cow boy** မင်းသားတစ်ယောက်နှင့် ပိုတူနေသည်။

"မင်းတို့အားလုံး ဒီနေ့ ခရီးစည်းရိုးကာရမယ်။ ဒေဝ လူခွဲပြီးတာနဲ့ စနစ်တကျခိုင်း။ မိန်းကလေးတွေ ဆယ့်တစ်နာရီမှာ ခြံကာတဲ့အလုပ်နား။ ထမင်းချက်ဖို့လုပ်။ ယောကျ်ားလေးတွေ (၁၂)နာရီမှာနား၊ ထမင်းစားပြီး တစ်နာရီမှာ ပြန်စမယ်။ ဒီနေ့တစ်နေ့တည်းနဲ့ ပတ်ပတ်လည် အကုန်ပြီးချင်တယ်။ ဒေဝ မင်း တာဝန်ယူ"

လူခွဲကြတော့ သူက ဝါးလုံးတွေ သယ်ပေးရသည့်အဖွဲ့ထဲ ပါသွားသည်။ တော်တော်သက်သာသည့် အလုပ်ဖြစ်သည်။ ပထမ စသယ်ကာစက သူ့လက်မောင်းတွေရော ပုခုံးတွေပါ နာနေသော်လည်း သယ်ရင်းနှင့် သွေးပူလာတော့ နာတာ ပျောက်သွားသည်။ ထက်ခေါင်က ကုလားထိုင်တစ်လုံးချကာ သူတို့လုပ်သမျှကို ကြည့်ကာနေသည်။

"ဆရာ သူတို့ကို ဘယ်လိုလုပ်မှာလဲ ဆရာ"

"ပြန်ပေးဆွဲတာပဲ…ငွေတောင်းမှာပေါ့"

"ဘယ်သူ့ကို လွှတ်မှာလဲ ဆရာ"

"သူတို့အဖွဲ့ထဲက လူပဲပေါ့။ တို့အဖွဲ့ကလူက သူတို့ငွေပေးမယ့် သူကို သိမှမသိတာ။ မနက်ဖြန် သူတို့နေဖို့နေရာကို သူတို့ကိုပဲ ဆောက် ခိုင်းမယ်။ ပြီးတော့…လူလွှတ်ပြီး ငါးရက်အတွင်း ငွေယူလာရင် လွှတ်ပေး မယ်။ မလာရင် တစ်နေ့တစ်ယောက် သတ်မယ်"

"တစ်ကယ်သတ်မှာလား ဆရာ"

ဒေဝက စပ်ဖြဲဖြဲနှင့် မေးသည်။ ဘာသဘောနှင့် မေးသည် ဆိုတာကို ထက်ခေါင် သိပါသည်။

"ဒေဝ ငါ မင်းကို တိုင်ပင်နေတာမဟုတ်ဘူး။ မင်းဆီက အကြံဉာဏ်လည်း တောင်းနေတာမဟုတ်ဘူး။ ငါ မင်းကို ရှင်းပြနေတာ။ မင်း ဒီလောက်သိထားရင် တော်ပြီ ဒေဝ။ သွားတော့…။ ငါ ဒီနေ့ ခြံစည်းရိုး ပြီးအောင်ခတ်ချင်တယ်။ ဒါပဲ"

"ဟုတ်…ဟုတ်ကဲ့ ဆရာ"

ဒေဝ ကုတ်ကုတ်ကလေး ထွက်သွားသည်။

ခြံစည်းရိုးခတ်နေတဲ့သူတွေကို ထက်ခေါင် လှမ်းကာကြည့်သည်။ သို့သော် သူကြည့်တာက တစ်နေရာတည်း။ နာမည်ကြီး မင်းသမီး ဆိုတော့ ရွှေပေါ်မြတင်နေရမှာ သေချာသည်။ အခုတော့ မြေသယ်ကာ နေရ၏။ ဆံပင်တွေကလည်း ဖရိုဖရဲ၊ ချွေးတွေကလည်း ရွှဲလို့။ အင်း… ဒါလည်း လှနေတာပါပဲလား။ ထက်ခေါင်စိတ်ထဲမှာ တစ်ခုခုကို ကျေနပ်

http://www.cherrythitsar.org



သလို ခံစားရ၏။ တစ်ပြိုင်နက်တည်း တစ်ခုခုကို ဆုံးရှုံးနေသလိုလည်း ခံစားရ၏။ နံနက်ကိုးနာရီကျော်ကာစ နေရောင်ထဲမှာ သူစိတ်တွေက လေးလံထိုင်းမှိုင်းကာ နေသည်။ သူ သစ်သားအိမ်ကလေးအပေါ်ထပ်ကို တက်လာခဲ့သည်။ ကုတင်ပေါ်မှာ ပစ်လှဲကာ မျက်စိကို မှိတ်ထားလိုက်သည်။

"ဆရာ…။ နည်းနည်းပဲ သယ်လေ ဆရာ"

မြေကြီးထည့်ပေးရင်းက ရှုပါက ပြောသည်။ ဇော်လတ် ဘာမှ ပြန်မပြောဘဲ မြေကြီးကိုသာ ထပ်ထည့်သည်။

"ငါ…ညက ဘယ်အချိန် အိပ်ပျော်သွားမှန်းတောင် မသိဘူးဟ"

"ညာဘက်လက်မောင်းကို လိမ်းနေတုန်း ဆရာ အိပ်သွားတာပဲ။ သက်သာရဲ့လား ဆရာ"

"လုပ်ကာစကတော့ နာတယ်ဟ။ ဝါးလုံးတွေ သယ်လိုက်တော့ တော်တော်သက်သာသွားတယ်။ ခါးကတော့ ချွေးနဲ့ထိရင် စပ်တုန်းပဲ"

"ဒီည ရှုပါ လာလိမ်း…"

"မလိုဘူး။ ငါ့ကို ဆေးပဲ လာပေးတော့"

ဇော်လတ် မြေကြီးတောင်းကို မကာ ထွက်သွားသည်။ ရှုပါ ငေးကာကျန်ခဲ့၏။ ဝါးလုံးတွေသယ်ပြီးတော့ ဂငယ်ကွေ့လို ဖြစ်နေသော နေရာ၏ထိပ်တွင် ပိတ်ကာ မြောင်းတူးခိုင်းသည်။ ဇော်လတ်ကို ပထမ မြေကြီးသယ်ခိုင်းသည်။ နောက် မြောင်းဆင်းတူးရ၏။ ပထမတော့ ဘာသဘောမှန်း ဇော်လတ်မသိ။ မြောင်းထဲက တူးပြီးသား မြေကြီးတွေကို ခြံစည်းရိုးမှာ ဖို့ရသည်။ နောက်တော့မှ ဂငယ်အောက်ကို ပိတ်ကာ ကတုတ်ကျင်းတူးမှန်း သဘောပေါက်သည်။ သူ တူးပြီးသားမြေတွေကို ဂေါ်ပြားနှင့်ကော်ကာ လာချပေးသော ကြိမ်ခြင်းတွေထဲ ထည့်ပေးရ၏။

မစိုးက သူ့ခြင်းကို ပစ်ချကာ မျက်နှာကို တစ်ခြားဘက်သို့ လှည့်သည်။ သူ မြေကြီးတော်တော်များများ ထည့်ပေးလိုက်၏။ မစိုးက

http://www.cherrythitsar.org



ဘာမှမပြော။ ကြိမ်ခြင်းကို ခါးစောင်းတင်ကာ ရွက်သွားသည်။ ဇော်လတ် သက်ပြင်းချလိုက်မိ၏။

ထက်ခေါင် အိပ်ယာထဲမှာလည်း နေလို့မရ။ ထထိုင်ပြီး သူ့လက်ဆွဲတော် Sniper သေနတ်ကို ဟိုဒီဖြုတ်တပ်၊ ဆီတွေဘာတွေထည့်၊ မောင်းတွေဘာတွေ စစ်တော့လည်း သိပ်စိတ်မပါ။ ဒါနဲ့ ပြတင်းဝမှ ခြံစည်းရိုးခတ်သူတွေကို လှမ်းငေးသည်။ နောက် မှန်ပြောင်းကိုယူကာ ဝရံတာနဲ့ ခြံစည်းရိုးတွေကို ကြည့်သည်။ အမိန့်ပေးနေသော ဒေဝနှင့် ချစ်သိန်း။ ပြီးတော့…မေစိုးမိုး။ မေစိုးမိုးက သူ့ကြိမ်းခြင်းကို ပစ်ချသည်။ ဇော်လတ်ဆိုသည့်ကောင်က မြေကြီးတွေ ထည့်ကာပေး၏။ မြေကြီးတွေရော၊ ကျောက်ခဲတွေရော…။ မေစိုးမိုးက ဒေါသနှင့် ကျောက်ခဲတွေကို ဖယ်သည်။ ဟိုကောင်က ဘာတွေ ပြန်ပြောနေသည် မသိ။ မြေကြီးတွေ ထပ်ထည့်ပေးနေသည်။ မေစိုးမိုးက လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ ပြန်ရန်တွေ့သည်။ ဟိုကောင်က မြောင်းပေါ်တက်လာကာ မေစိုးမိုးခြင်းကို သယ်ရန်ပြင်သည်။ မေစိုးမိုးက အတင်းပြန်လုကာ သူ့ဘာသာ သယ်သည်။ မေစိုးမိုးကခြင်းကို ခါးစောင်းတင်ကာ အထွက်မှာ တစ်ချက်ယိုင်ကာသွားသည်။ ဟိုကောင်က လက်မောင်းကို ကိုင်ကာ တစ်ချက်ထိန်းပေးသည်။

ထက်ခေါင် မှန်ပြောင်းကို မျက်လုံးရှေ့မှခွါကာ သူ့လှေကားထစ်မှာ စောင့်နေသော တပည့်တစ်ယောက်ကို လှမ်းကာခေါ်သည်။

"ဟေ့ကောင်…သွား ဒေဝကို လွှတ်လိုက်စမ်း"

နာရီကိုကြည့်တော့ ဆယ်နာရီ ဆယ့်တစ်မိနစ်။ ဒေဝ ရောက်လာသည်။

"မိန်းကလေးတွေ ဖြုတ်လိုက်တော့။ ရေချိုးပြီး ချက်ဖို့ ပြုတ်ဖို့ လုပ်ခိုင်းတော့။ မြေတူးတဲ့ဆီမှာ သုံးယောက်ပဲထား။ ကိုယ်တူးတဲ့ မြေကို သဲအိပ်တွေထဲ ထည့်ပြီး မြောင်းဝမှာ စီလို့။ ခြံစည်းရိုးခတ်တဲ့ဘက် လူဖြည့်"

http://www.cherrythitsar.org



ဒေဝက နာရီကို တစ်ချက်လှမ်းကာကြည့်သည်။ ဘာမှမပြောဘဲ ပြန်ဆင်းကာ သွား၏။ ထက်ခေါင် မှန်ပြောင်းနှင့် ပြန်ကာကြည့်သည်။ ဒေဝ အမိန့်ပေးလိုက်တော့ မေစိုးမိုးက တောင်းကို ပစ်ချသည်။ အောက်မှာ ကျင်းတူးနေသော ဟိုကောင့်ပုခုံးပေါ် ကျသည်။ ဟိုကောင်က ဘာလဲမသိ ပြောသည်။ မေစိုးက ဒေါသနှင့်ပြောကာ ခြေဆောင့်ပြီး ထွက်သွား၏။ ထက်ခေါင် သဘောကျကာ မျက်နှာရှေ့မှ မှန်ပြောင်းကို ခွါသည်။

သူလည်း ရေချိုးရဦးမည်။

●

http://www.cherrythitsar.org



ဆယ့်နှစ်နာရီထိုးတော့ ဇော်လတ်တို့ အလုပ်နားရသည်။

ရေတန်းမချိုးရဲသေး။ ချွေးတွေသံတွေနှင့် ရေတန်းချိုးလျှင် ဖျားနိုင်သည်။ ဒေဝကို ပြောတော့ ဒေဝက သူတို့ကို ဂရုမစိုက်ဘဲ…

"မင်းတို့ နားခွင့်ရတဲ့ တစ်နာရီမှာ ကြိုက်သလို နေလို့ရတယ်။ ရေမချိုးလည်း ရတယ်၊ ထမင်းမစားလည်း ရတယ်"

ဟု ပြောသည်။ ဒါကို ရွှေမုန်းက အထွင့်တက်သည်။

"အစ်ကိုကြီးကလည်း ရေသာမချိုးချင် နေရမယ်၊ ထမင်းတော့ ဝိတ်ရမှာပေါ့။ ဘာဟင်းချက်လဲဟင် အစ်ကိုကြီး"

ဒေဝက ပါးစပ်က မဖြေ။ ရွှေမုန်းကြောကို အားနှင့်ကန်ကာ ထွက်သွားသည်။ ကပ်ဖဲ့က…

"အဲ့ဒါ ကျွေးမယ့်ဟင်းကို အသံတိတ်သင်္ကေတနဲ့ ပြောသွားတာကွ"

"ဘာဟင်းလဲ…ကွ"

ကြာစေ့က မေးသည်။

"ခွေးခြေထောက် စွတ်ပြုတ်တဲ့"

ရွှေမုန်းက ကပ်ဖဲ့ကို မြေကြီးခဲနှင့် ကောက်ကာထုသည်။ ဦးတင်ကိုက ကြာစေ့တို့ကို ရေချိုးဖို့ လွှတ်လိုက်သည်။

"သူတို့ထဲက လူတွေကို စည်းရုံးဖို့တော့ လွယ်မယ်မထင်ဘူး ဆရာ"

http://www.cherrythitsar.org



"ဟုတ်တယ်...။ ဘာဆိုဘာမှ မသိတဲ့ကောင်တွေလည်း ပါတယ်။ စည်းရုံးရေးစတာနဲ့ ငါတို့ ဒုက္ခရောက်သွားနိုင်တယ်။ တစ်ရက်ပဲ ရှိပါသေးတယ်ကွာ...။ အခွင့်အရေးစောင့်ပါဦး"

"ထက်ခေါင်က လည်တယ်ဆရာ။ စေ့လည်း စေ့စပ်တယ်။ ကျွန်တော်တို့ မရောက်ရင် ရှေ့က စက်အဖွဲ့က နီးစပ်ရာသတင်းပို့မယ်ဆိုတာကို ကြိုတွက်ထားလို့ ခြံစည်းရိုး ပြန်ကာပြီး ကတုတ်ကျင်းတူးတာ"

"ငါသိတယ်။ မင်းနဲ့မစိုးမိုး အခြေအနေကရော"

"ဒီလိုပဲဆရာ။ ဘာမှတော့ မသေချာသေးဘူး"

ထက်ခေါင် ခြံစည်းရိုးကို ခိုင်မခိုင် နဲ့ကာကြည့်သည်။ ပြီးတော့ တူးထားသည့် ကတုတ်ကျင်းကို ဆင်းကာကြည့်သည်။ နောက်ထပ် တစ်ပေလောက် ထပ်တူးခိုင်းရဦးမည်။ ပြီးတော့မှ မစိုးမိုးတို့ ထမင်းချက်နေသောနေရာကို သွားသည်။ မစိုးမိုးက ကောင်မလေးတစ်ယောက် ယူလာပေးသော ထင်းကို ထိုးကာ တစုရွက်ကလေးဖြင့် ယပ်ခပ်နေ၏။

"အဆင်ပြေရဲ့လား"

တော်တော်မဆီလျော်သောစကားဆိုတာကို ပြောပြီးမှ ထက်ခေါင်သတိရသည်။ ဒါပေမဲ့ မစိုးမိုးက မော့ကြည့်ကာပြုံးပြရင်း "ပြေပါတယ်"ဟုဆိုသည်။ မစိုးမိုးဆိုလိုတာက မြေကြီးသယ်ရတာထက်စာလျှင် ချက်ရ၊ ပြုတ်ရတာ ပိုအဆင်ပြေတယ်ဟု ဆိုလိုဟန်ရှိသည်။

"ညှင်းထားတဲ့ ဒရယ်သားကို မီးမဖုတ်ခင် အရင်ထုလိုက် စိုးမိုးရဲ့။ ဒါမှ ဖုတ်ပြီးတော့ မွသွားတာ။ ဖုတ်ပြီးရင်လည်း ထပ်ထုရတယ်"

"အင်းနော်...။ ဟိုနေ့က စားရတာ ညှီလိုက်တာမပြောနဲ့တော့"

"ကိုယ်ပြောသလိုဆို အညှီလည်း လျော့သွားတယ် စိုးမိုးရဲ့"

မစိုးမိုးက သူ့ကို မျက်မှောင်ကြုတ်ကာ မော့ကြည့်သည်။ မစိုးမိုး နဖူးစပ်က ဆံစကလေးတွေပေါ်မှာ ပြာတွေ တင်နေသည်။

"သူများတွေက မစိုးပဲ ခေါ်ပါတယ်။ ဘာဖြစ်လို့ ဒီနာမည်ကြီး ခေါ်ရတာလဲ။ အဲ့ဒါက ယောကျ်ားနာမည်ကြီး..."

http://www.cherrythitsar.org



ထက်ခေါင် ရုတ်တရက် ဘာမှပြန်မပြော။ သူ့တပည့်နှစ်ယောက်ကို ခေါ်သည်။

“ဟေ့ကောင်…။ သူတို့ကို ဝါးပလိုင်းနှစ်ခုစီပေး။ မင်းတို့နှစ်ယောက်က သုံးခုစီ ရေသွားခပ်ကြ…။ ထမင်းအိုးကျက်ရင် ရေနွေးတည်ရမယ်”

ရူပါ၊ အီလေးနှင့် ဒေါ်စုဟန်၊ ဒေါ်ခင်မြတို့ ထသွားကြသည်။ ခပ်ဝေးဝေးမှာ အာလူးလှီးနေသော ဒေါ်ခင်မေကတော့ ပြဿနာမရှိ။

“အဲဒီနာမည်ကို ပိုသဘောကျလို့ပေါ့”

မေစိုးက နှာခေါင်းကို ရှုံ့သည်။ စင်းနေသော နှာတံကလေး တွန့်ကာသွား၏။ ပြီးတော့ ထက်ခေါင်ကို တစ်ချက်စိုက်ကာကြည့်ပြီး ယပ်ပြန်ခပ်သည်။

“အာလူးအိတ်တွေကို မြေကြီးမှာ ဒီအတိုင်းပဲ လှဲထားတယ်မဟုတ်လား…သား”

အာလူးအခွံသင်နေသော ဒေါ်ခင်မေက လှမ်းကာ မေးသည်။

“ဘာဖြစ်လို့လဲ”

“အဲဒီလိုထားတော့ မြေအစိုဓာတ်နဲ့ အာလူးတွေက ပုတ်ကုန်တာပေါ့။ အောက်က ကောက်ရိုးကလေးခင်းပြီး ထောင်ထားရတယ်…သားရဲ့”

ဒေါ်ခင်မေ၏ သားဆိုသောအသံကြောင့် ထက်ခေါင်ရင်ထဲ တစ်မျိုးကြီးဖြစ်ကာသွား၏။ သူ့ကို သားဟု ခေါ်မည့်သူ ဒီတောဒီတောင်ထဲမှာ မရှိ။ “သား…”ဟု အခေါ်မခံခဲ့ရတာ ဘယ်နှနှစ်ရှိပြီလဲ။

“အင်း…ဟိုကောင်တွေကို ထောင်ခိုင်းထားလိုက်ပါ့မယ်”

“နှမြောစရာကွယ်…။ တောထဲတောင်ထဲ ရှားရှားပါးပါးရတဲ့ ပစ္စည်း အလကားဖြစ်ကုန်တာ။ ပဲကလည်း နည်းနည်းတော့ အောက်နေတယ်။ ရေ လေးငါးထပ်ကို ဆေးယူရတာ…သားရဲ့”

ထက်ခေါင် ဘာမှပြန်မပြောတော့ဘဲ စီးကရက်တစ်လိပ် မီးညှိ

http://www.cherrythitsar.org



ကာ ဖွာနေလိုက်သည်။

"ရှင် မေစိုးအပေါ် အကြွေးတစ်ခု ကျန်သေးတယ်နော်"

"ဘာအကြွေးလဲ စိုးမိုး"

"ရှင် ဘာဖြစ်လို့ ဒီလိုဖြစ်ခဲ့ရတယ် ဆိုတာလေ..."

မေစိုးက မျက်ဝန်းကလေးပင့်ကာ မျက်လုံးကလေး ပြူးကာ ပြော၏။

"နောက် ကြုံတော့မှ ပြောတာပေါ့။ မနက်က ဟိုကောင်နဲ့ မြေသယ်ရင်း ဘာဖြစ်ကြတာလဲ"

"ဟင်...ဘယ်သူပြောလဲ။ ဒေဝလား"

"မှန်ပြောင်းက ပြောတာပါ"

"သြော်...ဒီကောင်က သူ့အလှည့်ရောက်တော့ ပြန်လုပ်တာ ပေါ့။ သူ့ဟာမတွေကျတော့ နည်းနည်းပဲထည့်တာလေ"

ပြောပြီးမှ သတိရကာ မေစိုးမိုးက ဒေါ်မေခင်ကို တစ်ချက် လှည့်ကြည့်ပြီး ပခုံးတွန့်ကာ လျှာကလေးထုတ်ပြသည်။ သူ့စကား လွန်သွားပြီဆိုသည့် သဘော...။ ထက်ခေါင် ထရပ်ကာ...

"ဒီနေ့တော့ ထမင်းကောင်းကောင်းစားရမယ် ထင်တာပဲ"

"စိတ်ချ။ ရှယ်... ချက်ထားမှာ"

"အေးအေးဆေးဆေးကျရင် ကိုယ့်အကြောင်း ပြောပြပါ့မယ်။ ဒါပေမယ့် စိုးမိုးလည်း အဲ့ဒီကောင်နဲ့ အရင်ကတည်းက ဘာဖြစ်ခဲ့တယ် ဆိုတာကို ပြောပြရမယ်။ ဟုတ်လား..."

ထက်ခေါင် လေသံကို နိမ့်ကာ ပြောပြီး ထွက်လာခဲ့သည်။

သူ့ရင်ထဲမှာ ကျေနပ်နေသည်။ သို့သော် သူ့ရင်ထဲမှာ မကျေနပ် တာကလည်း ရှိနေသည်။ ကျေနပ်တာက ဘာလဲ...။ မကျေနပ်တာက ဘာလဲ...။ သူလည်း မကွဲပြားချေ။

●

http://www.cherrythitsar.org



ထမင်းပူပူကို ပဲဟင်းနှင့် အာလူးရည်ဆမ်းကာ ဒရယ်သား မီးဖုတ်နှင့် ဖော်လတ် အားရပါးရ စားရသည်။ ဒရယ်သားက ဟိုတစ်နေ့ ကလို တစ်ချောင်းလုံးတော့ မရ၊ တစ်ဝက်ပဲ ရသည်။ သို့သော် ရူပါက ညှီ၍ မစားချင်ဆိုသဖြင့် သူ့ထဲ လာထည့်ပေးသဖြင့် ဖော်လတ် နောက်ထပ် ထမင်းနည်းနည်း ထပ်ယူရသည်။

သူ့လူတွေကိုလည်း ထမင်းများများစားပြီး အိပ်ရေးဝဝအိပ်ရန် လည်း မှာရသည်။ ထမင်းစားပြီးတော့ စီးကရက်လေး ခဲချင်သည်။ သို့သော် စီးကရက်တစ်လိပ် ရဖို့က အိပ်မက်ကို တကယ်ဖြစ်ပါစေဟု ဆုတောင်းရသလို ဖြစ်နေသည်။ တဲတန်းလျားအစုတ်ကလေးနံဘေးမှာ ကျနေသော အရိပ်ကလေးမှာလဲ သူ လှဲနေတုန်း ''ဟေ့ကောင်...ရော့'' ဆိုကာ ဒေဝက စီးကရက်တစ်လိပ် မီးညှိပြီးသားကို ပစ်ကာပေးသည်။ သူ အရမ်းဝမ်းသာကာ သွား၏။

''ဟာ...ကျေးဇူးတင်လိုက်တာဗျာ''

''စကားအပိုတွေ မပြောနဲ့''

ဒေဝ ထွက်သွားတော့ သူ စီးကရက်ကို ရှိုက်ရှိုက်သေသေ ရှိုက်ကာ ဖွာရသည်။ ဒါတောင် ကပ်ဖဲ့ကာ မြင်သွားကာ သုံးလေးဖွာ ကပ်ဖဲ့သွား သေး၏။ သူ မေးခနဲ အိပ်ပျော်သွားဟန် တူသည်။ ဒီတစ်ခါ လာကန် တာက ဒေဝကိုယ်တိုင်ဖြစ်၏။

တစ်နာရီမှာ အားလုံး ခြံစည်းရိုးခတ်ခြင်းအလုပ်ကို ဆက်လုပ်ကြ

http://www.cherrythitsar.org



ရပြန်သည်။ ဝါးတွေ ဖြတ်၊ တွင်းမတူးဘဲ အပေါ်က ရိုက်ချ။ ညနေ နေဝင်တော့ ပြီးဘို့ ပေနှစ်ဆယ်လောက် ကျန်နေသည်။ ဒေဝက အပြီး ဆက်လုပ်ရမည်ဆိုသဖြင့် မီးဒုတ်ထွန်းကာ ဆက်ခတ်ကြသည်။ ရှစ်နာရီ ကျော်မှ ထမင်းစားရ၏။ ထမင်းစားပြီးတော့ ဇော်လတ် စီးကရက် တစ်လိပ်ကို မှျော်နေမိသည်။ သို့သော် ဒေဝရောက်မလာဘဲ ရောက်လာ သူက ရူပါဖြစ်၏။

"ဆရာ…။ အနာလိမ်းဘို့ ဆေးဖယောင်းချက်။ ပြီးတော့… ပတ်တီး"

သူ ပတ်တီးလိပ်ကို တအံ့တသြကိုင်ကြည့်နေတော့ ရူပါက…

"ပတ်တီးစစ်စစ်တော့ မဟုတ်ဘူး ဆရာ။ ရူပါ့ T ရှပ်အင်္ကျီကို ဖြဲပြီး လုပ်ထားတာပါ။ ဆရာ မရှုံ့တတ်ဘူး မဟုတ်လား"

"ဟ…ငါက ဘာဖြစ်လို့ ရှုံ့ရမှာလဲ။ အင်္ကျီက ရှားရတဲ့အထဲ ဘာဖြစ်လို့ ဖြဲရတာလဲ။ နောင် ဘယ်တော့မှ မလုပ်နဲ့။ ဒီအတိုင်း လိမ်းလဲ ရတာပဲဟာ"

ဒီတော့မှ ရူပါက ပြုံးသည်။

"ပတ်တီးနဲ့ဆိုတော့ ပိုအကျက်လွယ်တာပေါ့ ဆရာ။ ရူပါက အင်္ကျီလေးထည်တောင် ထည့်လာတာပါ။ ကျန်ပါသေးတယ်။ ဆေးထည့် ပြီး သေသေချာချာ စည်းနော် ဆရာ"

ပြောပြီး ရူပါ ထွက်ပြေးသွား၏။ ဇော်လတ် သက်ပြင်းချရင်း အင်္ကျီကို လှန်ကာ ဆေးဖယောင်းချက် ထည့်ရသည်။ ပြီးတော့ T ရှပ် ပတ်တီးကို စည်းလိုက်၏။ ဦးတင်ကိုက ပြုံးကာ ကြည့်နေသည်။

ဒေဝက ကော်ဖီကြမ်းခွက်ကို လှမ်းပေးရင်း…

"ဆရာ ဒီပုံအတိုင်းဆို ရိက္ခာ နှစ်ရက် သုံးရက်စာပဲ ကျန်တော့ တာ ဆရာ"

ထက်ခေါင် ခဏစဉ်းစားပြီး ကော်ဖီးကြမ်းကို သောက်သည်။ ပြီးတော့ ခေါင်းကိုညိတ်ကာ စဉ်းစားသည်။ သူတို့အဖွဲ့က ဆယ့်ရှစ်

http://www.cherrythitsar.org



ယောက်။ ဖမ်းထားတာက နှစ်ဆယ့်လေးယောက်။ လူ (၄၂)ယောက်စာ ရိက္ခာ…။

“မနက်ကို ညွှန့်မောင်တို့ဆီ ချစ်သိန်းနဲ့ ဖြူသီးကို လွှတ်လိုက်။ လူလေးဆယ် တစ်လရိက္ခာ လိုချင်တယ်လို့။ ရွှေ နှစ်ကျပ်သား ငါက လက်ဆောင်ပေးလိုက်တယ် ပြော။ ပြီးတော့ မြောက်ဘက်က တောကို ကျောက်တုံးကြီးအထိ ခုတ်လို့။ အေး… တစ်ပင်မှ မကျော်စေနဲ့လို့ ပြောလိုက်”

“ဟာ…ဆရာက သူတို့ကို တစ်လထားမှာ…”

“ဒေဝ… ငါက မင်းဆရာပါ။ ငါ သူတို့ကို တစ်ပတ်ပဲ ထားမှာ။ ငါ့စခန်းမှာ လူအယောက် လေးဆယ်ရှိတယ်ဆိုတာ သိစေချင်လို့။ ပြီးတော့ နည်းနည်းကလေးတောင်းရင် ငါ သိက္ခာကျလို့”

“ပုလင်းကော ဆရာ…”

“အဲဒါက ညွှန့်မောင် သူ့ဘာသာ လက်ဆောင်ပေးပါလိမ့်မယ်”

“တစ်ရက်တည်းနဲ့တော့ ရမှာမဟုတ်ဘူး ဆရာ”

“အမြန်ဆုံး ပို့လို့သာပြော။ ငါ့ဆီ ရိက္ခာမရောက်သေးဘဲနဲ့ ငါပိုင်တဲ့ ဝိုင်းထဲက သစ်ပင်ကို ဓားတောင် မထစ်နဲ့လို့ ငါက မှာလိုက်တယ်ဆိုတာပါ ထည့်ပြောလိုက်”

“ကျွန်တော်ကိုယ်တိုင် သွားလိုက်ရင် မကောင်းဘူးလား ဆရာ”

“မင်း မလိုဘူး။ မနက် တဲဆောင်ဖို့ကိစ္စကို မင်းကိုင်ရလိမ့်မယ်”

●

http://www.cherrythitsar.org



ဒီနေ့မနက်တော့ ဇော်လတ် ကန်အနိုးမခံရပါ။ အိပ်ရေးဝဝဖြင့် စောစောနိုးလာသည်။ ထုံးစံအတိုင်း တန်းစီကြရ၏။

"မင်းတို့…ဒီနေ့ မင်းတို့နေရမယ့်ထောင်ကို မင်းတို့ ဆောက်ရမယ်။ ဝါးကြီးတွေကို ထက်ခြမ်းခြမ်း၊ အဆစ်တွေ သပ်မနေနဲ့။ တူနဲ့ထုပြီး ကွဲအောင်ခွဲ။ ဝါးလတ်ကို မကောင်းတော့တဲ့ တန်းတွေနေရာမှာ အစားထိုးမယ်။ ဝါးသေးက ကြမ်းခင်းအောက်က မကောင်းတော့တဲ့ တန်းနဲ့ ဒေါက်တွေကို တွေ့ရင် လဲရမယ်။ မိန်းကလေးခန်းနဲ့ ယောကျ်ားလေး ခန်းကြားမှာ ဝါးလေး နှစ်ထပ်ထောင်လျက် ရိုက်မယ်။ ဒီနေ့ အပြီးလိုချင်တယ်။ ဒါပဲ"

"မိန်းကလေးတွေက တစုရှုက်တွေ သီပေးပါ။ နှီးထိုးပါ။ နှီး ဘယ်သူထိုးတတ်သလဲ"

ဒေဝ စကားဆုံးတော့ ဒေါ်စုဟန်က…

"အမေ ထိုးတတ်ပါတယ် သားရယ်။ အမေတို့က တောသူဆိုတော့ နှီးထိုး တောင်းယက်ကိစ္စတွေက…"

"အပိုမပြောနဲ့။ နှီးထိုးတတ်ရင် ဝါးကြီးနဲ့ထိုး။ မိန်းကလေးတွေက တစုရှုက်တွေကို လေးချပ်စီ နှီးနဲ့တွဲပေး။ စားချိန်၊ နားချိန် မနေ့က အတိုင်းပဲ"

မနက် ရှစ်နာရီမှာ သူတို့ အလုပ်စကြသည်။ တဲဆောက်သည့် ကိစ္စကို အကျွမ်းကျင်ဆုံးက ဦးသီဟနှင့် ဦးချစ်သန်း ဖြစ်သည်။ ပထမဦး

http://www.cherrythitsar.org



ဆိုး အခန်းနှစ်ခန်းအတွက် ခေါင်ချုပ် ချုပ်သည်။ အောက်က တစုရွက်တွေနဲ့ ခေါင်ချုပ်ပြီးမှ ဝါးသေး (တင်းဝါး)နှစ်တန်းပျစ်သည်။ သူတို့ ခေါင်ချုပ်ရင်း၊ တန်းပစ်ရင်း ပြောစကားအရ ငယ်စဉ်က ရွာမှာ ကိုယ့်အိမ်မိုးမည်ဆိုလျှင် ကာလသားတွေ အားလုံးလာကြသည်။ သူများအိမ်ဆိုလည်း သူက ပါရသည်။ ငွေယူပြီး လုပ်တာမဟုတ်။ အပျော်။ ပြန်ရတာက ကြက်သားနဲ့ ဘူးသီး ကာလသားချက်၊ တောအရက်။

သူတို့သုံးသမျှ ဝါးတွေကို ဖော်လတ်နှင့် ကားဆရာ မိုးကျော်က လှမ်းကာ ပေးရပြီး သူက ဦးသီဟတို့ဆီ ပို့ပေးရ၏။

“ဟေ့ကောင်…။ အရင့်မပေးနဲ့ကွ၊ အနုပေး။ အရင့်က အောက်ဒေါက်နဲ့ တိုင်အတွက် ထား”

“အောက်ကကို ခဏထိန်းရင်း ဖော်လတ်က ပြန်ပေးသော ဝါးလုံးကို ဟိုဘက်အတိုးမှာ ဝါးလုံးက ထိန်းမရတော့ဘဲ အောက်ပြုတ်ကျသွားသည်။ ကံဆိုးချင်တော့ ထိုဝါးလုံးကြီး အရင်းပိုင်းက အောက်မှာ အမိုးသီနေသော မေစိုးထံ လိမ့်ဆင်းကာ ပစ်ရိုက်သလို ဖြစ်သွားသည်။ နောက်တစ်လုံးကလည်း ထိန်းမရတော့ဘဲ ပြုတ်ကျကာ ရှေ့သို့ ဟတ်ထိုးလဲသော မေစိုးခြေသလုံးကို အရှိန်နှင့် ထပ်ရိုက်မိသည်။

အော်သံ ဟစ်သံတွေ ဆူညံကာ သွားကြ၏။

မေစိုး မထနိုင်တော့။ ထက်ခေါင် ပြေးထွက်လာသည်။

“ဘာဖြစ်တာလဲ ဒေဝ”

ဒေဝက ရှင်းကာပြသည်။ ထက်ခေါင်က ဖော်လတ်ကို စူးစူးရဲရဲစိုက်ကာကြည့်သည်။ စိုးမိုးပြောခဲ့သော “သူ့အလှည့်ရောက်ရင် ပြန်လုပ်တာပေါ့” ဟူသောစကားကို ထက်ခေါင် နားထဲမှာ ပြန်ကာကြားသည်။ စိုးမိုးကို ရှုပါနှင့် ဒေါ်ခင်မြက တွဲကာ မသည်။

“အား…နာတယ်။ ခြေထောက်က တအားနာတယ်။ မရဘူး။ နာတယ်…”

မေစိုးမိုးက ငယ်သံပါအောင် အော်ကာ ခွေကျသွားသည်။

"ဒေဝ…ကတ်သွားယူ။ ငါ့အခန်းထဲ ပို့။ ဟော့ကောင်…မင်း ဆင်းခဲ့စမ်း"

"ထက်ခေါင်…ဝါးလုံးဆိုတာ ခုန်တယ်ကွ။ တန်းပစ်ရတာက လည်း နိမ့်လျှော့ဆိုတော့ ဝါးလုံးနှစ်လုံးကို မထိမ်းနိုင်ဘဲ ဖြစ်တာပါ"

"စကားမရှည်နဲ့ ဦးသီဟ။ ကျုပ်က ဆင်းခဲ့ဆို ဆင်းခဲ့ပဲ။ ဟော့ကောင်"

ဇော်လတ် ဘာမှမပြောတော့ဘဲ ချင်တန်းကို ခိုကာ ဆင်းခဲ့သည်။ အနားရောက်တော့ ဘာမှမပြောရသေးခင် သူ့ပါးနှစ်ဖက်စလုံး ပူထူကာ သွား၏။ ဒီကောင် ဂျပန်သေလို့များ ဝင်စားသလား မသိ။ လက်သံက တော်တော်ပြောင်သည်။

"မင်း ဘာလုပ်တယ်ဆိုတာ ငါသိတယ်။ နောက်တစ်ခါဆို ငါ လက်ညှိုးပဲ ကွေးတော့မယ်။ မင်း သတိထား"

စကားဆုံးသည်နှင့် ထက်ခေါင်က သူ့ရင်ဘတ်ကို ပစ်တွန်း လိုက်သည်။ ထင်မှတ်မထားသဖြင့် ဇော်လတ် နောက်ပြန်လဲကျသွား သည်။ ထက်ခေါင်နှင့် ဇော်လတ် တစ်ဦးနှင့်တစ်ဦး ခဏစိုက်ကြည့်ကြပြီး ဇော်လတ်က အရင်မျက်နှာလွှဲကာ ထရပ်ပြီး ဖုန်ခါကာ ထွက်သွားသည်။

ထက်ခေါင်ကလည်း သူ့ သစ်သားနှစ်ထပ်အိမ်ပေါ်သို့ ခပ်သုတ် သုတ် တက်ကာသွားသည်။ သူတို့နေဖို့ ထောင်ကို ဒေဝ၏ ကြီးကြပ်မှုဖြင့် ညနေ ငါးနာရီမှာ ပြီးသွားသည်။ မိန်းကလေးဘက်နှင့် ယောကျ်ားလေး ဘက်မှာ ဝါးလေးတွေကို နှစ်ထပ်စေ့နေအောင် ရိုက်ထားသဖြင့် တစ် ယောက်နှင့်တစ်ယောက် မမြင်ရ။

တံခါးက သုံးပေပဲရှိသည့် အရင့်ဆုံးဝါးအကျစ်နှင့် စိတ်နေအောင် ကာထားသည်။ ပြီးတော့ တစ်မတ်လုံးသံကွင်းကြိုးနှင့်တွဲကာ ကြေးသော့ ကြီးကို ခတ်သည်။ ထိုသော့ကို ထက်ခေါင်တစ်ဦးတည်း ကိုင်သည်။ ထက်ခေါင်က အားလုံးစစ်ဆေးပြီးမှ…

"စိုးမိုး ခြေသလုံးနဲ့ ခါးကို ထိတယ်။ လမ်းမလျှောက်နိုင်ဘူး။

http://www.cherrythitsar.org



ဒီဝါးလုံးနဲ့ခင်းထားတဲ့ ကြမ်းပြင်မှာ အိပ်နိုင်မှာမဟုတ်ဘူး။ သူ ကျွန်တော့် အခန်းမှာအိပ်လိမ့်မယ်။ မိန်းကလေးအဖော်နှစ်ယောက် လိုက်ပါ။ စိုးမိုး ကတော့ အိလေးနဲ့ မာမီနွေးတဲ့။ အိလေးဆိုတာ ဘယ်သူလဲ။ ဒါဆို··· လိုက်ခဲ့။ ခြောက်နာရီမှာ ခင်ဗျားတို့ ဒီအခန်းထဲဝင်ရမယ်။ ဘာအကြောင်း ပြချက်နဲ့မှ အပြင်ထွက်ခွင့်မရှိဘူး။ ဒါပဲ။ ဒေဝ···တစ်ခန်းကို အစောင့် နှစ်ယောက်ချ။ မောင်းဖြုတ်ခိုင်းထား။ မသင်္ကာရင် ပစ်မိန့်ပေးထား''

''ဟုတ်ကဲ့···ဆရာ''

ထက်ခေါင် ထွက်သွားတော့ ဇော်လတ်နှင့် ဦးတင်ကို မျက်လုံး ချင်းဆုံကာ ပြုံးကြလေသည်။

မနက်ကျတော့ သူတို့ ရှစ်နာရီ ထစရာမလိုပါ။ သူတို့ကို ဖမ်းထားပြီးဖြစ်သည်။ (၁၀)နာရီခန့်မှာ ဟိုဘက်က အမျိုးသမီးလေး ယောက်ကို ထမင်းချက်ရန် လာခေါ်သွားကြသည်။ ဆယ့်နှစ်နာရီလောက် မှာ ဒေဝ ရောက်လာကာ···

''ခင်ဗျားတို့အထဲမှာ ခေါင်းဆောင်က ဘယ်သူလဲ''

''ကျုပ်နဲ့ ဇော်လတ်''

ဦးတင်ကိုက ခပ်ပြတ်ပြတ်ဖြေသည်။ အသံ ခဏတိတ်ကာသွား ၏။

''ဟေ့ကောင် သော့ဖွင့်ပေးလိုက်။ အဲဒီနှစ်ယောက် လိုက်ခဲ့''

အခန်းတစ်ခုထဲ ရောက်သွားတော့ ထက်ခေါင် ထိုင်နေတာကို တွေ့ရသည်။ ထက်ခေါင်က စကားမပြောဘဲ သူတို့ကို စိုက်ကာ နှစ်မိနစ် လောက်ကြည့်သည်။ ပြီးမှ···

''ခင်ဗျားတို့ကို မသတ်ချင်ဘူး။ ခင်ဗျားတို့ကလည်း သေချင် ကြဦးမှာ မဟုတ်ဘူး။ ဒီတော့···ကျုပ် ခင်ဗျားတို့ထဲက လူနှစ်ယောက်ကို မြို့လွှတ်မယ်။ အဲဒီ လူနှစ်ယောက်က ငွေသိန်း (၃၀)ယူပြီး ပြန်လာရမယ်။ အချိန် (၅)ရက်ပေးမယ်။ (၅)ရက်ပြည့်လို့မှ မလာရင် တစ်ယောက်စီ သတ်မယ်''

http://www.cherrythitsar.org



မုန့်ဟင်းခါးတစ်ပွဲမှ တစ်ကျပ်၊ အကြော်နှင့်မှ ငါးမတ်(တစ်ကျပ်တစ်မတ်)သာပေးရသော ခေတ်တွင် ငွေသိန်း(၃၀)ဆိုသည်မှာ နည်းနည်းနောနော ငွေမဟုတ်။ ဦးတင်ကိုက…

"ငွေက မများလွန်းဘူးလား"

"ဒါ…သစ်အရောင်းအဝယ်လုပ်နေတာ မဟုတ်ဘူး။ အသက်ရောင်းနေတာ"

"ကျုပ် ရှင်းပြဦးမယ် မောင်ထက်ခေါင်။ ကျုပ်တို့ ကားရိုက်ထွက်လာတယ်။ မင်းတို့နဲ့မတွေ့ရင် မန္တလေးမှာ ရိုက်မယ်။ စတုတ္ထနေ့မှ Producer က ကျန်ငွေနဲ့ မန္တလေးကို ဆင်းမှာ…။ ဒီနေ့ ရောက်ပြီပေါ့။ ဒါပေမဲ့ သူ့မှာ ငွေသိန်း(၃၀) ပါလာမှာ မဟုတ်ဘူး"

"ဒါက ခင်ဗျားတို့ကိစ္စပဲ။ နာမည်ကြီးတွေအတွက် သိန်း(၃၀)ဆိုတာ ပြန်ဆပ်ရရင် ခဏပါ။ ငွေကိုတော့ လုံးဝမဆစ်ပါနဲ့"

အခန်းက ခဏတိတ်ကာ သွား၏။ ဦးတင်ကိုက မေးသည်။

"လူက ဘယ်သူ့ကို လွှတ်မှာလဲ"

"မိန်းကလေးတွေ မပါဘူး။ ယောကျ်ားလေးတွေ မဲနှိုက်ရမယ်။ ပေါက်တဲ့နှစ်ယောက်သွား။ ဟိုရောက်ရင် ပိုက်ဆံပေးမယ့်လူဆီ အရင်သွား။ ရတာနဲ့ ပြန်ခဲ့။ ရဲတို့ တပ်တို့ကို အကြောင်းကြားလို့ ငါ့စခန်းကို လာဝိုင်းတာနဲ့ ငါအရင်ဆုံးသတ်မှာ မင်းတို့ပဲ"

"နောက်တစ်ချက်ရှိတာ မဲနှိုက်လို့ ပေါက်တဲ့လူက Producer ကို နှုတ်နဲ့ပြောပြီး ပိုက်ဆံတောင်းဖို့ဆိုတာ မလွယ်ဘူး။ ဟိုက မယုံလို့ မပေးရင် ဒီမှာ အချောင် တစ်ရက်တစ်ယောက် အသတ်ခံရမှာ…"

"ဒီအတွက် မပူနဲ့။ မင်းတို့အားလုံးကို ကြိုးတုတ်ပြီး ငါ ဓါတ်ပုံရိုက်ပေးလိုက်မယ်။ အဲဒီ ဓါတ်ပုံနောက်မှာ ခေါင်းဆောင်က စာရေးပေးလိုက်။

ဇော်လတ်နှင့် ဦးတင်ကိုတို့ တစ်ဦးနှင့်တစ်ဦး ကြည့်ကြသည်။

"ငါတို့လည်း မင်းပြောသလိုပဲ မသေချင်သေးဘူး ထက်ခေါင်။

http://www.cherrythitsar.org



အခုကိစ္စက အပေးအယူကိစ္စပဲ။ မင်းက ငွေသိန်း(၃၀)လိုချင်တယ်။ ငါတို့က ငါတို့အသက် ငါတို့ ပြန်လိုချင်တယ်။ ဒီတော့ နှစ်ဖက်အဆင်ပြေအောင် ညှိဖို့လိုတယ်''

''မင်းသားလေပေးမျိုးနဲ့ ငါ့ကို လိမ်ဖို့တော့ မကြိုးစားနဲ့ ဇော်လတ်။ ငါက ရုပ်ရှင်ထဲက ဓားပြခေါင်းဆောင် မဟုတ်ဘူး''

ဇော်လတ်က သက်ပြင်းကို ချကာ ခေါင်းကိုခါသည်။

''ဒါ…သေရေးရှင်ရေးကိစ္စဆိုတာ ငါနားလည်ပါတယ်။ ငါတို့ဘက်မှာလည်း အခက်အခဲတွေ ရှိနေတယ်။ နှစ်ဖက်ညှိမှ ရမယ်''

''ပထမတစ်ချက်က ငွေယူဖို့ လွှတ်မယ့်လူ ရွေးတဲ့အခါမှာ မိန်းကလေးတွေ မပါရဘူး''

ထက်ခေါင်က မစဉ်းစားတော့ဘဲ ခေါင်းကိုညိတ်ကာ သဘောတူလိုက်သည်။

''ဒုတိယအချက်က ဘယ်သူပဲ မဲနှိုက်လို့ပေါက်ပေါက် ငါတို့ထဲက ဘယ်သူမှ ဒီတောကို မကျွမ်းကျင်ဘူး။ ငါတို့လာတုန်းက နှစ်ရက်ကြာတယ်။ ဒါ…မင်းတို့ကို တောကိုကျွမ်းကျင်လို့။ ကဲ…တောကထွက်ပါပြီထား။ ဟိုရောက်လို့ ငွေသိန်း(၃၀) အဆင်သင့်မဖြစ်ရင် ရှာရဖွေရနဲ့ကြာနေရင် မင်းပေးတဲ့အချိန်အမီ ပြန်မရောက်ရင် ငါတို့ထဲက တစ်ယောက်သက်သက်မဲ့ သေလိမ့်မယ်။ အဲဒီတော့ မင်း အချိန်တိုးပေးပါ''

ထက်ခေါင် ဒီတစ်ခါတော့ တော်တော်စဉ်းစားသည်။ ဒေဝကိုလှမ်းကာခေါ်သည်။ ပြီးတော့ ခပ်လှမ်းလှမ်းမှာ သွားစကားပြောသည်။ ဒေဝက ခေါင်းကိုခါသည်။ နောက် အပြန်အလှန် စကားခဏပြောကြသည်။ ထက်ခေါင်က အသွားနှစ်ရက် အပြန်နှစ်ရက် ငွေယူတာ တစ်ရက်ဟု တွက်ကာ (၅)ရက်ပေးခြင်းဖြစ်သည်။ ဇော်လတ်က အချိန်ပိုတောင်းနေပြီ။

''ကောင်းပြီ…။ မင်း ဘယ်နှရက် လိုချင်လဲ''

''ရှစ်ရက်''

http://www.cherrythitsar.org



ထက်ခေါင်က ခေါင်းကိုခါသည်။

"ငါ ရှစ်ရက်တောင်းရတာက ဒီနှစ်ယောက် တောထဲမှာ မျက်စိလယ်ဖို့ အချိန်နှစ်ရက်ရယ်…၊ ဟိုမှာ ငွေပေးမယ့်သူအတွက် ငွေရှာဖို့ တစ်ရက်ရယ်၊ ဒါပဲ တိုးတောင်းတာပါ"

"ကောင်းပြီ… မင်းတို့ပြန်တော့။ ငါလာခဲ့မယ်"

သူတို့ပြန်ရောက်တော့ တိုင်ပင်ကြရသည်။

"ငွေယူဖို့ လွှတ်ရင်တော့ ဒီတောထဲက တစ်ရက်ကျော်ကျော်နဲ့ ရအောင်ထွက်မယ်။ သက်ဆိုင်ရာနဲ့ဆက်သွယ်ပြီး တစ်ရက် တမင်နောက်ကျပြီးမှ ထွက်မယ်။ ဒီမှာ ဒီကောင် လူတစ်ယောက်ကို သတ်မယ်အချိန် အားလုံးစိတ်ဝင်စားနေချိန်ကြမှ ဝင်စီးမယ်။ ဆရာတို့လည်း တိုင်ပင်ကိုက်ထား။ တစ်ရက်နောက်ကျ မနက် ကိုးနာရီ"

"သူက စောစောသတ်မယ်ဆိုရင်ကော…"

"နောက်ဆုံးအချိန်ဆိုပြီး ဆရာ အချိန်ဆွဲထားပေါ့…။ ဒါတော့ ဆရာ ကျွမ်းကျင်ပါတယ်။ ပြီးတော့ ဦးသီဟက အနီးကပ်တိုက်တဲ့ တစ်ခါသုံးနည်းတွေကို ဒီက အဖွဲ့အားလုံးကို သင်ပေးထားပေးပါ။ စွန့်စားရမှာပဲ"

"စိတ်ချကွာ…။ ငါ့မှာ တစ်ဆယ့်လေးနည်း ရှိတယ်ကွ"

ဦးသီဟကလည်း ရဲရင့်တက်ကြွစွာဆိုသည်။ ပြီးတော့မှ ဦးသီဟသည် စွန့်စားနေဟန်ဖြင့် လက်ကို ခဏကာထားပြီး…

"နေဦး…ဇော်လတ်။ မင်းနဲ့ငါ နှစ်ယောက်သွားဆိုရင် ဘယ်လို လုပ်မလဲ"

ဦးသီဟအမေးကြောင့် နံဘေးမှ ဝိုင်းကာ တက်ကြွနေသော အဖွဲ့ ဘာပြောရမှန်းမသိဖြစ်ကာ စိတ်ဓါတ်ကျကုန်ကြသည်။ ဇော်လတ် အသေအချာစဉ်းစားသည်။ ထက်ခေါင် သူ့ကို ရွေးမှာကတော့ သေချာသည်။ နောက်တစ်ယောက်ကိုတော့ သူလည်း ယတိပြတ် မပြောတတ်။

"နေပါဦးကွ။ သူက ငါတို့ကို ဓါတ်ပုံရိုက်ပြီး သက်သေပေး

http://www.cherrythitsar.org



လိုက်မယ်ဆိုတော့… သူ့မှာ ကင်မရာရှိတယ်ထားဦး။ ဓါတ်ပုံက ဘယ်က သွားကူးမလဲ။ ရက်က ကြာဦးမှာပါ။ စိတ်အေးအေးထားပြီး တိုင်ပင်ကြတာပေါ့”

ထိုစကားကြောင့် ဖော်လတ်က “ဟက်”ခနဲ တစ်ချက်ရယ်ကာ ခေါင်းကိုခါသည်။

“ကျွန်တော့်ဦးလေး ဂျပန်ကပို့လိုက်တဲ့ **Polaroid Camera** ကို ထက်ခေါင်က အဝတ်အစားတွေ၊ အိတ်တွေထဲ ရှာရင်းနဲ့ တွေ့လို့ ယူသွားတယ်။ ဆရာ့ကို ကျွန်တော် တစ်ခါပြတဲ့ တစ်ခါသုံးကင်မရာဆိုတာ လေးလေ။ အခုရိုက် အခုထွက်။ လေထဲ လေးငါးခါရမ်းလိုက်ရင် ပုံပေါ်တာပဲ။ ဆရာ့ကိုတောင် ကျွန်တော် ရိုက်ပေးသေးတာ်။ ဒီကောင်က အဲ့ဒါကို သိပုံပေါ်တယ် ဆရာရဲ့။ ဒါနဲ့ ရိုက်မှာပေါ့။

●●●

http://www.cherrythitsar.org



## အခန်း [၅]

ဇော်လတ်နှင့် ဦးတင်ကိုတို့ကို ပြောပြထားသဖြင့် ထိုသတင်းကို တစ်ဖွဲ့လုံးသိကာ အားလုံးက ဇော်လတ်ကိုသာ လွှတ်မည်ဟု မိန်းကလေးများ အသက်ရှူချောင်သော်လည်း ယောကျ်ားလေးများ တချို့က မျက်စေ့မျက်နှာပျက်နေကြပြီး တချို့က ဇော်လတ်နှင့်အတူ စွန့်စားရခြင်းကို ဒီစခန်းမှာ နေရချင်းထက် ပို၍ စိတ်ဝင်စားနေကြ၏။

ထိုအချိန်တွင် ထက်ခေါင်နှင့်အဖွဲ့ ဆင်းလာသည်။

ဇော်လတ်ပြောသည့်အတိုင်းပင် Polaroid Camera ကို ကိုင်လျက် ဇော်လတ်တို့ကို ချုပ်ထားသော အချုပ်ခန်းနှစ်ခန်းမှ လူများ ရှေ့ထွက်ရန်ပြောပြီး ရိုက်သည်။ ပြီးတော့ တစ်ယောက်စီ လက်ကို ကြိုးတုပ်ကာ ရှေ့တန်းမှာ ဦးတင်ကို၊ ဇော်လတ်နှင့် မေစိုးမိုးတို့ကို ထိုင်ခိုင်းပြီး နောက်က ရူပါ၊ အိလေးနှင့် အဘွားကြီးသုံးယောက်။

အဲဒီနောက်မှာ လူရွှင်တော်အဖွဲ့။ နောက်ဆုံးက လူကြမ်းအဖွဲ့နှင့် ကားဆရာ။ အားလုံးကို ရိုက်ယူ။ ထွက်လာသောဖလင်ကို လေထဲ ရမ်းရင်း ပြုံးကာ ထက်ခေါင်က အုပ်စုကို ကြည့်သည်။

ပြီးတော့မှ တဖြည်းဖြည်း ပုံထင်လာသောဓါတ်ပုံကို ကြည့်ကာ ကျေနပ်သွားပုံရသည်။

"ဒေဝ ကြိုးတွေဖြည်ပေးလိုက်။ အခု မဲနှိုက်မယ်။ မဲပေါက်တဲ့ လူနှစ်ယောက်က ဒီဓါတ်ပုံသုံးပုံကို ယူပြီး မင်းတို့ကို ပိုက်ဆံပေးရွေးမယ့် လူကိုပဲ ပြရမယ်။ ပြီးတော့ အဲဒီလူကို ခေါ်လာစရာ မလိုဘူး။ ငွေပဲ ယူလာဖို့လိုတယ်။ ငွေရရင် ပြန်လာခဲ့။ မင်းတို့ကို အသွားအပြန် ရှစ်ရက် အချိန်ပေးမယ်။ ရှစ်ရက်နေလို့ မရောက်ရင် တစ်ရက်တစ်ယောက် သတ်ပစ်မယ်"

တိတ်ဆိတ်သွားသည်။ တစ်ဦးချင်းစီး ရင်ထဲမှာတော့ ရင်ခုန်သံက ဆူညံကျယ်လောင်ကာ နေ၏။ ထက်ခေါင်က သူ့ကောင်းဘွိုင်ဦးထုပ်ကို ချွတ်ကာ ချစ်သိန်းလက်ထဲက မဲလိပ်တွေကို ထည့်ကာ ခေါက်ရင်း...

"ဒေဝ...မိန်းကလေးတွေကို ဟိုဘက်ပို့လိုက်"

ဒေဝ မိန်းကလေးတွေကို ဆွဲပြီး တစ်ဘက်သို့ ပို့သည်။ မာမီနွေးက ကပ်လိုက်သွား၏။ ဒေဝက မာမီနွေးပခုံးကို တွန်းရင်း...

"ဟေ့ကောင်...။ မင်း ဒီဘက်မှာနေ"

"ကျွန်မက..."

"စကားမရှည်နဲ့ သွားဆိုသွား။ ငါ လက်မပါချင်ဘူး"

ဒေဝက ရင်ဘတ်ကို စောင့်တွန်းလွှတ်လိုက်သဖြင့် မာမီနွေး ခြေဆောင့်ရင်း ယောကျ်ားလေးတွေဘက် သွားရပ်သည်။ ဦးထုပ်ထဲက မဲလိပ်တွေကို ခလောက်ရင်း ထက်ခေါင်ကိုယ်တိုင် ဝေပေးသည်။

"မဲလိပ်တွေကို မဖြည်ပါနဲ့ဦး။ အားလုံးဝေပြီးမှ တစ်ယောက်စီ ကျုပ်ရှေ့မှာ လာပြပါ"

မဲလိပ်တွေ ဝေပြီးတော့ ပထမဦးဆုံး လူကြမ်းအဖွဲ့နှင့် ကား

http://www.cherrythitsar.org



ဆရာတို့ကို ခေါ်သည်။ အားလုံး ဗလာ။ ဒုတိယ လူရွှင်တော်အုပ်စု။ ပထမဦးဆုံး လေးထောင့်။

"ဂင်း…ဂင်း…ဂင်း…ဂ်ီဝါလု သဲစုမက"

"ဟော့ကောင် ရှည်မနေနဲ့…သွား။ မင်း ဗလာ"

ကပ်ဖဲ့။

"မိန်းမရေ…။ ငါထားခဲ့တဲ့ B/360 လေးနဲ့သာ…."

"ဟော့ကောင် သွား…သွား"

ထိုးဝါးအလှည့်…

"ယောကျ်ားပဲကွာ…။ နှစ်ခါ မသေပါဘူး။ တစ်ချိုလည်ဒး မသေဖူးတော့…."

ထက်ခေါင်ထံ မဲလိပ်လှမ်းပေးသောလက်တွေက တုန်နေသည်။ ထက်ခေါင်က ပြုံးကာ…

"မင်းက လမ်းမှာ သေမယ့်ကောင် မဟုတ်ပါဘူး။ သွား ဟော့ကောင်"

လူရွှင်တော်အုပ်စုလည်း မပေါက်။ ဇော်လတ်က ဦးသီဟကို လှမ်းကြည့်သည်။ သူတို့တွက်ကိန်း သေချာနေပြီ။ ဇော်လတ် လက်ထဲက မဲလိပ်ကို တင်းတင်းဆုပ်ထားလိုက်သည်။ ဒေဝက ခေါ်တော့ အေးအေး ဆေးဆေးပင် သူ့လက်ထဲက မဲလိပ်ကို ထက်ခေါင်လက်ထဲ ထိုးထည့် လိုက်၏။ ထက်ခေါင်က ပြုံးကြည့်သည်။ မိန်းကလေးတွေ အားလုံးရော ကျန်လူများပါ ထက်ခေါင်ဖြည်နေသော မဲလိပ်ကို စိတ်ဝင်စားစွာ၊ တုန်လှုပ် စွာ ငေးကြည့်နေကြ၏။ ထက်ခေါင်က မဲလိပ်ကို ဖြည်ပြီး ဇော်လတ်ကို ပြုံးကြည့်သည်။ ပြီးတော့ ခေါင်းကို ခါရမ်းကာ ထောင်ပြ၏။

ဗလာ…။

အားလုံး အံ့သြသွားကြသည်။ ဇော်လတ်ကိုယ်တိုင် အံ့သြကာ သွား၏။

တကယ် ကံတရားအတိုင်း ဖြစ်တာလား။ ထက်ခေါင်ဆီမှာ

ဘာအကြံ ရှိနေသေးသလဲ။ ဇော်လတ်ခေါင်းထဲမှာ အချက်အလက်တွေ ပြေးလွှားလှုပ်ရှားသွားသည်။ သို့သော် အဖြေက မရ။ ဇော်လတ်ပြီးတော့ ဦးတင်ကို။ ဗလာပင် ကျ၏။

ပြီးတော့…အေးမင်း။

အေးမင်း မဲလိပ်ကို ဖြည်ပြီးတော့ ထက်ခေါင်ကို အေးမင်းကို စိုက်ကြည့်သည်။ ပြီးတော့ မဲလိပ်ကို အားလုံးမြင်အောင် ထောင်ပြသည်။ အမှန်ခြစ်ထားသော အမှတ်အသားကိုတွေ့တော့ အသံမျိုးစုံ ထွက်သွားကြ၏။

ဒေဝက အေးမင်းကို ပခုံးမှဆွဲရင်း တစ်ဘက်သို့ ပို့သည်။ ဇော်လတ် ထိတ်ခနဲဖြစ်သွား၏။ ဒီကိစ္စသည် သာမန်မဖြစ်နိုင်တော့။ ဒုတိယ မဲပေါက်သူက မာမီနွေး။

"မတရားဘူး…လုံးဝကို မတရားဘူး။ သူများက အစကတည်းက ယောကျာ်းလေး မဟုတ်ဘူးလို့ ပြော်တကောထားပြီးသား။ မသွားဘူး…မသွားနိုင်ဘူး။ မမရေ…ကော်တကယ်ပါဦး"

မာမီနွေးက မေစိုးမိုးကို ပြေးဖက်ကာ ငိုသည်။

မေစိုးမိုးလည်း ဘာလုပ်ရမှန်း မသိ။ မာမီနွေးကို ဖက်ထားရင်း ထက်ခေါင်ကို ကြည့်သည်။

"မမ…ကယ်ပါဦး မမရဲ့။ ဒီလမ်းကြီးကို နွေးက ဘယ်လိုသွားရမျာလဲ…။ ကော်တကယ်ပါဦး မမရယ်…။ ပြော်တကော်ပေးပါဦး မမရဲ့"

"ကိုထက်ခေါင်…။ သူက ယောကျာ်းလေးဆိုပေမဲ့ သူ့စိတ် သူ့ခံစားမှုက မိန်းကလေးပါ။ သူ့ဗီဇက မိန်းကလေးဗီဇပါ။ ကိုထက်ခေါင် နားလည်မှာပါ"

"ဟုတ်ပါတယ် အစ်ကိုကြီးရယ်…။ နွေးကလေ မိန်းကလေးပါ။ နော်…အစ်ကိုကြီး။ လမ်းလျှောက်တာတောင်မှ ဟောဒီလို လျှောက်တာ"

မာမီနွေးက မိန်းကလေးလို သူလျှောက်နေကျအတိုင်း လျှောက်

http://www.cherrythitsar.org



ပြ၏။ ရယ်စရာ ကောင်းပါသည်။ သို့သော် အားလုံး မရယ်နိုင်ကြ။

"ငယ်…ငယ်ကလေးတည်းက သစ်ရွက်ကလေးတွေ ခူးပြီး ဟင်းချက်တမ်း ကစားလာတာ။ ပြီးတော့လေ…မမကို အလှ…အလှပြင်ဖို့"

မာမီနွေး ဆက်မပြောနိုင်ရှာ။ မျက်ရည်ကျကာ ငိုလေသည်။

"ကျွန်မ မမကို အလှပြင်ဘို့ လောတကိုက်လာတာပါ။ ဒီကော်တကောကြီးထဲ ဘယ်လို သော်တကွားရဲမှာလဲ အစ်ကိုရယ်…။ ကျွန်မ မမနဲ့လည်း မခွဲပါရစေနဲ့။ မမကို ပြုစုရင်း နေခဲ့ပါရစေ အစ်ကိုကြီးရယ် နော်…။ ကျွန်မ မိန်းကလေးပါ"

မာမီနွေးက မေစိုးမိုး ခြေသလုံးကို ဖက်ငိုသည်။ ပြီးတော့ ထရပ်ပြီး မာမီတွေလို ငိုသံကြီးနှင့် သီချင်းတွေ ဆိုကာပြနေသည်။ မေစိုးကိုယ်တိုင် မကြည့်ရက်တော့။ မာမီနွေးကို ပြေးဖက်ကာ ငိုသည်။ အားလုံး စိတ်မကောင်းကြ။

ထက်ခေါင်သည် သူတို့တွက်ထားတာထက် တစ်ကွက်ကြိုပြီး မြင်တတ်သူမှန်း ဇော်လတ် ကောင်းကောင်း သိသွားပြီဖြစ်သည်။ ဉာဏ်ပြေးသော၊ ကြံရည်ဖန်ရည်ရှိသော သူ့ကို သူ့မျက်စိအောက်မှာပဲ ထားတာ ပိုစိတ်ချရသည်ဟု ထက်ခေါင်က တွက်ပုံရသည်။

ပြီးတော့ မေစိုးမိုးကို သံယောဇဉ်အရှိဆုံးသူကို ထည့်လိုက်ခြင်းအားဖြင့် ငွေရဖို့ကို မာမီနွေးက ပူဆာတော့မည်။ မရမက တောင်းတော့မည်။ သူ့ညီနှင့် မာမီနွေး လမ်းကတည်းက မတည့်တာကို သိထားသဖြင့် နှစ်ဦးသွားသည့်အခါ တိုင်ပင်ညှိနှိုင်းရ ခက်လိမ့်မည်။ သူ ဒီမှာကျန်ခဲ့သည့်အတွက် အေးမင်းကလည်း ငွေရအောင် ကြိုးစားလိမ့်မည်။ သူ နောက်ကျလျှင် ပထမဦးဆုံး အသတ်ခံရမည့်လူသည် ဇော်လတ်ဆိုတာလောက်ကတော့ အေးမင်း ရိပ်မိပါလိမ့်မည်။

"ကိုထက်ခေါင်…။ ကျွန်မ ရှင့်ဆီက အခွင့်အရေးတစ်ခုမှ မတောင်းခဲ့ဖူးပါဘူး။ ဒီတစ်ခုတော့ ခွင့်ပြုပါ။ မိနွေးအစား တစ်ယောက်

http://www.cherrythitsar.org



ယောက် လိုက်မယ်ဆိုရင်…”

“ငါ လိုက်မယ်ဆိုရင်ရော ထက်ခေါင်”

ဇော်လတ်က ရှေ့ထွက်ရပ်ပြောသည်။ ထက်ခေါင်က လှည့်မကြည့်။

“ခွင့်လွှတ်ပါ စိုးမိုး။ ကိုယ်တို့ယောကျ်ားတွေက စကားပြောကတိထားပြီး လုပ်ကြတာပဲ။ ကိုယ့်အမိန့်နဲ့ ဒီကောင်သွား ဒီကောင်သွား လုပ်လို့ရတာပဲ။ ဒါပေမဲ့ ကိုယ် မလုပ်ခဲ့ဘူး။ ကတိအတိုင်းပဲ လုပ်ခဲ့တာ။ ခွင့်လွှတ်ပါ စိုးမိုး။ ဇော်လတ် မင်းနဲ့ ငါတို့ ယောကျ်ားပီပီ သဘောတူခဲ့တာကို သတိရရင် မင်း နောက်ဆုတ်လိုက်ပါ”

ဇော်လတ် ဘာမှ ပြန်မပြောနိုင်။

“ဒေဝ…သူတို့နှစ်ယောက်အတွက် လေးရက်စာရိက္ခာ စီစဉ်ပေး။ တောလိုက်ဓါးတစ်ချောင်းပေး။ ကျန်သေးတဲ့ တာလပတ်စ အိပ်ဖို့ပေးလိုက်။ ကဲ…ခင်ဗျားက ဟောဒီဓါတ်ပုံရဲ့အောက်မှာ စာရေးပါ။ ကျွန်တော်တို့ အဖမ်းခံထားရတဲ့ ပုံများဖြစ်ပါတယ်။ ငွေသိန်း ၃၀ မပေးရင် အားလုံး အသတ်ခံရပါလိမ့်မယ်။ ငွေဆက်ဆက် ပေးလိုက်ပါဆို ရေးပြီး ဆိုင်းထိုး”

ထက်ခေါင် ထိုးပေးသောဓါတ်ပုံများနှင့် ဖောင်တိန်ကို ယူရင်းက…

“ငါ စာရေးပေးမယ့်အစား မိန္နေးကိုယ်စား လိုက်သွားရင် ပိုအဆင်မပြေဘူးလား မောင်ထက်ခေါင်”

“ကတိထားပြီးကြပြီလေ…။ ခင်ဗျားတို့ တောင်းဆိုတဲ့အတိုင်းလည်း ကျုပ် လိုက်လျှောပြီးပြီလေ။ ဒါ…အတည်ပဲ။ ကဲ…ဒေဝ အားလုံး အခန်းထဲ ပြန်ထည့်လိုက်တော့။ မင်းတို့ မနက်ဖြန် ဆယ်နာရီမှာ ခရီးစထွက်ရမယ်။ ဒီည ကောင်းကောင်းအိပ်ထားကြ”

“မတရားဘူး…မသွားဘူး။ ဘယ်တော့မှ မသွားဘူး”

မာမီနွေးက သေဒဏ်ကျ။ ကြိုးမိန့်ကျသူ၊ ကြိုးပေးခါနီး စိတ်

http://www.cherrythitsar.org



ဖောက်သွားသလို ဦးတည်ရာ ဖွတ်ပြေးသည်။

"ဟော့ကောင်တွေ… လိုက်ကြစမ်း"

ပထမ နောက်ကနေ သိုင်းဖက် ဖမ်းသူကို မာမီနွေးက ဘယ်ဘက်ပေါင်ထောင်ကာ ခြေကြွတော့ ကိုင်ပေါက်သည်။ ရှေ့မှ ပြေးဝင်လာသူကို ခေါင်းငုံ့ကာ အရှိုက်ကို ပစ်တိုက်လိုက်သည်။ နှစ်ဦးစလုံး လုံးထွေးလဲပြီး နောက်ထပ်ပြေးဝင်လာသူကို မာမီနွေးက ချက်ချင်း ငုတ်တုတ်ထပြီး ခြေထောက်ကို ဖက်ရင်း လှဲချသည်။ ဟိုကောင် ဗိုင်းခနဲ လဲ၏။ ထက်ခေါင်က ဒေဝကို ပြုံးကြည့် မေးဆတ်ပြသည်။

ဒေဝက မာမီနွေးထံ တစ်လှမ်းချင်း အေးအေးဆေးဆေးပင် လျှောက်သွားသည်။ မာမီနွေးက လဲကျနေသူ၏ သေနတ်ကို ကောက်ကာ ဒေဝကို ချိန်သည်။

"ပျော်တကစ်လိုက်မှာနော်…။ မလာနဲ့…မလာနဲ့"

သို့သော်…မာမီနွေး သေနတ်မပစ်တတ်။ ဘယ်မောင်းကို ဖြုတ်ပြီး ဘယ်မောင်းကို တင်ရမှန်းမသိ။ ဒေဝက သေနတ်နှင့် ကိုးရိုးကားရားဖြစ်နေသော မာမီနွေးလက်ထဲက သေနတ်ကို ဆွဲယူကာ လွှင့်ပစ်လိုက်သည်။

"မိနွေး…မိနွေး"

မေစိုးမိုး စိုးရိမ်တကြီးခေါ်သော်လည်း နောက်ကျသွားပြီဖြစ်သည်။ ဒေဝက မာမီနွေးခေါင်းကို ဖျပ်ခနဲဆွဲကာ အရှိုက်ကို ဒူးနှင့်တိုက်သည်။ ပြီးတော့ လက်ပြန်တစ်ချက် ရိုက်ချလိုက်ရာ မာမီနွေး ခွေကာ ကျသွားသည်။ ထက်ခေါင်က ပြုံးရင်း…

"တွေ့လား စိုးမိုး။ မင်းကောင်က မာပါတယ်။ ဒီတောကို ဒီကောင် ကျော်နိုင်မှာပါ"

မေစိုးမိုး မျက်ရည်ပေါက်ကျကာ ထက်ခေါင်ကို ဘာမှမပြောဘဲ တစ်ချက်ကြည့်သည်။ ထို့နောက် မာမီနွေးကို အိလေးနှင့်တွဲခေါ်ကာ တဲထဲသို့ဝင်သည်။ အားလုံး တိတ်ဆိတ်ကာ တဲအတွင်းသို့ ဝင်ကြရ

http://www.cherrythitsar.org



သည်။

ထက်ခေါင်က စောင်းထားသော ဦးထုပ်ကို မြှောက်ကာ နှုတ်ဆက်ပြီး ပြုံးရင်း လှည့်ထွက်သွားသည်။

●

http://www.cherrythitsar.org



ယခင်နေ့တွေက မိန်းကလေးတွေနှင့် အတူနေသော မာမီနွေး ကို ဇော်လတ်က ယောကျာ်းလေးတွေနေသော တဲခန်းထဲသို့ ခေါ်လာ သည်။ မိနွေးမှာ ကြောက်ရွံ့ခြင်း၊ ရှက်ခြင်း၊ ဒေါသဖြစ်ခြင်း၊ ဝမ်းနည်းခြင်း တို့ဖြင့် တုန်တုန်ယင်ယင် ရှိနေသည်။

"မိနွေး…မင်း နားထောင်စမ်း။ မင်းလုပ်ရမယ့်အလုပ်ဟာ အင်မတန် တာဝန်ကြီးတယ်။ မင်းသိပ်ချစ်တဲ့ မင်းမမရဲ့ အသက်ရော၊ ငါတို့အားလုံးရဲ့အသက်ရော အားလုံးဟာ မင်းရဲ့ လျှင်မြန်မှု၊ ပါးနပ်မှု၊ ခံနိုင်ရည်ရှိမှု၊ ဉာဏ်စွမ်းရှိမှုတွေပေါ်မှာ မူတည်တယ်။ ဘယ်လောက် ဂုဏ်ယူဖို့ကောင်းတဲ့ အလုပ်လဲ။ ငါတို့အားလုံးရဲ့ အသက်ကို မင်း ကယ်ရ မှာ။ ငါပြောတာ ကြားလား"

ရှိုက်ရှိုက်ငိုနေသော မိနွေးပါးကို ခပ်ဖွဖွရိုက်ကာ နားထဲဝင် အောင်ပြောသည်။ မိနွေးက ငိုရင်း ခေါင်းကို ညိတ်သည်။

"မင်းလုပ်ရတဲ့ အလုပ်ဟာ အရေးအကြီးဆုံး၊ ဂုဏ်ယူစရာ အကောင်းဆုံးဆိုတာကို မင်း မှတ်ထားကွာ"

ဇော်လတ်က မိနွေးကို သိုင်းဖက်ကာ အားပေးစကား ပြောသည် ကို အားလုံး ငေးကြည့်နေကြသည်။ တစ်ဖက်ခန်းက လူတွေလည်း မမြင်ရသော်လည်း ကြားနိုင်သမျှ ကြားရအောင် နှစ်ဖက်ခြားထားသော ဝါးလုံးနားမှာ ကပ်၍ နားထောင်နေကြသည်။

"ပြီးတော့…အေးမင်း"

"ဟုတ်ကဲ့ အစ်ကို"

"အေး… ငါမင်းကို ယုံတာတွေလည်း ရှိတယ်၊ မယုံတာတွေ

လည်းရှိတယ်။ ဒီတစ်ခါတော့ ငါ မင်းကို လုံး၀ ယုံမှာကိုဖြစ်မှာ။ မင်း ဒီကောင် ငါ့ Zippo မီးခြစ် လွှင့်ပစ်တဲ့နေရာကို မှတ်မိတယ်နော်"

"မှတ်မိတယ် အစ်ကို။ ကျွန်တော်တို့ ဆက်သွားတဲ့ ဆန့်ကျင်ဘက်ကို သူ လွှင့်ပစ်ခဲ့တာ။ ပြီးတော့ ဆီဘူးက အဲဒီဘက်နဲ့ နည်းနည်းကွာတယ်"

"အေး...အဲဒီ တောင်ပူစာကို ရောက်အောင်သွား၊ ဇစ်ပိုမီးခြစ် အရွယ် ကျောက်တုံးတစ်တုံးကောက်ပြီး သူပစ်တဲ့နေရာကို တတ်နိုင်သမျှ ခန့်မှန်းပြီး သူပစ်တဲ့အားလို အားကုန်သာပစ်။ ကျောက်ခဲကျသွားတဲ့ အနီးတစ်ဝိုက်မှာ ရှာ။ အဲဒီနေရာတစ်ဝိုက်မှာပဲ ဆီဘူးကို ရှာ"

နားထောင်နေသူတွေအားလုံး ခေါင်းတဆတ်ဆတ်ညိတ်ကြသည်။ ဇော်လတ်ကိုလည်း ပို၍ အားကိုးလာကြသည်။

"ရာသီဥတုအေးတာကို အကြောင်းပြပြီး အင်္ကျီလေးထည်စီလောက် ထပ်ဝတ်။ ဆီဘူးတွေ့ရင် ဆီနည်းနည်းစီ ဆွတ်ပြီး မီးဒုတ်လုပ်။ မမှောင်ခင် ထင်းကောက်ထား။ အိပ်ရင် မီးဖိုပြီးအိပ်။ အရေးအကြီးဆုံးမှာချင်တာက မင်းနဲ့ မိန္မေး ရန်မဖြစ်ဖို့ဘဲ။ အားလုံးရဲ့အသက်ကို ကယ်နေတယ်လို့ သဘောထားပြီး အတူကြိုးစားကြ"

"စိတ်ချပါ အစ်ကို။ အစ်ကိုတို့ကို ကျွန်တော်တို့ ရအောင်ကယ်မျာပါ"

လက်သီးကိုဆုပ်ကာ အံကြိတ်ပြောသော ဇော်လတ် ညီ အေမင်း စကားသံမှာ အောင်မြင်ရမည်ဆိုသော ဆုံးဖြတ်ချက်က ပါနေသည်။

"မာမိန္မေး ဆိုးလည်း မင်းက သည်းခံရမယ်"

"ဟုတ်ကဲ့ အစ်ကို...စိတ်ချပါ"

"ပြီးတော့...အရေးအကြီးဆုံးမှာချင်တာက မီးခြစ်နဲ့ ဆီဘူးတွေ့ပြီဆိုရင် အဲဒီတောင်ပူစာမှာပဲ ငါတို့ကို လေးနာရီလောက် စောင့်ပါ။ လေးနာရီအထိ ရောက်မလာရင်တော့ မင်းတို့ ဆက်သွားတော့"

"ဟုတ်ကဲ့ အစ်ကို"

http://www.cherrythitsar.org



"အေးမင်း…။ မင်းတို့ အကြောင်းကြောင်းကြောင့် ရိက္ခာပြတ်သွားရင်တော့ ကြက်တို့၊ တောယုန်တို့၊ ငှက်တို့ ထောင်တဲ့နည်း သုံးလေးနည်း သင်ပေးလိုက်မယ်။ ဓါးတစ်ချောင်း၊ ကြိုးတစ်ချောင်းနဲ့ ဝါးချွန်သုံးလေးချောင်းရှိရင် ရပြီ"

ဦးသီဟက အေးမင်းနှင့် မိန္ဒေးကို အကောင်ထောင်နည်း သင်ပေးသည်။ အေးမင်းက အသေအချာမှတ်ကာ သုံးလေးကြိမ် လေ့ကျင့်သည်။ ဦးသီဟက တစ်ဘက်မှ နားထောင်နေသော မိန်းကလေးတွေကို လှမ်းကာ အသံအုပ်အုပ်ဖြင့် သတိပေးသည်။

"နင်တို့ ထမင်းချက်သွားရင် တစ်ယောက်ကို ဆားလက်တစ်ဆုပ်စီ ရအောင် ခိုးခဲ့ကြ။ ကြားလား။ တောထဲမှာ ဆားဟာ အရေးအကြီးဆုံးပဲ"

"ဟုတ်ကဲ့ ဦးသီဟ။ စိတ်ချပါ"

နှစ်ဖက် ကာရိုက်ထားသော ဝါးမှာ ရိုက်ကာစက ဝါးစိမ်းဖြစ်သဖြင့် သုံးလေးရက် နေပူလိုက်သောအခါ ကျုံ့သွားသဖြင့် တစ်ဘက်နှင့်တစ်ဘက် မျက်လုံးကပ်ကြည့်လျှင် တွေ့နိုင်သည်။

"ကျွန်တော်တို့က ဘာဖြစ်လို့ အဲဒီတောင်ပူစာကနေ လေးနာရီကြာအောင် စောင့်ရမှာလဲ"

ဇော်လတ်က ဘာမှမပြောဘဲ တဲထောင့်သို့ ထသွား၊ ခင်းထားသော ဝါးလုံးတစ်လုံးကို ဆွဲကာမသည်။ ထိုဝါးလုံးက နောက်ဆုံးဝါးလုံးဖြစ်ပြီး သံတစ်ချက်သာ ရိုက်ထားသဖြင့် အလွယ်တကူ ကျွတ်သွားသည်။ ပြီးတော့ ဇော်လတ်က အောက်က ဒေါက်တိုင်ထဲသို့ လက်နှိုက်စမ်းပြီး ဆွဲထုတ်လိုက်တော့ ပစ္စတိုတစ်လက် ထွက်ကာလာ၏။

အားလုံး အံ့သြသွားကြ၏။ ဦးတင်ကိုက…

"ဇော်လတ်…။ မင်း ဒါကို ဘယ်က…"

"ဒါ…သေနတ်အစစ် မဟုတ်ဘူး ဆရာ။ ရုပ်ရှင်ရိုက်ရင် ကျွန်တော်သုံးဖို့ ဦးလေးဆီက လှမ်းမှာထားတာ။ သေနတ်နဲ့ အလေး

http://www.cherrythitsar.org



ချိန်ရော၊ ပုံသဏ္ဍာန်ရော အတူတူပဲ။ မောင်းလည်း တကယ့်အစစ်လိုပဲ တင်လို့ရတယ်။ ပစ်ရင် ကျည်ဆံမထွက်ဘူး။ မီးပဲ လက်တာ''

''ရုတ်ရုတ်စဖြစ်ကတည်းက လိုရမယ်ရဆိုပြီး ပေါင်မှာ ကပ်ချီထားတာ။ ဒါကြောင့်မို့ တောင်တက်စို့ရိုက်တော့ ဘောင်းဘီကို ဒူးအထိပဲ ဖြဲထားတာပေါ့''

အားလုံးက ဇော်လတ်သေနတ်ကို ဝိုင်းကိုင်ကြည့်ကြသည်။ တကယ့်သေနတ်အစစ်နှင့် ဘာမှမခြား။ ဟိုဘက်ဝါးလုံးတိုင်တွေကို ကပ်ကြည့်သူ မိန်းကလေးတွေလည်း တွေ့နေရသည်။

''မင်းမှာက ဘာအကြံအစည်ရှိလဲ ဇော်လတ်''

''အားလုံးတော့ ညီညွတ်ရလိမ့်မယ်။ မနက်ဖြန် ဒီကောင်တွေကို ပို့ပြီး ထမင်းကျွေးတဲ့အခါကျရင် ဗန်ဒိုမာဃနဲ့ ဗလကြီးက ဟင်းတုံးအသေးအကြီးလုရင်း ရန်ထဖြစ်ရမယ်။ ဒီကောင်တွေ လာဖြေဘို့ ဒါမှမဟုတ် နှစ်ယောက်စလုံးကို ဆော်ဘို့လာတဲ့အခါ ဒေဝဖြစ်ဖြစ်၊ ချစ်သိန်းဖြစ်ဖြစ်ကို ဖမ်းချုပ်၊ သေနတ် ခေါင်းနဲ့တေ့ပြီး လက်နက်ချခိုင်းမယ်''

တိုက်ခိုက်ရေးနည်းပြ ဦးသီဟက…

''ချုပ်နည်း ကိုးမျိုးရှိတယ်နော် ဇော်လတ်''

''အကုန်လုံး ကျွန်တော် လေ့ကျင့်ထားပြီးသား။ သူတို့လက်နက်ချတာနဲ့ သူတို့လက်နက်တွေကို ကောက်သိမ်းကြရမယ်''

အားလုံးမျက်နှာတွင် တက်ကြွကာ မျှော်လင့်ချက်ရှိပြီဟု ယုံကြည်လာကြသည်။ ထို့နောက် နေရာ၊ လုပ်ကွင်းလုပ်ကွက်၊ အချိန်စသည်တို့ကို စနစ်တကျ တိုင်ပင်ကြသည်။ မာမီနွေးပင် တည်ငြိမ်သွားကာ ''ငါတစ်ယောက်တည်း မဟုတ်၊ အားလုံး ကြိုးစားကြမှာပါလား'' ဆိုသောစိတ်နှင့် တက်ကြွကာ လာ၏။

ညနေ ထမင်းကျွေးချိန်တွင် အရင်နေ့တွေကလို မဟုတ်ဘဲ ထမင်းကျွေးပုံ၊ ဘယ်သူ ဘယ်နေရာက စောင့်ပုံတို့ကို မှတ်ကြသည်။

ထိုအချိန်တွင် ထက်ခေါင် ဆင်းကာလာသည်။ ပထမ ခပ်

http://www.cherrythitsar.org



ဝေးဝေးက ကြည့်ကာနေ၏။ နောက်တော့မှ ထိုင်ထမင်းစားနေကြသူများ ထံ ဝင်လာသည်။ အေးမင်းခေါင်းကို ပုတ်ကာ…

"ဝအောင်စားထားနော် ကံထူးရှင်။ မင်း အရေးကြီးတယ်"ဟု ဆို၏။ မာမီနွေးရှေ့ရောက်တော့ "မျက်ရည်တွေ ကုန်သွားပြီလား"ဟု ရယ်ကာ စသည်။

ထိုအချိန်မှာပင် မေစိုးမိုးက ထပြီး ထက်ခေါင်ကို ပြောသည်။

"မေစိုးခြေထောက်ရော ခါးရော ပြန်နာလာတယ်။ မခံနိုင် လောက်အောင်ပဲ။ ရှိတဲ့ ပရပ်ဆီကလည်း ကုန်သွားပြီ။ ဒီည ကျွန်မနဲ့ မာမီနွေး ကိုထက်ခေါင်အိမ်မှာ အိပ်ပါရစေ။ အနာအကင်းသေမှ ပြောင်းပါ ရစေ။ ကျွန်မကို ချုပ်ထားရင် ချုပ်ထားပါ။ ဒဏ်ရာက လုံးဝ မသက်သာ လို့ပါ"

ထက်ခေါင်က တစ်ချက်စဉ်းစားသည်။ သူ့တပည့်မနှင့် မခွဲခင် အတူအိပ်ချင်တာလည်း ပါလိမ့်မည်။ ဒဏ်ရာကြောင့်လည်း ပါလိမ့်မည်။ သို့သော် သူစီစဉ်ရတာ ခက်ပါသည်။ ခေါင်းဆောင်တစ်ယောက်အနေနှင့် လက်အောက်ငယ်သား အကြည်ညိုပျက်မည်ကို သူ မလိုချင်ပါ။

ဇော်လတ်က မေစိုးကို ငေးကာကြည့်နေသည်။ မေစိုးက တစ်ချက်စိုက်ကြည့်ပြီး မျက်နှာလွှဲပစ်လိုက်သည်။

"ဟုတ်ပြီလေ…။ ကိုယ် စီစဉ်ကြည့်လိုက်ဦးမယ်"

ညခုနစ်နာရီလောက်ရောက်တော့ မေစိုးမိုးနှင့် မာမီနွေးကို လာခေါ်သွားကြလေသည်။ ထက်ခေါင် နှစ်ထပ်သစ်သားအိမ်၏ အောက် ထပ် စတိုခန်းကို ရှင်းကာ မွေ့ယာတစ်ခု ချပေးထားသည်။ ရေအိုး တစ်လုံးအပြင် အပိုပစ္စည်း ဘာမှမရှိ။ ထက်ခေါင်လည်း လိုက်မလာ။ ဒေဝက အားလုံးစီစဉ်ပေးခြင်း ဖြစ်သည်။

ဇော်လတ် ဒီဘက်မခန်းက ပြုံးကာနေသည်။

●

http://www.cherrythitsar.org



## အခန်း [၆]

ထုံးစံအတိုင်း အေးမင်းနှင့်မာမီနွေးကို မျက်စေ့ကို ပိတ်ကာ စခန်းက ခေါ်သွားကြတော့မည်။ အေးမင်းက သူ့အစ်ကိုကို ကန်တော့သည်။ ဆရာဦးသီဟနှင့် ဒေါက်တာဦးတင်ကိုကို ကန်တော့သည်။ နောက်ဆုံး ညီအစ်ကိုနှစ်ယောက် ရင်ချင်းအပ် နှုတ်ဆက်ကြသည်။ ဇော်လတ်က တိုးတိုးကပ်မှာသည်။

"ငါ စီစဉ်ပေးလိုက်တာတွေကို ယုံယုံကြည်ကြည်နဲ့ ကွက်တိဖြစ်အောင်လုပ်နော်။ ငါ မင်းကို စိတ်ချမယ်"

လူချင်းခွာလိုက်သည်နှင့် အေးမင်းနှင့် မိနွေး၏ မျက်နှာကို စည်းလိုက်ကြ၏။ ရှေ့က ဓါးပြတစ်ယောက်ကျောက ဘောင်းဘီခါးပတ်ကို အေးမင်းက ကိုင်၊ မိနွေးက အေးမင်းနောက်ဘောင်းဘီစကို ကိုင်ကာ လျှောက်သွား၏။ မြင်ကွင်းအဆုံးထိ အားလုံး တိတ်ဆိတ်စွာ ငေးကြည့်

http://www.cherrythitsar.org



နေကြသည်။

ထို့နောက် မေစိုးမိုး ငိုကာ ခြေ ထော့နဲ့ထော့နဲ့နှင့် သူ့အခန်းသို့ ပြန်ကာသွား၏။ ထက်ခေါင် ခေါင်းကို ခါလိုက်သည်။ ပြီးတော့ အဆောင် ဘက် လိုက်ကာသွား၏။ ဇော်လတ်နှင့် ဦးသီဟ အချင်းချင်းကြည့်ကာ သူတို့အဖမ်းခံရသော တဲထဲသို့ ပြန်လာခဲ့ကြသည်။

သံစို့၊ ဝါးစို့တွေကို ကိုင်ကာ ကြိုးကိုဆွဲရင်း ကျောက်တောင် ပေါ်မှ အေးမင်းတို့ ဆင်းခဲ့ကြသည်။ ဒေဝက…

"ဖြူသီး…။ အဲဒီသံဂလိုင်နဲ့ သံချောင်းကို ဟိုသစ်ပင်မှာ ချိတ် လိုက်"

ဖြူသီးက သွားကာချိတ်သည်။

"မင်းတို့ ငွေပါလာပြီဆိုရင် ဟောဒီသံချောင်းနဲ့ ငါးချက် သုံးခါ ခေါက်ရမယ်။ ပြီးတော့ တစ်ယောက်တည်း တက်ခဲ့ရမယ်။ တခြား မသင်္ကာစရာလူ ပါလာရင် မင်းတို့ကို ပစ်သတ်မယ်။ ဒါပဲ"

ဒေဝနှင့် သူ့တပည့်နှစ်ယောက်က ကြိုးကို ကျွမ်းကျင်စွာဆွဲပြီး တက်သွားကြသည်။ ထို့နောက် ကြိုးကို ဆွဲယူကာ တင်သွားကြသည်။ ပြီးပြီ။

ဒေဝတို့ ပျောက်သွားသည်နှင့် မိန္နေးက အငိုစသည်။

"ငါတော့ ဒီတောထဲမှာပဲ သေမှာနေမှာပဲ အေးမင်းရဲ့…။ ငါ…မသေရဲဘူး၊ ကြောက်တယ်။ သရဲကိုလည်း ကျော်တကောက်တယ်။ ပြီးတော့ ဒီတောကြီးကိုလည်း ကျော်တကောက်တယ် အေးမင်းရယ်…။ ငါ့ကို ကော်တကယ်ပါဦး။ ဟီး…ဟီး…ဟီး"

ငိုရင်း မိန္နေးက အေးမင်းကို ဖက်သည်။ အေးမင်း အတင်း ရုန်းသည်။ မရ။ မိန္နေးက အတင်းဖက်ကာ ငိုနေသည်။ နောက်ဆုံး အေးမင်းက မိန္နေးကို ကိုင်ပေါက်ပြီး လှဲချကာ လည်ပင်းကို တံတောင်နှင့် ထောက်ကာ…

"ဟေ့ကောင် ရဲန္နေး…။ မင်းက ယောကျာ်း။ ယောကျာ်းဆို

http://www.cherrythitsar.org



တာ သတ္တိရှိရတယ်၊ စွန့်စားရဲရတယ်။ အခုချိန်ကစပြီး မင်း အပိုတွေ လုပ်မနေနဲ့။ ငါတို့မှာ ညှိနှိုင်းထားတဲ့ အစီအစဉ်တွေ ရှိတယ်ဆိုတာ မင်းသိတယ်။ လာ… နေမဝင်ခင် တောင်ပူစာကို ရောက်မှဖြစ်မှာ။ သွားကြစို့"

အေးမင်းက ဖော်လတ်သင်ပေးထားသည့်အတိုင်း မာမီနွေးကို သူ့နာမည်အရင်း ရဲနွေးဟု ခေါ်ကာ လှည့်မကြည့်ဘဲ ထွက်ကာသွားသည်။ ပထမ ရဲနွေး ကြောင်ကာ ရပ်နေသည်။ ပြီးတော့မှ နောက်မှ ပြေးလိုက်ကာ သွားသည်။

"ညွန့်မောင်က ရက်နှစ်ဆယ်စာပဲ ပေးလိုက်တယ်ဆရာ။ ကျန်တဲ့ ဆယ်ရက်စာကို နောက်သုံးရက်အတွင်း ကျန်တာကို ဆက်ပို့ပါ့မယ်တဲ့။ ဆရာ့အတါက် ပုလင်းတစ်ကတ် ပေးလိုက်တယ် ဆရာ"

ထက်ခေါင်က ခေါင်းကို ညိတ်သည်။ သူ သိပ်ကျေနပ်ပုံတော့ မရ။

"ဒါဆို သုံးရက်ကြာရင် မင်းကိုယ်တိုင်သွား။ ငှက်ဖျားပြတ်ဆေးရယ်၊ ခါးတို့ ခြေတို့ကပ်တဲ့ ပလာစတာရယ်၊ ကျန်တဲ့ဆေးတွေရယ်ပါ ငါလိုချင်တယ်။ မင်း သွားတော့"

ထက်ခေါင်က ဝီစကီလက်လေးလုံးလောက် ထည့်ကာ ရေရောပြီး တစ်ကျိုက်တည်း မော့ချပစ်လိုက်၏။ ပြီးတော့ ငြိမ်ကာ စဉ်းစားနေမိသည်။ လူ ပြန်ပေးဆွဲသောအလုပ်ကို သူ တစ်ခါမှ မလုပ်ခဲ့ဖူး။ ဒါ ပထမအကြိမ်ဖြစ်၏။ ပြီးတော့ မေစိုးမိုး။ ရှိန်းခနဲတက်လာသော အရက်ရှိန်ကြောင့် သူ့မျက်နှာ ထူအမ်းကာ လာသည်။

မေစိုးအခန်းကို ရောက်တော့ မေစိုးက တစ်စောင်းလှည့်အိပ်ကာ နေသည်။ သူ အခန်းဝက တစ်ချက်ငေးကာ လှမ်းခေါ်လိုက်သည်။

မေစိုးမိုး လှည့်ကြည့်သည်။ မျက်ဝန်းမှာ မျက်ရည်စတွေနှင့်။

"မေစိုးမိုး ကျွန်တော့်ကို တော်တော် နာကျည်းသွားသလား"

"ရှင့်မှာ အသည်းနှလုံးမှ မရှိဘဲ။ ကျွန်မ ရှင့်ကို အားကိုးခဲ့မိတာ

http://www.cherrythitsar.org



တွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့...”

မေစိုးမိုးက စကားမဆက်၊ မျက်ရည်တွေသာ ဆက်ကျသည်။ ထက်ခေါင်ရင်ထဲ ဆို့ကြပ်ကြပ်ကြီး ဖြစ်လာသည်။ ဝီစကီ လေးပက်သည် သူ့သွေးကြောထဲမှာ ခုန်ပေါက်နေ၏။

“ခေါင်းဆောင်လုပ်ရတယ်ဆိုတာ ခက်တယ် စိုးမိုး။ အခုကိစ္စ အတွက် ကျွန်တော့်မှာ ရွေးချယ်စရာ မရှိဘူး”

“ရှင် ကျွန်မတို့လူတွေကို တကယ်သတ်မှာလား ကိုထက်ခေါင် ဟင်...”

ထက်ခေါင် ဘာမှမပြောဘဲ မေစိုးမိုးထိုင်နေသော ခုတင်နားက ခုံမှာ ဝင်ကာထိုင်သည်။

“အဲဒီအခြေအနေအထိ မရောက်နိုင်ပါဘူး။ ကျွန်တော်တို့ အောင်မြင်မှာပါ”

ဟင်းလိုက်ထည့်ပေးသည့် နေရာကို ရွှေမန်းက ယူထားသည်။ ဇန်ဒိုမာဃနဲ့ ဇလကြီးက ဘေးချင်းကပ်လျက်။ မိန်းကလေးတွေက နည်းနည်း အမူအယာပျက်ချင်နေသည်။ ဇော်လတ် ဦးတင်ကိုနှင့် ဦးသီဟ ကိုကြည့်သည်။ မေးဆတ်ကာ ခေါင်းညိတ်ပြသည်။ ဒီနေ့ကျွေးသည် ဟင်းက အမဲသားနှင့် ပဲဟင်းရည်ကျဲ။

“ဟေ့ကောင် ရွှေမန်း။ မင်း မျက်နှာမလိုက်နဲ့ကွာ။ ဇလကြီး ကို ထည့်ပေးတာကျတော့ ဟင်းတုံးကြီးတယ်”

“ဟ...ငါလည်း မြင်ရတာမှ မဟုတ်တာ။ အသားကိုခပ်ပြီး တွေ့တဲ့ ပန်းကန်ထဲ ထည့်ပေးတာပဲ”

“ဟေ့ကောင် မာဃ။ ငါ့ကုသိုလ်နဲ့ ငါရတာကို မင်း ဘာမနာလို ဖြစ်နေတာလဲ။ မစားချင် သွန်ပစ်လိုက်”

“မင်းစကားက မိုက်ရိုင်းလှချည်လား။ မင်း ငါ့ကို ဘယ်တုန်းက ဒီလိုပြောဖူးလို့လဲ”

ဇော်လတ် ပန်းကန်ထဲက ထမင်းကို ခပ်သွက်သွက်ကုန်အောင်

စားပစ်လိုက်သည်။

"ပြောတော့ ဘာဖြစ်လဲ"

"ကဲကွာ…ဒါပဲ"

မာဃက ဇလကြီးရင်ဘတ်ကို ထမင်းပန်းကန်နှင့် ပစ်ပေါက်ရင်း နံဘေးက ရွှေမုန်းကို ဆွဲထိုးလိုက်သည်။ သူတို့က လူကြမ်းတွေဆိုတော့ လက်သီးဘရိတ်ကို ကျွမ်းကျင်ပြီးသားဖြစ်သည်။ သို့သော် ရွှေမုန်းက ဟင်းချိုင့်ကို မလဲအောင် ချပြီး ပစ်လဲကျသွား၏။

ဇလကြီးက မာဃကို ဝင်ထိုးသည်။ မာဃ လန်ထွက်သွား၏။ ယခင်နေ့တွေကုန်းကလို အေးအေးဆေးဆေးထင်ကာ စောင့်နေကြသော အစောင့်များ ပြေးဝင်လာကြသည်။ ဦးသီဟက တစ်ယောက်ကို ချုပ်ကာ နားထင်ကို ခပ်ဆတ်ဆတ်ရိုက်ပစ်လိုက်တော့ လဲကျသွားသည်။ ဇော်လတ်က သူ့နားက ကြောင်ငေးနေသော ဖြူသီးအရှိုက်ကို လက်သီးတစ်ချက်ပစ်သွင်းပြီး ငုံ့ကိုင်းလာသော လည်ကုတ်ကို တံတောင်နှင့် ထောင်းပစ်လိုက်၏။ တစ်ချက်တည်း အမှောက်။

ဒေဝ သဘောပေါက်ကာ ပြေးဝင်လာသည်။ ဇလကြီးနှင့် တွေ့၏။ ဇလကြီးက ဒေဝမျက်နှာကိုထိုးသည်။ ဒေဝ တစ်ချက် ကြောင်ကာသွား၏။ ပြီးတော့ လက်ပြန်တစ်ချက် ရိုက်ချလိုက်ရာ ဇလကြီး ကျွမ်းပစ်သွားသည်။

သိန်းငှက်က ဓားပြတစ်ယောက်ကို ပစ်ကန်သည်။ သို့သော် ဟိုကောင်က နှံလိုက်တာ သိန်းငှက် လွင့်ကာ ထွက်သွား၏။ ဇလကြီးက ဒေဝကို ထိုးသည်။ ပြီးလျှင် သူပဲ လွင့်လွင့်သွား၏။ သူတို့ဘက်က လူတွေ အခြေအနေမကောင်း။ ဦးသီဟက ဝင်လာသူတစ်ယောက်ကို ညာတိမ်းကာ လက်ဖမ်းချုပ်ပြီး ကိုင်ပေါက်ရင်း…

"ဇော်လတ်… စတော့"

ဇောလတ် ဒေဝနောက်သို့ ခုန်ဝင်ကာ နောက်စေ့ကို ဖြတ်ရိုက်ချလိုက်ရင်း လက်ကပ်လိမ်ချိုးကာ ချိုင်းမှလျှို၍ လည်ကုတ်နှင့်ကပ်ကာ

ချုပ်ရင်း သေနတ်ကို ထုတ်ကာ…

"ဟေ့ကောင်တွေ အကုန်ရပ်စမ်း။ မရပ်ရင် ပစ်လိုက်ရမလား"

ဇော်လတ် ဝမ်းခေါင်းသံကြီးကြောင့် ထိုးနေ လုံးထွေးနေကြသူတွေ ရပ်ကာ ကြည့်သည်။ ဦးသီဟကပါ ဒေဝ၏ ကျန်လက်တစ်ဖက်ကို မလွတ်အောင် ဝင်ချုပ်ထားလိုက်သည်။ ဇော်လတ် ပစ္စတိုကို မောင်းတင်လိုက်သည်။ ပြီးတော့ ဒေဝခေါင်းကို တေ့တာထား၏။

"မင်းတို့လက်ထဲက သေနတ်တွေ အကုန်ချလိုက်။ မချရင် ငါ ပစ်လိုက်မယ်"

"ဟေ့ကောင်…ဒေဝ။ ချခိုင်းစမ်း"

ဒေဝမှာ လှုပ်၍လည်းမရ။ ရုန်းလို့လည်း မရတော့ပြီ။ အလစ်ခံလိုက်ရသဖြင့် ရင်ထဲမှာ နာသည်။

"ဟေ့ကောင် ဒေဝ။ ငါပြောတာ မကြားဘူးလား"

ဇော်လတ်က သေနတ်ပြောင်းနှင့် နားထင်ကို ဖိကာထောက်ရင်း အသံကို အမာထန်ဆုံး အော်ကာပြောသည်။

"ဟေ့ကောင်တွေ ချလိုက်"

ဓါးပြတွေအားလုံး သေနတ်တွေကို ချလိုက်သည်။ သူတို့လူတွေအားလုံး သေနတ်တွေကို ပြေးကောက်ကြသည်။ အခြေအနေက အဆင်ပြေကာ နေ၏။

"တို့လူတွေအားလုံး ဒီဘက်ကို လာကြ"

ဦးတင်ကိုစကားကြောင့် အားလုံး တစ်စုတည်း ဖြစ်သွားကြသည်။

ဆူဆူညံညံအသံတွေကြောင့် ထက်ခေါင် ဝရံတာကို အရက်ခွက် ကိုင်ရင်း ထွက်ကာကြည့်သည်။ အခြေအနေက မကောင်း။ လက်ထဲက ဝီစကီကို ကုန်အောင်မော့ကာ ခွက်ကို ဝရံတာမှာ တင်သည်။

"ဟေ့…ထက်ခေါင်။ မင်း ဆင်းခဲ့"

ထက်ခေါင်က ခေါင်းကိုငုံ့ကာ အပေါ်ထပ်မှ အေးအေးဆေးဆေး

http://www.cherrythitsar.org



ပင် ဆင်းကာလာသည်။ အောက်ကိုရောက်တော့ ပြုံးပြီး စီးကရက်တစ်လိပ်ကို မီးညှိကာ ဖွာသည်။ ဒေဝက အတင်းရုန်းသဖြင့် ဇော်လတ်မနည်းချုပ်ကာ ထားရ၏။

“ထက်ခေါင်…။ မင်းသေနတ်ကို ချလိုက်”

ထက်ခေါင်က သူ့ခါးရှေ့မှာ ထိုးထားသော ပစ္စတိုကို ငုံ့ကာကြည့်သည်။ ပြီးတော့ ဇော်လတ်ကို ပြုံးကာ မျက်မှောင်ကြုတ်ရင်းကြည့်သည်။ ပြီးတော့ ပြုံးသည်။ ခြေလှမ်းမှန်မှန်နှင့်ပင် လျှောက်လာရင်း ဇော်လတ်တို့အနီးသို့ ကပ်ကာလာ၏။

“ပစ်ချင်ရင် ပစ်လိုက်လေကွာ”

ထက်ခေါင်က လေသံခပ်ပေါ့ပေါ့ပင် ပြောသည်။ ဇော်လတ်တစ်ချက်ကြောင်ကာ သွား၏။ ဒေဝက ကြောက်လန့်တကြား ရုန်းကာ “ဆရာ”ဟု ခေါ်သည်။

“မင်း ရှေ့တစ်လှမ်းတိုးရင် ငါပစ်မှာနော်”

ထက်ခေါင်က စီးကရက်တစ်လိပ်ကို ထုတ်ကာ မီးညှိပြီး ဆက်လျှောက်လာသည်။ မီးခိုးတွေကို ဖြည်းဖြည်းမှုတ်ထုတ်ရင်း…

“ပစ်လေကွာ…။ ပစ်သာ ပစ်”

ပြောရင်း ထက်ခေါင်က သူ့ပစ္စတိုကို ထုတ်ကာ ဇော်လတ်ကိုချိန်သည်။ ပြီးတော့မှ ဦးတင်ကိုဘက်သို့ ရောက်ကာသွား၏။

“ပစ်လေ…ဟေ့ကောင်။ မင်းသေနတ်က ပစ်လို့ ကျည်ဆံရောထွက်လို့လား”

ဇော်လတ်နှလုံးသားထဲက ဖောက်ခနဲ မြည်သံကို ကြားလိုက်ရသလို ထင်ရသည်။ သူ သေနတ်အစစ်တစ်လက်ကို ယူကာ မချိန်မိခဲ့သော နောင်တကို အခုမှ ရလိုက်သည်။ ထက်ခေါင်က ဦးတင်ကိုနားထင်ကို ထောက်ထားရင်း…

“ငါ့သေနတ်က ရုပ်ရှင်ရိုက်တဲ့ သေနတ်အတုမဟုတ်ဘူးနော်‥။ အစစ်။ ဟိုကောင်တွေ သေနတ်ပြန်ချလိုက်။ ဇော်လတ် ဒေဝကို လွှတ်။

http://www.cherrythitsar.org



မလွှတ်ရင် မင်းတို့အားလုံး မသာပေါ်ကုန်လိမ့်မယ်''

ဒီသေနတ် အတုဆိုတာ ထက်ခေါင် ဘယ်လိုသိသွားသနည်း။

ထိုစဉ် လှေကားမှ ဖြည်းညှင်းစွာဆင်းလာသော မေစိုးမိုး။ အားလုံးအကြည့်က မေစိုးမိုးထံ ရောက်ကာသွားသည်။ ကြည့်သည့် အကြည့်က စူးစူးရဲရဲ၊ မုန်းမုန်းတီးတီး၊ နာနာကျည်းကျည်း။

''မေစိုး…။ နင်…နင်''

ဇော်လတ် သေနတ်ကို ပစ်ချကာ ဒေဝကို လွှတ်လိုက်သည်။ ပြီးတော့ မေစိုးမိုးကို နာကျည်းစွာ ကြည့်သည်။

''နင်…နင် လုပ်ရက်တယ် မေစိုး။ နင် သိပ်တစ်ကိုယ်ကောင်း ဆန်တယ်။ ဟေ့ကောင် ထက်ခေါင်။ ငါ့ကို ပစ်လိုက်တော့။ ပစ်…။ ဟေ့ကောင် ပစ်စမ်း…ပစ်''

ဦးတင်ကိုကို ချိန်ထားသော သေနတ်ပြောင်းဝရှေ့သို့ ဇော်လတ် ခေါင်းကို ထိုးကာပေးသည်။

''ထက်ခေါင် ပစ်လေကွာ…။ သစ္စာဖောက်ခံရတာကို ငါ ခံစားနေရမယ့်အစား သေလိုက်ရတာ ငါ စိတ်ချမ်းသာတယ်။ ပစ်…။ ဟေ့ကောင် ပစ်လိုက်''

ဇော်လတ် ခေါင်းကို အတင်းကို ထိုးကာ ပေးနေသည်။

ထက်ခေါင်လူတွေထံ သေနတ်တွေ ပြန်ရောက်ကုန်ကြသည်။

ထက်ခေါင်က သူ့သေနတ်မောင်းကို ပြန်ဖြုတ်ကာ ခါးရှေ့ ပြန်ထိုးကာ ဇော်လတ်ကို ဖြတ်ရိုက်ချပစ်လိုက်၏။ ဇော်လတ် လည်ထွက် သွားရင်း တုန်လှုပ်စွာရပ်နေသော မေစိုးမိုးရှေ့ ရောက်ကာသွား၏။ ဇော်လတ် မေစိုးမိုးမျက်နှာကို စေ့စေ့ကြည့်သည်။ မေစိုး မျက်နှာလွှဲလိုက် ၏။

''မေစိုး…ဒီကိစ္စကို နင်ပြောတာ မဟုတ်လား။ ပြောစမ်း…။ ပြောလေ…။ ဘဝတူတွေပေါ်မှာ နင်မို့ သစ္စာဖောက်ရတယ်။ နင်… သိပ်မိုက်ရိုင်းတယ်။ တစ်ကိုယ်ကောင်းဆန်တယ် မေစိုး။ နင့်လိပ်ပြာက

http://www.cherrythitsar.org



နင့်ကို အမြဲ ဒီကိစ္စအတွက် ဒုက္ခပေးနေလိမ့်မယ်ဆိုတာ နင်မှတ်ထား။ သွား…နင် ငါ့ရှေ့က ထွက်သွား”

မေစိုး မထွက်။ ဇော်လတ်ကို မော့ကာကြည့်သည်။

“ထွက်သွား”

ထက်ခေါင်က စီးကရက်ကို ပစ်ချကာ ရှူးဖိနပ်နှင့် နင်းချေပစ်လိုက်သည်။

ဇော်လတ်၏လက် မြောက်ခနဲ လွင့်တက်သွားသည်။ မေစိုးမိုး ခွေခနဲ လဲကျသွား၏။ ထက်ခေါင် ပြေးကာ ဇော်လတ်ခါးကို အားနှင့် ကြုံးကာကန်သည်။ ဒေဝက လိမ့်ထွက်သွားသော ဇော်လတ်ကို ဆံပင်မှ ဆွဲထူကာ ချုပ်ပေးသည်။ ထက်ခေါင်က ဇော်လတ် မျက်နှာ တည့်တည့်ကို အားနှင့်ထိုးသည်။ အရိုက်ကို ဒူးနှင့်တိုက်သည်။ ဇော်လတ် ခွေကျသွားကာ မလှုပ်နိုင်တော့။ ဦးသဟလည်း မသက်သာ။ ချစ်သိန်းက ကောင်းကောင်းဆုံးမသည်။

“နှစ်ယောက်စလုံးကို သရက်ပင်မှာ ဇော်ထိုးဆွဲထားလိုက်”

ပြောပြီး ထက်ခေါင်ထွက်သွားသည်။ မေစိုးမိုး သူ့အဖွဲ့ကို ကြည့်သည်။ သူ့ကို စိုက်ကြည့်နေသော အကြည့်က တိတ်ဆိတ်သည်။ အေးစက်မာကြောသည်။ ဒီဒဏ်ကို သူမခံနိုင်။ ချာခနဲလှည့်ကာ ထက်ခေါင်နောက်သို့ ပြေးလိုက်လေသည်။

အိမ်ထဲရောက်တော့ အခန်းထဲမှာ အားရပါးရ ငိုချပစ်လိုက်သည်။ တစ်ကိုယ်လုံး တသိမ့်သိမ့်ရှိုက်တုန်ရင်နေအောင် ငိုချသည်။ တံခါးဝမှာ ထက်ခေါင်ရောက်နေသည်ကိုပင် မသိ။ အားရပါးရ ငိုနေသည်။ သူ့ကို ဝိုင်းကြည့်နေသော အေးစက်မာကြောသော အကြည့်များ၊ စူးရဲပြင်းထန်သော အကြည့်များ။

“စိုးမိုး”

ထက်ခေါင် နူးညံ့သိမ်မွေ့စွာ ခေါ်သည်။ စိုးမိုးတစ်ကိုယ်လုံး တသိမ့်သိမ့်တုန်ရင်ကာနေသည်။

http://www.cherrythitsar.org



“စိုးမိုး ဝမ်းနည်းမနေပါနဲ့။ မင်းစေတနာကို သူတို့ မသိလို့ပါ။ မင်းသာ ကြိုပြောမထားရင် ဒေဝမကလို့ ဘယ်သူ့ကို သူ ဖမ်းထားထား၊ ကိုယ်…ပစ်မှာပဲ။ မင်းတို့အဖွဲ့မှာ သေနတ်ပစ်တတ်တဲ့သူလည်း တစ်ယောက်မှ ပါတာမဟုတ်ဘူး။ သူတို့ထဲက အနည်းဆုံး လေးငါးယောက်တော့ သေမှာပဲ။ မင်းစေတနာ မှန်ပါတယ်”

“ဒါပေမဲ့ သူတို့အမြင်မှာတော့ ကျွန်မက သစ္စာဖောက်ပဲ။ ကိုယ့်အဖွဲ့လွတ်မြောက်ရေးကို ဖျက်စီးတဲ့ မိန်းမပဲ။ သူတို့ ကျွန်မ စေတနာကို နားလည်ဖို့ မလွယ်ကူဘူး။ သူ…သူတို့ ကျွန်မကို ပယ်လိုက်ကြပြီ”

“ကိစ္စမရှိပါဘူး။ မင်း ဒီအခန်းမှာ နေနိုင်တာပဲ။ ကိုယ့်ကို ယုံကြည်တယ် ဆိုရင်ပေါ့”

မေစိုးမိုး ရှိုက်နေသည်။ ပြီးတော့ မျက်ရည်ကို သုတ်ကာ စိတ်ကို တည်ငြိမ်အောင် ထိန်းသည်။ နှာခေါင်းတွေ နီရဲကာ နေသည်။ အငိုတိတ်သွားသော်လည်း ရှိုက်တုန်း။ မျက်ရည်တွေက တွေတွေကြီး ကျတုန်း။

“ကျွန်မ…ကျွန်မ ကိုထက်ခေါင်ကို ယုံပါတယ်။ ကျွန်မကို ကိုထက်ခေါင် တစ်ခု ကူညီပါလား”

“ပြော…စိုးမိုး။ ဘာကူညီရမလဲ”

●

http://www.cherrythitsar.org



ဇော်လတ် သတိဝင်လာတော့ ကောင်းကင်က သူ့အောက် ရောက်ကာနေသည်။ ခန္ဓာကိုယ်ကို ကြိုးစားလှည့်ပတ်ကာ ကြည့်တော့ သူ့နံဘေးမှာ ဦးသီဟက လွဲယမ်းလျက် ရှိနေသည်။ ဇော်လတ်စိတ်ထဲ ထိတ်ခနဲဖြစ်သွားသည်။ တုန်လည်း တုန်လှုပ်ကာ သွား၏။

"ဦးသီဟ...ဦးသီဟ"

"ဇော်လတ် သတိရလာပြီလား။ သတိရရင် ဒီအတိုင်းမနေနဲ့။ သွေးလည်ပတ်မှု ရပ်ပြီး ဒုက္ခများနိုင်တယ်။ ခါးအားနဲ့ ခန္ဓာကိုယ်ကို လွှဲပေးထား။ ငါ့လို လွှဲလွှဲပေး"

ဟုတ်သည်။ ရာသီဥတုက အေးလွန်းသဖြင့် ခန္ဓာကိုယ်ထဲက သွေးတွေ အေးကာ ထုံနေသည်။ သူ ခါးကို ကော့ကာ တဖြည်းဖြည်းချင်း အရှိန်ရအောင် လွှဲယမ်းပေးရသည်။ ကြယ်တွေက သူ့အောက်မှာ ဟို ရောက် ဒီရောက် ဖြစ်လျက်ရှိ၏။ ခဏကြာတော့ ခန္ဓာကိုယ်ထဲက သွေး တွေ နည်းနည်းနွေးကာလာသည်။ ကြိုးအချည်ခံထားရသော ခြေထောက် ကတော့ တော်တော်နာလာသည်။

ဆယ်မိနစ်လောက်ကြာတော့ သူတို့ကို ဆွဲထားသော ကြိုးတွေ ရုတ်တစ်ရက် လျှော့ကာ ခေါင်းနှင့်မြေကြီး ထိသည်။ ပြီးတော့ ခါး။ ခြေထောက်။ နှစ်ယောက်စလုံး မလှုပ်နိုင်ကြ။

"မင်းတို့ စိုးမိုးကြောင့် ဒီဒုက္ခက လွတ်သွားတယ် မှတ်"

"ဟော့ကောင် ထက်ခေါင်။ တို့ကို စိုးမိုးကြောင့်ဆိုရင် ပြန်ဆွဲ တင်ထားလိုက်။ မလိုဘူး။"

ဦးသီဟက ဇော်လတ်ဘက်သို့ လှည့်ကာ မျက်လွှာချရင်း ခေါင်းကို ယမ်းကာပြသည်။ မပြောနဲ့ ဆိုသည့်သဘော။ ထက်ခေါင်က ဇော်လတ်နှုတ်ခမ်းထဲသို့ မီးညှိပြီးသား စီးကရက်တစ်လိပ် ထိုးကာ ထည့်ပေးသည်။ ဒေဝက ခြေထောက်ကကြိုးကို ဖြည်ကာပေး၏။ လက်ပြန်ကြိုးကို ဖြည်ကာပေး၏။

ဇော်လတ် ထရပ်သည်။ သို့သော်မရ။ ချက်ချင်း ပြန်လဲကျသွားသည်။ ဒေဝက ဆွဲထူကာ ပေးသည်။ ဇော်လတ်နှင့် ထက်ခေါင် တစ်ယောက်နှင့်တစ်ယောက် မျက်လုံးချင်း ဆုံကြသည်။ မျက်လုံးမလွှဲစတမ်း။ ထက်ခေါင်က မျက်လုံးကို မလွှဲဘဲ ခေါင်းတစ်ချက်ညိတ်ကာ ပြုံးသည်။ ဇော်လတ်က စိုက်ကာ ကြည့်နေတုန်း…

"လာ…ဇော်လတ်။ သွားကြမယ်"

တဲမျက်နှာစာ ဝါးလုံးမှာ သူတို့ကို တိုးဝှေ့ကာ အဖွဲ့အားလုံးက ကြည့်နေကြသည်။ ဦးသီဟက တွဲကာ ဇော်လတ် တဲဆီသို့ လျှောက်လာခဲ့ရသည်။ တဲထဲရောက်သည်နှင့် ဇော်လတ် လဲကျသွား၏။ ဦးသီဟက

"ယက္ခ၊ ဗလကြီး လာစမ်း။ ငါတို့ကို နေရာအနှံ့ လာပွတ်ပေးစမ်း"

"ဘာဆေးမှ မရှိဘူး ဆရာ"

"ဆေးမလိုဘူး။ လက်နဲ့ပဲ ပွတ်ပေးစမ်း"

ဗလကြီးက သူ့ခြေတွေ လက်တွေကို အရင်ပွတ်သပ်ကာ ပေးသည်။ တဖြည်းဖြည်း နွေးလာ၏။

"မင်းက တင်းခံတာကိုကွ။ ကိုယ်က ပြန်မလှန်နိုင်တော့ရင် မြန်မြန်မေ့ချင်ယောင်ဆောင်တာ အကောင်းဆုံးပဲ"

ဇော်လတ် ဘာမှ မပြော။ ထက်ခေါင်မျက်နှာကို မြင်သည်။ ပြီးတော့ မေစိုးမိုး။ ပြီးတော့ အိပ်ပျော်သွားလေသည်။

●

ခဲကျသည့်နေရာကို မှန်းကာ အေးမင်း ဆင်းပြီး မီးခြစ်ကို ရှာသည်။ မတွေ့။ တောင်ပူစာပေါ် ပြန်တက်ကာ ခဲတစ်လုံးကောက်ပြီး ထပ်ပစ်ပြန်သည်။ ရဲနွေးက…

"ဘော်တကာ လော်တကုတ်တာလဲ…"

"ဟော့ကောင် ရဲနွေး။ မင်း ငါ့ကို အဲဒီစကားနဲ့ မပြောနဲ့လို့ မှာထားတယ် မဟုတ်လား။ ငါ ဆွဲထိုးမှာနော်"

"မော်တကေ့သွားလို့… မော်တကေ့"

"ဟာ"

အေးမင်းက ဆွဲထိုးဟန် ပြင်သည်။ ရဲနွေး လက်ကို ကာကာ အတင်းတောင်းပန်သည်။

"ငါ မေ့သွားလို့ပါဟယ်…။ နင် ဘာလို့ ခဲတွေပစ်နေတာလဲ"

အေးမင်းက မီးခြစ်ရှာကြောင်း ရှင်းပြလိုက်၏။

"နင် မှော်တ အဲ…မှားနေတယ်ဟဲ့။ နင့်အစ်ကိုက ဒီနားမှာ ဆိုတာ သူက မီးခြစ်ကို တစ်ချက်ခြစ်ကြည့်ပြီး အဖုံးကို ဖွင့်လိုက်ပိတ် လိုက် လုပ်ပြီးမှ ဒီလိုပစ်တာ"

ရဲနွေးပစ်ရာ ခဲဘက်သို့ လိုက်ရှာတော့ ငါးမိနစ်လောက်မှာ မီးခြစ်ကို တွေ့သည်။ ခြစ်ကြည့်တော့ **OK**။ နောက်ထပ်ရှာကြတော့ **Reson** တံဆိပ် ဆီဘူးကိုပါတွေ့သည်။ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ ရဲနွေးကို ထင်းခြောက်တွေ လိုက်ကောက်ခိုင်းရသည်။ သူက တောလိုက်

http://www.cherrythitsar.org



ဓါးနှင့် ဝါးတစ်ချောင်း ခုတ်သည်။ ပြီးတော့ ထပ်ဝတ်လာသည့် အင်္ကျီလေးထည်ထဲက တစ်ထည်ကို ဓါးနှင့်ဖြဲကာ မီးဒုတ်လုပ်ထားသည်။

ထင်းခြောက်တွေရတော့ ပေးလိုက်သည့် ပိန်ရှုံ့နေသော ဒန်အိုးထဲထည့်ကာ အမဲခြောက်နည်းနည်းနှင့် ဆန်ပြုတ် ပြုတ်ကာ သောက်ကြသည်။ ဓော်လတ် မှာထားသည့်အချိန်ထိ တစ်စုံတစ်ရာ မထူးခြားတော့ အေးမင်းတို့ တောင်ပူစာက ခွာကာ အလင်းရောင်ရှိတုန်း ခရီးဆက်ကြသည်။ ထက်ခေါင် ထစ်ထားသော သစ်ပင်က ဓါးချက်ကို ကြည့်ကာ ခရီးဆက်ရင်း လမ်းမှာတွေ့သည့် ထင်းခြောက်တွေ ကောက်လာကြသည်။ ညမှောင်တော့ စိတ်ချရသောနေရာကို ရွေးကာ မီးဖိုရင်း ခဏမီးလှုံသည်။ ပြီးတော့ မီးဖိုသုံးခုဖိုကာ တာလပတ်ခြုံပြီး အိပ်ကြသည်။ မနက်လင်းတာနဲ့ စခရီးထွက်မည်ဟု အေးမင်း ဆုံးဖြတ်သည်။

ခဏကြာတော့ သူ့လက်မောင်းကိုလာဖက်တာ အေးမင်းခံရ၏။

"ဟော့ကောင် ဘာလုပ်တာလဲ"

"ငါ…ငါ သရဲကြောက်တယ်ဟာ။ လူလူချင်း အသားထိထားရင် သရဲ မခြောက်ဘူးတဲ့"

"ဒီတောထဲမှာ သရဲမရှိဘူး"

"နင် ဘာသိလို့လဲ…။ တောက နက်တယ်။ ဒီလိုတောမျိုးဆိုတာ နတ်ကြီးတယ်ဟဲ့"

"နတ်ကြီးရှိရင် ဘယ်သရဲ ရှိတော့မှာလဲ"

"ပိုကြမ်းတာပေါ့ဟဲ့။ ငါက သေချင်သေသွားပါစေ။ သရဲခြောက်ခံရမှာတော့ ကြောက်တယ်။ နင့်လက်ကိုတော့ ထိထားမယ်ဟာ … နော်"

အေးမင်း တော်တော်စိတ်ညစ်ကာ သွား၏။ ကိုယက္ခ၊ ကိုဗလကြီးတို့ တစ်ယောက်ယောက်နှင့်သွားရရင် ကောင်းမှာပဲဟု တမ်းတမိသည်။ ကိုင်ချင်လည်း ကိုင်ပေ့စေတော့ဟု သဘောထားကာ အိပ်ရသည်။ တကယ် အိပ်ပျော်သွားတော့ ဒင်းက အရင်အိပ်ပျော်သွား၏။ ဟောက်

http://www.cherrythitsar.org



ပင် နေလိုက်သေးသည်။ သူ့လက်ကို အသာဖြည်ကာ ထင်းခြောက်တွေ မီးဖိုထဲ ထပ်ထည့်ပြီး သူ လဲချလိုက်သည်။

မနက်မိုးလင်းသည်နှင့် ဒန်အိုးပိန်နှင့် ကြိုထားသော ရေကို မျက်နှာသစ်၊ သောက်ရန် ဝါးဆစ်ဘူးထဲ ထည့်ကာ ခရီးဆက်ရသည်။ ရဲနွေးက တညည်းညည်း တညူညူနှင့် နောက်က ပါလာ၏။ ဒီလိုနှင့် နေ့ခင်း (၁၂)နာရီလောက်မှာ ဆန်ပြုတ်သောက်နေတုန်း သူတို့ လူသံ သဲ့သဲ့ ကြားရသည်။

''ဟဲ့…အေးမင်း လူသံဟဲ့။ ငါတို့ ကယ်မယ့်သူတွေလား မသိဘူး''

''ငါလည်း ကြားတယ်။ ခဏနေဦး''

အေးမင်းက ငြိမ်ကာ စောင့်သည်။ လူသံဆိုတာ သေချာပြီ။ ရန်သူလား၊ မိတ်ဆွေလားတော့ မသိ။ ဒီတောထဲကို ထင်းလာခုတ်တဲ့ လူတွေဆိုရင်တော့ OKပြီ။ အသံကြားရာဆီသို့ သူတို့ တိတ်တဆိတ် ချဉ်းကပ်ကာ လာခဲ့ကြသည်။ တွေ့တော့ နွားလှည်းသုံးစီးနှင့် ထင်းခုတ်နေ သူတွေ။ သူ ဝေခွဲနေတုန်းမှာ မာမီနွေးက သေနတ်နှင့်လူကို တွေ့ကာ ပြေးထွက်သွား၏။

''ဦးရဲကြီး…ဦးရဲကြီး…ရဲကြီးရေ။ ဟော့…ရဲ။ ဟ…ရဲရဲ''

အေးမင်း ဘယ်လိုမှ မတားလိုက်နိုင်ခင်မှာပင် သစ်ခုတ်နေသူ တွေက လန့်ကာ ပြေးထွက်သွားသော မာမီနွေးကို သေနတ်ဖြင့် လှမ်းကာ ပစ်သည်။ ကံကောင်း၍ မထိ။ သူရော ရဲနွေးပါ ကျည်လွတ်ရာသို့ ခြေဦးတည်ကာ ပြေးကြရ၏။ ဒါတောင် နောက်က ပစ်တုန်း။

ညွန့်မောင်က သူ့လူတွေကို လှမ်းကာ ဟန့်သည်။

''ဟော့ကောင်တွေ တော်ပြီ။ အစိုးရတပ်မဟုတ်ဘူး။ နှစ်ယောက် တည်းကွ။ မင်းတို့အသံကြားမှ ဟိုက ရောက်လာလိမ့်မယ်''

''သူက ရဲလို့ အော်တာကိုး ဆရာရဲ့''

''တော်ပြီကွာ… ပြန်မယ်။ ငါ ဒီနေ့ စိတ်လေးနေတယ်။

http://www.cherrythitsar.org



ထက်ခေါင်ကို တစ်ယောက်သွားပြောစမ်းဟော့။ သူ့ဝိုင်းထဲမှာ လူနှစ်ယောက် တွေ့တယ်လို့”

သေနတ်သံနှင့် လူသံမကြားရတော့မှ အေးမင်းတို့ ရပ်ရသည်။ လူက မောဟိုက်နေသဖြင့် ပစ်လှဲ နားရသည်။

“လခွီးမို့ မင်းက ပြေးထွက်ရတာလား။ ကံကောင်းလို့ မသေတယ်”

“သေနတ်တွေနဲ့ဆိုတော့ ငါလည်း ရဲတို့၊ စစ်တပ်တို့ထင်ပြီးတော့ ပေါ့ဟ့ဲ”

“နောက်တစ်ခါ ငါမပြောဘဲ မင်း ဘာမှ မလုပ်နဲ့”

အေးမင်း အမောပြေတော့ ထသွားရန် ပြင်သည်။ သို့သော် ကြောက်ကြောက်နှင့် ဖွတ်ပြေးခဲ့သဖြင့် သူတို့ ဘယ်နေရာရောက်နေသည် မသိတော့။ သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားသော်လည်း ရဲနွေးကိုတော့ မပြောသေးဘဲ သူ ဘယ်ဘက်သွားရမလဲ စဉ်းစားရ၏။

နောက်ကြောင်းပြန်လှည့်လို့ ဟိုအဖွဲ့နှင့်တွေ့၍ ထပ်အဖမ်းခံရလျှင် ဒုက္ခများကုန်တော့မည်။ သူ ဘုရားကို အာရုံပြုကာ မျက်နှာမူရာကိုသာ လျှောက်ခဲ့သည်။ နာရီဝက်လောက်လျှောက်ပြီးတော့ တောက နက်သည်ထက် နက်လာသည်။ တောလိုက်ဓါးကို ထုတ်ရှင်းကာ လျှောက်ရသည့်အခြေအနေ ဖြစ်ကာလာသည်။ ဒီတော့ ဟိုငတိက ရိပ်မိလာ၏။

“ဟဲ့…ငါတို့သွားနေတာ ဘယ်လဲ။ သစ်ပင်တွေမှာ ဓါးထစ်ရာလဲ မတွေ့ရတော့ဘူး”

“တိတ်တိတ်နေစမ်းကွာ”

နောက်ထပ် နာရီဝက်လောက် ဆက်လျှောက်တော့ ကမ္ဘားကြီး တစ်ခုက ရှေ့မှာ ဆီးခံနေသည်။ သူတို့အလာတုန်းက လမ်းမဟုတ်တာတော့ သေချာပြီ။ နံဘေးက စမ်းချောင်းကလေးကို ဖြတ်လျှောက်ကာ ဆက်လာတော့ နောက်ထပ် ကမ္ဘားတစ်ခု။ ဆက်လျှောက်တော့ နောက်

http://www.cherrythitsar.org



တစ်ခု။ သူတို့ ကမ္ဘားတွေပတ်ဝိုင်းနေသော နေရာသို့ ရောက်နေတာ သေချာပြီ။ ဒီကမ္ဘားတွေကို ကျော်မှကို ရတော့မည်။

သူ တွေ့ခဲ့ရသမျှထဲမှာဆိုလျှင် အခုတွေ့ရသော တောင်ကျချောင်းနံဘေးက ကမ္ဘားက အနိမ့်ဆုံးဖြစ်သည်။ ဆောင်းရာသီမို့ တောင်ကျချောင်းက ရေစီးသည်ဆိုရုံသာ။ ဆွဲစရာလွဲစရာ နွယ်ပင်တွေလည်း ရှိသည်။ အတန်ငယ်လည်း ပြေပြေပစ်ပစ်ရှိသည်။

"ငါတို့ ဒီကမ္ဘားကို ကျော်မှကို ဖြစ်မယ်။ ကဲ...မင်းရှေ့က အရင်တက်"

ရဲနွေးက သူ့ဂျင်းဘောင်းဘီကို ခေါက်ကာ ရှေ့က တက်သည်။ တက်ကာစကတော့ ကျောက်တုံးတွေကို ကုတ်ကာ တက်ကြသည်။ နည်းနည်းမတ်လာတော့ နွယ်ပင်တွေကို ဆွဲကာ တက်ရသည်။ တစ်ခါ တစ်ရံ သစ်မြစ်တွေကို ဆွဲကာ တက်ရ၏။

"ဟေ့ကောင်...။ ကိုယ်နင်းမယ့်ကျောက်တုံးကို ခိုင် မခိုင် ဆကြည့်ပြီးမှ တက်"

ရဲနွေးကို လှမ်းသတိပေးရသည်။ ရဲနွေးကို သတိပေးပြီးမှ မကြာခင် သူနင်းသောကျောက်တုံး မြေကြီးထဲ အဝင်တိမ်နေသဖြင့် သူ ပြုတ်ကာကျသည်။ သူ့ အော်သံနက်ကြီးကြောင့် ရဲနွေးက ကြောက်လန့်ကာ အတင်းတက်သည်။ ကံကောင်းခြင်းက သူတို့ဘက်က မရှိ။ ရဲနွေးက ထပ်ပြုတ်ကျ၏။ သူ့ပခုံးကို ခွလျက် ကျသည်။

"ဟေ့ကောင် မီရာတစ်ခုခုကို အမြန်ဆွဲ...ဆွဲ။ မဆွဲရင် နှစ်ယောက်စလုံး ကျလိမ့်မယ်"

ရဲနွေး ဘာကိုဆွဲမိသည် မသိ။ သူ့ကုပ်ပေါ်က လွတ်ကာ သွားသည်။ သူ နင်းထားသော ကျောက်တုံးကို အားပြုကာ ရဲနွေးတင်ပါးကို တွန်းကာ တင်သည်။

"ဟဲ့...နင် ငါ့ကို ဘာလုပ်တာလဲ။ မကိုင်နဲ့နော်...ဟဲ့"

အေးမင်း ဒေါသ ထောင်းခနဲဖြစ်သွား၏။

http://www.cherrythitsar.org



"ဟာ…အရေးထဲ တက်မှာ တက်စမ်း။ တက်…တက်"

"မကိုင်နဲ့လို့ ငါ ပြောနေတယ်နော်။ မကိုင်နဲ့"

"မင်း ရောက်အောင်တက်"

ရဲနွေးက ဘာတွေကို ကိုင်ကာ ဘယ်လိုတက်သွားသည် မသိ။ ကမ္ဘားပေါ် ရောက်သွားသည်။ သူ သစ်မြစ်တစ်ခုကို လှမ်းဆွဲ အားယူကာ အတက်တွင် ပြန်ပြုတ်ကျပြန်သည်။

"သတိထား…သတိထား။ သစ်မြစ်တွေကို မယုံနဲ့။ ကျောက်စွန်းတွေကိုပဲ ကိုင်တက်။ တက်ထား ယောကျ်ားကွ။ တက်ထား"

ကမ္ဘားပေါ်ရောက်နေသော ရဲနွေးက သူ့ကို အော်ဟစ်ကာ အားပေးနေသည်။ မခံချင်စိတ်က သူ့ရင်ထဲမှာ ဝုန်းခနဲရောက်လာသည်။ ပေါက်ပြဲနေသော လက်တွေကို ဂရုမစိုက်ဘဲ သူ အားရှိသမျှ ကြိုးစားကာ တက်သည်။ ကမ္ဘားပေါ်ရောက်မှ "ဟား"ခနဲ သက်ပြင်းချကာ ထအရပ် ရဲနွေးလက်သီးက သူ့မျက်နှာကို ဝင်လာသည်။ ရှောင်ချိန်မရ။

"ဟေ့ကောင်…။ မင်း ငါ့ကို ဘာလုပ်တာလဲ"

"မှတ်ထား…။ နောက် မင်း ငါ့တင်ပါးကို ဘယ်တော့မှ မကိုင်နဲ့"

ပထမတော့ အေးမင်း ပြန်ထိုးဖို့ စိတ်ကူးသေးသည်။ သူ့ကို အံကြိတ်ရင်း စိမ်းစိမ်းကြည့်ပြီး လက်သီးဆုပ်ထားသော ရဲနွေးကို ကြည့်ကာ သဘောကျသွားသည်။ အေးမင်း ပါးရိုးကိုပွတ်ကာ ပြုံးရင်း ထရပ်သည်။

"ဝမ်းသာတယ်ကွာ…။ ငါ မင်းကို လိုချင်တာ အဲဒီ ပုံစံမျိုးပဲ သူငယ်ချင်း"

နာရီဝက်လောက် သူတို့ တောတိုးခဲ့ကြပြီး ရှေ့မှာကာနေသော သစ်ကိုင်းတစ်ကိုင်းကို ခုတ်ချလိုက်တော့ သူတို့ပါးစပ်တွေ ပြဲသွားကြသည်။ တစ်ယောက်နှင့်တစ်ယောက် မယုံနိုင်အောင် လှမ်းကြည့်မိကြသည်။

သူတို့တွေ့ရသည်က မီးခိုးတလူလူနှင့် လူတွေ သွားလာ၊

http://www.cherrythitsar.org



နွားတွေ သွားလာနေကြသော ရွာကြီးတစ်ရွာ ဖြစ်လေသည်။

http://www.cherrythitsar.org



ဒီနေ့နှင့်ဆိုပါလျှင် မာမီနွေးတို့ ထွက်သွားတာ ခုနစ်ရက်ရှိပြီ။ မနက်ဖြန်တစ်ရက်သာ ကျန်တော့၏။ မစိုးမိုး သူ့ပြတင်းပေါက်မှနေ၍ ချက်ပြုတ်လုပ်ကိုင်နေကြသော ရှုတင်အဖွဲ့ကို ငေးကာနေသည်။

ထက်ခေါင် ငေးနေသော မစိုးမိုးကို ကြည့်ရင်း စိတ်ထဲမှာ မကောင်း။ သူ့အဖွဲ့က သူ့ကို ပစ်ထားကြပြီ။ စိုးမိုး ဝင်အလုပ်လုပ်သည့် အခါတွင် ဘယ်သူကမှ ဘာစကားမှ မပြောကြ။ စိုးမိုးအနားကို မကပ်ကြ။ စိုးမိုးက ဆန်ဝင်ဆေးလျှင် သူတို့က ထသွားကာ ပဲရွေးကြသည်။ စိုးမိုးက မီးဝင်ထိုးလျှင် သူတို့က အမဲသားပြုတ်အိုးကို သွားမွှေကြသည်။ စိုးမိုး သည် သရဲတစ်ကောင်လို သူ့အဖွဲ့ကြားထဲတွင် နေနေရသည်။

ထက်ခေါင် မကြည့်ရက်။

ဒီလိုဖြစ်နေတာ သူ့ကြောင့်လား၊ ဟို ဓော်လတ်ဆိုသည့် ငတိ ကြောင့်လား။ စိုးမိုးပဲ ကံမကောင်းတာလား။ ပြီးတော့ စိုးမိုး စိုက်ကြည့် လိုက်လျှင် သူ ဘာ့ကြောင့် ရင်ခုန်ရသည်သနည်း။ သူ့ဘဝကို သူ ဘာ့ကြောင့် မကျေမနပ်ဖြစ်ရသနည်း။ သူတို့ ရှုတင်အဖွဲ့က ထင်သလို စိုးမိုးသည် သူ့ဘက်ကို သူလွတ်မြောက်ရေးအတွက် ပါနေတာလား။ သူကပဲ စိုးမိုးကို ဦးစားပေးလွန်းသည်ဟု ဒေဝတို့ ဝေဖန်တာ အမှန်ပဲလား။ သူ…သူ စိုးမိုးကိုချစ်နေသလား။ ရှစ်ရက်ပြည့်လို့ ငွေရောက်လာလျှင် စိုးမိုးကို သူ တကယ် ပြန်ထည့်လိုက်နိုင်မှာလား။

သူ့မေးခွန်းတွေကို သူ မဖြေနိုင်။

http://www.cherrythitsar.org



ဒီတော့ ဝီစကီ သုံးပတ်သောက်ကာ စိုးမိုးဆီ သူရောက်သွား သည်။

စိုးမိုးက သူ အနားရောက်မှန်း သိသော်လည်း သူ့ဘက်သို့ မျက်နှာမလှည့်။ သူ့အတွေးကိုသာ ငေးနေသည်။

"စိုးမိုး ပျင်းနေပြီလား"

"တစ်ရက်ပဲ လိုတော့တာနော်"

ခဏ တိတ်ကာသွားကြ၏။

သူ့ကို လှည့်မကြည့်ဘဲ ကွင်းထဲကိုသာ ငေးနေသော စိုးမိုးပခုံး ကလေးကို သူ အသာဖေး၍ ဖက်ကာ အားပေးချင်သည်။ ဒါမှမဟုတ် ဘာစကားမှမပြောဘဲ ဖေးမကာ ဖက်ထားချင်သည်။

"သူ မေစိုးမေးတာကို ခုထိ မဖြေသေးတာ တစ်ခုရှိသေးတယ် နော်"

"ဘာလဲဟင်…စိုးမိုး"

"သူ ဘာလို့ ဒီကိုရောက်ပြီး ဒီအလုပ်ကို လုပ်နေတယ်ဆိုတာ လေ"

သူ သက်ပြင်းကိုချသည်။ ဟိုးအဝေးကို ငေးသည်။ ပြီးတော့ စိုးမိုးကို ခွင့်တောင်းကာ သူ့အပေါ်ထပ်သို့ ခဏတက်ပြီး ဝီစကီတော်တော် များများကို တစ်ကျိုက်တည်း ကျိုက်ချကာ ပြန်ဆင်းခဲ့သည်။

စိုးမိုးနားရောက်တော့ စီးကရက်ကို မီးညှိသည်။

"ကိုယ့်ဖေဖေနှင့်မေမေဟာ ကိုယ် ခြောက်နှစ်သားမှာ တစ်နှစ် ခြားစီဆုံးတယ်။ ကိုယ့်ကို ဦးလေးက ဆက်တာဝန်ယူပြီး ကျောင်းထား ပေးတယ်။ ကိုယ် ဆယ်တန်းအောင်တော့ တက္ကသိုလ်ဆက်တက်တယ်။ **Math Major** မှာ ကိုယ်က ရေကူးချန်ပီယံပဲ"

ထက်ခေါင်မျက်နှာက ပြုံးကာနေသည်။ ထက်ခေါင် စိတ်ကူးထဲ မှာ ချန်ပီယံဆုဖလားကြီးကို ယူနေသော ထက်ခေါင်ဖြစ်နေ၏။

"ပြီးတော့ရော…ဟင်"

http://www.cherrythitsar.org



"ကိုယ် နောက်ဆုံးနှစ်မှာ ဦးလေး အသည်းအသန်ဖြစ်လို့ဆိုပြီး ခေါ်တာနဲ့ ရွာပြန်ရောက်ပြီး သူတို့ခေါ်တဲ့ဆီရောက်မှ ဦးလေးက သစ်ခိုး ဂိုဏ်းခေါင်းဆောင်ကြီးမှန်း သိရတယ်။ ကိုယ်ရောက်တော့ လေဖြတ်ပြီး ကိုယ်တစ်ပိုင်း သေနေပြီ။ ဦးလေးကို ပြုစုရင်း သူ့အလုပ်တွေ ကူလုပ် ပေးရတယ်။ ကိုယ့်ဘဝရဲ့ ကျေးဇူးရှင် မဟုတ်လား"

စိုးမိုးက သက်ပြင်းချသည်။

"ဦးလေးဆုံးတော့ ကိုယ်ကပဲ ဆက်ဦးစီးရတယ်။ ဘာဖြစ်လို့လဲ ဆိုရင် မေးခွန်းအတွက် ကိုယ့်မှာ အဖြေမရှိဘူး။ ဘာဖြစ်နေတယ်ဆိုတာ ကိုပဲ ပြောနိုင်တော့တယ်"

"မေစိုးလည်း ထင်ပါတယ်။ ကိုထက်ခေါင်ပုံစံက ဓါးပြနဲ့ မတူဘူးလို့"

"ကိုယ်တစ်ခါမှ ဓါးပြမတိုက်ဖူးဘူး။ သစ်ပဲ ခိုးရောင်းတာ။ အခု အစိုးရက သစ်ခိုးဂိုဏ်းတွေကို တပ်နဲ့ ပြည်သူ့စစ်နဲ့ပေါင်းပြီး တိုက်လို့ ဂိုဏ်းတော်တော်များများ မိကုန်ကြပြီ။ ကိုယ်လည်း မလုပ်ရဲတော့ဘူး။ ကိုယ့်လူတွေ စားဝတ်နေရေးအတွက် ပထမဦးဆုံး ဓါးပြထွက်တိုက်မိတာ စိုးမိုးတို့ကိုပဲ"

"ဒီအလုပ်ကို မလုပ်လို့ မရတော့ဘူးလားဟင်"

ထက်ခေါင်ရင်ထဲ ဖျပ်ခနဲ ခံစားလိုက်ရပြန်သည်။ သူ စိုးမိုးကို ရင်ဆိုင်လိုက်၏။

"ကိုယ့်မှာ ချစ်ရမယ့်သူ၊ တွယ်တာရမယ့်လူ မရှိဘူး။ ကိုယ့်ကို ကြောက်တဲ့လူပဲ ရှိတယ်။ ချစ်တဲ့သူ မရှိဘူး။ ကိုယ့်ကို ချစ်မယ့်သူရှိရင်.."

"ဟော...ဟိုမှာ ရူပါတို့ ရေခပ်ထွက်တော့မယ်။ မေစိုး လိုက် သွားမယ်နော်။ မေစိုးလည်း သူတို့ကို ပြန်စည်းရုံးနေရတယ် ကိုထက်ခေါင် ရယ်"

မေစိုးက စကားဆုံးသည်နှင့် သူ့စားပွဲပေါ်က ပန်းအိုးကလေးကို ကောက်ရင်း ပြေးလိုက်ထွက်သွားသည်။ မေစိုးမိုး ရှောက်ထွက်သွားသည်

http://www.cherrythitsar.org



ဆိုတာကို သူ သိပါသည်။ သူငေးနေမိသည်။ ထိုအချိန်မှာပင် ခြံစည်းရိုးမှ လှစ်ခနဲထွက်သွားသော ဇော်လတ်ကို တွေ့လိုက်ရ၏။

သူ အခန်းပေါ်တက်ကာ ကိုင်နေကျသေနတ်နှင့် ကုတ်အင်္ကျီကို ဝတ်သည်။ ဦးထုပ်ကို စောင်းပြီး အေးဆေးစွာပင် စမ်းချောင်းရှိရာဘက်သို့ လိုက်ထွက်ခဲ့သည်။ ဒေဝကိုတော့ အချက်ပြခဲ့သည်။ စမ်းရောက်ရောက်တော့ အုပ်စုလိုက် ရေခပ်နေကြသည့်အထဲမှာ စိုးမိုးကိုမတွေ့။ အသာလေး ကြည့်တော့မှ စမ်းချောင်းအဖျားက ကျောက်ဆောင်နှစ်ခုအကြားမှာ စိုးမိုးနှင့် ဇော်လတ်ကို တွေ့ရသည်။

ပထမတွေ့ရသော ကျောက်ဆောင်နားမှာ ရပ်နားထောင်သည်။ စကားသံက မသဲကွဲလှ။ ဒါနှင့် နောက်ကျောက်ဆောင်ကို ပြေးကာကပ်လိုက်သည်။ စကားသံက တိတ်ကာသွား၏။ ခဏကြာမှ…

“မေစိုးမိုး…။ နင်နဲ့ငါဟာ နာမည်ကြီး မင်းသား၊ မင်းသမီးဆိုတာကို ခဏမေ့ထား။ တို့ဟာ အဖမ်းခံထားရတဲ့ ဘဝတူ တရားခံတွေ၊ အဲဒီအပေါ်မှာ နင် သစ္စာဖောက်တာ ငါ ရင်နာလို့ မဆုံးဘူး။ အားလုံးကလည်း နင့်ကို လုံးဝ မယုံကြည်တော့ဘူး”

“နင် ထင်ချင်သလိုထင် ဇော်လတ်။ ငါ အဲဒီနေ့ညက ဒီအစီအစဉ်ကို ကြားပြီးကတည်းက စိတ်ပူလို့ ငါ သူ့အဆောင်မှာ သွားအိပ်ပြီး ပြောပြထားတာ”

“ဩော်…တော်တော် စွန့်စားလိုက်တယ်ပေါ့”

“ငါ့ကို မရိုနဲ့ ဇော်လတ်။ နင့်သေနတ်က အတုပဲဖြစ်ဖြစ်၊ အစစ်ပဲဖြစ်ဖြစ် သူက နင့်ကို ပစ်မှာပဲ။ ဒေဝဆိုတဲ့ လူကို ဆုံးရှုံးလည်း သူ ဘာမှ ခံစားရမှာ မဟုတ်ဘူး။ နင့်ကို မသေစေချင်လို့ ဇော်လတ်”

စကားသံက တိတ်သွားပြန်သည်။

“ငါ…နင့်ကို သိပ်ချစ်တယ် မေစိုး။ ဒါ့ကြောင့် ဒီကားကို ရိုက်ဖို့ ငါ အကြိမ်ကြိမ်ကြိုးစားခဲ့တယ်။ နင် ဒုက္ခရောက်မှာတွေကိုလည်း ငါ အကြိမ်ကြိမ် ခန္ဓာကိုယ်နဲ့ရင်းပြီး ကာကွယ်ခဲ့တာ။ နင့်ကို ငါ အရမ်း

ချစ်တယ်။ နင် ငါ့ကို မသေစေချင်ဘူးဆိုတော့…"

ထိုတိတ်ဆိတ်မှုသည် သုံးယောက်စလုံး ရင်ခုန်သံထဲတွင် ကျယ်လောင်ကာ နေ၏။

"နင်…နင် ငါ့ကို ချစ်သလား မေစိုး"

ကျောက်စရစ်ခဲသံကြောင့် တစ်ယောက်ယောက် ရွှေ့လျားမှန်း ထက်ခေါင် သိသည်။ ဘယ်သူဆိုတာတော့ မသိနိုင်။

"နင်…ငါ့ကို ချစ်သလား"

ကျောက်စရစ်ခဲ အနင်းခံရသည့်အသံ ပိုကျယ်လာသည်။

"နင် ငါ့ကို မချစ်ဘူးလားလို့ ငါမေးနေတယ် မေစိုး"

"နင် ငါ့အသားကို မထိနဲ့။ လွှတ်နော်…။ အခုလွှတ်… လွှတ်စမ်း"

"ငါမေးတာ နင်ဖြေ"

"ငါ နင့်ကို ဘယ်တုန်းကမှ မချစ်ခဲ့ဘူး။ လွှတ်နော်…လွှတ်။ ကဲဟာ…ကဲ"

"ခွမ်း"ခနဲ ပန်းအိုးကွဲသံ ကြားလိုက်ရ၏။

"ဟာ…မေစိုး။ နင်…ငါ့ကို နင်…နင်"

ဇော်လတ်စကား မဆုံး၊ ထက်ခေါင်က လက်ခုပ်တီးကာ ဝင်လာသည်။ ဇော်လတ်ခေါင်းကို ရိုက်ထားသော ပန်းအိုးကလေး ကွဲကြေကာ နေသည်။ ဇော်လတ် ခေါင်းမှ စီးကျလာသောသွေးများကို မသုတ်။ ရေခပ်သည့်အဖွဲ့မှ ရူပါ ပြေးထွက်ကာ လာသည်။

"ဒီစကားက မင်းနှလုံးသားကို တိုက်ရိုက်ထိတဲ့စကားပဲ ဇော်လတ်။ မင်း…သွားတော့"

ဇော်လတ်က မေစိုးကို နာနာကျည်းကျည်း စိုက်ကြည့်သည်။ ဇော်လတ် မျက်ရည်ဝဲတက်ကာ လာ၏။ မေစိုးက ခေါင်းကိုငုံ့၊ မျက်လွှာချထားရင်း သူလုပ်လိုက်တာ လွန်သွားသဖြင့် မနေတတ် မထိုင်တတ်ဖြစ်နေသည်။ ရူပါက ဇော်လတ်လက်မောင်းကို ဝင်ကာကိုင်သည်။

http://www.cherrythitsar.org



“မင်း သွားတော့လို့ ငါပြောနေတယ် မဟုတ်လား”

ဇော်လတ် တောက်တစ်ချက်ခတ်ပြီး ထွက်သွားသည်။ ရူပါက ဇော်လတ်လက်မောင်းကို ကိုင်ကာ မေစိုးကို စူးစူးဝါးဝါးကြည့်ပြီး ထွက်သွားသည်။

“ကိုဇော်…။ ကိုဇော့်အတွက် အကောင်းဆုံးက မေစိုးမိုးကို မေ့ပစ်လိုက်ပါ။ သူက ပိုက်ဆံနဲ့ လာရွေးတဲ့လူလာရင်တောင်မှ လိုက်ချင်မှ လိုက်မှာ”

“ငါ သူ့အတွက် စိတ်မပူပါဘူး။ ငါစိတ်ပူတာ အေးမင်းနဲ့ မာမီနွေးကိုပါ”

“ကိုဇော် မေစိုးအတွက် ခံရတာများပြီနော်။ စိတ်လျှော့လိုက်ပါ ကိုဇော်ရယ်…နော်။ စခန်းရောက်မှ ရူပါက နန္ဒင်းနဲ့ ဆားနဲ့ ထည့်ပြီး ပတ်တီးစည်းပေးမယ်”

စခန်းကိုရောက်တော့ ရူပါက ဆားနှင့် နန္ဒင်းသိပ်ကာ ပတ်တီး စည်းပေးသည်။ ဗလကြီးယက္ခနှင့် ဗန်ဒိုမာဃတို့မျက်နှာတွေလည်း ရောင် ကိုင်းနေမှန်း အခုမှပင် သတိထားမိသည်။

“ဟ… မင်းတို့မျက်နှာတွေကလည်း ရောင်ကိုင်းလို့ပါလား။ ဘာဖြစ်တာလဲ”

“ဟိုနေ့က ဒဏ်ရာတွေလေ ဆရာ”

“ဟ…မင်းတို့ကချည်း ထိုးရတာ မဟုတ်လား”

“ထိုးတာတော့ ကျွန်တော်တို့ကချည်းပဲလေ…။ ရန်ဖြစ်ချင် ယောင် ပထမဆောင်ပြီး ထိုးရတာဆိုတော့ လက်သီးဘရိတ်နဲ့ ထိုးရတာ မဟုတ်လား။ တကယ်လည်းချရော ယောင်ယောင်ပြီး လက်သီးဘရိတ်က မိမိနေတော့ ကိုယ်ကထိုးပြီး ကိုယ်ချည်း ခံနေရတာ”

ရယ်သံခပ်တိုးတိုး ထွက်ကာလာသည်။ ဇော်လတ်လည်း ပြုံး လိုက်မိသည်။

“မနက်ဖြန်အခြေအနေက ဘယ်လိုလဲဆရာ”

http://www.cherrythitsar.org



“ဘာမှ မပြောနိုင်သေးဘူး။ ငါရယ်…ဦးသဟရယ်..ဆရာရယ် တိုင်ပင်ရဦးမယ်”

“ဆရာ့ဒဏ်ရာနဲ့ မနက်ဖြန် တစ်ခုခုဖြစ်ကြရင် ဖြစ်ပါ့မလား ဆရာ”

“ဒဏ်ရာက နည်းနည်းပါ။ ပေါက်သွားတယ် ဆိုရုံလောက်ပါပဲ။ ဟုတ်တယ် မဟုတ်လား ရူပါ”

“ဟုတ်တယ်ဆရာ…။ ဆားနဲ့နနွင်း သိပ်လိုက်တော့ သွေးမထွက်တော့ဘူး”

“မင်းတို့အားလုံး မေစိုးမိုးကို ဘယ်လိုထင်သလဲ”

အိလေးက မဲ့ကာ…

“သူ့အကြောင်း မပြောချင်တော့ဘူး ဆရာ။ ဒုက္ခရောက်နေချိန်မှာ အတူဒုက္ခခံကြရတာပဲ။ သူက သူ့အိုက်တင်ကလေးနဲ့ ခေါင်းဆောင်ကို မြှူပြီး လွတ်ရာလွတ်ကြောင်း လုပ်တာ။ ပြောရမှာတောင် ရှက်ဖို့ကောင်းတယ်”

ရူပါကတော့ ချင့်ချင့်ချိန်ချိန် ဆိုသည်။

“သူက ဆရာ့ကို အစကတည်းက မုန်းတဲ့အခံ ရှိထားတယ်။ ဒီရောက်တော့ ကြောက်ရမယ့်သူက တွေ့တယ်။ ဒါပေမယ့် ကြောက်ရတဲ့လူက သူ့ကို ဦးစားပေးတော့ အဲဒီဘက် ရောက်သွားတယ်ထင်တာပဲ။ ပြီးတော့ ထက်ခေါင်ကလည်း သူ့ကို စိတ်ဝင်စားပုံရတော့ ကြားက ဆရာချည်းပဲ ခံရတာပေါ့”

အားလုံး ခဏတိတ်သွားကြ၏။ လေးထောင့်က…

“မေစိုးမိုးက မုန့်လေပွေ ဖြစ်နေတာကွ”

“ဘာဆိုင်လို့လဲ”

ထိုးဝါးက ထောက်သည်။

“ဆိုင်တာပေါ့ကွ။ သူက ဆရာ့ဘက် လှည့်တော့လည်း ကျုံ့နေရာက ပွလာ။ ဟို…ထက်ခေါင်ဘက် လှည့်တော့လည်း ကျုံ့နေရာက

http://www.cherrythitsar.org



ပွလာနဲ့ ကြာရင် တူးသွားလိမ့်မယ်''

''သူ ထက်ခေါင်နဲ့ ကပ်ပေါင်းပေမဲ့ အခွင့်အရေးတော့ သိပ်ရပုံ မရပါဘူးကွယ်။ သူ့တပည့်မ မဲပေါက်တော့ သူပြောလို့မှ မရဘဲ။ ထက်ခေါင်က လုံးဝမှ ခွင့်မပြုတာ။ သူ့အပေါ်လည်း သိပ်မမုန်းကြပါနဲ့ ကွယ်''

ရုပ်ပျိမိခင် အန်တီဒေါ်ခင်မြက တရားနှင့်ဆိုသည်။

''ဟုတ်တယ်…။ မဲနှိုက်တာတော့ တကယ့်ကံအတိုင်းပဲ။ ငါတို့က ဆရာ့ကိုပဲ လွှတ်မယ်လို့ ထင်တာ။ ဒီတစ်ခါတော့ ဒီကောင် တော်သားပဲ…။ ကတိတည်တယ်''

ထက်ခေါင်ကို မြွေပွေးက ချီးကျူးသည်။ဇော်လတ် ပြုံးလိုက်၏။

''မဟုတ်ဘူး မြွေပွေး။ ထက်ခေါင်က မင်းတို့ထက် လည်တယ်။ ဒီနှစ်ယောက်ကို သူ တမင်ရွေးလွှတ်တာ။ ငါ့ကိုလွှတ်ရင် ငါက ကြံရည် ဖန်ရည်ရှိတော့ စိတ်မချရဘူး။ ဒီတော့…ငါ့ကို သူ့မျက်စေ့အောက်မှာ ထားပြီး ငါ့ညီအရင်းကို ငွေ မရရအောင် ယူခိုင်းတာ။ မာမီနွေးကို ကျတော့ မေစိုးနားက တမင်ဖယ်ထုတ်တာ။ နို့မို့ဆို သူ မလွှတ်လပ်ဘူး။ မေစိုးနဲ့ ငါတို့ကိုလည်း သူ တမင်ခွဲထုတ်ထားတာ''

ဇော်လတ် စကားဆုံးတော့မှ အားလုံး တိတ်ဆိတ်ကာ သွားကြ၏။

''ဒါဆို…ဒီကောင်ဟာ တော်တော်ကြောက်စရာ ကောင်းတာပဲ''

သိန်းငှက်က မှတ်ချက်ချသည်။ ဇော်လတ် အဝေးကို ငေးကြည့်နေသည်။ မနက်ဖြန်သည် သူတို့အားလုံးအတွက် အဆုံးအဖြတ်နေ့။ အေးမင်းနှင့် မာမီနွေး အဆင်ပြေပါ့မလား။ သူတို့ ဘာတွေဖြစ်နေကြသနည်း။ သူ့အစီအစဉ်အတိုင်း အဆင်မှ ပြေရဲ့လား။ မနက်ဖြန်ကို အဆက်အသွယ်မရှိဘဲ ယုံကြည်မှုတစ်ခုတည်းနှင့် သူ စွန့်စားနိုင်ပါ့မလား။

●

http://www.cherrythitsar.org


စမ်းချောင်းရေက အေးမြကြည်လင်နေသည်။ အောက်မှာ မြှုပ်နေသော ကျောက်စရစ်ခဲကလေးတွေ၊ လိမ့်နေသော ကျောက်စရစ်ခဲကလေးတွေကို မြင်နေရ၏။

"စိုးမိုး…စမ်းချောင်းရေကို ကြည့်စမ်း။ အေးပြီးတော့ ကြည်နေတာပဲ။ ဒါပေမဲ့ ကြောက်စရာကောင်းတယ်။ သူ့ကို ပွက်ပွက်ဆူအောင် မကျိုဘဲသောက်ရင် ငှက်ဖျားမိရော။ ကိုယ့်ဘဝနဲ့မတူဘူးလား"

"ဘာဖြစ်လို့လဲ ကိုထက်ခေါင်"

"ကိုယ့်ဘဝက ဒီစမ်းချောင်းကလေးလိုပဲ။ တိတ်ဆိတ်တယ်၊ လူမသိ၊ သူမရှိအရပ်မှာ စီးဆင်းနေရတယ်။ အေးမြတယ်။ ဒါပေမဲ့ ကိုယ့်ကို ဒီအတိုင်းတော့ သောက်လို့မရဘူး။ အေးစက်နေတဲ့ ကိုယ့်နှလုံးသားထဲမှာ ကြောက်စရာကောင်းတာတွေ ရှိနေတယ် စိုးမိုး။ ကိုယ့်နှလုံးသားကို ပူနွေးအောင်၊ ပွက်ပွက်ဆူအောင်လုပ်မှ အန္တရာယ်ကင်းမှာ"

စကားသံ တိတ်ဆိတ်သွားသည်။ ညနေရီ ငှက်ကလေးတွေ အိပ်တန်းတက်သံ ဆူညံနေကြသည်။ ညိုးရည်သစ်စ နေရောင်သည် သစ်ပင်အုပ်တွေကြား အတင်းတိုးဝင်ကာ လေပြေလေးတိုက်တော့ သစ်ရွက်ကလေးတွေအားကိုးနှင့် သူ့အရိပ်ကို သူ ပြန်ကနေသည်။

ထက်ခေါင် ငေးရင်း သက်ပြင်းကို ချသည်။

"ကိုယ့်နှလုံးသားကို ပူနွေးလာအောင်၊ အန္တရာယ်မရှိအောင် လုပ်ပေးပါလား စိုးမိုး။ အဲဒီ အနွေးဓါတ်က စိုးမိုးဆီမှာပဲ ရှိတာ"

http://www.cherrythitsar.org



ထက်ခေါင်စကားကြောင့် မေစိုးမိုး မော့ကြည့်သည်။ သို့သော် အံ့သြခြင်းတော့ သိပ်မရှိ။ တစ်ချိန်တါင် သူ့ထံသို့ ဒီစကားရောက်လာမည်ကို မိန်းကလေးသဘာဝအရ စိုးမိုး ရိပ်မိပြီးသားဖြစ်သည်။ ထို့ကြောင့် စိုးမိုး မော့ကြည့်သောအကြည့်က အံ့သြ၍လည်း မဟုတ်၊ တုန်လှုပ်၍လည်းမဟုတ်၊ ရင်ခုန်သောကြောင့်လည်း မဟုတ်။ ဒီလိုအခြေအနေမျိုးမှာ ဘယ်လိုလုပ်ရမလဲ၊ ဘယ်လိုစကားကို ပြောရမလဲဟု မေးသောအကြည့်မျိုးသာ ဖြစ်သည်။ ဒါကို ထက်ခေါင်ကလည်း ရိပ်မိပါသည်။

"စိုးမိုးက ကိုယ့်လက်ခုပ်ထဲက ရေပါ။ ဒါပေမဲ့ စိုးမိုးကို ကိုယ်ဒီအတွက် ဘယ်တုန်းကမှ အခွင့်အရေး မယူခဲ့ဖူးဘူး။ ကျွန်တော့်ဘဝမှာ အချစ်ခံရတဲ့အချိန်က နည်းပါတယ်။ ကျွန်တော့်ချစ်တဲ့သူက ကျွန်တော့်ကို ပြန်ချစ်တာမျိုး တစ်ကြိမ်လောက်တော့ ကျွန်တော် ခံစားချင်ပါတယ်"

မေစိုးမိုးမျက်နှာမှာ စိတ်မကောင်းသော မျက်နှာရိပ်က အထင်းသား ပေါ်၍နေသည်။ ခဏလေးသာကြာသည်။ မျက်ရည်ဝဲတက်လာပြီး မျက်ရည်ဥကြီးတွေ လိမ့်ဆင်းကျကာလာ၏။ ထိုငိုခြင်းသည် ဘာ့ကြောင့်၊ ဘယ်သူ့ကြောင့်ဆိုတာ ခန့်မှန်းရ ခက်လွန်းသည်။ ခဏကြာမှ မေစိုးမိုးက စိတ်ကိုတင်း၍ ထိန်းပုံဖြင့် မျက်ရည်တွေကို လက်ဖမိုးနှင့် သုတ်သည်။ မျက်ဝန်းတွေကိုလည်း ပုံမှန်ပြန်ဖြစ်အောင် လုပ်သည်။

"ဒီအချိန်ဟာ ကျွန်မအတွက် အန္တရာယ်အကြီးဆုံး အချိန်ပါ ကိုထက်ခေါင်ရယ်။ ဒါကို ကိုထက်ခေါင်လည်း သိပါတယ်။ ကျွန်မအတွက် အချိန်စောင့်ပေးပါ"

"ကိုယ် စိုးမိုးကို သိပ်ချစ်တယ်။ စိုးမိုးဆီက အဖြေရရင် ကိုယ်ဒီဘဝကို စွန့်ပြီး စိုးမိုးနဲ့အတူတူ ဟိုဘက်ကို ကူးမယ်။ ဒီဘဝမှာ စိုးမိုးကို ကိုယ် မထားပါဘူး"

"အဲဒီလိုတော့ မဖြစ်ဘူး ကိုထက်ခေါင်။ ကျွန်မက ကျွန်မကိုယ်ကို ပိုင်တာ မဟုတ်ဘူး"

"ဟင်…စေ့စပ်ထားတဲ့သူ ရှိလို့လား"

http://www.cherrythitsar.org



“မဟုတ်ဘူး ကိုထက်ခေါင်။ ကျွန်မက ပြည်သူတွေအားလုံးက ချစ်ကြတဲ့ နာမည်ကြီး သရုပ်ဆောင်ပါ။ အဲဒီဘဝက ကျွန်မ အသွေးအသားလို ဖြစ်နေပြီ။ ဒီဘဝကိုတော့ ကျွန်မ မစွန့်နိုင်ဘူး။ ကိုထက်ခေါင်နဲ့ ကျွန်မအတွက် အဆင်ပြေဆုံးအချိန်ကို ရောက်ရင် ကျွန်မ အဖြေပေးပါ့မယ်”

“အဲဒီအချိန်က ဘယ်အချိန်လဲ စိုးမိုး”

ထိုအချိန်မှာပင် ချစ်သိန်းနှင့် ညွန့်မောင်ဆီမှ လူနှစ်ယောက် ရောက်လာသည်။

“ဆရာ…။ ကိုညွန့်မောင်က မှာလိုက်လို့တဲ့”

ထက်ခေါင် မချင့်မရဲဖြစ်သွားသော်လည်း ဣန္ဒြေဆည်ရင်း “ဘာကိစ္စလဲ”ဟု ခပ်ထန်ထန်မေးသည်။

“သတင်းပို့ချင်လို့တဲ့ ဆရာ”

“ခေါ်လိုက်ကွာ…”

ညွန့်မောင်ဆီမှ လူနှစ်ယောက် ရောက်လာပြီး သတင်းပို့သည်။

“ပြီးခဲ့တဲ့လေးရက်က ဆရာ့ဝိုင်းထဲမှာ သစ်ခုတ်ရင်း လူနှစ်ယောက် တွေ့တယ်ဆရာ”

“ဘယ်လိုပုံစံတွေလဲ”

“လူငယ်တွေပဲ ဆရာ။ တစ်ယောက်က ရဲ ကြီး၊ ရဲ…ရဲဆိုပြီး ပြေးလာလို့ ကျွန်တော်တို့အဖွဲ့ကလည်း လန့်ပြီး ပစ်မိတယ် ဆရာ”

“ထိသလား”

“မထိဘူး ဆရာ။ သူတို့ ကမ္ဘာ့ဘက် ထွက်ပြေးကြတယ်။ ကျွန်တော်တို့လည်း လန့်ပြီး ဆက်မခုတ်ရဲတော့ဘူး။ အဲဒါ…”

ထက်ခေါင် တစ်ချက်စဉ်းစားသည်။ ဒါ ဟိုနှစ်ကောင်ပဲ ဖြစ်ရမည်။ ကမ္ဘာ့ဘက် ထွက်ပြေးကြတယ်ဆိုရင်တော့ ပြန်လမ်း မရှိနိုင်တော့။ ဒါပေမဲ့ သိပ်စိတ်ချလို့လည်း မရ။ သူ ဘာလုပ်ရရင် ကောင်းမလဲ။

“ညွန့်မောင်ကို ပြောလိုက်…ဆက်ခုတ်လို့။ အဲဒါ ငါ့လူနှစ်

http://www.cherrythitsar.org



ယောက် ငွေယူဖို့ လွှတ်လိုက်တာ။ ခုတ်နေတုန်း အပြန်မှာ တွေ့ရင် နှစ်ယောက်တည်းဆို မပစ်နဲ့။ အဲဒီ နှစ်ယောက်ထက်ကျော်ရင် ဘာမှ မေးမနေနဲ့။ အားလုံး ပစ်သတ်ပစ်လိုက်လို့။ ကြားလား…''

''ဟုတ်ကဲ့ ဆရာ။ တရာ တာဝန်ယူပါတယ်နော်''

''ဟော့ကောင်…ညွန့်မောင်ကို ပြောလိုက်။ ငါ လုပ်တဲ့အလုပ်ကို ငါ တာဝန်ယူတယ်လို့။ အဲဒီလူ ဟုတ်မဟုတ်သိရအောင် ငါ့လူနှစ်ယောက် ထည့်ပေးလိုက်မယ်။ ချစ်သိန်း‥။ ဖြူသီးနဲ့ လက်ပွားကို ထည့်ပေးလိုက်။ ဟိုနှစ်ကောင်အပြင် လူပိုပါလာရင် ပစ်သာပစ်လို့ ပြောလိုက်''

''ဟုတ်ကဲ့ ဆရာ''

ချစ်သိန်းတို့ ထွက်သွားတော့ ထက်ခေါင်ရင်ထဲမှာ ခံစားမှုက ပြောင်းသွားပြီ။ ခုနက ရင်ခုန်နွေးထွေးမှု မရှိတော့။ တကယ်တော့ ဒီစကားတွေကို စိုးမိုးရှေ့မှာ သူ မပြောချင်ပါ။ အခုတော့ ပြောလိုက်ရပြီ။

စိုးမိုးက သူ့ကို ငေးကြည့်နေသည်။ ပြီးတော့ ဖြည်းညှင်းစွာ ထွက်သွားသည်။ ထက်ခေါင် ဘာမှမတတိုင်တော့။ နောက်က လိုက် ခဲ့ကြသည်။ စခန်းရှေ့ကိုဖြတ်တော့ တဲတွေထဲက ''ဟော့…ဟား…ဟူး …အူး''ဆိုသော အသံများနှင့် ရှုတင်အဖွဲ့က လှောင်ကြသည်။ ထိုလှောင် သံတွေက စိုးမိုးအတွက်ဆိုတာ သူ သိသည်။ ထက်ခေါင်စိတ်ထဲ ဒေါသ ဖြစ်သွားသော်လည်း စိတ်ကို ထိန်းလိုက်သည်။ သူ အထဲကကောင် တွေ ထုတ်ပြီး တစ်ခုခုလုပ်လျှင် စိုးမိုးအပေါ် ပို၍ နာကျည်းစိတ် ဝင် သွားနိုင်သည်။

စိုးမိုးက နားကိုပိတ်ပြီး သူ့အခန်းတံခါးကို 'ဂျိမ်း'ခနဲ ပိတ်ပစ် လိုက်တော့ 'ဟေး…''ဟူသော လှောင်သံကြီး ပြိုင်တူထွက်လာလေ သည်။

●

တိတ်ဆိတ်သော ညပေါ်တွင် လသည် ထီးထီးကြီး သာလျက်ရှိ၏။

တစ်ခါတစ်ရံ တောထဲမှာ တိရိစ္ဆာန်အူသံ၊ သစ်ပင်လေတိုက်သံတို့မှအပ ဘာသံမှ မကြားရ။ ထိုလမင်းကြီးဝင်၍ နေမင်းကြီးထွက်သည့်အခါ သူတို့ဘဝတွေ ဘာဖြစ်ကုန်မည်နည်း။ ဘယ်လိုတွေ ပြောင်းလဲကြမည်နည်း။ စခန်းအတွင်းမှာ လှဲနေ၊ မျက်စေ့မှိတ်နေကြသော်လည်း မည်သူမှ အိပ်၍ မပျော်ကြ။ မနက်ဖြန်သည် သူတို့ကို အတွေးမျိုးစုံနှင့်ခြောက်လှန့်လျက်ရှိသည်။

ဝမ်းသာ အဆင်ပြေစရာအကြောင်းကို တွေးကြသော်လည်း ကြာကြာမခံ။ ကြောက်စရာအကောင်းဆုံး၊ အဆိုးဝါးဆုံး အခြေအနေကိုကြတော့လည်း ကြာကြာမတွေးရဲကြ။ သို့သော် မတွေးဘဲလည်း မနေနိုင်ကြ။ ထိုအတွေးနှစ်ခုအကြားတွင် လူးလယ်ခေါက်တုန့်နှင့် ဘယ်လိုမှညာလိုမှရင်း အိပ်စက်ခြင်းကို ရှာကြသည်။ သို့သော် အိပ်စက်ခြင်းသည်မတည်ငြိမ်သော ထိုအတွေးများကို ကျော်ကာ သူတို့ထံသို့ ရောက်မလာနိုင်။

ထက်ခေါင်ကတော့ အိပ်မရမှဲ့အတူတူ ဝီစကီကို အဝသောက်သည်။ သူ့ရင်ထဲမှာ အတွေးတွေက စုံကာနေသည်။ ညွှန့်မောင်တို့ဆီကသတင်းအရဆိုလျှင် ဟိုနှစ်ကောင် မသေနိုင်။ ငွေယူပြီး ပြန်ရောက်လာလျှင် အားလုံးကို ပြန်လွှတ်ပေးလိုက်ရတော့မှာလား။ ထိုအတွေးကို သူ

http://www.cherrythitsar.org



မတွေးရဲ။

သူဖြစ်စေချင်တာက ငွေယူသူတွေ မရောက်။ တစ်ယောက်ယောက်ကို သတ်မည်ဟု ခြိမ်းခြောက်မည်။ နောက်ဆုံး မေစိုးမိုး၏ တောင်းပန်မှုကြောင့် အားလုံးကို လွှတ်ပေးလိုက်မည်။ မေစိုးမိုးကိုတော့ သူက ခေါ်ထားလိုက်မည်။ တစ်ယောက်အသက်နှင့် အားလုံးအသက်ကိုတော့ သူတို့ လဲတန်ကောင်းပါသည်။

သို့သော် စိုးမိုးက သူ့အစီအစဉ်ကို လက်ခံပါ့မလား။ အားလုံးသူ့ရှေ့မှာ မသေစေချင်လို့ သူ့ဆန္ဒကို လိုက်လျောရသော်လည်း သူ့ကို ချစ်ပါ့မလား။ သူက အချစ်ခံချင်သူသာ ဖြစ်ပါသည်။ သူ စိုးမိုးကို အရမ်းချစ်သည်။ ထက်ခေါင် ဝီစကီပုလင်းကို ထပ်ခါဖွင့်သည်။ လမင်းကို ငေးသည်။ လမင်းက တည်ငြိမ်နေသလောက် မနက်ဖြန်ထွက်မည့် နေမင်းက ရှုပ်ထွေးလှသည်။ ခန့်မှန်းရ ခက်သည်။ ဖြူသီးနှင့် လက်ပွားကိုတော့ ဟိုကောင်နှစ်ကောင်တည်း ပြန်လာလည်း ပစ်သတ်ပစ်ဖို့ သူ မှာပြီးသားဖြစ်သည်။ သူ့လက်ထဲက ဝီစကီကို အကုန်မော့ပစ်လိုက်၏။ ဝီစကီသည် အိပ်စက်ခြင်းနှင့် ပူးပေါင်းကာ သူ့ထံသို့ အတင်းကျော်ဖြတ်ကာ လာသော်လည်း 'မနက်ကျလျှင်' ဆိုသော တံတိုင်းနားတွင် ရှုံ့နိမ့်နေမြဲ ရှုံ့နိမ့်ကာ နေ၏။

မေစိုးမိုးလည်း အိပ်၍ မရ။

ထက်ခေါင်ဆိုသည့်လူက လူတစ်ခါမှ မသတ်ဖူးပါဘူး ဆိုသော်လည်း သူ လိုချင်တာကိုတော့ ရအောင်ယူတတ်သူ ဖြစ်သည်ဆိုတာတော့ သေချာသည်။ ညနေက သတင်းအရဆိုလျှင် မာမီနွေးနှင့်အေးမင်းတို့ မသေကြသေး။ ငွေနှင့် ရောက်လာလျှင် ကတိအတိုင်း သူတို့ကို ထက်ခေါင်က လွှတ်ပေးမှာလား။

သူတို့အဖွဲ့မှာရော ဘာအစီအစဉ်တွေ ရှိနေသလဲ။ အဆိုးဆုံးက သူ့အဖွဲ့နှင့် သူ မတွေ့ရခြင်း၊ ဘာစကားမှ ပြောခွင့်မရခြင်းပင်ဖြစ်သည်။ ငွေရောက်လာပြီးမှ သူ့ကို မလွှတ်ဘူးဆိုရင်ရော သူ့အဖွဲ့က သူ့အတွက်

ဘာလုပ်ပေးနိုင်မည်နည်း။ ဇော်လတ်…။ သူကရော သူမအတွက် အဲဒီ အခြေအနေရောက်သွားလျှင် ဘာကူညီနိုင်ဦးမှာလဲ။ တစ်ယောက်အသက် နှင့် အားလုံးအသက် လဲထွက်သွားလျှင် သူ့ဘဝ ဆုံးပြီ။ သူချစ်သော အနုပညာနှင့်လည်း ဝေးပြီ။

ဒါမှမဟုတ် ပိုက်ဆံနှင့် ဟိုနှစ်ယောက် ပြန်ရောက်မလာလျှင် ကော။ ထက်ခေါင်က ဘယ်သူ့ကို အရင် စသတ်မည်နည်း။ ဇော်လတ် ဒါမှမဟုတ် ဦးတင်ကိုတို့ဆီမှာ အကြံအစည်တစ်ခုခုတော့ ရှိပါလိမ့်မည်။ သူ တစ်ခုခုကို သိထားချင်သည်။

'မနက်ဖြန်' ဟု တွေးလိုက်လျှင် မရေရာမှုနှင့် ဖြစ်နိုင်ချေအများ ကြီးထဲကို သူ့အိပ်ချင်စိတ်က အစိတ်စိတ်အမွှာမွှာ ကွဲကာ ပြေးထွက်သွား သည်။ ပြန်လည်စုစည်း၍ မရ။

ဇော်လတ်ကတော့ ဦးတင်ကိုနဲ့ အကြိမ်ကြိမ် တိုင်ပင်ပြီးပြီ။ သို့သော် ဦးတင်ကိုက သဘောမကျချင်။ စွန့်စားရာ ရောက်လွန်းသည်ဟု ထင်သည်။ အဆိုးဆုံး ကိစ္စနှစ်ခုက သူနှင့်မေစိုးမိုး မတွေ့ရခြင်းနှင့် အေးမင်းတို့အခြေအနေကို ထက်ခေါင်အဖွဲ့ထံမှ လုံးဝ စုံစမ်း၍ မရခြင်းပင် ဖြစ်သည်။ ညနေတုန်းကတော့ တခြားအဖွဲ့တစ်ဖွဲ့ ရောက်ကာလသည်။ ဘာတွေဖြစ်ကြသည် မသိ။ ဖြူသီးနှင့်လက်ပွားတို့ လိုက်ကာသွား၏။ အေးမင်းတို့ အဖွဲ့ကိုများ မိသွားပြီလား။

အဖြေမရှိသော မေးခွန်းတွေကို မေးနေမယ့်အစား အိပ်တာက ပိုကောင်းသည်ဆိုတာကို ဇော်လတ် သိပါသည်။ သို့သော် အိပ်၍မရ။

●

http://www.cherrythitsar.org



မည်သည့်တန်ခိုးရှင်မှ တားၡ်မရသော၊ မည်သည့်ဖန်ဆင်းရှင်မှ တားမရသောနေမင်းသည် သူတို့ကို ရက်စက်ဖို့လည်းမဟုတ်၊ ထက်ခေါင်ကို အားပေးရန်လည်း မဟုတ်ဘဲ သဘာဝအတိုင်း ထွက်လာလေသည်။

တဲစခန်းထဲက လူတွေအားလုံး ရှေ့က ဝါးလုံးမှာ မျက်နှာကပ်နိုင်သမျှ ကပ်၊ လာရာလမ်းဘက်သို့ ကြည့်နေကြသည်။ စခန်းတစ်ခုလုံး တိတ်ဆိတ်စွာ ဂလိုင်သံကို နားစွင့်နေကြ၏။

ထက်ခေါင်က ဝရံတာမှာ ဝီစကီတစ်ပုလင်းကို နံဘေးက ခုံပေါ်တွင် တင်ပြီး ဆယ်နာရီနှိုးစက်ပေးထားသော နာရီကို ဝီစကီ သောက်ရင်း ကြည့်ကာနေသည်။ စခန်းတစ်ခုလုံး တိတ်ဆိတ်နေ၏။ ဇော်လတ် အခြေအနေကို ကြည့်သည်။ စခန်းထဲက ဓါးပြတွေအားလုံးပင် တစ်စုံတစ်ရာလှုပ်ရှားမှု မရှိ။ ကိုယ့်နေရာမှာ ကိုယ်ရပ်၍ တစ်ခုခုကို ငံ့လင့်နေသလို ရှိသည်။

မေစိုးမိုးကို ရှာတော့ သူ့အခန်းရှေ့က သံတိုင်တွေကို ဆုပ်ကိုင်ကာ သူတို့ဘက်ကို မျှော်ငေးနားစွင့်နေဟန်ရှိသည်။ အချိန်က ဆယ်နာရီနား နီးနေပြီ။ ဘာအသံမှ မကြားရသေး။ ဦးသီဟနှင့် ဇော်လတ်တို့ တစ်ယောက်နှင့်တစ်ယောက် ကြည့်လိုက်ကြသည်။ ဇော်လတ် စိတ်ကို အသင့်ပြင်ထားလိုက်၏။

"လုံးစုံများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

http://www.cherrythitsar.org



ကြောက်တတ်၊ မကြောက်တတ် နှစ်ရပ်များစွာ သတ္တဝါ
ချမ်းသာကိုယ်စိတ် မြဲပါစေ”

ရုပ်ပွါးအမေ ဒေါ်ခင်မြရွတ်နေသော မေတ္တာပွားသံတိုးတိုးသာ မှန်မှန်တည်ငြိမ်စွာ ပျံ့လွင့်နေ၏။ ထိုစဉ် စူးရှကျယ်လောင်သော ဆယ်နာရီ နှိုးစက်သံက မြည်လေသည်။ အားလုံးရင်ထဲ ငြိမ့်ခနဲ ထိတ်ခနဲဖြစ်ကာ ထူပူကုန်၏။ အိလေးက အသံထွက်အောင်ပင် ငိုချလိုက်သည်။ ထက်ခေါင်က နှိုးစက်သံ မရပ်သေးသော နာရီကို ကိုင်ရင်း အေးဆေးစွာပင် ဆင်းလာသည်။ ပြီးတော့ အခန်းထဲက လူတွေအားလုံး မြင်အောင် ထောင်ပြသည်။ သူ့ပုံစံက “ကိုင်း…ဘယ့်နှယ့်ရှိစ” ဆိုသည့် ပုံစံမျိုး။

နှိုးစက်သံတိတ်သွားတော့ စခန်းတစ်ခုလုံး တိတ်ဆိတ်ခြင်းထဲ ကျုံ့ကျသွား၏။

“ဒေဝ…။ လူတွေအားလုံး တဲရှေ့မှာ ရပ်ခိုင်းလိုက်”

ဒေဝက တံခါးဖွင့်ပေးသည်။ အားလုံး တံရှေ့ထွက်ရပ်၍ တုန်လှုပ်ချောက်ချားနေကြသည်။ ထက်ခေါင်က ခါးထောက်ရင်း ရပ်နေသူတွေကို ကြည့်သည်။

“ဒေဝ…။ စိုးမိုးကိုပါ ခေါ်ခဲ့”

ဒေဝ ထွက်သွားတော့ ထက်ခေါင်နှင့်ဇော်လတ် မျက်ဝန်းချင်းဆုံကြသည်။ ထက်ခေါင်က ပြုံး၍ ဦးတင်ကို ဦးသီဟတို့ကို ကြည့်သည်။ မေစိုးမိုးရောက်လာတော့ တန်းစီရပ်နေကြသူတွေနှင့် ခပ်လှမ်းလှမ်းမှာ ဝင်ရပ်သည်။

“ကဲ…ထားခဲ့တဲ့ကတိအတိုင်း ဆယ်နာရီထိုးပြီ။ ဘာအသံမှ လည်း မကြားပါလား”

“ထက်ခေါင် ငါတို့ကို တစ်နာရီလောက် အချိန်တိုးပေးစေ့ချင် တယ်။ တောထဲမှာ သွားရတယ်ဆိုတာ မြို့မှာသွားရသလို တစ်နာရီ ဘယ်နှမိုင်နှုန်းနဲ့လျှောက်၊ ဘယ်နှနာရီရောက်တာမျိုး တွက်တိလုပ်လို့ ရတာမျိုး မဟုတ်ဘူးဆိုတာ မင်းလည်း သိပါတယ်”

http://www.cherrythitsar.org



“မရဘူး ဦးတင်ကို…။ ကျုပ် သူတို့ကို မှာလိုက်ကတည်းက ဆယ်နာရီမှာ သံချောင်းမခေါက်နိုင်ရင် မင်းတို့ထဲက တစ်သက်သွားပြီလို့ ပြောထားပြီးသားလေ…။ ကတိ တည်မှပေါ့”

ဦးတင်ကို ဘာဆက်ပြောရမှန်းမသိ။ မေစိုးမိုးကိုပါ ခေါ်ထားသဖြင့် မဲန္နိုက်တာမျိုးလည်း ဖြစ်နိုင်သည်။ ထက်ခေါင်က စီးကရက်တစ်လိပ်ကို မီးညှိသည်။

“မင်း ပစ်သတ်ပြီးမှ ခေါင်းလောင်းသံကြားရင် ငါတို့ဘက်က လူတစ်ယောက် သက်သက် မဆုံးရှုံးဘူးလား ထက်ခေါင်”

“ငါ့ကို မေးခွန်းတွေမေးပြီး အချိန်ဆွဲဖို့ ကြိုးစားမနေနဲ့ ဇော်လတ်။ ငါ့စကားက ရှင်းနေပြီ”

ထက်ခေါင် လက်ထဲက နာရီကို ပစ်ချလိုက်သည်။ ဘယ်ဘက်လက်က ဝီစကီကို တစ်ရှိန်ထိုး မော့သောက်ပစ်လိုက်သည်။ ပြီးတော့ ဖန်ခွက်ကို တဲဆီ လွှင့်ပစ်လိုက်သဖြင့် ဝါးလုံးနှင့်ထိ၍ ခွမ်းခနဲ ကွဲထွက်သွားသည်။

ထက်ခေါင် တစ်ခါမှ လူမသတ်ဖူးဘူးဆိုတာ ဟုတ်ပုံရသည်ဟု မေစိုးမိုး ယုံသည်။ ထက်ခေါင် တော်တော်မူးအောင် သောက်ထားသည်။

“ကိုထက်ခေါင်…ခဏလေးတော့ စောင့်ပေးပါလား။ စိုးမိုး တောင်းပန်ပါတယ်။ စိုးမိုးတို့က ကိုထက်ခေါင် လက်ခုပ်ထဲက ရေပဲ…။ ညနေမှ…”

ထက်ခေါင် မေစိုးမိုးကို မကြည့်ဘဲ ဘယ်ဘက်လက်ညှိုးကို ထောင်ကာ လှုပ်ရမ်းရင်း ခေါင်းကို ခါသည်။

“ကဲ…ဒါဆိုလည်း အချိန်ကြာတယ် ထက်ခေါင်။ မင်း ငါ့ကိုပဲ သတ်မှာ မဟုတ်လား။ သတ်ချင် သတ်တော့”

ဇော်လတ်က ပြောရင်း တန်းရှေ့သို့ တက်သည်။ အားလုံး တုန်လှုပ်သွားကြ၏။

“သား…မင်းက ငယ်ပါသေးတယ်ကွယ်။ အမေတို့က အသက်

http://www.cherrythitsar.org



ကြီးပါပြီ။ အမေ့ကိုပဲ သတ်စရာရှိ သတ်ကြပါ''

ဒေါ်စုဟန်က မျက်ရည်ဝဲရင်းဆိုကာ ရှေ့တက်လာသည်။ ဒေါ်စုဟန်ကို ယက္ခက ဝင်ဆွဲရင်း...

''ဟော့ကောင် ထက်ခေါင်... ။ ငါ့ကိုပစ်... ငါ့ကို ပစ်စမ်း''

ထိုစဉ် မထင်မှတ်သော ဖြစ်ရပ်တစ်ခု ဖြစ်သည်။ မေစိုးမိုး ပြေးထွက်ကာ ရှေ့မှာ ဝင်ရပ်သည်။

''ထက်ခေါင်...။ ငါလည်း အဖမ်းခံရတဲ့ထဲက လူတစ်ယောက်ပဲ။ ငါ့ကိုသာ သတ်တော့''

ထက်ခေါင် သေနတ်ကို ဆွဲထုတ်ပြီး မိုးပေါ် ထောင်ပစ်လိုက်သည်။

''မင်းတို့ သိပ်သေချင်နေကြတယ်ပေါ့။ ဟုတ်လား...။ အေး... သေရမယ်။ တစ်နေ့တစ်ယောက် မှန်မှန်ကြီးကို သေစေရမယ်။ မင်းတို့ ငါ့ကို အချိန်မဆွဲနဲ့။ ငါ သတ်ချင်တဲ့လူကို ငါ့ဘာသာ ရွေးမယ်။ ဒေဝ... ချစ်သိန်း။ ဇော်လတ်ကို ဆွဲထုတ်လိုက်။ ကျန်တဲ့လူတွေ နောက်ဆုတ်ခိုင်း''

ထက်ခေါင်တပည့်တွေက လူတွေကို အတင်းတွန်းအာ သေနတ်နှင့်ချိန်ကာထားသည်။ ထက်ခေါင်က ဇော်လတ်ကို လူတွေနှင့် လွတ်ရာဘက်သို့ ထုတ်ကာ ခိုင်းသည်။ ထက်ခေါင် တုန်လှုပ်နေပုံရသော်လည်း ဇော်လတ်က တည်ငြိမ်စွာပင် ပြောသည်။

''တို့ထားထားတဲ့ ကတိအတိုင်း ငါ အသတ်ခံမယ် ထက်ခေါင်။ ဒါပေမဲ့ သေခါနီးလူကို နောက်ဆုံးအခွင့်အရေးပေးရတယ်ဆိုတာတော့ မင်း ကြားဖူးမှာပေါ့''

''ဘာလဲ...။ ရဲဆေးတင်ဘို့ အရက်သောက်ချင်လို့လား''

''ငါ ရဲဆေးတင်စရာ မလိုပါဘူး။ ကြောက်နေတာက မင်းပါ။ ငါ နောက်ဆုံးအခွင့်အရေးတစ်ခု တောင်းချင်တယ်''

''ကဲ...ဘာလဲ။ ပြော...''

အားလုံး တိတ်ဆိတ်၍ ဇော်လတ်ကို ငေးနေကြသည်။ ဇော်လတ်က ဦးတင်ကိုနှင့် ဦးသီဟကို ကြည့်သည်။ ပြီးတော့ မေစိုးမိုးကို ကြည့်သည်။

"ငါ မေစိုးမိုးနဲ့ ခဏ စကားပြောချင်တယ် ထက်ခေါင်"

စကားဆုံးသည်နှင့် ထက်ခေါင်က ဟက်ဟက်ပက်ပက် ရယ်လေသည်။ ကိုယ်ခန္ဓာကို လှုပ်ရမ်းရင်း အားရပါးရကို ရယ်သည်။

"ဘာလဲ…။ မင်းက သေခါနီး အလွမ်းသယ်ချင်တယ်ပေါ့ ဟုတ်လား။ ဟား…ဟား"

"ဒါ…ငါ့ကိစ္စပါ။ ငါနဲ့မေစိုးမိုး သူ့အခန်းထဲမှာ ငါးမိနစ် စကားပြောချင်တယ်"

"ဘာလဲ…။ နောက်ဆုံးအနမ်းကလေး တောင်းမလို့လား ဇော်လတ်။ ဟား…ဟား…ဟား…။ ပြောစေဗျား…ပြောစေ။ ဒေဝ လိုက်ပို့ပေးလိုက်။ ချစ်သိန်း ငါ့အတွက် တစ်ခွက်သွားယူခဲ့။ ငါးမိနစ် အချိန်ပေးမယ် ဇော်လတ်။ ပြီးရင် မင်းကို ငါကိုယ်တိုင် သတ်မယ်"

မေစိုးမိုး ဝမ်းသာသွားသည်။ ဇော်လတ်မှာ အကြံတစ်ခုရှိတာ သေချာပြီ။ ဒေဝက ဇော်လတ်ပခုံးကို တွန်းကာ သွားသည်။ မေစိုးမိုး နောက်မှ တုန်လှုပ်ကာ လိုက်သွား၏။ အခန်းရှေ့ရောက်တော့ ဇော်လတ်ကို ဒေဝက တွန်းထည့်လိုက်သည်။ မေစိုးမိုးက တံခါးဝမှာ မရဲတရဲ ရပ်နေပြီးမှ ဝင်လိုက်သည်။

"တံခါးပိတ်လိုက် ဒေဝ။ ဒါ…ငါ့နောက်ဆုံးအချိန် မင်းတို့ကြားစရာ၊ ရှိစရာ မလိုဘူး"

စကားကြောင့် ဒေဝက တံခါးကို စေ့ပိတ်ပေးလိုက်သည်။ အခန်းသည် တိတ်၍သွား၏။

"မေစိုး"

ဇော်လတ်ခေါ်သံကြောင့် မေစိုး မော့ကြည့်သည်။

ဇော်လတ်နှင့် မေစိုး မျက်ဝန်းချင်း စက္ကန့် သုံးဆယ်လောက်

ဆုံသည်။ မေစိုး ဘာမှမပြောနိုင်။ ခဏနေမှ ဇော်လတ်က သက်ပြင်းချရင်း

“နင် ညံ့တယ် မေစိုး။ ငါတို့တိုင်ပင်ထားတဲ့အတိုင်း ပြဿနာတက်အောင်လုပ်ပြီး နင် သူ့ကို စည်းရုံးဖို့ ငါ့အသား အနာခံ၊ ဒုက္ခခံပြီး ပို့ခဲ့တာ အလကားပဲ။ နင့်အလုပ်ကို နင် တာဝန်မကျေဘူး”

မေစိုးစကားသံ ထွက်မလာ။ ခဏကြာမှ…

“ငါလည်း တတ်နိုင်သမျှတော့ စည်းရုံးတာပဲ။ သူ ငါ့ကို ရည်းစားစကားပြောတဲ့အဆင့်အထိတော့ ရောက်တယ်။ ငါ အဖြေမပေးသေးဘဲနဲ့ အချိန်ဆွဲပါတယ်။ ဒါပေမဲ့…မရဘူး”

“နင် ဟန်ဆောင်ရင်းနဲ့ သူ့ဘက်ကို နည်းနည်းတော့ ပါသွားတယ် မဟုတ်လား”

“သူက ဓါးပြခေါင်းဆောင်တစ်ယောက် မဟုတ်ဘူးဆိုရင်တော့ ငါ ငြင်းစရာမရှိပါဘူး။ ဒါပေမဲ့ ငါ ဒီမှာတော့ ဟန်ဆောင်တာ သက်သက်ပါ”

“နေစမ်းပါဦး…။ ပန်းအိုးနဲ့ ရေဆင်းခပ်တဲ့နေ့က သူလာမှ တမင်မေးမှန်းသိရက်နဲ့ နင်က ငါ့ခေါင်းကို ဘာကိစ္စ ပန်းအိုးနဲ့ ထုရတာလဲ။ မသေခင် အဲဒါ ငါ…သိချင်တယ်”

“ဩ်…သေနတ်အတုကိစ္စမှာတုန်းက နင် ငါ့ပါးကို တကယ်ချတာလေ။ နင်…မင်းသားပဲ။ ပါး ဘယ်လိုရိုက်ရတယ်သိရဲ့သားနဲ့ ဘာဖြစ်လို့ ငါ့ကို တကယ်ချတာလဲ”

“ဟ…ဒါမှ ယုံမှာပေါ့ဟ။ ဒီကိစ္စကြောင့် နင်က ငါ့ကို အမုန်းကြီး မုန်းသွားပြီဆိုတာ သိအောင်လို့ပေါ့။ သဘာဝကျအောင်ပေါ့”

“အေး…ငါလည်း အဲဒီလိုပဲ သဘာဝကျအောင် ထုတာပေါ့။ သိပြီလား…”

ပိတ်ထားသောတံခါး ဝုန်းခနဲ ပွင့်သွားသည်။

ထက်ခေါင် လက်ခုပ်တီးကာ ဝင်လာ၏။ ထက်ခေါင်က လက်ခုပ်ကို တဖြောင်းဖြောင်းတီးရင်း…

"တော်တယ်ဟေ့…။ မင်းတို့အားလုံး တော်တယ်။ ငါ ဖမ်းထားတဲ့အဖွဲ့ဟာ ရုပ်ရှင်အဖွဲ့ဆိုတာကို ငါ တကယ်မေ့သွားတယ်။ မင်းတော်တော် အကြံကြီးတဲ့ကောင်ပဲ ဇော်လတ်"

ဇော်လတ်က ပြုံးသည်။ မစိုးမိုးက ထက်ခေါင်အနားကို မသိမသာ ကပ်သည်။

"လူဆိုတာ ကြံရင်းသေတယ်ဆိုတာ မင်း ကြားဖူးမှာပေါ့"

"အိုး..ဟား…ဟား…ဟား…။ ဟုတ်တယ်…ဟုတ်တယ်။ အဲဒီစကားပုံက မင်းအတွက် သိပ်မှန်တာပဲ။ မင်း ကြံတယ်။ အဲဒီအကြံကြောင့်ပဲ မင်း သေတော့မယ်။ ကြံရင်းသေ…ကြံရင်းသေပေါ့ကွာ။ ဟား…ဟား…ဟား"

ထက်ခေါင်က ရယ်ရင်း ခါးရှေ့က သေနတ်ကို ဆွဲထုတ်သည်။ ပြီးတော့ နံဘေးက စိုးမိုးကို လှမ်းဖက်ကာ ဇော်လတ်ကို သေနတ်ထိုးအချိန်တွင် မစိုးမိုးက သေနတ်ကို လုကာ ဇော်လတ်ကို လှမ်းပစ်လိုက်၏။

ဇော်လတ်လက် ပူခနဲဖြစ်ကာ နံရံမှာ သွေးတွေ ဖြန်းခနဲစဥ်တာမြင်ပြီး မစိုးမိုး မူးလဲသွားသည်။ ခွေကျသွားသော မစိုးကို ထက်ခေါင်အသာဖေးအချမှာ ဇော်လတ်က ပြေးကာ လူချင်းလုံးသည်။

အခန်းထဲက သေနတ်သံကြောင့် အပြင်မှာ သေနတ်နှင့် ချိန်ထားသူတွေ အခန်းထဲသို့ လှမ်းအကြည့်မှာ ဦးသီဟက ဦးဆောင်ကာ သေနတ်ကိုင်ထားသူများကို ဝင်လုံးကြသည်။ ရုတ်တရက်မို့ အားလုံးလုံးထွေးကုန်ကြသည်။

ဇော်လတ်က ထက်ခေါင်လည်မျိုသို့ တံတောင်နှင့်ထောက်ကာ လက်ကို ချုပ်ရန် အပေါ်က ကြိုးစားသည်။ ထက်ခေါင်က ဇော်လတ်လက်မောင်းက အနာကို လက်သီးဖြင့် ထိုးသည်။ ဇော်လတ် နာလွန်းသဖြင့် လိမ့်ထွက်သွား၏။ နှစ်ယောက်စလုံးအထမှာ ထက်ခေါင်က ဇော်လတ်ကို တံတောင်ဖြင့်ပတ်ကာ ရိုက်သည်။ ဇော်လတ်က လွတ်သည်

http://www.cherrythitsar.org



ဆိုရုံ ရှောင်တိမ်းပေးလိုက်တော့ မူးလဲရာမှ ကုန်းထကာ သေနတ်ကို ကိုင်ထားသော မေစိုးမေးရိုးကို တည့်တည့်ထိသည်။ မေစိုး အရုပ်ကြိုးပြတ် ပုံကျသွားသည်။ သေနတ်လည်း အခန်းထောင့်ကို ရောက်သွားသည်။

ဇော်လတ်က ခြေဖြင့် ပတ်ကန်သည်။ ထက်ခေါင် ပထမပတ် ခြေကို ရှောင်နိုင်သော်လည်း ဒုတိယဝဲခြေနှင့် မလွတ်။ ဂွမ်းပစ်ကာ ကျသည်။ ပြေးဝင်ကာ ချုပ်ရန်ကြိုးစားသော ဇော်လတ်ကို ထက်ခေါင်က အရှိုက်သို့ ဘယ်ခြေနှင့်ထောက်ကာ မေးဖျားကို ညာခြေနှင့် ခတ်သည်။ ဇော်လတ် အခန်းထောင့်သို့ လွင့်ခနဲ မြောက်တက်သွားပြီး နံရံနှင့် ရိုက်မိသည်။

အပြင်မှာလည်း ပွဲက ကြမ်းသည်။

သေနတ်အရှည်များဖြစ်သဖြင့် ဝင်လုံးတော့ ဘာမှ သုံးမရတော့။ ရိုက်ရုံ ထိုးရုံသာ တတ်နိုင်ကြတော့သည်။ ဗလကြီးက သူနှင့်လုံးဖက် ခါးပြသေနတ်ကို အတင်းလုကာ လိမ်ရင်း သူ့လက်ထဲရောက်တော့ လွင့်ကာပစ်လိုက်သည်။ ထိုသေနတ်က တဲရှေ့မှာစုကာ ဖက်ထားကြသော မိန်းကလေးအုပ်စုထဲက ဒေါ်စုဟန်ခေါင်းပေါ်သို့ ကျသည်။ ဒေါ်စုဟန် ခွေခနဲ လဲကျသွား၏။

"လာလေကွာ…လာခဲ့"

ဗလကြီးလူက ဘောက်စင်ရေးပြကာ ခေါ်သည်။ ဗလကြီးက ညာခြေနှင့် ဘယ်လက်အယောင်ပြကာ ညာလက်သီးကို အားကုန်လွှတ် သည်။ သို့သော် မျက်နှာနားရောက်တော့ အကြိမ်ကြိမ်လေ့ကျင့်ခဲ့သော အလေ့အကျင့်အရ ရုပ်ရှင်ထဲကအတိုင်း မျက်နှာကိုမထိဘဲ ချော်ထိုးမိ သည်။ ဟိုကောင်ပင် ကြောင်သွား၏။ ပြီးမှ သတိဝင်ကာ ဗလကြီးမျက်နှာ ကို မိမိရရကြီး တီးပစ်လိုက်သည်။ ဗလကြီး ယိုင်ကာသွား၏။ လဲတော့ မလဲ။

"ဟား…မင်းနဲ့ငါ ပြန်တွေ့ကြပြန်ပြီလား။ လာလေ…လာ"

ဗလကြီး မွန်သွားကာ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ

http://www.cherrythitsar.org



ဘယ်ညာ ခြေရောင်ပြ၊ ဘယ်ညာဟန်ရေးပြရင်း ပတ်ခြေနှင့် ကုန်သည်။ သို့သော် ထုံးစံအတိုင်း မင်းသားကို ကန်သလိုသာ မထိဘဲ ဝဲသွား၏။ ဟိုကောင်က တစ်ပတ်ပြန်လည်လာသော ဗလကြီး၏မျက်နှာကို ထိထိမိမိ ကြီးကို တီးထည့်လိုက်လေသည်။

ဗလကြီးလက်သီးဘရိတ်နှင့် ခံနေရသည်ကို ဦးသီဟက မြင်သည်။ သူ့ထံ ဘက်နှက်ကို ထုတ်ပြီး ပြေးဝင်လာသူတစ်ဦးကို လက်ကောက်ဝတ်မှ လိမ်ချိုးကာ ဇက်ပိုးကို တံတောင်နှင့် အားကုန်ထောင်းချသည်။ ဟိုကောင် လှုပ်ပင် မလှုပ်နိုင်တော့။

ဗလကြီး ထိအောင်မထိုးတတ်တာကို ယုံသွားသော လူက မျက်နှာကို ဖွင့်ကာ ဟန်ရေးပြနေသည်။ ဗလကြီးမျက်နှာမှာ သွေးတွေရွှဲနေပြီ။ ဒီတစ်ခါတော့ ထိစေရမည်ဟု ဆုံးဖြတ်ကာ ဖွင့်ပေးထားသော မျက်နှာကို အားကုန်ထိုးအပစ်မှာ လှမ်းမြင်သော ဦးသီဟက ဗလကြီး တံတောင်ဆစ်ကို နောက်မှ အားရပါးရ ပြေးကာကန်သည်။ ဗလကြီး လက်သီးကြီး ဟိုကောင့်မျက်နှာကို တည့်တည့်ကြီး ဝင်ကာသွား၏။ ဟိုငတိ ဖင်ထိုင်ရက်လဲကာ ဗလကြီးကို မယုံသလိုကြည့်ရင်း ခွေကျသွားသည်။

ယက္ခက တစ်ယောက်နှင့် ရင်ဆိုင်နေတုန်း ဟိုဘက်က ဓါးပြတစ်ယောက်ကန်ချက်က သူ့ပခုံးကို ထိသည်။ ယောင်ကာ ရပ်ရှင်ထဲကလို လေထဲ၀ွမ်းသုံးလေးပတ်ထိုးကာ လှဲချလိုက်ပြီးမှ မဟုတ်သေးပါဘူးဆိုကာ ပြန်အထတွင် ချစ်သိန်းလက်သီးက ယက္ခကြီးအရှိုက်သို့ တည့်တည့်ကြီး ဝင်ကာသွား၏။ ယက္ခကြီး ဒူးထောက်လျက်ကျသွားပြီး ချစ်သိန်း၏ ပေါင်ကိုကိုင်ကာ ခွကြားသို့ ခေါင်းနှင့် အားရပါးရ တိုက်ထည့်လိုက်သည်။ ချစ်သိန်း "အု"ခနဲ တစ်ချက်အော်ကာ ယက္ခကြီးအပေါ်သို့ ပိကျကာ ငြိမ်သွား၏။

အကြံအပိုင်ဆုံးက ကြာစေ့ဖြစ်၏။ ဝင်လုံးကြ၊ ထွေးကြ၊ စော်ကြ၊ နှက်ကြကတည်းက သူက မြေကြီးမှာ မှောက်ကာနေသည်။

မသိလျှင် တစ်ယောက်ယောက်က ထိုးကာ ခံထားရသဖြင့် မေ့လဲနေသလို ထင်ရ၏။ သူ့လက်ထဲတွင် ဝါးတဲဆောက်စဉ်ကတည်းက ခိုးထားသော သံတူတစ်လက်ရှိသည်။ လဲနေသော သူ့အနီးသို့ ခြေထောက်တွေရောက်လာလျှင် သူက ရှူးဖိနပ်၊ ဘွတ်ဖိနပ်စီးထားသော ခြေထောက်တွေကို ရွေးကာ ခြေမ မိ ခြေမ၊ ခြေသားလုံးမိ ခြေသလုံးကို အားနှင့်ထုသည်။ ဓါးပြတွေ ရုတ်တရက်ခံရသဖြင့် ခွေအကျမှာ ကိုယ်နှင့် ရင်ဆိုင်ရသူ၏ အနံ့ကို ခံကြရလေသည်။ ကြာစေ့က ဟိုနေရာလိုမ့်လိုက်မေ့ချင်ယောင်ဆောင်လိုက်နှင့် နံ့နေရင်း သူ့မျက်စေ့နားရောက်လာသော ခြေထောက်၏ ခြေဖမိုးတည့်တည့်ကို ထုချသည်။ အားခနဲအော်ကာ လဲကျသူက သိန်းငှက်ကြီး။

ဒူးထောင်ရက်ကျလာသော သိန်းငှက်ကို ဓါးပြက သေနတ်ဒင်နှင့် ထုကာချလိုက်သည်။ ဒီတော့မှ ကြာစေ့က သေနတ်ဒင်နှင့်ထုသူဒူးဇစ်ရှိ ဂုံညင်းထိုးကို အားရပါးရကြီး တူနှင့်ထုချလိုက်၏။ ငတ်သေနတ်ပစ်ချကာ ဆောင့်ကြောင့်ထိုင်ရင်း ကိုယ့်ဒူးခေါင်းကိုပိုက်ကာ တအားအားအော်ရင်း ချာလပတ်ရမ်းကာ ကျန်ရစ်ခဲ့၏။

ဇော်လတ်နှင့် ထက်ခေါင်တို့နှစ်ယောက်ပွဲက လက်ရည်တူမို့ကြည့်ကောင်းသည်။ ဇော်လတ်က ရုပ်ရှင်အတွက် ဆရာများနှင့် စနစ်တကျသင်ထားသလို ထက်ခေါင်ကလည်း ဓါးပြခေါင်းဆောင်မို့ ဆရာကောင်းထံမှာ သင်ထားဟန်ရှိသည်။

ဇော်လတ်က ဘယ်ယောင်ပြကာ ညာနှင့်ကန်သည်။ ထက်ခေါင်က ညာလက်နှင့်ပုတ်ထုတ်ကာ ဘယ်လက်သီးဖြင့် ထိုးချသည်။ ကပ်၍ဇော်လတ် မရှောင်ရဲ။ အလွတ်ရှောင်ကာ ခွာရသည်။ ကပ်ရှောင်သောနှစ်ခါစလုံး လက်သီးလွန်သည်နှင့် တံတောင်က ဝင်လာသဖြင့် ခံရတာနှစ်ခါရှိပြီ။

အပြင်မှာ ဒေဝနှင့် ဦးသီဟ တွေ့ကြသည်။ ဒေဝက ဓါးမြှောင်ကို ညာလက်နှင့် အတည့်မကိုင်ဘဲ ဂုက်ကာ လက်ဖျံရိုးနှင့်အုပ်ကာ

http://www.cherrythitsar.org



ကိုင်ထားရင်း အလစ်ကို ချောင်းသည်။ ဦးသီဟက ဘယ်ခြေကို မြဲအောင် အားထည့်ကာ ညာခြေကို ဖွထားရင်း အသာဖွင့်ပေးတော့ ဒေဝက ဖျပ်ခနဲဝင်ကာ ဦးသီဟ လည်ပင်းကို ဖိကာ ငုံ့ရှောင်ရင်း သူ့ခေါင်းပေါ် ဒေဝ ဓါးကိုင်ထားသည့်လက်အဝဲတွင် ချိုင်းအောက် အတွင်းသားကို သန်မာလှသော သူ့လက်မ လက်ညှိုးနှင့် အားကုန်ဆောင့်ဆွဲချလိုက်ရာ ဒေဝလက်တစ်ချောင်းလုံး ကျင်ကာ ဓါးလွတ်ကျသွားတော့မှ အားထည့် ထားသော ဘယ်ခြေနှင့် ခါးကို ဖြတ်ကန်သည်။ ဒေဝ မှောက်လဲကျသွား သည်။ ပြီးပြီ ခါးကျိုးသွားပြီ။

ဦးတင်ကိုက သေနတ်ဒင် ကျသဖြင့် ခေါင်းထိကာ မေ့သွား သော မိန်းကလေးအုပ်စုကို ခေါ်ကာ တဲအနောက်လွတ်ရာသို့ ပုန်းသည်။

"ရှင်က သေနတ်ပစ်တတ်လို့လား"

ဦးတင်ကို သေနတ်ကို ငုံ့ကြည့်ရင်း…

"မပစ်တတ်ဘူး။ ကိုင်တော့ ထားရမှာပဲ"

ထိုစဉ် သူတို့တဲနောက်ကို ဓါးပြတစ်ယောက် လွင့်ကျလာ၏။ လူးထဲထတော့ ဦးတင်ကိုက သေနတ်ဖြင့် ထိုးကာချိန်သည်။

"ဟေ့ကောင် လက်မြှောက်"

ပထမ ဓါးပြက ကြောင်ကာ မြှောက်သည်။ နောက်တော့မှ သေနတ်ကို လှမ်းကြည့်ပြီး ပြုံးသည်။ သေနတ်က မောင်းတင်မထား။ ဓါးပြက တစ်လှမ်းချင်း တိုးကာလာသည်။

"ဟေ့ကောင်…ရပ်နော်။ မရပ်ရင် ပစ်ပြီမှတ်"

"ပစ်လေ…။ ခင်ဗျား သေနတ်မှ မပစ်တတ်ဘဲ"

ထိုစဉ် တဲအောက်သို့ ရောက်နေသော ကြာစေ့က ဓါးပြခြေ ထောက်ကို တူနှင့်လိုက်ချိန်ရင်း ပိုင်ပြီဆိုကာ ထုချလိုက်သည်။ သို့သော် လွဲကာသွား၏။ ဓါးပြက ကြောင်ကာ ဘာပါလိမ့်ဆို ငုံ့အကြည့်မှာ ဒေါ်မေခင်က ဦးတင်ကိုလက်ထဲက သေနတ်ကို ပြောင်းမှယူပြီး ဓါးပြ ခေါင်းကို အားရှိပါးရှိ နှံထည့်လိုက်၏။ ဓါးပြ မှောက်ကာသွားသည်။

http://www.cherrythitsar.org



ထက်ခေါင် လှမ်းကန်သော ခြေအရင်းကို ဇော်လတ်က ချိုင်းနှင့် ညှပ်ဖမ်းကာ နောက်ခြေ ပြန်မဝင်လာခင် ကိုယ်ကိုတစ်ပတ်လှည့်ကာ လွှင့်ပစ်လိုက်၏။ ထက်ခေါင် နံရံနှင့်တိုက်မိကာ ပိုလျက်ကျသည်။

ထိုအချိန်တွင် မည်သူမှ ထင်မထားသော သံချောင်းခေါက်သံကြီး ကျယ်လောက်စွာထွက်လာသဖြင့် အားလုံးရပ်ကာ တအံ့တသြကြည့်တော့ ဝင်းအဝင်ဝမှာ လက်မြှောက်ကာ ဝင်လာသော ဖြူသီးနှင့်လက်ပွား။ နောက်က လက်မြှောက်ထားကြသော ညွန့်မောင်တို့အဖွဲ့။ ထို့နောက်မှ သေနတ်နှင့်ချိန်ကာ ဝင်လာကြသော ပြည်သူ့စစ်များ၊ ပြည်သူ့ရဲများ။ တပ်ကတော့ စခန်းတစ်ခုလုံးကို စနစ်တကျ ဝိုင်းကာထားလိုက်၏။

ဇော်လတ် ဝမ်းသာကာ ထိုအဖွဲ့တွေထဲမှာ ရှာတော့ အေးမင်း။ မာမီနွေးက ဂလိုင်ကို သံချောင်းနှင့် ခေါက်လျက်။ နှစ်ယောက်စလုံး မသေကြ။ ထိုဝမ်းသာချိန်ကလေးမှာပင် နောက်ကနေ ဇော်လတ် မိမိရရ အချုပ်ခံလိုက်ရသည်။ ပြီးတော့ နားထင်ကို လာထောက်သော သေနတ်ပြောင်းဝ။

ဇော်လတ်ကိုင်ပေါက်တာခံလိုက်ရသော ထက်ခေါင်က သေနတ်ရှိရာနားသို့အကျ ဇော်လတ် မေ့အငေးနှင့် ခံလိုက်ရခြင်းဖြစ်သည်။ ထက်ခေါင်က ချိုင်းလှို့ဇက်လိမ်နည်းဖြင့် မလွတ်တမ်းချုပ်ကာ ဇော်လတ်ကို ကာရင်း ထွက်လာသည်။

"အားလုံးဖယ်နော်...။ မဖယ်ရင် ကျုပ် ဒီကောင့်ကို အပစ်ပဲ။ ဟော့ကောင်တွေ...လက်နက်မချနဲ့ဦး"

လက်နက်မချနှင့် ဆိုသော်လည်း သူ့လူတွေ တော်တော်များများက မှောက်ကုန်ပြီ။ သူ့ရှိသည့်အားက ပြည်သူ့စစ်အားကိုပင် မယှဉ်နိုင်တော့မှန်း ထက်ခေါင်သိသည်။ သို့သော် မိထားသော မင်းသားအားကိုးနှင့် သူ ကိုယ်လွတ်ရုန်းဖို့ နောက်ဆုံး ကြိုးစားသည်။

ထိုအချိန်တွင် မေစိုးမိုး သတိရကာ ပတ်ဝန်းကျင်ကို ကြည့်သည်။ အခြေအနေကို ချက်ချင်းသဘောပေါက်ကာသွား၏။ ဗိုလ်ကြီး

http://www.cherrythitsar.org



တစ်ဦးက…

"ဟေ့..အရမ်းမလုပ်ကြနဲ့ဦးဟေ့"ဟု သတိပေးသည်။ သေနတ်နှင့်တော့ ထက်ခေါင်ကိုရော ဇော်လတ်ကိုပါ ချိန်ထားသည်။ ဇော်လတ်က ကာဗာဖြစ်နေ၏။

မေစိုးမိုး အိမ်ထဲမှ ဖြည်းညင်းစွာ ထွက်လာရင်း ထက်ခေါင်အနားမှာ ရပ်သည်။ အားလုံး ရင်တထိတ်ထိတ်နှင့် တိတ်ဆိတ်ကာနေကြ၏။

မေစိုးမိုးက ထက်ခေါင်ကို မျက်ဝန်းချင်းဆုံကာ ငေးကြည့်သည်။ စူးစူးနစ်နစ် စိုက်ကာကြည့်သည်။ မေစိုးမိုး မျက်ဝန်းထဲမှာ မျက်ရည်ချက်ချင်းဝဲကာ တက်လာ၏။

"ကိုကို"

ထက်ခေါင် တစ်ချက်တွန့်ကာသွားသည်။ ဘာလုပ်ရမှန်း မသိ။

"ကိုကို…။ ခုနက စိုးမိုးနဲ့သူ အခန်းထဲမှာပြောတဲ့စကားတွေကို ကိုကို အကုန်ကြားတယ် မဟုတ်လားဟင်။ ကိုကိုသာ ဓါးပြတစ်ယောက် မဟုတ်တော့ဘူးဆိုရင်…"

ထက်ခေါင် ဘာပြောရမှန်း မသိ၊ ဘာလုပ်ရမှန်းလည်း မသိ။

"ဒီအချိန်ဟာ စိုးမိုးဆုံးဖြတ်ထားတဲ့အဖြေ ပေးဖို့ အကောင်းဆုံးအချိန်ပါ ကိုကို…။ ကိုကို စိုးမိုးကို ချစ်တယ်ဆို…"

စိုးမိုးမျက်ဝန်းထဲမှာ မျက်ရည်က ဝဲရာမှ မျက်ဝန်းထောင့်တွင် စကာ အိုင်ထွန်းလာနေသည်။

စိုးမိုးက လက်ကို အသာမြှောက်ကာ ဇော်လတ်နားထင်ကို ထောက်ထားသော သေနတ်ပြောင်းပေါ်သို့ သူ့လက်ညှိုးကလေးကို အသာကလေး တင်လိုက်သည်။ နားထင်ကို သေနတ်အထောက်ခံထားရသော ဇော်လတ် ဘုရားတနေရ၏။

"ကိုကို…"

မေစိုးမိုး မျက်ဝန်းထဲက မျက်ရည်စက်ကြီးနှစ်စက် လိမ့်ဆင်းကျ

http://www.cherrythitsar.org



လာသည်။ ပြီးတော့ သေနတ်ပြောင်းဝပေါ်သို့ တင်ထားသော လက်ညှိုးကို အသာကလေး အားထည့်ကာဖိသည်။ စိုးမိုးက မျက်ရည်ကြားမှ အားရပါးရ ပြုံးကာပြသည်။

ဖော်လတ်နားထင်မှ သေနတ်ပြောင်း တဖြည်းဖြည်း အောက်ကို ကျကာ လက်ထဲမှာ တွဲလောင်းဖြစ်ကာသွား၏။

ပြည့်သူ့စစ်တပ်က စနစ်တကျချဉ်းကပ်ကာ ထက်ခေါင် လက်ထဲမှ သေနတ်ကို သိမ်းလိုက်ကြသည်။ အခြားသေနတ်တွေကိုလည်း သိမ်းသည်။ ပွဲက ပြီးပြီ။

"အေးမင်း…"

ဖော်လတ် အားရပါးရပြေးကာ သူ့ညီကို ဖက်သည်။

မာမီနွေးကလည်း မေစိုးမိုးကို အားရပါးရပြေးကာ ဖက်သည်။ မေစိုးမိုး မျက်ဝန်းထဲမှာ မျက်ရည်မရှိတော့။

ထက်ခေါင်လက်ကိုတော့ လက်ထိပ်အေးစက်စက်က ဖက်သည်။

တစ်ယောက်နှင့်တစ်ယောက် ရယ်မောကာ အလုအယက်စကားပြောကြသည်။ ဝမ်းသာအားရ ဖက်ကြသည်။ ဒဏ်ရာနည်းနည်းပြင်းသော ဗလကြီး၊ သိန်းငှက်နှင့်မာဃတို့ကို ပြုစုကြသည်။ ဖော်လတ်၏ ရှပ်ထိသွားသော လက်မောင်းကဒဏ်ရာကိုလည်း ဆေးထည့်ကာ ကြိုးသိုင်းပေးကြ၏။

"ငါဟ စိတ်ပူလိုက်တာ မီနွေးရယ်"

"ဟာ…မမကလည်း ဒီလောက်က အေးအေးဆေးဆေးပါ။ မမကိုသာ စိတ်ပူတာ"

ထိုစဉ် ဖော်လတ်က လူတွေကို တွန်းဖယ်ကာ လျှောက်လာရင်း မေစိုးမိုးပခုံးကို ဆွဲလှည့်ကာ…

"နေပါဦး…။ ခင်ဗျားက ကျုပ်ကို ဘာဖြစ်လို့ သေနတ်နဲ့ ပစ်ရတာလဲ"

http://www.cherrythitsar.org



"အောင်မယ်...လာသေးတယ်။ ဟိုကပစ်ရင် အခုလောက်ဆို အူတောင်ပွင့်နေပြီ"

"မလိုပါဘူး။ သူပစ်ရင် ကျုပ် ရှောင်တတ်တယ်။ ခင်ဗျားဝင်ပစ်တော့ ရှုပ်ကုန်ရော...။ ဟောဒီမှာ လက်ငါးလုံးပဲလွဲ၊ နှလုံးသားတည့်တည့်။ ခင်ဗျား သိရဲ့လား"

ဇော်လတ်က ဘယ်ဘက်လက်မောင်းကို ထိုးပြရင် ဒေါသနှင့်ပြောသည်။

"နင် ငါ့မျက်နှာကို လက်သီးနဲ့ထိုးတာကျတော့ရော ဘာပြောမလဲ"

"ဟ...ဒါ ခင်ဗျားကို ထိုးတာမှ မဟုတ်ဘဲ။ ဟိုကောင့်ကို ထိုးတာပဲ"

ယောင်ကိုင်းနေသော မေးရိုးကို လက်ညှိုးနှင့်ထိုးပြရင်း ခါးကို ထောက်ကာ ရန်တွေ့သည်။ အသံ အခုမှ ယခင် မေစိုးအသံစစ်စစ်။ ဒုက္ခမှ လွတ်မြောက်ပြီးပြီဆိုတော့ နာမည်ကြီးအကယ်ဒမီ မေစိုးမိုးနှင့် နာမည်ကြီးမင်းသား ဇော်လတ် ပြန်ဖြစ်သွားကြ၏။ မာနတွေ ဒေါသတွေ ပြန်ရောက်လာကြသည်။

"နင် ခေါင်ပေါ်က ဝါးလုံးလိုမ့်ချတုန်းကလည်း တိုင်ပင်တော့ တစ်လုံးတည်း၊ လိမ့်ချတော့ နှစ်လုံး။ နင် သက်သက်ယုတ်မာတာ"

"ခင်ဗျားကြောင့် ကျုပ်ရော ဦးသီဟရော ဇော်ထိုးအစွဲခံရတာ ကျတော့ရော..."

"ဒါကတော့ နင်တို့ထိုက်နဲ့ နင်တို့ကံလေ"

"ဩော်...ဒီမှာ ကျုပ်လုပ်တာတွေက ခင်ဗျားသေလောက်စရာ တစ်ခုမှမရှိဘူး။ ခင်ဗျားလုပ်တာတွေက ကျုပ် သေပေါက်ချည်းပဲ။ သေသာသွားရင် ကျွန်မလည်း ဘယ်စိတ်ကောင်းပါ့မလဲဆိုပြီး မျက်ရည်ကလေး လည်ပြဦးမယ်။ ဒါပဲ မဟုတ်လား..."

"ဇော်လတ် နင့်စကားကို မဆက်နဲ့။ တော်တော့...။ နင်နဲ့ငါက

http://www.cherrythitsar.org



ဒီလိုပြောနေရမယ့် အဆင့်မဟုတ်ဘူး။ နင့်သမ္မာ ဝါက ဘယ်လောက်ရှိသေးလို့လဲ”

သူ့လူတွေကို ကြည့်နေရာမှ ဦးတင်ကို ပြေးကာလာရသည်။

“ဟော့…ဟော့…အားလုံးပြီးပြီပဲကွာ။ တော်ကြတော့လေ”

“မဟုတ်ဘူး ဆရာ။ သူ သိပ်စော်ကားလွန်းနေပြီ ဆရာ။ ကျွန်မ အိုက်တင်ကိုပါ စော်ကားနေတာ။ မလောက်လေး မလောက်စားနဲ့”

“ဟော့ကောင်…။ မင်းမမကို မင်းခေါ်သွားတော့။ သွား…”

“မင်းအစ်ကိုကို မင်းခေါ်သွားပါလားကွ။ ငါ…မာမီနွေး မဟုတ်တော့ဘူးနော်။ ငါ့လက်သီးအကြောင်း မင်း သိတယ်မဟုတ်လား”

“ဟာ..မင်းတို့က တစ်မျောင့်။ နေကြစမ်းပါကွာ”

ဦးတင်ကိုက အတင်းဝင်ကာ တားသည်။ ရဲနွေးက မေစိုးမိုးကို ဆွဲသော်လည်း မရ။ အေးမင်းကလည်း ဇော်လတ်ကို ဆွဲ၍ မရ။

“ဒီမှာ…။ ငါတို့အားလုံး လက်နက်ဆိုလို့ အပ်တိုကလေးတစ်ချောင်းမှ မရှိဘဲ တို့တတ်နိုင်တဲ့ အိုက်တင်နဲ့ တို့ကျွမ်းကျင်တဲ့အလုပ်နဲ့ ဒီဓါးပြအဖွဲ့တွေကို နိုင်ခဲ့ကြပြီကွာ…။ တစ်ယောက်နဲ့တစ်ယောက် အပြစ်မယူကြစမ်းပါနဲ့။ အဓိက ကြိုးစားရတာ မင်းတို့နှစ်ယောက်ပါ။ ငါသိပါတယ်”

“ဒီမှာ ဆရာ…။ သေနတ်အတုကိစ္စမှာ သမီးကို သူ တကယ်ပါးရိုက်တာ။ စီစဉ်ထားတဲ့အထဲမှာ အဲဒါ မပါဘူး”

“ပါးရိုက်လို့ မသေဘူး၊ သူပစ်တာ ဒီမှာတွေ့လား ဆရာ”

ပါးစပ်အဟောင်းသားနှင့် သူတို့ကို ငေးနေသော ထက်ခေါင်ကို ပြည်သူ့ရဲတစ်ဦးက လက်ထိပ်ကို ကိုင်ကာ ခေါ်သည်။

မေစိုးမိုးအနားရောက်တော့ ထက်ခေါင်က ‘မေစိုး…’ ဟု လှမ်းကာခေါ်သည်။ မေစိုးက သာမန်တစ်ချက်သာ လှည့်ကြည့်ပြီး…

“ဒီမှာ ဇော်လတ်…။ ဇာတ်လမ်းမှာ ပါးရိုက်တဲ့အခန်းပါတိုင်း နင့်ကို ငါ ဘယ်တော့မှ မမေ့ဘူး ဇော်လတ်”

http://www.cherrythitsar.org



“အေး…ကျုပ်ကလည်း ဟောဒီ ဘယ်ဘက်လက်မောင်းက ဒဏ်ရာကို မြင်တိုင်း ခင်ဗျားကို ဘယ်တော့မှ မမေ့ဘူး မှတ်”

“မင်းတို့ အဲဒီလို မလုပ်ကြနဲ့လေကွာ…။ အားလုံး ပြီးသွားကြ ပြီပဲ။ ငါတို့ ကားရိုက်ဖို့ကိစ္စ…”

မေစိုးမိုးက မဲ့ရင်း…

“ဆရာ…။ သမီးကတော့ Sorry ပဲ ဆရာ။ စရိုက်ကတည်းက ဆရာ့ကို အားနာလို့…။ ဒီကားက ရိုက်မယ်မကြံသေးဘူး လာဘ်ကို မရှိတာ။ သမီး မရိုက်တော့ဘူး ဆရာ”

“ကျွန်တော်ကလည်း ဆရာ့ကို ယုံလို့ ရိုက်တာပါ…။ ဒီ ဇာတ်ကားကို ဆရာရိုက်မယ်ဆိုလည်း ဆက်ရိုက်ပါ။ ဒီမင်းသမီးကိုတော့ Sorry ပဲ ဆရာ”

စကားဆုံးသည်နှင့် ဇော်လတ်က ချာခနဲ လှည့်ထွက်ကာ သူ့အတွက် ကားပေါ်သို့တက်သည်။ မေစိုးမိုးကလည်း ခြေကိုဆောင့်ကာ မေးရိုးကို ရေခဲအိတ်ကပ်ရင်း သူ့အတွက် ကားပေါ်သို့ တက်သည်။

ဒါရိုက်တာလည်း ဘာပြောရမှန်း မသိတော့။

ထက်ခေါင်ကိုလည်း သူ တက်ရမည့်ကားပေါ်သို့ ရဲများက တင်လိုက်ကြသည်။ ပြီးတော့ ကားတွေ အသီးသီးမောင်းကာ ထွက်သွား ကြ၏။

အမှန်တော့ သူတို့ဖြစ်ခဲ့သည့် ထိုအဖြစ်ကိုသာ ရုပ်ရှင်ရိုက်ဖို့ ကောင်းသည်။

ဒါပေမဲ့…

မင်းသားက ဘယ်သူလဲ…။

လူဆိုး ဘယ်သူ လုပ်မှာလဲ…။

http://www.cherrythitsar.org



မှတ်ချက်။

ရုပ်ရှင်ရိုက်ကွင်းတစ်ခုနှင့် နယ်သို့ခရီးထွက်ရင်း ကားပေါ်တွင် ပျင်းပျင်းနှင့် တွေးမိသမျှ ရေးမိပါသည်။

27th Feb. 2005

**နီကိုရဲ**

http://www.cherrythitsar.org

